မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

အနှစ်ရှိသော တရားကိုရနိုင်

အနှစ်ရှိသော တရားကိုလည်း အနှစ်ရှိသော တရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသော တရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

ယမကဝဂ်(ဓမ္မပဒ-၁၂)

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက် ၂၀၁၉ ခုနှစ်၊ ဧပြီ ၂၈ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၅၈)၊ အမှတ် (၂၁၀)

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရပ်ဝန်းနှင့် ပိုးလမ်းမ စီမံကိန်းဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲ တက်ရောက်ပါဝင်ဆွေးနွေး

ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်က ကြိုဆိုနှုတ်ဆက်စဉ်။ သတင်းစဉ်

ပေကျင်း ဧပြီ ၂၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက် ၁၀ နာရီတွင် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲများသို့ တက်ရောက်ရန် Yanqi Lake International Conference Centre သို့ ရောက်ရှိရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်က ကြိုဆိုနှုတ်ဆက်သည်။

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲများသို့ နိုင်ငံခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အစိုးရအဖွဲ့ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် Jixian Hall ၌ Boosting Connectivity to Explore New Sources of Growth ခေါင်းစဉ်ဖြင့် ကျင်းပသည့် စကားဝိုင်းဆွေးနွေးပွဲ (ပထမပိုင်း) သို့ တက်ရောက်၍ ပါဝင်ဆွေးနွေးသည်။

မိတ်ဖက်နိုင်ငံများအတွက် အကျိုးကျေးဇူးများ ပေါ်ပေါက်

ဆွေးနွေးပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အခြေခံအဆောက်အအုံတိုးတက်မှုနှင့် ပြည်သူအချင်းချင်း ဆက်သွယ်ချိတ်ဆက်မှုများကို မြှင့်တင်နိုင်ခြင်းဖြင့် ရပ်ဝန်းနှင့် ပိုးလမ်းမမိတ်ဖက်နိုင်ငံများအတွက် အကျိုးကျေးဇူးများ ပေါ်ပေါက်လာမည်ဟု မြန်မာနိုင်ငံအနေဖြင့် အပြည့်အဝအသိအမှတ်ပြုပါကြောင်း၊ ဒေသတွင်း အခြေခံအဆောက်အအုံ ဆက်သွယ်ချိတ်ဆက်မှုများနှင့် ကြီးမားသည့် အခြေခံအဆောက်အအုံစီမံကိန်းများသည် ကုန်သွယ်မှုအဆင်ပြေချောမွေ့စေရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်စည်၊ ဝန်ဆောင်မှုနှင့်ပြည်သူများ စီးဆင်းသွားလာမှုများမှတစ်ဆင့် အလုပ်အကိုင်ဖန်တီးပေးရေးတို့ကို များစွာအထောက်အကူပြုစေမည်ဖြစ်ပါကြောင်း။

တစ်ချိန်တည်းမှာပင် အခြေခံအဆောက်အအုံစီမံကိန်းကြီးများ အကောင်အထည်ဖော်သည့်အခါ ဘဏ္ဍာရေးဆိုင်ရာ စွန့်စားရမှုများ၊ စိန်ခေါ်မှုများရှိသည်ကို မိမိတို့အနေဖြင့် သတိပြုမိပါကြောင်း၊ ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း မူဘောင်အောက်တွင် ရေရှည်တည်တံ့သော အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ပေါ်နိုင်စေရန် ပြည့်စုံသည့် ရေရှည်ဘဏ္ဍာရေးအစီအစဉ်၊ လုံလောက်သည့်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေနှင့် ဒေသတွင်းဘဏ္ဍာရေးဆိုင်ရာ အန္တရာယ်များကို ကြိုတင်သတိပေးမည့် ကောင်းမွန်သော စနစ်တစ်ရပ်သည် အရေးကြီးပါကြောင်း။

နိုင်ငံ၏စီးပွားရေးကို တိုးတက်ပြောင်းလဲစေနိုင်

စီမံကိန်းကြီးများကို စတင်အကောင်အထည်ဖော်ခြင်းထက် ထိန်းသိမ်းရေးကိစ္စရပ်တွင် စိန်ခေါ်မှုပိုမိုကြီးမားသည်ကို မိမိတို့အနေဖြင့် သတိပြုရန်လိုအပ်ပါကြောင်း၊ သို့ရာတွင် အချို့သောအောင်မြင်နေသည့် အခြေခံအဆောက်အအုံစီမံကိန်းကြီး

စာမျက်နှာ ၃ ကော်လံ ၁ ◆

ဆိုင်ကလုန်းမုန်တိုင်း "ဖနီ" မြန်မာနိုင်ငံဘက် ဦးတည်မည့်အခြေအနေမရှိ

နေပြည်တော် ဧပြီ ၂၇

ယနေ့ည ၁၀ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာတို့တွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း "ဖနီ" သည် မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး သီရိလင်္ကာနိုင်ငံ ထရင်ကိုမာလီမြို့၏ အရှေ့-အရှေ့တောင်ဘက် ၄၅၀ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ အရှေ့တောင်ဘက် ၆၄၀ မိုင်ခန့်၊ မာချီလီပတ္တနမ်မြို့၏ တောင်-အရှေ့တောင်ဘက် မိုင် ၇၄၅ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "ဖနီ" သည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

ဆိုင်ကလုန်းမုန်တိုင်း "ဖနီ" ၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသေးသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

စာမျက်နှာ ၈ ကော်လံ ၁ ✪

နိုင်ငံတော်အစိုးရ ပြည်သူ့အတွက် တတိယ (၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ (၁)နှစ်တာအဖြစ် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးတို့၏ တတိယ (၁)နှစ်တာ ဆောင်ရွက်ချက်များကို အချပ်ပိုရှစ်မျက်နှာဖြင့် ဖော်ပြထားပါသည်။

လုံခြုံမှု အထူးဂရုပြု

အီရတ်နှင့် ဆီးရီးယားတွင် အရေးနိမ့်လာခဲ့သည့် အိုင်အက်စ် အကြမ်းဖက်အဖွဲ့က ဖိလစ်ပိုင်တောင်ပိုင်းနှင့် အရှေ့တောင်အာရှနိုင်ငံအချို့သို့ ထိုးဖောက်ဝင်ရောက်ရန်အတွက် မလေးရှားနိုင်ငံ ဆာဘားပြည်နယ်အတွင်း စုရပ်များ ရွေးချယ်ထားကြောင်း မလေးရှားရဲမင်းကြီးက ပြောကြားခဲ့ခြင်းနှင့် စပ်လျဉ်းသည့် နိုင်ငံတကာသတင်းက မိမိတို့နိုင်ငံတွင် လုံခြုံရေးကို အထူးဂရုပြုကြရန် နှိုးဆော်လိုက်သကဲ့သို့ပင်ဖြစ်သည်။

အရှေ့အလယ်ပိုင်းဒေသတွင် အရေးနိမ့်ခဲ့သည့် အကြမ်းဖက်ဝါဒီတို့က ၎င်းတို့၏ လှုပ်ရှားမှုအချက်အချာဒေသကို လုံခြုံရေးအားနည်းမည်ဟု ၎င်းတို့ယူဆသည့်နေရာများသို့ ရွှေ့ပြောင်းကာ ခြေကုပ်ယူကြရန် ပြင်ဆင်လာကြခြင်းဖြစ်သည်။ အရှေ့တောင်အာရှဘက်သို့ ဦးတည်လာသော အိုင်အက်စ်အကြမ်းဖက်သမားများတွင် အင်ဒိုနီးရှားနှင့် အခြားအရှေ့တောင်အာရှသားများလည်း ပါဝင်သည်ဟု ယူဆရကြောင်း မလေးရှားရဲမင်းကြီး၏ ပြောကြားချက်နှင့်အတူ မြန်မာနိုင်ငံတွင် ရခိုင်ပြည်နယ်ဘက်သို့ ဝင်ရောက်ရန် ကြိုးပမ်းနေခြင်းဖြစ်ကြောင်း သတင်းများလည်း ထွက်ပေါ်လာရာ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားနေသည့်နေရာကို အခွင့်ကောင်းယူရန် ကြိုးပမ်းလာခြင်းပင်ဖြစ်သည်။

နိုင်ငံရေးရည်မှန်းချက် သို့မဟုတ် ဘာသာရေးရည်မှန်းချက်တစ်ခုခုအတွက် ပြည်သူလူထုကို အကြောက်တရား သွတ်သွင်းနိုင်ရန်အလို့ငှာ ခြိမ်းခြောက်မှု သို့မဟုတ် အကြမ်းဖက်မှု နည်းလမ်းများဖြင့် အရပ်ဘက်ပစ်မှတ်များကို တိုက်ခိုက်ခြင်းသည် အကြမ်းဖက်ဝါဒ၏ သရုပ်သကန်ပင်ဖြစ်သည်။ ယင်းသို့ အကြမ်းဖက်တိုက်ခိုက်မှုများဆောင်ရွက်ရာမှာ လူ့အဖွဲ့အစည်းများထဲတွင် ၎င်းတို့၏ အမြုတေ (Cell) များ မြုပ်နှံခြင်း၊ ၎င်းတို့၏ အစွန်းရောက် အတွေးအခေါ်များကို သွတ်သွင်းကာ ဦးနှောက်ဆေးကြောခြင်း၊ အတွင်းနှင့်အပြင် ချိတ်ဆက်ဆောင်ရွက်ခြင်း စသည့် နည်းလမ်းများကို ကျင့်သုံးကြခြင်းဖြစ်သည်။ အိုင်အက်စ်ကဲ့သို့သော အဖွဲ့ကမူ ဘာသာရေးအရေခြုံထားသော်လည်း ၎င်းတို့၏ အတွေးအခေါ်၊ အကျင့်အကြံများသည် ဘာသာရေးနှင့် ပြဒါးတစ်လမ်း သံတစ်လမ်းသာဖြစ်ပြီး ဆန့်ကျင်ကြောင်း ဘာသာရေးအကြီးအကဲများနှင့် လူကြီးသူမများက ပြောကြားကြသည့်အလျောက် လူငယ်လူရွယ်များ လမ်းမှားရောက်မသွားစေရန် ဂရုပြုစောင့်ရှောက်ကြရန် လိုအပ်မည်ဖြစ်သည်။

သီရိလင်္ကာနိုင်ငံတွင် အီစတာပွဲတော်နေ့က ဖြစ်ပွားခဲ့သည့် အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုတွင် အကြမ်းဖက်သမားတို့၏ ချိတ်ဆက်လှုပ်ရှားခဲ့ပုံ၊ သာမန်ပြည်သူ လူထုများအကြားတွင် လှုပ်ရှားသွားလာနေပုံတို့ကို သတင်းများတွင် ဖော်ပြခဲ့ရာ အကြမ်းဖက်တိုက်ခိုက်မည့် သတင်းများကို သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူတို့က ကြိုတင်ရရှိထားခဲ့သော်လည်း ပေါ့ဆစွာ လျစ်လျူရှုခဲ့ခြင်းနှင့်အတူ လုံခြုံရေးအရ ကြိုတင်ပြင်ဆင်မှု ကင်းမဲ့ခဲ့ခြင်းတို့ကြောင့် အကြမ်းဖက်သမားတို့၏ တိုက်ခိုက်မှုဖြစ်ပွားခဲ့ရကာ အပြစ်မဲ့ပြည်သူအများအပြား အသက်ဆုံးရှုံးခဲ့ကြရသည်ကို သင်ခန်းစာယူရမည်ဖြစ်သည်။

အကြမ်းဖက်ခြင်းသည် သာမန်လူ့အဖွဲ့အစည်းကို ရက်ရက်စက်စက် တိုက်ခိုက်ခြင်းပင် ဖြစ်ခြင်းကြောင့် အကြမ်းဖက်မှုကို ဆန့်ကျင်ရာတွင် လူတိုင်းလူတိုင်းက ပါဝင်ကြရမည်ဖြစ်သည်။ ဘာသာရေး၊ နိုင်ငံရေး စသည်တို့မှာ အကြမ်းဖက်ဝါဒီတို့၏ အကြောင်းပြချက်မျှသာဖြစ်ပြီး ၎င်းတို့၏ အဓိကဦးတည်ချက်မှာ အထက်တွင် ဆိုခဲ့ပြီးသည့်အတိုင်း လူ့အဖွဲ့အစည်းကို အကြောက်တရား လွှမ်းမိုးထားရန်သာ အဓိကဖြစ်သည်။ လူတိုင်းက မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင် လူစိမ်းသူစိမ်း ဝင်ထွက်သွားလာမှုများ၊ မသင်္ကာဖွယ်လှုပ်ရှားမှုများ၊ အယောင်ဆောင်ဖုံးကွယ်နေထိုင်မှုများ၊ အစွန်းရောက် အတွေးအခေါ်သင်ကြားမှု၊ သွေးဆောင်ဖြားယောင်းမှုများ စသည်တို့ကို ဂရုပြုစောင့်ကြည့်ကာ သက်ဆိုင်ရာသို့ သတင်းပို့ခြင်း၊ လုံခြုံရေးဆောင်ရွက်မှုများ၌ ပူးပေါင်းပါဝင်ခြင်း၊ ကူညီဆောင်ရွက်ခြင်း နည်းလမ်းများအားဖြင့် မိမိတို့၏ လူ့အသိုင်းအဝိုင်းတွင် အကြမ်းဖက်မှုများ ဖြစ်ပွားပေါ်ပေါက်ခြင်း၊ အေးချမ်းသာယာမှု ပျက်ပြားကာ အကြောက်တရား လွှမ်းမိုးခံရခြင်းတို့မှ ရှောင်ရှားနိုင်ကြပါစေကြောင်း။ ။

ဆူဇူကီးမော်တော်ယာဉ်သစ်ထုတ်လုပ်မှု ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၇

ရန်ကုန်တိုင်းဒေသကြီး သီလဝါအထူးစီးပွားရေးဇုန် ဆူဇူကီးမြန်မာ မော်တာကုမ္ပဏီလီမိတက်မှ နောက်ဆုံးထုတ်လုပ်သော all-new Suzuki Ertiga မော်တော်ယာဉ်သစ်ကို ယမန်နေ့က စတင်ပြသရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို လာရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ဆူဇူကီးမြန်မာမော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံအတွင်း ကြည့်ရှုစစ်ဆေးနေစဉ်။

ဆူဇူကီးမြန်မာ မော်တာကုမ္ပဏီလီမိတက်သည် သီလဝါအထူးစီးပွားရေးဇုန်တွင် ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဝန်ထမ်း ၉၉ ဦးဖြင့် လုပ်ငန်းစတင်လည်ပတ်ကာ ယခုအခါ စက်ရုံဝန်ထမ်းပေါင်း ၂၁၅ ဦး အထိရှိကြောင်း သိရသည်။

"မြန်မာနိုင်ငံရဲ့ ဈေးကွက်ကိုကြည့်မယ်ဆိုရင် စီးပွားရေးတိုးတက်နေတာနဲ့ အမျှ ကားအစီးအသစ်ရေပေါင်းတစ်သန်း ဝယ်ယူသုံးစွဲနိုင်မယ့် ဈေးကွက်ရှိတာကိုလည်း တွေ့ရပါတယ်။ ဆူဇူကီးအနေနဲ့ ရှေ့ဆက်ပြီး မြန်မာနိုင်ငံမှာ မော်တော်ကားထုတ်လုပ်မှုကို အစီးရေချဲ့ထွင်သွားဖို့ ကြိုးစားသွားမှာဖြစ်ပါတယ်"ဟု ဆူဇူကီးမော်တာကော်ပိုရေးရှင်းဥက္ကဋ္ဌ Mr. Toshihiro Suzuki က ပြောသည်။

ထို့ပြင် ဆူဇူကီးမြန်မာ မော်တာကုမ္ပဏီလီမိတက်သည် တောင်ဒဂုံစက်မှုဇုန်တွင် လုပ်ငန်းသုံးမော်တော်ယာဉ် ထုတ်လုပ်သော စက်ရုံဖွင့်လှစ်ထားပြီး ဝန်ထမ်းပေါင်း ၁၂၆ ဦးရှိကြောင်း သိရသည်။ မြန်မာတစ်နိုင်ငံလုံးတွင် မော်တော်ယာဉ်ပြခန်းပေါင်း ၄၆ နေရာဖွင့်လှစ်ထားကာ ဝန်ထမ်းပေါင်း ၆၀၀ ခန့်ရှိကြောင်း သိရသည်။ ထို့ကြောင့် ဆူဇူကီးမြန်မာ မော်တာကုမ္ပဏီလီမိတက်သည် မြန်မာနိုင်ငံတွင် ဝန်ထမ်းပေါင်း တစ်ထောင်နီးပါးကို ခန့်ထားပြီးဖြစ်သည်။

ယင်းနေ့ပြုလုပ်သည့် မော်တော်ယာဉ်သစ် မိတ်ဆက်ပွဲအခမ်းအနားတွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက "နိုင်ငံတော်အနေနဲ့ ပုဂ္ဂလိကနဲ့ ပူးပေါင်းဆောင်ရွက်ရမယ်ဆိုတဲ့ မူဝါဒအရ ဈေးကွက်စီးပွားရေးစနစ်နဲ့ အညီ ထုတ်လုပ်နိုင်ဖို့အတွက်ကို ပုဂ္ဂလိကတွေကို ရှေ့တန်းတင်ပြီး နိုင်ငံတော်အနေနဲ့ လိုအပ်တဲ့မူဝါဒတွေ၊ ပေါ်လစီတွေ၊ ထိန်းကျောင်းမှုတွေနဲ့ နိုင်ငံတော်အတွက် အကျိုးရှိမယ့် မည်သည့်လုပ်ငန်းကိုမဆို အားပေးမြှင့်တင်သွားမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ဆူဇူကီးမြန်မာ မော်တာကုမ္ပဏီလီမိတက်သည် မြန်မာနိုင်ငံတွင် တစ်နှစ်လျှင် အစီးရေတစ်သောင်း ထုတ်လုပ်နိုင်ရန် လျာထားခဲ့ပြီး ၂၀၁၈ ခုနှစ် ဧပြီမှ ၂၀၁၉ ခုနှစ် မတ်လအထိ တစ်နှစ်တာကာလအတွင်း သီလဝါစက်ရုံမှ ထုတ်လုပ်ခဲ့သော ကားမော်ဒယ်သုံးမျိုးအတွက် စုစုပေါင်း ကားအစီးရေ ၁၀၄၅၉ စီး၊ တောင်ဒဂုံစက်ရုံမှ အစီးရေ ၁၈၀၀ ထုတ်လုပ်နိုင်ခဲ့သည့်အတွက် ဆူဇူကီးသည် အစီးရေပေါင်း ၁၂၂၅၉ စီး ထုတ်လုပ်ရောင်းချပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါကားသစ်ကို အဖြူရောင် (Peral Snow White)၊ အနက်ရောင် (Prime Cool Black)နှင့် အညိုရောင် (Peral Glorious Brown) စသော အရောင်သုံးမျိုးဖြင့် ထုတ်လုပ်ထားပြီး မြန်မာတစ်နိုင်ငံလုံးရှိ အရောင်းပြခန်းများတွင် သွားရောက်လေ့လာကြည့်ရှုဝယ်ယူနိုင်ပြီး ခဲရောင် (Magma Gray) ကို ၂၀၁၉ ခုနှစ် အောက်တိုဘာတွင် ဝယ်ယူနိုင်မည်ဖြစ်ကာ တစ်စီးချင်း၏တန်ဖိုးမှာ မြန်မာငွေကျပ် ၂၇၂ သိန်းဖြစ်ကြောင်း သိရသည်။

ယခုထုတ်လုပ်သည့် ကားသည် ထိုင်ခုံ ခုနစ်ခုံပါ all- new Suzuki Ertiga မော်တော်ယာဉ်သစ်ဖြစ်ပြီး Swift နှင့် Ciaz မော်တော်ယာဉ်များကိုလည်း သီလဝါစက်မှုဇုန်၌ပင် ထုတ်လုပ်ခဲ့ကြောင်း သိရသည်။

ထင်ပေါ်ဝင်း(ကမာရွတ်)
ဓာတ်ပုံ - ထိန်လင်း

ပျဉ်းမနားမြို့ ငလိုက်ချောင်းကူး လေးလမ်းသွား ကွန်ကရစ်တံတားသစ်ကြီး တည်ဆောက်

ပျဉ်းမနား မေ ၂၇

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့၏ အဓိကအချက်အချာကျသည့် ရန်ကုန်-မန္တလေးကားလမ်းမကြီး ငလိုက်ချောင်းကူး မူရင်းတံတားသည် နှစ်ကာလအတန်ကြာမြင့်သည့်အတွက် ယခုအခါ အဆိုပါ မူလတံတား၏ အနောက်ဘက်တွင် လေးလမ်းသွား ကွန်ကရစ်တံတားအသစ် တည်ဆောက်လျက်ရှိသည်။

ယခုအသစ်တည်ဆောက်လျက်ရှိသည့် တံတားသစ်မြေနေရာကို မေ ၁ ရက်မှ စတင်ကာ ပန္နက်ရိုက်၍ တည်ဆောက်လျက်ရှိရာ ၅ ရာခိုင်နှုန်း ပြီးစီးလျက်ရှိပြီး ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် ရာနှုန်းပြည့် တည်ဆောက်ပြီးစီးသွားမည်ဖြစ်ကြောင်း သိရသည်။

ငလိုက်ချောင်းကူးတံတားသစ်ကြီး ဆောက်လုပ်နေသည့်လုပ်ငန်းခွင်ကို တွေ့ရစဉ်။

"ကျွန်တော်တို့အနေနဲ့ ယခုတံတားသစ်ကို သံကူကွန်ကရစ်နဲ့ မေ ၁ ရက်က စတင်တည်ဆောက်လျက်ရှိပါတယ်။ တံတားအရှည် အလျား ၃၄၅ ပေ၊ အကျယ် ၆၂ ပေ ၄ လက်မဖြစ်ပြီး တံတားရဲ့တစ်ဖက်တစ်ချက်စီမှာ ခြောက်ပေအကျယ် လူသွားလမ်း နှစ်လမ်းပါရှိပါမယ်။ တည်ဆောက်ရေးလုပ်ငန်းခွင်မှာ ကရိန်းတန် ၄၀ တစ်စီး၊ တန် ၇၀ တစ်စီး၊ ဘက်ဟိုးတစ်စီးတို့နဲ့ တည်ဆောက်လျက်ရှိပြီး ပထမအဆင့်တံတားအသစ်ကို နှစ်လမ်းသွားပြီးစီးအောင် တည်ဆောက်ပြီးစီးတာနဲ့ မူလတံတားအဟောင်းကို ဖျက်ပစ်မှာဖြစ်ပါတယ်"ဟု တံတားတည်ဆောက်ရေးစီမံကိန်းမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

ယခုတည်ဆောက်လျက်ရှိသော တံတားကို ပျဉ်းမနားမြို့ "စိုး" လျှပ်စစ်ဖောင်ဒေးရှင်းမှ နိုင်ငံတော်သို့ ငွေကျပ်သိန်းပေါင်းနှစ်သောင်းခွဲ ပေးအပ်လှူဒါန်းခြင်းဖြစ်ပြီး နေပြည်တော်ကောင်စီ၏ ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာဌာနများမှ ဝိုင်းဝန်းပံ့ပိုး ကူညီဆောင်ရွက်ကာ ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက်မှ တာဝန်ယူတည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။ **မင်းမင်းလတ် (မန်းတက္ကသိုလ်)**

ပုလဲမြို့နယ်ရှိ ကျေးရွာများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ပုလဲ မေ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်း ပုလဲ-မုံရွာကားလမ်းဘေးရှိ အလယ်ဘုံကျေးရွာ၊ လက်တောင်းကြီးကျေးရွာနှင့် မကျီးကန်ကျေးရွာများ၌ သန့်ရှင်းသာယာလှပရေးနှင့် အမှိုက်များ စနစ်တကျစွန့်ပစ်သည့် အလေ့အကျင့်ကောင်းများ ရှိစေရေးအတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတိုးတိုးဝင်း၏ ဦးဆောင်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးဖြိုးဝေလင်းနှင့် ပူးပေါင်းအဖွဲ့များ၊ ဒေသခံပြည်သူများ စုပေါင်း၍ သန့်ရှင်းသာယာလှပရေး လုပ်ငန်းများကို ယနေ့နံနက်က ဆောင်ရွက်ခဲ့ကြသည်။

ယင်းမာပင်ခရိုင်တွင် မြို့နယ်လေးမြို့နယ်၊ ရပ်ကွက် ၁၂ ခု၊ ကျေးရွာအုပ်စု ၁၈၅ အုပ်စု၊ ကျေးရွာ ၆၉၅ ရွာ ရှိသည့်အနက်မှ သန့်ရှင်းသပ်ရပ်မှု ကောင်းမွန်ခြင်း၊ အမှိုက်များကို စနစ်တကျစွန့်ပစ်ခြင်း၊ သန့်ရှင်းသော ယင်လုံအိမ်သာအသုံးပြုခြင်း၊ အမှိုက်ပုံးများ စနစ်တကျထားရှိခြင်းများအပေါ် စိစစ်၍ ခရိုင်စီမံခန့်ခွဲမှု ကော်မတီမှ ရပ်ကွက်/ကျေးရွာအတွင်း သန့်ရှင်းသပ်ရပ်မှုစံပြဆု၊ ပြည်သူ့ကျန်းမာရေးဆိုင်ရာ လိုက်နာမှုအကောင်းဆုံးစံပြဆုနှင့် ပြည်သူများ၏ စည်းလုံးညီညွတ်မှု စံပြဆုများကို ချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

ထိုင်းနိုင်ငံသို့ ပြန်လည်ဝင်ရောက်မည့် လုပ်သားများအား အသိပညာပေး

ရေး မေ ၂၇- မွန်ပြည်နယ် ရေးမြို့နယ်၌ သင်္ကြန်ကာလအတွင်း မိမိဒေသ မိသားစုများထံ ပြန်လာသူများသည် မေလအတွင်း ထိုင်းနိုင်ငံရှိ လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ကြရမည်ဖြစ်၍ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ အသိပညာပေးဆောင်ရွက်ခြင်းကို ယမန်နေ့က အဆိုပါဦးစီးဌာနရုံးဝင်းအတွင်း၌ ပြုလုပ်ရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးမျိုးခိုင်က မြန်မာ့ရွှေ့ပြောင်းလုပ်သားများအနေဖြင့် Non-Immigrant LA ဗီဇာလျှောက်ထားရန် လိုအပ်ပြီး လျှောက်ထားရာတွင် လိုအပ်သည့်အချက်အလက်များ၊ အထောက်အထားများကိုလည်း သိရှိထားရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

မြို့နယ်(ပြန်/ဆက်)



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်ကြသော နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ အစိုးရအဖွဲ့ကိုယ်စားလှယ်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

သတင်းစဉ်

◆ *ရှေ့ဖုံးမှ*

များသည် နိုင်ငံ၏စီးပွားရေးကို တိုးတက်ပြောင်းလဲစေနိုင်ပြီး ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ထိရောက်စွာတိုးတက်စေနိုင်ပါကြောင်း၊ မြန်မာနိုင်ငံကဲ့သို့သော ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရန်များစွာလိုအပ်နေပါကြောင်း။

အခြေခံအဆောက်အအုံ ဆက်သွယ်ချိတ်ဆက်မှု အထောက်အပံ့များသာမက ပြည်သူအချင်းချင်း ဆက်သွယ်ချိတ်ဆက်မှုသည်လည်း ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေနိုင်ပါကြောင်း၊ မိမိအနေနှင့် ပြည်သူအချင်းချင်း ချိတ်ဆက်မှု တိုးတက်စေရန်လိုအပ်သော အထူးသတိမူရမည့် နယ်ပယ်အချို့ကို အသားပေးဖော်ပြလိုပါကြောင်း။

နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်း စုကြည် ရပ်ဝန်းနှင့် ပိုးလမ်းမ စီမံကိန်းဆိုင်ရာ စကားဝိုင်း ဆွေးနွေးပွဲတွင် ပါဝင် ဆွေးနွေးစဉ်။

❒ ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်နှင့်အတူ အဆင့်မြင့် ပညာရေးတွင် အရည်အသွေးအာမခံနိုင်ရေးအတွက် မိမိတို့အနေဖြင့် ပူးပေါင်းဆောင်ရွက်ရေးနှင့် စံသတ်မှတ်ရေးများ လိုအပ်

❒ ခရီးသွားကဏ္ဍသည် အပြန်အလှန်နားလည်မှုကို တိုးမြှင့်စေပြီး များပြားသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ပံ့ပိုးပေးနိုင်

ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု

ပထမအချက်မှာ ပညာရေးနယ်ပယ်ဖြစ်ပြီး ဂလိုဘယ်လိုက်ဇေးရှင်း ဖြစ်စဉ်နှင့်အတူ အဆင့်မြင့်ပညာရေးတွင် အရည်အသွေးအာမခံနိုင်ရေးအတွက် မိမိတို့အနေဖြင့် ပူးပေါင်းဆောင်ရွက်ရေးနှင့် စံသတ်မှတ်ရေးများ လိုအပ်ပါကြောင်း၊ ယင်းကိစ္စအတွက် ပညာရပ်များ၊ တွေးခေါ်ကြံဆမှုများနှင့် အတွေ့အကြုံဖလှယ်မှုများကို မြှင့်တင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ပြည်သူအချင်းချင်းစည်းနှောင်မှုနှင့် ချစ်ခင်ရင်းနှီးမှု တိုးတက်လာရေးတို့အတွက် ဘာသာရပ်ဆိုင်ရာဖလှယ်မှုများ၊ ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် ပညာတော်သင်အစီအစဉ်များကို ဆောင်ရွက်သင့်ပါကြောင်း။

ဒုတိယအချက်အနေဖြင့် ခရီးသွားကဏ္ဍသည် အပြန်အလှန်နားလည်မှုကို တိုးမြှင့်စေပြီး များပြားသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာမှုနှင့် အလုပ်အကိုင် အခွင့်အလမ်းများကို ပံ့ပိုးပေးနိုင်ပါကြောင်း၊ ခရီးသွားကဏ္ဍသည် မတူကွဲပြားသည့် လူ့အဖွဲ့အစည်းများအကြား သဟဇာတဖြစ်မှုနှင့် ငြိမ်းချမ်းမှုတို့ကိုလည်း ပေါ်ထွန်းစေမည် ဖြစ်ပါကြောင်း၊ ကမ္ဘာလှည့် ခရီးသွားများအတွက် အန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးကိစ္စများပံ့ပိုးဆောင်ရွက်ခြင်း၊ ပြည်ဝင်ဗီဇာကန့်သတ်ချက်များ လျှော့ချပေးခြင်းတို့ဖြင့် ခရီးသွားကဏ္ဍကို မြှင့်တင်နိုင်ရန်နှင့် လူမှုရေး၊ ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုတို့နှင့် ဆက်စပ်လျက် ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် ခရီးသွားကဏ္ဍပေါ်ထွန်းလာစေရေး ဆောင်ရွက်သင့်ပါကြောင်း။

ယဉ်ကျေးမှုဖလှယ်ခြင်းက ပံ့ပိုးပေး

တတိယအချက်မှာ ယဉ်ကျေးမှုများအကြား နားလည်မှုနက်ရှိုင်းလာစေရေးနှင့် ပထဝီအနေအထားအရ ဝေးလံသည့်ဒေသများမှ ပြည်သူများကို နီးကပ်လာစေရန်အတွက် ယဉ်ကျေးမှုဖလှယ်ခြင်းက ပံ့ပိုးပေးနိုင်ပါကြောင်း။

စတုတ္ထအချက်အနေဖြင့် စီးပွားရေးလုပ်ငန်းကဏ္ဍအနေနှင့်လည်း လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တာဝန်သိသည့် စီးပွားရေးလုပ်ငန်းများ

စာမျက်နှာ ၄ သို့

❒ ယဉ်ကျေးမှုများအကြား နားလည်မှုနက်ရှိုင်းလာစေရေးနှင့် ပထဝီအနေအထားအရ ဝေးလံသည့်ဒေသများမှ ပြည်သူများကို နီးကပ်လာစေရန်အတွက် ယဉ်ကျေးမှုဖလှယ်ခြင်းက ပံ့ပိုးပေးနိုင်

❒ စီးပွားရေးလုပ်ငန်းကဏ္ဍအနေနှင့်လည်း လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တာဝန်သိသည့် စီးပွားရေးလုပ်ငန်းများ ဖော်ဆောင်ပေးခြင်းမှတစ်ဆင့် ပြည်သူများအချင်းချင်း ဆက်သွယ်ချိတ်ဆက်မှု တိုးမြှင့်ပေါ်ပေါက်လာစေရန် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နှင့် ဩစတြီးယားဝန်ကြီးချုပ် **Mr. Sebastian KURZ** တို့ တွေ့ဆုံဆွေးနွေးစဉ်။

သတင်းစဉ်

❒ *ကျော်ဖုံးမှ*

ဆွေးနွေးပွဲသို့ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီ (၅)ရပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အသီးသီးမှ တာဝန်ရှိသူများ၊ မူဆယ်- နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း၊ မြန်မာနိုင်ငံ

ပြည်ထောင်စုဝန်ကြီး
ဒေါက်တာ သန်းမြင့်

ပြည်ထောင်စုဝန်ကြီး
ဦးစိုးဝင်း

ပြည်ထောင်စုဝန်ကြီး
ဦးသောင်းထွန်း

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်
ဦးဖြိုးမင်းသိန်း

UMFCCI ဥက္ကဋ္ဌ
ဦးဇော်မင်းဝင်း

လက်လီရောင်းချသူများအသင်း၊ မြန်မာနိုင်ငံ အလှကုန်အသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ကော်မတီငါးရပ်ဖွဲ့စည်း

ရှေးဦးစွာ ဒုတိယသမ္မတ ဦးမြင့်ဆွေက အမှာစကားပြောကြားရာတွင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မူဘောင်ပါကိစ္စရပ်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်အတွက် နိုင်ငံတော်သမ္မတရုံးက ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် အဖွဲ့ဝင် ၂၀ ဖြင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို စတင်ဖွဲ့စည်းခဲ့ရာ ယခုဆိုလျှင် သက်တမ်းအားဖြင့်(၂)နှစ်ခွဲရှိပြီဖြစ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲများကို သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များဖြင့် ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးနိုင်ရန်အတွက် လုပ်ငန်းကော်မတီ(၅) ရပ်ဖွဲ့စည်းကာ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များနှင့် လစဉ် ပုံမှန်တွေ့ဆုံဆွေးနွေးပွဲများကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှစတင်ကာ လုပ်ငန်းရှင်များ၏ အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ ယခုတွေ့ဆုံပွဲသည် (၂၆)ကြိမ်မြောက် ဖြစ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် (၂၅)ကြိမ်မြောက် တွေ့ဆုံဆွေးနွေးပွဲအထိ စီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲအကြံပြုတင်ပြချက် အားလုံးကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှတစ်ဆင့် သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များထံသို့ အကြောင်းပြန်ကြားပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ အဆိုပါပြန်ကြားချက်များသည် လုံးဝပြီးပြတ်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်များရှိသကဲ့သို့ အချို့အချက်များသည် အချိန်ယူ၍ ဆက်လက်ဆောင်ရွက်ပေးရမည့်လုပ်ငန်းများ ဖြစ်ပါကြောင်း။

အချို့ဆက်လက်ဖြေရှင်းဆောင်ရွက်ပေးရမည့် လုပ်ငန်းများကိုလည်း လုပ်ငန်းကော်မတီ (၅)ရပ်မှ တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်သည့်ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံကာ ဆွေးနွေးပွဲ (Public-Private Dialogue) များ ပြုလုပ်၍ ပြီးပြတ်သည်အထိ အဆင့်ဆင့်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သည့်နေရာတွင် ကုန်သွယ်ရေးကဏ္ဍသည် အရေးကြီးသော အခန်းကဏ္ဍတွင်တည်ရှိပြီး နှစ်စဉ်ကုန်သွယ်မှုပမာဏ တိုးတက်အောင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများမှ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အတွက် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် (ဧပြီလ ၁၂ ရက်နေ့အထိ) ကိန်းဂဏန်းများအရ ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၆၁၂ ဘီလီယံအထိရှိခဲ့ပြီး ယခင်နှစ်အလားတူကာလထက် အမေရိကန်ဒေါ်လာ ၀ ဒသမ ၃၁၂ ဘီလီယံ ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အဆိုပါကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၆၁၂ ဘီလီယံတွင် ပုဂ္ဂလိကကဏ္ဍအနေဖြင့် အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၆၆၂ ဘီလီယံ ပါဝင်သည့်အတွက် ၈၄ ရာခိုင်နှုန်း အထိပါဝင် ဆောင်ရွက်နိုင်သည်ကို တွေ့ရပါကြောင်း။

လုပ်ငန်းရှင်များပူးပေါင်းရန်လို

စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် ပြောင်းလဲလျက်ရှိသည့် စီးပွားရေးဝန်းကျင်ကို အမီလိုက်နိုင်စေရန် နောက်ဆုံးအခြေအနေနှင့်ကိုက်ညီသည့် သတင်းအချက်အလက်များ ရရှိစေရေးမှာ အဓိကကျသည့်အချက်ဖြစ်သည့်အတွက် မိမိတို့အစိုးရဌာနများ၏ Website Pageနှင့် Facebook Page တို့တွင် အခါအားလျော်စွာ ဝင်ရောက်ကြည့်ရှုကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

နယ်စပ်ဒေသများမှ တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်လာမှုကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ရပ်တည်ရန် ခက်ခဲလာနိုင်သဖြင့် တရားမဝင်ကုန်ပစ္စည်းများကို တားဆီးထိန်းချုပ်ပေးရန် တင်ပြလာမှုအပေါ် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုးခုတွင် တရားမဝင် ကုန်ပစ္စည်းများကို တားဆီးထိန်းချုပ်နိုင်ရေးအတွက် အထူးအဖွဲ့များ ဖွဲ့စည်းပြီး ဖမ်းဆီးအရေးယူခဲ့ရာ ၂၀၁၈ ခုနှစ် စက်တင်ဘာလမှ ၂၀၁၉ ခုနှစ် မတ်လအထိ ဖမ်းဆီး အရေးယူမှု ၄၃၆ ကြိမ် ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၁၄၅ ဘီလီယံဖမ်းဆီးနိုင်ခဲ့ကြောင်း။

“ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုးခုတွင် တရားမဝင်ကုန်ပစ္စည်းများကို တားဆီးထိန်းချုပ်နိုင်ရေးအတွက် အထူးအဖွဲ့များ ဖွဲ့စည်းပြီး ဖမ်းဆီးအရေးယူခဲ့ရာ ၂၀၁၈ ခုနှစ် စက်တင်ဘာလမှ ၂၀၁၉ ခုနှစ် မတ်လအထိ ဖမ်းဆီးအရေးယူမှု ၄၃၆ ကြိမ် ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၁၄၅ ဘီလီယံဖမ်းဆီးနိုင်ခဲ့”

ကုန်ပစ္စည်းများအရည်အသွေးမြှင့်တင်ရေးနှင့်ပတ်သက်၍ ရေရှည်ထိန်းသိမ်းနိုင်ရေးကိုလည်း ပူးပေါင်းဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ထုတ်လုပ်သူ ၊ သယ်ယူပို့ဆောင်သူ၊ ဆိပ်ကမ်းရှင်းလင်းရေး၊ သဘော်လိုင်းများ၊ သိုလှောင်သူ၊ ထုပ်ပိုးသူ၊ ဖြန့်ဖြူးရောင်းချသူ၊ စားသုံးသူစသည့် Supply Chain တစ်ခုလုံးတွင်ရှိသည့် လုပ်ငန်းရှင်များပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

Doing Business တိုးတက်မှုအနေဖြင့် ယခုနှစ်တွင် နောက်ဆုံးကြိုးစားရမည့် အချိန်ရောက်နေပြီဖြစ်ကြောင်း၊ အညွှန်းကိန်းအလိုက် တာဝန်ရှိသည့်ဌာနများက မိမိတို့ရည်မှန်းချက်အတိုင်း ပြောင်းလဲမှုများကို အချိန်မီဆောင်ရွက်ကြရန် လိုအပ်သည်ဟု ပြောကြားလိုပါကြောင်း၊ ယခုနှစ်တွင် ၂၀၂၀ ပြည့်နှစ် အစီရင်ခံစာအတွက် ကြိုတင်ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲမှု(Reform) များကို အညွှန်းကိန်း(Indicator) တစ်ခုချင်းအလိုက် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ အညွှန်းကိန်းများကို ဆောင်ရွက်နေသည့် သက်ဆိုင်ရာအစိုးရဌာနများအနေဖြင့် ပြုပြင်ပြောင်းလဲမှုများကို မည်သို့ဆောင်ရွက်နေသည်၊ မည်သို့ ဆက်သွယ်မေးမြန်းရမည်တို့ကို စီးပွားရေးလုပ်ငန်းရှင်များ လွယ်ကူလျင်မြန်စွာ သိရှိနိုင်စေရန်အတွက်လည်း ဝန်ကြီးဌာနများ၏ Website များတွင် သာမက Ease of Doing Business ဆိုင်ရာ လုပ်ငန်းစဉ်များအား သီးသန့် လွယ်ကူစွာသိရှိနိုင်စေရန်အတွက် Myanmar Ease of Doing Business Website ကို ယနေ့မှ စတင်၍ ထုတ်လွှင့်သွားတော့မည်ဟု သိရှိရပါကြောင်း။

အဆိုပါ Website တွင် အညွှန်းကိန်း ၁၀ ခုစလုံးအတွက် ဆောင်ရွက်လျက်ရှိပုံများ၊ မေးလိုသည်များကို ဖြေကြားပေးမည့် Call Center များ၊ မကြာခဏမေးလေ့ရှိသော မေးခွန်းနှင့် အဖြေများ၊ အစိုးရဌာနများမှ ပြုပြင်ပြောင်းလဲဖြေလျှော့လျက်ရှိသည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ကြန့်ကြာချိန်များ၊ ပေးသွင်းရမည့် ငွေကြေးတန်ဖိုးများ စသည်တို့အားလုံးကို တစ်နေရာတည်းတွင် ပြည့်ပြည့်စုံစုံကြည့်ရှုဆောင်ရွက်နိုင်စေရန် ဆောင်ရွက်ပေးထားသည်ကိုလည်း ပြောကြားလိုပါကြောင်း။

ပွင့်ပွင့်လင်းလင်းဆွေးနွေးတင်ပြရန်လို

နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသည် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအပေါ် များစွာမူတည်နေသောကြောင့် မိမိတို့အနေဖြင့် လုပ်ငန်းရှင်များ အဆင်ပြေချောမွေ့စေရေးကို ဦးစားပေးလျက်ရှိပြီး ဖြေလျှော့ပေးနိုင်သည့် လုပ်ငန်းစဉ်များကို ဖြေလျှော့ပေးလျက်ရှိကြောင်း၊ အပြန်အလှန်အားဖြင့် လုပ်ငန်းရှင်များဘက်မှလည်း လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ရာတွင် တာဝန်ယူမှုရှိသည့် စီးပွားရေးလုပ်ငန်းများဖြစ်အောင် ကြိုးစားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

ယနေ့ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးမည့် အသင်းအဖွဲ့များအနေဖြင့် ဆွေးနွေးမည့် ကဏ္ဍများနှင့်သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများတက်ရောက်လာကြသည့်အတွက် မိမိတို့ အသင်းအဖွဲ့များ၏ တွေ့ကြုံနေရသော အခက်အခဲများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြည်ပနိုင်ငံများသို့ ပဲနှင့်ဆန်များ တင်ပို့ရောင်းချနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် ဝန်ကြီးဌာနမှ ဆောင်ရွက်နေမှု အခြေအနေများနှင့် နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူသည့်အခါတွင် ကိုယ်ပိုင်အိမ်ရာနေထိုင်နိုင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးနှင့် လစဉ်ပင်စင်ထောက်ပံ့ပေးနိုင်ရေးတို့အတွက် ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေ(Central Provident Fund - CPF) ထူထောင်ကာ ဆောင်ရွက်သွားမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ရင်းနှီးမြှုပ်နှံမှုများ ပိုမိုရရှိရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများ၊ ပြည်သူများအလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ တွေ့ကြုံနေရသည့် အခက်အခဲအကြံပြုတင်ပြချက်များအပေါ် ဝန်ကြီးဌာနမှ ဖြေရှင်းဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရန်အတွက် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ဖိုရမ်ကျင်းပနိုင်ရေးစီစဉ်ဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေ၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်သွားမည့် ဆွေးနွေးပွဲများ၊ ပို့ကုန်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းက Myanmar Doing Business Website လွှင့်တင်ထားခြင်းအား အသိပေးဖြန့်ဝေခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မူဆယ် - နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးမင်းနိုင်စိုး၊ မြန်မာနိုင်ငံ လက်လီရောင်းချသူများ အသင်းမှ အထွေထွေအတွင်းရေးမှူး ဒေါ်တင်စုလှိုင်နှင့် မြန်မာနိုင်ငံအလှကုန်အသင်းမှ ဥက္ကဋ္ဌ ဦးကျော်မင်းတို့က သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် ကြုံတွေ့နေရသည့် အခက်အခဲများနှင့် အကြံပြုချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

အကြံပြု တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးသည်။

ယင်းနောက် ဒုတိယသမ္မတက နိဂုံးချုပ်အမှာစကားပြောကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

စာမျက်နှာ ၃ မှ

ဖော်ဆောင်ပေးခြင်းမှတစ်ဆင့် ပြည်သူများအချင်းချင်း ဆက်သွယ်ချိတ်ဆက်မှု တိုးမြှင့်ပေါ်ပေါက်လာစေရန် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေသည်ကိုလည်း မှတ်သားထားရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် စကားဝိုင်းဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ဆွေးနွေးပွဲတက်ရောက်

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် Yanqi Hotel, Haiyan Hall ၌ အလုပ်သဘောနေ့လယ်စာစားပွဲနှင့် Strengthening Policy Synergy and Building Closer Patnership ခေါင်းစဉ်ဖြင့် ကျင်းပသည့် စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် Yanqi Lake International Conference Centre , Jixian Hall ၌ Promoting Green and Sustainable Development to Implement the UN 2030 Agenda ခေါင်းစဉ်ဖြင့်ကျင်းပသည့် စကားဝိုင်းဆွေးနွေးပွဲ(တတိယပိုင်း)သို့ တက်ရောက်သည်။

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲများသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အတူ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် သြစတြီးယား ဝန်ကြီးချုပ် Mr. Sebastian KURZ နှင့် Yanqi Lake International Conference Centre ၌ တွေ့ဆုံသည်။

မြန်မာ- သြစတြီးယားဆွေးနွေး

ထိုသို့တွေ့ဆုံစဉ် မြန်မာ- သြစတြီးယား နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ E - Government ဆိုင်ရာ နည်းပညာပူးပေါင်းဆောင်ရွက်ရေးကဏ္ဍများနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ဆွေးနွေးကြသည်။

သတင်းစဉ်

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မင်းတပ် - မတူပီလမ်း ကီလိုမီတာ (၁၀၈ - ၁၀၉) အကြား၌ မုန်းချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။

သတင်းစဉ်

◆ *ကျော့ဖုံးမှ*

ရောင်းချသူများအသင်း အတွင်းရေးမှူး ဒေါ်စန္ဒာမျိုးက လက်ရှိ ‘ဝ’ ဥ၊ ထောပတ်နှင့် ကော်ဖီစိုက်ပျိုးနေမှုအခြေအနေများ၊ အသေးစားနှင့်အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြချက်များအပေါ် ဒုတိယသမ္မတက ‘ဝ’ ဥ၊ ထောပတ်နှင့် ကော်ဖီများကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်၍ ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေး၊ ထိုသို့တင်ပို့ရောင်းချရာတွင် ဈေးကွက်ကို တတ်နိုင်သမျှ ထိန်းညှိဆောင်ရွက်သွားနိုင်ရေး၊ ချင်းပြည်နယ်ထွက်ကုန်ပစ္စည်းများအား အစုအဖွဲ့အသင်းအဖွဲ့များ ဖွဲ့စည်း၍ ဈေးကွက်လိုအပ်ချက် ပြည့်မီအောင် ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် အသေးစားနှင့် အလတ်စား စိုက်ပျိုးရေး ထုတ်ကုန်လုပ်ငန်းများအတွက် လိုအပ်သောအရင်းအနှီးရရှိရန် ချေးငွေထုတ်ချေးပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

တောင်သူများ ဝင်ငွေတိုး

ချင်းပြည်နယ်တွင် ‘ဝ’ ဥ ကို မတူပီ၊ မင်းတပ်နှင့် ပလက်ဝမြို့နယ်များတွင် အများဆုံး စိုက်ပျိုးလျက်ရှိပြီး ‘ဝ’ ဥ အစိတစ်ပိဿာလျှင် ဒေသန္တရပေါက်ဈေး ငွေကျပ် ၁၇၅၀၊ ‘ဝ’ဥ အခြောက်ဖြစ်ပါက တစ်ပိဿာလျှင် ဒေသန္တရပေါက်ဈေး ငွေကျပ် ၁၂၀၀၀ ဖြစ်ကာ ‘ဝ’ ဥ တစ်ဧက စိုက်ပျိုးပါက ‘ဝ’ ဥ ပိဿာသုံးထောင်ခန့်ရရှိပြီး စနစ်တကျ စိုက်ပျိုးနိုင်ပါက အထွက်နှုန်း ပိဿာ ၅၀၀၀ မှ ၈၀၀၀ ကြားပိုမိုထွက်ရှိနိုင်မည်ဖြစ်ပြီး တောင်သူတစ်ဦးလျှင် ဝင်ငွေကျပ် ၈၃ သိန်းကျော် ရရှိနိုင်မည် ဖြစ်သည်။

ထောပတ်တစ်ဧကလျှင် သုံးတန်ခန့်ထွက်ရှိပြီး တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၃၀၀ ခန့်ရှိရာ ဝင်ငွေအနေဖြင့် ငွေကျပ် ၅၈ သိန်း ရရှိနိုင်ပြီး ‘ဝ’ ဥ နှင့် ထောပတ်ကို သီးညှပ်စိုက်ပျိုးပါက တစ်ဧကလျှင် တောင်သူတစ်ဦး ငွေကျပ် သိန်း ၁၄၀ ကျော် ဝင်ငွေ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဒုတိယသမ္မတနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မင်းတပ်ခရိုင် ကန်ပက်လက်မြို့နယ်ရှိ ခေါ်နူးစုမ် အမျိုးသားဥယျာဉ်သို့ သွားရောက်၍ ဥယျာဉ်အတွင်း ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သန့်ရှင်းရေးနှင့် ဂေဟစနစ်များ ပျက်စီးမှုမရှိစေရေး၊ ရှားပါးမျိုးစိတ်များအား ဌာနဆိုင်ရာနှင့် ဒေသခံပြည်သူများက ယဉ်ကျေးမှုအမွေအနှစ်တစ်ခုအဖြစ် ထိန်းသိမ်းစောင့်ရှောက်သွားရန် မှာကြားသည်။

ခေါ်နူးစုမ် အမျိုးသားဥယျာဉ်သည် ၁၉၃၆ ခုနှစ်တွင် ဘောလီမိုးကြိုးဝိုင်းအဖြစ် ဖွဲ့စည်းခဲ့ပြီး ၁၉၉၇ ခုနှစ်တွင် အမျိုးသားဥယျာဉ်အဖြစ် အဆိုပြုခဲ့ကာ ၂၀၁၀ ခုနှစ်တွင် အမျိုးသားဥယျာဉ်အဖြစ် အတည်ပြုဖွဲ့စည်းခဲ့ပြီး ၂၀၁၂ခုနှစ်တွင် အာဆီယံ အမွေအနှစ်ဥယျာဉ်အဖြစ် တိုးမြှင့်သတ်မှတ်ခဲ့သည်။ ဥယျာဉ်မှာ အကျယ်အဝန်းအားဖြင့် ၁၇၆၂၀၂ ဧက/ ၇၁၃၀၅ ဟက်တာရှိပြီး အမြင့်ပေအားဖြင့် ပေ ၁၀၂၀၀ / ၃၀၅၃မီတာ ရှိကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် မင်းတပ်မြို့ အနောက်ရပ်ကွက်ရှိ Hornbill ကော်ဖီထုတ်လုပ်ရေး စက်ရုံသို့ ရောက်ရှိကြရာ စက်ရုံပိုင်ရှင် ဦးမာဟုန်းက ကော်ဖီစိုက်ပျိုးထားရှိမှု အခြေအနေ၊ စက်ကိရိယာ အဆင့်ဆင့်ဖြင့် ကော်ဖီထုတ်လုပ်နေမှု အခြေအနေနှင့် တိုးချဲ့ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယသမ္မတက ချင်းပြည်နယ်အတွင်းရှိ ကမ္ဘာ့အဆင့်မီ ကော်ဖီမျိုးအား အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေး အတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံခြားဝင်ငွေရရှိရေးအတွက် အရည်အသွေးမြင့်ကော်ဖီများ ထုတ်လုပ်၍ အဆင့်မီထုပ်ပိုးမှုစနစ်များဖြင့် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်ရန် ကြိုးစားသွားရမည်ဖြစ်ကြောင်းပြောကြားပြီး လိုအပ်ချက်များကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

အဆင့်မြင့်စက်များ အသုံးပြု

အဆိုပါ ကော်ဖီထုတ်လုပ်ရေးစက်ရုံတွင် ချင်းပြည်နယ်မှ သဘာဝအတိုင်း စိုက်ပျိုးထွက်ရှိသော အကောင်းဆုံး အရည်အသွေးပြည့်မီသည့် Arabica ကော်ဖီသီးကိုသာ စနစ်တကျ ရွေးချယ်၍ အရည်အသွေး စမ်းသပ်စစ်ဆေးမှုများကို အဆင့်ဆင့်ပြုလုပ်ပြီး အဆင့်မြင့်စက်များ အသုံးပြုထုတ်လုပ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် မင်းတပ်မြို့ ခရိုင်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ဆေးရုံ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှု၍ ဆေးဝါးကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများအား အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ဒုတိယသမ္မတသည် ဆောက်လုပ်ရေးဝန်ကြီးဌာန တည်ဆောက်ရေး (၃)၊ အဆောက်အဦအထူးအဖွဲ့(၉) ရှင်းလင်းဆောင်သို့ ရောက်ရှိရာ အင်ဂျင်နီယာချုပ် ဦးခင်မောင်ဆွေက အဆောက်အဦအထူးအဖွဲ့ (၉) မှ တည်ဆောက်လျက်ရှိသည့် ဆေးရုံတိုးချဲ့လူနာဆောင်နှင့် ဝန်ထမ်းအိမ်ရာ တည်ဆောက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြချက်များအပေါ် ဒုတိယသမ္မတက ပေါင်းစပ်ညှိနှိုင်းပေးပြီး တည်ဆောက်ရေးမြေနေရာသို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် မင်းတပ်တက္ကသိုလ် တည်ဆောက်ရေး ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်၌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူးက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက တက္ကသိုလ်တည်ဆောက်ရာတွင် သစ်တောသစ်ပင်များကို အတတ်နိုင်ဆုံး ထိခိုက်မှုမရှိစေဘဲ ဆောင်ရွက်သွားရန်၊ လုပ်ငန်းဆောင်ရွက်မှုများကိုလည်း အမြန်ဆုံးဆောလျင်စွာ ဆောင်ရွက်သွားရန်နှင့် လိုအပ်သော သန့်ရှင်းသည့် သောက်သုံးရေရရှိရေးကိုပါတစ်ပါတည်း စီမံဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ဘောခွီးဥယျာဉ်ခြံသို့ သွားရောက်၍ ထောပတ်ပျိုးပင်နှင့် ဆေးဖက်ဝင်သစ်ခွပျိုးပင်များ စိုက်ပျိုးဖြစ်ထွန်းနေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက ဘောခွီးဥယျာဉ်ခြံအတွင်း ၂၀၁၈ - ၂၀၁၉ ခုနှစ်မှ ၂၀၂၀ - ၂၀၂၁ ခုနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

လည်မျိုချောင်းတံတား

ယင်းနောက် ဒုတိယသမ္မတသည် တံတားအထူးအဖွဲ့ (၁)မှ တည်ဆောက်လျက်ရှိသည့် မင်းတပ် - မတူပီလမ်း ကီလိုမီတာ (၁၀၈ - ၁၀၉)အကြားရှိ မုန်းချောင်းတံတားနှင့် မင်းတပ် - မတူပီလမ်း ကီလိုမီတာ (၁၅၆- ၁၅၇)အကြားရှိ လည်မျိုချောင်းတံတား တည်ဆောက်ပြီးစီးမှု အခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မုန်းချောင်းတံတားသည် ပေ ၆၀ ရှည်လျားပြီး လက်ရှိတွင် လုပ်ငန်းဆောင်ရွက်မှု ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ရာ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် တံတားတစ်စင်းလုံးပြီးစီးမည်ဖြစ်ပြီး လည်မျိုချောင်းတံတားသည် ပေ ၂၄၀ ရှည်လျားပြီး ၂၀၂၀ခုနှစ် ဧပြီ ၃၀ ရက်တွင် တံတားတစ်စင်းလုံး ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

ဆေးရုံလိုအပ်ချက် ပံ့ပိုးဖြည့်ဆည်း

ဆက်လက်၍ ဒုတိယသမ္မတသည် မတူပီမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိရာ ဒေါက်တာ တလွန်ကျုံးထန်က ဆေးရုံသို့ တက်ရောက်သည့် လူနာအခြေအနေ၊ လူနာများအား ဆေးဝါးအခမဲ့ပေးဝေမှု၊ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ရေးလုပ်ငန်း အခြေအနေ၊ ၆ ခန်းတွဲ ၂ ထပ်ဆောင် အရာထမ်းအိမ်ရာ ဆောက်လုပ်မည့် အခြေအနေနှင့် ဆေးရုံတွင် လိုအပ်လျက်ရှိသည့် တိုက်နယ်ဆရာဝန်များနှင့် နေ့စားဝန်ထမ်းများ ခန့်ထားပေးရေး၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးရုံး ဆောက်လုပ်ပေးရေးနှင့် ဆေးရုံပတ်လမ်းများ၊ ဝန်ထမ်းအိမ်ရာနှင့် ဆက်သွယ်သည့်လမ်းများအား ကွန်ကရစ်လမ်းခင်းပေးရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦးက ဆေးရုံ၏ လိုအပ်ချက်များအပေါ် ပံ့ပိုးဖြည့်ဆည်းပေးမည့် အစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဆေးရုံ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို လှည့်လည်ကြည့်ရှု၍ ဆေးဝါးကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများအား အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

သတင်းစဉ်

ရှေးဟောင်းမြန်မာ့လက်ဝတ်ရတနာ အထူးပြပွဲ အမျိုးသားပြတိုက်(နေပြည်တော်)၌ ပြသမည်

နေပြည်တော် ဧပြီ ၂၇

ရှေးဟောင်း မြန်မာ့လက်ဝတ်ရတနာ အထူးပြပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန အမျိုးသား ပြတိုက် (နေပြည်တော်)၌ မေ ၂ ရက်မှ ၁၉ ရက်အထိ ကျင်းပမည်ဖြစ်ရာ ပျူခေတ်၊ ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်၊ ရတနာပုံခေတ်၊ ကိုလိုနီခေတ်နှင့် မျက်မှောက်ခေတ် စသည်ဖြင့် ဘီစီ ၂ ရာစု မှ အေဒီ ၂၀ ရာစုအထိ သက်တမ်းရှိရှားပါး၍ လက်ရာမြောက်သည့် ရွှေထည်လက်ဝတ်ရတနာများဖြစ်ပြီး အမျိုးအစားတစ်ရာ၊ အရေအတွက် ၈၇၀ နှင့် ရွှေချိန် ၄၅၀၀ ဂရမ်ကျော်ကို ခင်းကျင်းပြသမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲသည် ထူးခြားဆန်းကြယ်လှပသည့် လက်ဝတ်ရတနာများအား အများပြည်သူကြည့်ရှုလေ့လာနိုင်စေရန်၊ ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်ဖြစ်သည့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် လက်ဝတ်ရတနာများနှင့်ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သည့် မြန်မာ့ရိုးရာပန်းထိမ်ပညာရပ်တို့ကို နှိုင်းယှဉ်လေ့လာနိုင်စေရန်နှင့် မြန်မာ့ရိုးရာ ပန်းထိမ်ပညာကို အနာဂတ်မျိုးဆက်သစ်များက တန်ဖိုးထားလေ့လာသင်ယူပြီး လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်နိုင်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်အသုံးပြုခဲ့သည့်အဖိုးတန်ရှေးဟောင်း ရွှေထည်လက်ဝတ် ရတနာများကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ပါ၍ ရှေးဟောင်းမြန်မာ့လက်ဝတ်ရတနာ အထူးပြပွဲကို တနင်္လာနေ့နှင့် ပြန်တမ်းဝင်ရုံးပိတ်ရက်များမှအပ နေ့စဉ်နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲ အထိ ဖွင့်လှစ် ပြသမည်ဖြစ်သည့်အတွက် မည်သူမဆို အခမဲ့ဝင်ရောက်လေ့လာကြည့်ရှုနိုင်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ သိရသည်။

မောင်လှမော်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဧပြီ ၂၇

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် ဧပြီ ၂၆ ရက် ညနေပိုင်းက Pulkovo - 3 လေဆိပ်မှ ပြန်လည်ထွက်ခွာကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ကျော်စိုးမိုး၊ ရုရှားတပ်မတော်ရေတပ်မှ Commander Dmitry Krainov နှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ကြိုဆိုနှုတ်ဆက်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ပြန်လည်ရောက်ရှိကြရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး မှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Nikolay A. Listopadov၊ ဒုတိယစစ်သံမှူးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ကျော်စိုးမိုး၊ ရုရှားတပ်မတော် ရေတပ်မှ Commander Dmitry Krainov နှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

ဟားခါးမြို့တွင် လူထုအခြေပြုဗဟိုဌာနနှင့် ရွေ့လျားစာကြည့်တိုက်ဖွင့်ပွဲကျင်းပ

ဟားခါး ဧပြီ ၂၇

ဟားခါးမြို့တွင် လူထုအခြေပြုဗဟိုဌာန (Community Centre) အဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်းနှင့် ရွေ့လျားစာကြည့်တိုက် (Mobile Library) ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ဟားခါးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ကျင်းပသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဟားခါးခရိုင် လူထုအခြေပြုဗဟိုဌာနနှင့် ရွေ့လျားစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

အဆိုပါ အခမ်းအနားကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် ချင်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းစီမံမှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ ကျင်းပခြင်းဖြစ်ပြီး ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ချင်းပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုဝန်ကြီး ဦးမန်ဟင်းဒါးလ်၊ လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ အမှုဆောင်ညွှန်ကြားရေးမှူး ဦးမိုးဇော်ဦးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြရာ ကျောင်းသား ကျောင်းသူများက ဘင်ခရာနှင့် ပန်းပွားအကတို့ဖြင့် ဖျော်ဖြေကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက လူထုအခြေပြုဗဟိုဌာနဆိုင်းဘုတ်နှင့် ရွေ့လျားစာကြည့်တိုက်ယာဉ်တို့ကို အမွေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး ရွေ့လျားစာကြည့်တိုက်အား ကြည့်ရှုအားပေးကြသည်။

ယင်းနောက် လူထုအခြေပြုဗဟိုဌာနတွင် ဆောင်ရွက်ထားသည့် စာကြည့်တိုက်နှင့် ကလေးစာဖတ်ခန်းတို့အား လှည့်လည်ကြည့်ရှုကြပြီး ကလေးစာဖတ်ခန်းတွင် ဆေးရောင်ခြယ်ပြိုင်ပွဲဝင်နေကြသည့် ကလေးများအား လက်ဆောင်အရုပ်များ ပေးအပ်သည်။ ဆက်လက်၍ ကွန်ပျူတာသင်တန်းခန်းမ၌ သင်တန်းဖွင့်လှစ်နေမှုကို ကြည့်ရှုအားပေးသည်။

အသိပညာ ဗဟုသုတ မျှဝေ

ထို့နောက် လူထုအခြေပြုဗဟိုဌာနနှင့် ရွေ့လျားစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းကို ယာယီမဏ္ဍပ်နှင့် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သတင်းအချက်အလက် ဖြန့်ဝေပေးသည့် ပြန်ကြားရေးလုပ်ငန်း၊ အသိပညာ ဗဟုသုတ မျှဝေဖြည့်ဆည်းပေးသည့် ပညာပေးလုပ်ငန်းနှင့် ဖျော်ဖြေရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ရုပ်/သံ ထုတ်လွှင့်မှုအပြင် အသံလွှင့်လုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေးအတွက် နည်းဥပဒေရေးဆွဲလျက်ရှိရာ ၎င်းလုပ်ငန်းများပြီးစီးပါက ရုပ်/သံ လုပ်ငန်းများအပြင် Community Radio လုပ်ငန်းများလည်း ပိုမိုတိုးတက်ဆောင်ရွက်လာနိုင်မည် ဖြစ်ပါကြောင်း၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနအနေဖြင့် နိုင်ငံတော်ပြန်တမ်း ထုတ်ဝေခြင်း၊ စာပေဆုချီးမြှင့်ခြင်း၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ ပုံနှိပ်ထုတ်ဝေခြင်း၊ စာပေဗိမာန်မှ စာအုပ်ထုတ်ဝေခြင်းလုပ်ငန်းများအပြင် ထွန်းဖောင်ဒေးရှင်းနှင့်ပူးပေါင်းပြီး မြန်မာစွယ်စုံကျမ်းကို လက်ရှိအခြေအနေနှင့် ကိုက်ညီအောင်ပြုစုပြီး ထုတ်ဝေရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအနေဖြင့် မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာသုံးစောင်ကို နေ့စဉ်ထုတ်ဝေမှုအပြင် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ၊ ရန်ကုန်နှင့် မန္တလေးစာမျက်နှာများ၊ တိုင်းရင်းသားရေးရာနှင့် လူငယ်များအတွက် မျိုးဆက်သစ်ရင်ပြင်၊ ကလေးများအတွက် ကာတွန်းစာမျက်နှာစသည်ဖြင့် အချပ်ပိုစာမျက်နှာများ ထည့်သွင်း ထုတ်ဝေဖြန့်ချိလျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ အများပြည်သူနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရေးလုပ်ငန်းများ ဆောင်ရွက်မှုကို ပြောကြားလိုပါကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများနှင့် စာကြည့်တိုက်များကို ကလေးစာဖတ်ခန်း၊ ပြတိုက်ငယ်၊ ဘက်စုံသုံးခန်းမများဖြင့် ဖွဲ့စည်းဆောင်ရွက်မှုအပြင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့်ပူးပေါင်းပြီး ကွန်ပျူတာသင်တန်းခန်းမ၊ ရွေ့လျားစာကြည့်တိုက်လုပ်ငန်းများဖြည့်စွက်၍ လူထုအခြေပြုဗဟိုဌာနများအဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်လျက်ရှိပါကြောင်း၊ ၎င်းတွင် စာဖတ်ဝိုင်းများ၊ ပြည်သူ့စကားဝိုင်းများ၊ သင်တန်းများ ကျင်းပမှုအပြင် အားကစားပစ္စည်းများပါထည့်သွင်းပြီး အများပြည်သူဝင်/ထွက် သွားလာစုဝေးရာ အကျိုးရှိသည့်နေရာဖြစ်အောင် ကြိုးပမ်းလုပ်ဆောင်နေပါကြောင်း၊ ပြည်သူ့စကားဝိုင်းများကို ကာလဒေသနှင့်ကိုက်ညီသည့် ခေါင်းစဉ်၊ အကြောင်းအရာများ ရွေးချယ်ပြီး အပြန်အလှန်ဆွေးနွေးမှုဖြင့် ဒီမိုကရေစီအင်္ဂါရပ်နှင့်အညီ ပြည်သူများအကြား စနစ်တကျဝေဖန်သုံးသပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အများပြည်သူအတွက် အကျိုးရှိအောင် ရည်ရွယ်ချက်ရှိစွာဖြင့် စီမံဆောင်ရွက်နေမှုအပေါ် ပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်မှုနှင့် အောင်မြင်မှုရှိအောင် ဆောင်ရွက်ပေးကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

စာပေဖတ်ရှုလေ့လာမှု တိုးမြှင့်

ယင်းနောက် ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်က ပြည်သူများ အသိပညာဗဟုသုတတိုးပွားရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့တွင် စာပေဖတ်ရှုလေ့လာမှု တိုးမြှင့်ဆောင်ရွက်ရန်ကို လည်းကောင်း၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ အမှုဆောင်ညွှန်ကြားရေးမှူး ဦးမိုးဇော်ဦးက ဖောင်ဒေးရှင်း၏ ရေတို/ရေရှည် အစီအမံနှင့် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို လည်းကောင်း ရှင်းလင်းပြောကြားရာ ဒေသခံပြည်သူများကိုယ်စား မြို့မိမြို့ဖ ဦးငွန်ဝုန်းက ဟားခါးဒေသအတွက် လူထုအခြေပြုဗဟိုဌာနနှင့် ရွေ့လျားစာကြည့်တိုက် စီမံဆောင်ရွက်ပေးမှုအပေါ် ကျေးဇူးတင်ရှိကြောင်း ပြန်လည်ပြောကြားသည်။

ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းကို ၂၀၁၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ဟိုတယ်နှင့် ချက်နည်းပြုတ်နည်းသင်တန်းကျောင်း (Hospitality and Cateriy Traing Academy)နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများဖြစ်သော လမ်းဖောက်ခြင်း၊ တံတားဆောက်ခြင်း၊ လူနေအိမ်၊ ဆရာဆောင်နှင့် စာသင်ကျောင်းများ ဆောက်လုပ်ခြင်း၊ ဆိုလာမီး၊ လျှပ်စစ်မီးရရှိရေး ကူညီပေးခြင်း၊ ရေတွင်းရေကန်များ တူးဖော်ခြင်း၊ သဘာဝဘေးဒဏ်ခံစားရသော ပြည်သူများကို ကူညီခြင်း စသည့် လုပ်ငန်းဆောင်ရွက်မှုအပြင် ရွေ့လျားစာကြည့်တိုက်လုပ်ငန်း ၁၅ ခု ဆောင်ရွက်လျက်ရှိရာ ယနေ့ကျင်းပပြုလုပ်သည့် ဟားခါးမြို့ လူထုအခြေပြုဗဟိုဌာနနှင့် ပူးပေါင်းဆောင်ရွက်မှုအပါအဝင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ၁၄ ခု ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဟားခါးမြို့ရှိ ချင်းတိုင်းရင်းသားတို့၏ ရိုးရာနေအိမ်ပြတိုက်ကို လည်းကောင်း၊ ရှုခင်းသာမျှော်စင်ကို လည်းကောင်း၊ ဖလမ်းမြို့နယ်ရှိ ဆူရ်ဘုန်လေယာဉ်ကွင်းသစ် ဖောက်လုပ်မှုကို လည်းကောင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် ဧပြီ ၂၇

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ မိုး/ဇလ

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မသန်စွမ်းသူများအား ပံ့ပိုးကူညီခြင်းနှင့် ထောက်ပံ့ခြင်းများဆောင်ရွက်

ရန်ကုန် ဧပြီ ၂၇

လူမှုဝန်ထမ်းဦးစီးဌာနမှ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးချုပ်ရုံးသို့ Wheel Chair အစီး ၅၀ လှူဒါန်းသည့်အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် Wheel Chair အစီး ၅၀ကို ပေးအပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြန်လည်နေရာချထားရေးညွှန်ကြား ရေးမှူးချုပ်ရုံးမှ ဗိုလ်ချုပ်ဝင်းလွင်က လက်ခံရယူပြီး လှူဒါန်းမှုအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထောက်ပံ့ငွေပေးအပ်

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့ မြို့တော်ခန်းမ၌ကျင်းပသည့် အုတ်ဖိုမြို့နယ်အတွင်း မိခင်ဝိုင်းများနှင့် မသန်စွမ်းသူများ အတွက် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။ အခမ်း အနားတွင် ပြည်ထောင်စုဝန်ကြီးက အရည်အချင်းပြည့်ဝပြီး စွမ်းဆောင်ရည်ရှိသော လူသားအရင်းအမြစ်များသည် အနာဂတ်နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ကြောင်း၊ ထို့ကြောင့် ရှေးဦးအရွယ်ကလေးသူငယ် ဘဝကပင် စတင်ပျိုးထောင် ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ဘတ်ဂျက်ရန်ပုံငွေ အကန့်အသတ်ရှိသောကြောင့် မိခင်ဝိုင်းများ၊ မူကြိုကျောင်းများကို တိုးချဲ့ဖွင့်လှစ်ရာတွင် ပုဂ္ဂလိက မူကြိုကျောင်းများနှင့် ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်းများ ဖွင့်လှစ်နိုင်ရန် အစိုးရက နည်းပညာပံ့ပိုးမှုပေးခြင်း၊ အစိုးရနှင့် ပြည်သူလက်တွဲ၍ လူမှုအဖွဲ့အစည်းများ၊ အလှူရှင်များနှင့် ပူးပေါင်း အကောင်အထည်ဖော်လျက်ရှိကြောင်း၊ စနစ်ကျသော ရှေးဦးအရွယ်ကလေးသူငယ် စောင့်ရှောက်ရေး ဆရာဖြစ်သင်တန်းများကို တိုးချဲ့ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းလျက်ရှိ ကြောင်း၊ မိဘများ၊ မိသားစုဝင်များနှင့် ပြည်သူများအားလုံးက သဘောပေါက်နားလည် ပြီး ပါဝင်ဆောင်ရွက်ကြရန်လိုကြောင်း၊ အစိုးရအနေဖြင့် မသန်စွမ်းများအတွက် တစ်နိုင်ငံလုံး သာတူညီမျှ ခံစားရရှိစေရန် ကနဦးထောက်ပံ့မှုကို ဆောင်ရွက်လျက်ရှိ ကြောင်း၊ မသန်စွမ်းများအတွက် ထောက်ပံ့မှုပြုရာတွင် မသန်စွမ်းမှုအလိုက် အဆင့်ခွဲခြားပြီးပါက တစ်နိုင်ငံလုံး စနစ်တကျ ဆက်လက်ထောက်ပံ့နိုင်ရန် အစီအစဉ် များလည်း ချမှတ်ထားကြောင်းနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လူမှုအဖွဲ့ အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ပြည်သူများ၊ လွှတ်တော်ကိုယ်စားလှယ်များက ပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး အုတ်ဖိုမြို့နယ်အတွင်း မိခင်ဝိုင်းများနှင့် မသန်စွမ်းသူများအတွက် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

မိခင်ဝိုင်းများဖွင့်လှစ်ရန် ထောက်ပံ့

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အုတ်ဖိုမြို့နယ်အတွင်းရှိ မသန်စွမ်းသူ ၅၆၄ ဦးအတွက် ထောက်ပံ့ငွေကျပ် ၁၆၉၂၀၀၀၀၊ ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်းများအတွက် ထောက်ပံ့ငွေကျပ်သိန်း ၆၀ နှင့် မိခင်ဝိုင်းများ ဖွင့်လှစ်ရန် အတွက် ထောက်ပံ့ငွေကျပ် ၂၀၂၃၀၀၀ တို့ကို ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူ များက လက်ခံရယူခဲ့ကြသည်။ ထို့နောက် အခမ်းအနားသို့ ကိုယ်တိုင်တက်ရောက် လာကြသော မသန်စွမ်းသူများအား ထောက်ပံ့ငွေများ လက်ဝယ်အရောက်ပေးအပ် ကြပြီး ထောက်ပံ့မှုများအတွက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယနေ့ ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ်အတွင်း စုစုပေါင်း ထောက်ပံ့ငွေကျပ် ၂၄၉၄၃၀၀၀ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မောင်တောမြို့နယ် ကညင်ချောင်းစီးပွားရေးဇုန် စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

စစ်တွေ ဧပြီ ၂၇

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း အကောင်အထည်ဖော် တည်ဆောက် နေသည့် ကညင်ချောင်းစီးပွားရေးဇုန် စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ၁/၂၀၁၉ ကို စစ်တွေမြို့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်း အဝေးခန်းမ၌ ယနေ့ မွန်းလွဲပိုင်းက ကျင်းပသည်။

အစည်းအဝေးတွင် ကညင်ချောင်း စီးပွားရေးဇုန် စီမံခန့်ခွဲရေးကော်မတီ နာယက ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက အမှာစကားပြောကြားပြီး ကညင်ချောင်း စီးပွားရေးဇုန်စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ ပြည်နယ် ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းက အမှာစကား ပြောကြားကာ မောင်တောခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးအောင်က မြေပြင်လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ကညင်ချောင်းစီးပွားရေးဇုန် စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

ယင်းနောက် ကညင်ချောင်းစီးပွား ရေးဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက် (KED) နှင့် အရည်အသွေးစစ်ဆေးရေး Third Party ဖြစ်သည့် မြန်မာ အပြည်ပြည်ဆိုင်ရာ အတိုင်ပင်ခံအင်ဂျင် နီယာများအဖွဲ့-MIECG(စစ်တွေ)က ကညင်ချောင်းစီပွားရေးဇုန် စီမံကိန်း အရည်အသွေးစစ်ဆေးမှု အခြေအနေများ ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကညင်ချောင်းစီပွား ရေးဇုန် စီမံခန့်ခွဲရေးကော်မတီ အတွင်း ရေးမှူး ဒေါက်တာ ထူးမင်းသိမ်းက ကော်မတီအစည်းအဝေးတွင် အဆုံး အဖြတ်ရယူရမည့် အမှာစာများကို တင်ပြပြီး တက်ရောက်လာသည့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက အထွေထွေဆွေးနွေး ကြသည်။

ယင်းနောက် ကညင်ချောင်း စီးပွား ရေးဇုန် စီမံခန့်ခွဲရေးကော်မတီ နာယက ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာ စကား ပြောကြားသည်။

၂၀၁၂ ခုနှစ်တွင် ကုန်သွယ်ရေးဇုန် အဖြစ် စတင်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ကညင်ချောင်းစီးပွားရေးဇုန်ကို တိုးချဲ့ တည်ဆောက်ခဲ့ရာ လာမည့်မေလတွင် စတင်ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

သတင်း-သန့်ဇင်ဝင်း
ဓာတ်ပုံ-အောင်ကျော်ဦး

ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပြန်ဆက်ရုံးများနှင့် ရုပ်ရှင်စတူဒီယိုများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၇

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် ယနေ့ နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံးနှင့် မြို့နယ်ရုံးများ၊ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်းရှိ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲရှိ စတူဒီယိုများကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ကျောက်တံတားမြို့နယ် ပြန်/ဆက်ရုံး စာကြည့်တိုက်အား ကြည့်ရှုစစ်ဆေးစဉ်။

ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအောက်ရှိ ရန်ကုန်တိုင်းဒေသကြီးရုံး၊ ရန်ကုန်အနောက်ပိုင်းခရိုင်ရှိ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းမြို့နယ်၊ အလုံမြို့နယ်နှင့် လှိုင်မြို့နယ်၊ ရန်ကုန်အရှေ့ပိုင်းခရိုင်ရှိ ရန်ကင်းမြို့နယ်နှင့် တောင်ဥက္ကလာပမြို့နယ်တို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများ၏ သင်တန်းခန်းမများ၊ စာကြည့်တိုက်များ၊ ပြတိုက်ငယ်များ၊ စာဖတ်ခန်းများ၊ ကလေးစာဖတ်ခန်းများ၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံးများတွင် အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဆောက်အဦနှင့် မြေနေရာရရှိနိုင်မှု အနေအထားများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲရှိ ရုပ်ရှင်စတူဒီယိုများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဒုတိယဝန်ကြီးက စာကြည့်တိုက်များအတွင်း စာဖတ်သူများ စိတ်ချမ်းမြေ့စွာ စာဖတ်နိုင်ရန် ဆောင်ရွက်ပေးရေး၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်၊ စာစောင်များ အတတ်နိုင်ဆုံး စုံလင်စွာရှိရန် ဝယ်ယူဖြည့်တင်း နိုင်ရေး၊ ရုံးများ၏လုံခြုံရေး၊ သဘာဝဘေးအန္တရာယ်၊ လျှပ်စစ်မီး၊ မီးဘေး အန္တရာယ် အထူးဂရုပြုရေး၊ ပြန်ဆက်ရုံးများတွင် အခြားဝန်ကြီးဌာနများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး သင်တန်းများ ဖွင့်လှစ်နိုင်ရေး၊ ဟောပြောပွဲ၊ ဆွေးနွေးပွဲများ ကျင်းပနိုင်ရေးနှင့် ဒေသခံပြည်သူများအတွက် အားကစားပစ္စည်းများ တတ်နိုင်သလောက် ဖြည့်တင်းနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးတို့ကို မှာကြားခဲ့သည်။

သတင်းစဉ်

နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဧပြီ ၂၇

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိခန့်မှန်း ချက်မှာ တိမ်အသင့်အတင့် ဖြစ်ထွန်း မည်။

နောက်နှစ်ရက်အတွက် ခန့်မှန်း ချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသ ကြီး၊ ကချင်ပြည်နယ်၊ ကရင် ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ ပြည်မြို့သို့ ဒေသစာရီကြွချီအပူဇော်ခံ

ပြည် ဧပြီ ၂၇

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ၏ စုပေါင်းအင်အားဖြင့် တည်ထားကိုးကွယ်လျက်ရှိသည့် ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့မှ ပဲခူးတိုင်းဒေသကြီး ပြည်မြို့သို့ ဒေသစာရီကြွချီ အပူဇော်ခံသည်။

ဗုဒ္ဓရုပ်ပွားတော်များ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် ဘုံအဆင့်ဆင့်တို့ကို ယနေ့နံနက်ပိုင်းက ဟင်္သာတမြို့ ဆယ်ထပ်ကြီးဘုရားဝင်းအတွင်းရှိ ယာယီစံကျောင်းတွင် ဆရာတော်သံဃာတော်များက ဘုရားအနေကဇာတင်ကြပြီး ဆရာတော်သံဃာတော်များအား ဟင်္သာတခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများက အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဟင်္သာတမြို့မှ ပြည်မြို့သို့ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဝတ်အသင်းအဖွဲ့များက ပင့်ဆောင်ပူဇော်ကြရာ ပင့်ဆောင်အပူဇော်ခံရာ လမ်းတစ်လျှောက်တွင် ရဟန်းရှင်လူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ လူမှုရေး အသင်းအဖွဲ့များ၊ ကျောင်းသားကျောင်းသူများ၊ ဒေသခံပြည်သူများက စည်ကားလိုက်လှဲစွာ ကြိုဆိုဖူးမြော်ကြပြီး စေတီတော်ကြီး တည်ထားကိုးကွယ်ရေး အလှူငွေများ ထည့်ဝင်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် ပဲခူးတိုင်းဒေသကြီးသို့ရောက်ရှိရာ ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ ဝတ်အသင်းအဖွဲ့များကလည်းကောင်း၊ ပြည်မြို့အဝင် နဝဒေးတံတားတွင် ဌာနဆိုင်ရာများ၊ ပြည်ရွှေဆံတော်ဘုရား ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့များ၊ နိဗ္ဗာန်ဆော်များ၊ မြို့မိမြို့ဖများက မင်္ဂလာစည်တော်ကြီးများဖြင့်လည်းကောင်း ဖူးမြော်ကြိုဆိုပင့်ဆောင်သည်။ **(ယာပုံ)**

ယင်းနောက် ဗုဒ္ဓရုပ်ပွားတော်များ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် ဘုံအဆင့်ဆင့်တို့အား ပြည်ရွှေဆံတော်ဘုရားကြီး ရင်ပြင်တွေ့လှုံကာ ပြည်မြို့ အထက (၁)၊ လွတ်လပ်ရေး ကျောက်တိုင်ကွင်း ယာယီစံကျောင်းတွင် ဒေသခံပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် ပူဇော်ခံထားရှိသည်။

ည ၈ နာရီတွင် ပြည်မြို့လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကက ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိစေရန် ငြိမ်းချမ်းရေးတရားတော်ကို ဟောကြားချီးမြှင့်ရာ ရဟန်းရှင်လူပြည်သူများက တရားတော်ကို ရိုသေစွာ နာယူကြည်ညိုကြသည်။

ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်များအား တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ ဒေသစာရီကြွချီအပူဇော်ခံလျက်ရှိရာ ဧပြီ ၂၈ ရက်တွင် မကွေး၊ ၂၉ ရက်တွင် ပုဂံ၊ ဧပြီ ၃၀ ရက်မှ မေ ၁ ရက်အထိ မုံရွာ၊ မေ ၂ ရက်မှ ၆ ရက်အထိ မန္တလေး၊ မေ ၇ ရက်တွင် ကျောက်ဆည်၊ မေ ၈ ရက်တွင် သဲတော(ဝမ်းတွင်း)၊ မေ ၉ ရက်မှ ၁၁ ရက်အထိ တောင်ကြီး၊ မေ ၁၂ ရက်တွင် လွိုင်ကော်၊ မေ ၁၃ ရက်တွင် တောင်ငူ၊ မေ ၁၄ ရက်မှ ၁၈ ရက်အထိ နေပြည်တော်တို့တွင် ဒေသစာရီကြွချီပူဇော်ခံသွားမည်ဖြစ်ပြီး ဒေသစာရီလှည့်လည်အပူဇော်ခံရာ ခရီးစဉ်တစ်လျှောက်တွင် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကက ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းသာယာမှုရရှိစေရန် ငြိမ်းချမ်းရေးတရားတော်များ ဟောကြားချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ဟန်လင်းနိုင်

နယ်သာလန်နိုင်ငံ၏ အမျိုးသားနေ့ (King's Day) အထိမ်းအမှတ် ညစာစားပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဧပြီ ၂၇

နယ်သာလန်နိုင်ငံ၏ အမျိုးသားနေ့ (King's Day) အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကို ယနေ့ ည ၆ နာရီခွဲတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၄၈) ပန်းလှိုင်လမ်းရှိ Atlas Rooftop Bar and Lounge ၌ ကျင်းပသည်။

အခမ်းအနားသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ဇနီး၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Wouter Jurgens နှင့် ဇနီး၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းနှင့် နယ်သာလန်နိုင်ငံသီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်ကာ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့်ဧည့်သည်တော်များက နှစ်နိုင်ငံ နိုင်ငံတော်အလံတို့ကို အလေးပြုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံ သံအမတ်ကြီးနှင့် ဇနီးတို့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး သံအမတ်ကြီးနှင့် ဇနီးတို့က တက်ရောက်လာသူများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

သတင်းစဉ်

❂ ရှေ့ဖုံးမှ

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "ဖန်နီ" သည် မြန်မာစံတော်ချိန် ည ၁၀နာရီခွဲတွင် မြောက်လတ္တီကျူ ၅ ဒသမ ၉ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၈ ဒသမ ၃ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၉ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံး လေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၅၀ နှုန်း ဖြစ်သည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "ဖန်နီ" သည် နောက် ၁၂ နာရီအတွင်း အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "ဖန်နီ"အဖြစ်သို့လည်းကောင်း၊ နောက် ၃၆ နာရီအတွင်း အားအလွန်ကောင်းသောဆိုင်ကလုန်းမုန်တိုင်း "ဖန်နီ"အဖြစ်သို့လည်းကောင်း ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "ဖန်နီ"နှင့်ပတ်သက်၍ ပြည်တွင်းလေကြောင်း ပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်သည်။

မိုး/ဇလ

ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)အား မေ ၂ ရက်မှ ၁၆ ရက်အထိ ခေတ္တပိတ်ထားမည်

နေပြည်တော် ဧပြီ ၂၇

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် ရန်ကုန်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)အား အထွေထွေမွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ဆောင်ရွက်နေစဉ် ကာလအတွင်း မေ ၂ ရက်မှ ၁၆ ရက်အထိ ၁၅ ရက်အား ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

World MMA Awards ဆန်ခါတင်စာရင်းတွင် မစ်ဒယ်ဝိတ်နှင့် လိုက်ဟဲဗီးဝိတ်ချန်ပီယံ အောင်လအန်ဆန်ပါဝင်

မစ်ဒယ်ဝိတ်တန်းနှင့် လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံ အောင်လအန်ဆန်။ ဓာတ်ပုံ- ဖိုးသော်ဇင်

ရန်ကုန် ဧပြီ ၂၇

ဘက်စုံကိုယ်ခံပညာသုံး MMA ကစားသမားများအတွက် ဂုဏ်သိက္ခာ ကြီးမားသည့် ဆုချီးမြှင့်ပွဲဖြစ်သော Fighter Only မဂ္ဂဇင်းက ချီးမြှင့်သည့် (၁၁) ကြိမ်မြောက် World MMA Awards ဆုစာရင်းတွင် မြန်မာနာမည်ကြီး ကစားသမား အောင်လအန်ဆန်က ဆုနှစ်ခု၏ ဆန်ခါတင်စာရင်း၌ ပါဝင်လျက်ရှိသည်။

အောင်လအန်ဆန်သည် ယင်းဆုပေးပွဲအတွက် ထုတ်ပြန်ထားသည့် အကောင်းဆုံးဆု ဆန်ခါတင်စာရင်းတွင် တစ်နှစ်တာ အကောင်းဆုံးအားကစားဆုနှင့်တစ်နှစ်တာ နိုင်ငံတကာအကောင်းဆုံး အားကစားသမား ဆုစာရင်း၌ ပါဝင်နေခြင်း ဖြစ်သည်။ Fighter Only မဂ္ဂဇင်းသည် ယင်းဆုများကို ၂၀၀၈ ခုနှစ်မှစ၍ ချီးမြှင့်ခဲ့ပြီး ဘက်စုံကိုယ်ခံပညာသုံး MMA ပြိုင်ပွဲများ ကျင်းပနေသည့် အဖွဲ့အစည်းအသီးသီးမှ အကောင်းဆုံး ကစားသမားများကို ရွေးချယ်ကာ ဆုချီးမြှင့်ခြင်းဖြစ်သည်။

ယခုဆုပေးပွဲတွင် UFC အပါအဝင် အခြားအဖွဲ့အစည်းအသီးသီးမှ ကျင်းပနေသည့် ပြိုင်ပွဲများကိုပါ ထည့်သွင်းရွေးချယ်ထားခြင်းဖြစ်သည်။ အောင်လအန်ဆန် ဆန်ခါတင်စာရင်း၌ ပါဝင်နေသော ဆုများအနက် တစ်နှစ်တာ အကောင်းဆုံးကစားသမား ဆုစာရင်းတွင် ခါဘစ် (UFC)၊ ကော်မီယာ (UFC)၊ ပွိုင်ရီယာ (UFC)၊ မူဆာဆီ (Bellator)၊ တစ်နှစ်တာ နိုင်ငံတကာ အကောင်းဆုံး အားကစားသမားဆု စာရင်းတွင် ခါဘစ်(UFC)၊ မူဆာဆီ (Bellator)၊ အူစမန် (UFC) နှင့် အာဒေးဆန်ညာ (UFC) တို့နှင့်အတူ ပါဝင်နေသည်။

ယင်းဆုချီးမြှင့်ပွဲကို ဇူလိုင် ၆ ရက်တွင် ကျင်းပရန် စီစဉ်ထားပြီး ဆုအမျိုးအစားပေါင်း ၂၂ မျိုး ချီးမြှင့်မည်ဖြစ်ကာ ပရိသတ်များ၏ ဆန္ဒမဲဖြင့် ရွေးချယ်မည်ဖြစ်သည်။ ပရိသတ်များအနေဖြင့် https://www.worldmmaawards.com/vote တွင် ဧပြီ ၂၅ ရက်မှစ၍ မဲပေးနိုင်ပြီဖြစ်သည်။

ကာကွယ်ပွဲများအနိုင်ရ

အောင်လအန်ဆန်သည် ONE Championship မစ်ဒယ်ဝိတ်တန်းနှင့် လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံဖြစ်ပြီး ချန်ပီယံကာကွယ်ပွဲများတွင် နိုင်ပွဲရထားသူဖြစ်သည်။ အောင်လအန်ဆန်သည် ၂၀၁၇ ခုနှစ် နှစ်လယ်ပိုင်းမှစ၍ နိုင်ပွဲများ ဆက်တိုက်ရခဲ့သလို ၂၀၁၇ ဇွန်လတွင် ရုရှားနိုင်ငံသား ဗစ်တာလီဘစ်ဒက်ရှ်ကို အနိုင်ယူပြီး မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆု၊ ၂၀၁၈ ဖေဖော်ဝါရီလတွင် ဘရာဇီးနိုင်ငံသား မာချာဒိုကို အနိုင်ယူပြီး လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုတို့ကို ရရှိခဲ့သည်။ အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်း ချန်ပီယံကာကွယ်ပွဲသုံးပွဲ ထိုးသတ်ထားပြီး မတ် ၃၁ ရက်က နောက်ဆုံးထိုးသတ်သည့်ပွဲတွင် ဂျပန်နိုင်ငံသား ဟာဆဲဂါဝါကို ဒုတိယအချီတွင် အလဲထိုးအနိုင်ရခဲ့သည်။

လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကာကွယ်ပွဲကို ယခုနှစ် အောက်တိုဘာတွင် ထိုးသတ်ရမည်ဖြစ်သည်။

ရဲရင့်ရှိုင်း

နိုင်ငံခြားအာမခံကုမ္ပဏီများကို ပြည်တွင်း၌ လုပ်ကိုင်ခွင့်ပြုခြင်း

သက်ဇင်မိုး

လူသားတို့၏ ဘဝတွင် အိုခြင်း၊ နာခြင်း၊ သေခြင်းဟူသည် မလွှဲမရှောင်သာသည့် သဘာဝတရားများကို မျှော်မှန်း၍ မိမိတို့ရရှိလာသည့် ဝင်ငွေများမှ တချို့တစ်ဝက်ကို အိုနာစာ အဖြစ် စုဆောင်းလေ့ရှိကြသည်။ သို့ရာတွင် လူတိုင်းသည် အသက်အရွယ်ကြီးရင့်လာမှသာ အိုခြင်း၊ နာခြင်း၊ သေခြင်း တရားကိုရင်ဆိုင်ရသည်မဟုတ်ပေ။ ကျန်းမာရေးချို့ယွင်းခြင်း ကြောင့်ဖြစ်စေ၊ အနာရောဂါဖြစ်ပေါ်စွဲကပ်၍ဖြစ်စေ၊ မတော် တဆထိခိုက်မှုကြောင့်ဖြစ်စေ၊ သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ရ၍ဖြစ်စေ၊ ကိုယ်လက်အင်္ဂါစွန့်လွှတ်ရခြင်း၊ အသက် ဆုံးရှုံးရခြင်းတို့ကို ကြုံတွေ့ရသည်။ သဘာဝဘေးကြောင့် သာမက သူတစ်ပါး၏ ပယောဂကြောင့်လည်း အထက်ပါ ဖြစ်ရပ်များကို ကြုံတွေ့ရသည်။

ထို့ပြင် အသက်ဆုံးရှုံးရခြင်းသာမက ပစ္စည်းဥစ္စာဆုံးရှုံး ရခြင်းများကိုလည်း ကြုံတွေ့ရတတ်သည်။ သို့ဖြစ်ရာ ကြိုတင် စုဆောင်းထားရုံဖြင့်လည်း လုံလောက်မှုရှိမည်ဟု မဆိုနိုင်ပေ။ တစ်ဦးချင်းအနေဖြင့်ဖြစ်စေ၊ လုပ်ငန်းအဖွဲ့အစည်းအနေဖြင့် ဖြစ်စေ ဆုံးရှုံးနိုင်သည့်အန္တရာယ်ကို ကြိုတင်မျှော်တွေးသင့် ပြီး အဆိုပါအန္တရာယ်အတွက် လိုအပ်သော ကြိုတင်ကာကွယ် မှု အစီအမံများကို ပြုလုပ်သင့်သည်။ မိမိကိုယ်မိမိ ကျန်းမာ အောင် နေထိုင်ခြင်း၊ သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ကာကွယ်ခြင်း၊ သွားသတိ၊ လာသတိ၊ စားသတိတို့ဖြင့် နေထိုင်ခြင်းစသည်တို့ကို ဆောင်ရွက်သင့်ကြသည့်အပြင် ဆုံးရှုံးနိုင်ခြေအတွက် ကြိုတင်အကာအကွယ် ပြုလုပ်ထား သင့်သည်။ အဆိုပါ ကြိုတင်ကာကွယ်ထားသင့်သည့် လုပ်ငန်း မှာ အာမခံထားရှိခြင်း ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပြည်သူအများစုသည် အာမခံ အကာအကွယ်ထားရှိမှု၏ အကျိုးကျေးဇူးကို မသိရှိကြပေ။ နောင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုကိုလည်း များစွာ ထည့်သွင်းစဉ်းစားမှု မပြုကြပေ။ ပြည်သူများအကြားအာမခံ အသိပညာနည်းပါးသကဲ့သို့ မြန်မာနိုင်ငံ၏ အာမခံ ဈေးကွက် မှာလည်း လွန်စွာသေးငယ်သော အနေအထားဖြစ်သည်။ အာမခံလုပ်ငန်း ထိုးဖောက်ပျံ့နှံ့မှုနှုန်း (Insurance Penetration Rate) မှာ ၁ ရာခိုင်နှုန်းမပြည့်ပေ။ မြန်မာ၊ လာအို၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့၏ အာမခံလုပ်ငန်းထိုးဖောက် ပျံ့နှံ့မှုနှုန်းအခြေအနေကို အောက်ပါဇယားတွင် နှိုင်းယှဉ်တွေ့ ရှိနိုင်သည်-

	Penetration Rate (Life)		Penetration Rate (Non Life)		Personal Accident & Health		Total	
	%	Per Capita	%	Per Capita	%	Per Capita	%	Per Capita
မြန်မာ	၀. ၀၁	၀. ၀၄	၀.၀၅	၀. ၆၆	-	-	၀. ၀၆	၀. ၇၀
လာအို	၀. ၀၁	၀. ၁၄	၀.၄၂	၇. ၁၀	၀. ၀၁	၀. ၁၆	၀. ၄၄	၇. ၄၀
ထိုင်း	၃. ၇၅	၂၂၄. ၁၃	၁.၃၇	၈၁. ၅၀	၀. ၃၀	၁၇. ၉၂	၅. ၄၂	၃၂၃.၅၆
ဗီယက်နမ်	၀. ၆၉	၁၃. ၉၈	၀.၅၄	၁၀. ၉၆	၀. ၁၅	၃. ၀၁	၁. ၃၈	၂၇. ၉၅

ထိုသို့ဖြစ်ရခြင်းမှာ ၂၀၁၃ ခုနှစ် အထိ မြန်မာ့အာမခံ ဈေးကွက်တွင် နိုင်ငံပိုင်မြန်မာ့အာမခံ လုပ်ငန်းတစ်ခုသာ ရှိခဲ့ခြင်းလည်း ပါဝင်ပေသည်။ ၂၀၁၃ ခုနှစ်မှစ၍ နိုင်ငံသား ပိုင်ပုဂ္ဂလိက အာမခံလုပ်ငန်းများကိုခွင့်ပြုခဲ့ရာ ယနေ့အထိ နိုင်ငံသားပိုင်အာမခံကုမ္ပဏီ ၁၁ ခုရှိပါသည်။ ထိုအချိန် မှစ၍ အာမခံအမျိုးအစားများလည်း တိုးတက်လာခဲ့သည်။ ထိုမှ တစ်ဆင့် အာမခံလုပ်ငန်းကဏ္ဍတွင် နိုင်ငံခြားသားပိုင် ကုမ္ပဏီ များကို ခွင့်ပြုရန် နိုင်ငံတော်အစိုးရမှ စီစဉ်ဆောင်ရွက် ခဲ့သည်။

နိုင်ငံသားပိုင်အာမခံကုမ္ပဏီများကို ခွင့်မပြုမီကာလက ပင် နိုင်ငံခြားအာမခံကုမ္ပဏီများက မြန်မာနိုင်ငံ၏ အာမခံ ဈေးကွက်အလားအလာကောင်းမွန်ပုံကို ကောင်းစွာသိရှိပြီး မြန်မာနိုင်ငံတွင် လာရောက်၍ အာမခံကိုယ်စားလှယ်ရုံးများကို တည်ထောင်ဖွင့်လှစ်ခဲ့ကြသည်ကို တွေ့ရသည်။ နိုင်ငံခြား အာမခံကိုယ်စားလှယ်ရုံးများအလိုက် ဖွင့်လှစ်ခဲ့သည့် ရက်စွဲ များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

စဉ်	ကိုယ်စားလှယ်ရုံးအမည်	ဖွင့်လှစ်သည့်ရက်စွဲ
၁	Mitsui Sumitomo Insurance Co., Ltd.	၂၃-၈-၁၉၉၅
၂	Sompo Japan Nippon Koa Insurance Inc.	၅-၁၀-၁၉၉၅
၃	Tokio Marine & Nichido Fire Insurance Co., Ltd.	၂၁-၇-၁၉၉၇
၄	Taiyo Life Insurance Company.	၉-၄-၂၀၁၂
၅	Poe-Ma Insurance Co., Ltd.	၇-၁၁-၂၀၁၂
၆	AIA Company Limited.	၆-၁၂-၂၀၁၂
၇	Pana Harrison (Asia) Pte. Ltd.	၂၆-၂-၂၀၁၃
၈	CHUBB INA International Holdings Ltd.	၂၉-၃-၂၀၁၃
၉	Prudential Holdings Limited.	၂၅-၆-၂၀၁၃
၁၀	Manulife Financial Asia Ltd.	၂၃-၇-၂၀၁၃
၁၁	MetLife Asia Limited.	၇-၁၀-၂၀၁၃
၁၂	Great Eastern Life Assurance Co., Ltd.	၁၇-၁၂-၂၀၁၃
၁၃	Willis Towers Watson Brokers (Singapore) Pte. Ltd.	၁၄-၁-၂၀၁၄
၁၄	Muang Thai Life Assurance Public Co., Ltd.	၂၁-၁-၂၀၁၄
၁၅	K.M.Dastur & Company Private Limited.	၃၁-၇-၂၀၁၄
၁၆	DB Insurance Co., Ltd.	၆-၈-၂၀၁၄
၁၇	The New India Assurance Company Limited.	၅-၉-၂၀၁၄
၁၈	Allianz Global Corporate & Specialty SE.	၃၀-၉-၂၀၁၄
၁၉	Jardine Lloyd Thompson Limited (JLT).	၈-၄-၂၀၁၄
၂၀	Shin Kong Life Insurance Co., Ltd.	၁၃-၅-၂၀၁၅
၂၁	Thai Life Insurance Public Company Limited.	၂၃-၆-၂၀၁၅
၂၂	MARSH () PTE. LTD.	၇-၈-၂၀၁၅
၂၃	AEGIS Management Consultants & Insurance Agency Co., Ltd.	၂၂-၉-၂၀၁၅
၂၄	Dai-Ichi Life Holdings, Inc.	၇-၃-၂၀၁၇
၂၅	Grandiose Pte. Ltd.	၂၇-၄-၂၀၁၇
၂၆	Asia Reinsurance Brokers Pte. Ltd.	၁၆-၆-၂၀၁၇
၂၇	Muang Thai Insurance Co., Ltd.	၂၃-၁၀-၂၀၁၇
၂၈	MGA Asia Insurance Brokers Company Limited.	၆-၁၂-၂၀၁၇
၂၉	Nippon Life Asia Pacific (Regional HQ) Pte. Ltd.	၁၄-၂-၂၀၁၈
၃၀	United Overseas Insurance Limited.	၃၀-၈-၂၀၁၈
၃၁	McLarens Singapore Pte. Ltd.	၃၀-၈-၂၀၁၈
၃၂	Acclaim insurance broker Pte. Ltd.	၂၈-၆-၂၀၁၈
၃၃	LOLC Life Insurance	၂-၁-၂၀၁၉

၂၀၁၅ ခုနှစ်တွင် ဂျပန်အာမခံကုမ္ပဏီ သုံးခုအား အထူး စီးပွားရေးဇုန်ဥပဒေနှင့်အညီ သီလဝါအထူးစီးပွားရေးဇုန်အတွင်း အာမခံအမျိုးအစား ခြောက်မျိုးကို ယာယီလိုင်စင်ဖြင့် ဆောင် ရွက်ခွင့်ပြုခဲ့သည်။ အာမခံလုပ်ငန်းကြီးကြပ်ရေးဘုတ်အဖွဲ့ကို လည်း ဖွဲ့စည်းခဲ့ပြီး နိုင်ငံခြားအာမခံကုမ္ပဏီများကို ပြည်တွင်းတွင် လုပ်ကိုင်ခွင့်ပြုရန် လိုအပ်သော ပြင်ဆင်မှုများကို စတင် ဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခြေ အနေ၊ ပြည်သူတို့၏ဝင်ငွေအဆင့်အတန်း၊ အာမခံဈေးကွက် လိုအပ်မှု၊ ပြည်တွင်းအာမခံကုမ္ပဏီများ၏ စွမ်းဆောင်ရည်၊ ပြည်သူတို့၏ အာမခံအသိပညာကြွယ်ဝမှုအစရှိသည့် အခြေ အနေများကို ထည့်သွင်းစဉ်းစား၍ နိုင်ငံခြားကုမ္ပဏီများကို လွတ်လပ်စွာ ယှဉ်ပြိုင်ခွင့်ပြုမည့် အာမခံဈေးကွက် လွတ်လပ် ခွင့်ပြုမည့် လမ်းပြမြေပုံကိုရေးဆွဲ၍ လုပ်ငန်းစဉ်များ ချမှတ်ခဲ့ သည်။

အာမခံလုပ်ငန်းကဏ္ဍတွင် အသက်အာမခံ(Life Insurance) နှင့် အသက်မဟုတ်သော အခြားအာမခံ (Non Life Insurance) ဟူ၍ အဓိက (၂)ပိုင်းရှိရာ အခြေခံသဘော သဘာဝချင်း ကွဲပြားခြားနားသဖြင့် လွတ်လပ်ခွင့်ပြုခြင်းကိုလည်း သီးခြားစီ ဆောင်ရွက်ရန် စီစဉ်ခဲ့ပါသည်။ ရွေးချယ်မည့်လုပ်ငန်းစဉ် များကို နိုင်ငံတကာစံချိန်စံညွှန်းမီဆောင်ရွက်နိုင်ရန် အကြံပေး ကုမ္ပဏီကို စနစ်တကျ ငှားရမ်းဆောင်ရွက်ခဲ့သည်။

အသက်အာမခံလုပ်ငန်းသည် မြန်မာ့ဈေးကွက်တွင် ထိုးဖောက်နိုင်မှု အလွန်ပင် နည်းပါးခဲ့သည်။ မြန်မာ့ဈေးကွက်တွင် ယခုအချိန်အထိ ဈေးကွက်ရရှိမှု များပြားသည့် အာမခံအမျိုး အစားများမှာ အသက်မဟုတ်သည့် အာမခံအမျိုးအစားများ ဖြစ်သော သူတစ်ပါးထိခိုက်မှုအာမခံနှင့် မီးအာမခံတို့ဖြစ်သည်။ အသက်အာမခံအမျိုးအစားများမှာ ဆွဲဆောင်မှုနည်းပါးပြီး အမျိုးအစားစုံလင်မှုမရှိသကဲ့သို့ ဒီဗိုင်းအားနည်းခြင်း၊ အရောင်း ပညာအားနည်းခြင်းတို့ကြောင့် ဖွံ့ဖြိုးမှုမရှိခဲ့ချေ။

အသက်အာမခံလုပ်ငန်းသည် အာမခံထားရှိသူအတွက် ငွေကြေးစုဆောင်းသကဲ့သို့ဖြစ်ပြီး လိုအပ်က ပြန်လည်ထုတ်ယူ နိုင်သော အခွင့်အရေးများလည်း ပေးထားသည်။ အာမခံထား ရှိသူ သေဆုံးသွားခဲ့လျှင် ကျန်ရစ်သူမိသားစု၏ အနာဂတ် လူနေမှုဘဝအတွက် ငွေကြေးအထောက်အပံ့ရရှိစေသည်။ အာမခံထားရှိစဉ်ကာလအတွင်းသက်ဆိုင်ရာ အာမခံကုမ္ပဏီထံမှ ငွေချေးယူနိုင်ခြင်း၊ အသက်အာမခံကုမ္ပဏီက မိမိ၏ ပရီမီယံ ကြေးဖြင့် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရာတွင် ရရှိလာသည့် အမြတ်ဝေစုအား ခံစားနိုင်ခြင်း စသည့် အကျိုးကျေးဇူးများလည်း ရရှိနိုင်သည်။ ထို့ပြင် အသက်အာမခံကုမ္ပဏီများက အသက် အာမခံပေါ်လစီရောင်းရငွေပရီမီယံကြေးများကို အစိုးရငွေတိုက် စာချုပ်၊ ငွေတိုက်လက်မှတ်များ ဝယ်ယူရင်းနှီးမြှုပ်နှံခြင်းဖြင့် နိုင်ငံတော်က လိုအပ်သော ငွေကြေးအရင်းအနှီးများအတွက် အဖွဲ့အစည်းအလိုက် ရင်းနှီးမြှုပ်နှံသူအဖြစ် ဆောင်ရွက်နိုင်ပေ သည်။

နိုင်ငံတော်အတွင်း ပုဂ္ဂလိက အာမခံကုမ္ပဏီ ၁၁ ခုအနက် သုံးခုကသာ အသက်အာမခံလုပ်ငန်းကို သီးသန့်လုပ်ကိုင်ပြီး ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်မှုမရှိသေးပေ။ ၂၀၁၈ ခုနှစ်ထိ အသက်အာမခံ ထိုးဖောက်ပျံ့နှံ့မှုနှုန်းမှာ ၀ ဒသမ ၀၁ ရာခိုင်နှုန်း သာရှိသည်။ အသက်မဟုတ်သည့် အာမခံထိုးဖောက်ပျံ့နှံ့မှုနှုန်း မှာ ၀ ဒသမ ၀၅ ရာခိုင်နှုန်းဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံတော် အစိုးရသည် နိုင်ငံခြားကုမ္ပဏီများအား အသက်အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ပြုမှုကို ၁၀၀ ရာခိုင်နှုန်းအထိ သို့မဟုတ် နှစ်သက်ရာ အချိုးအစားအလိုက် ဖက်စပ်ဆောင်ရွက်ရန် သတ်မှတ်ခဲ့ သည်။

အထွေထွေအာမခံလုပ်ငန်း သို့မဟုတ် အသက်မဟုတ် သည့် အာမခံလုပ်ငန်း (Non Life Insurance)ကို ပုဂ္ဂလိက အာမခံကုမ္ပဏီ ၁၁ ခုအနက် ရှစ်ခုတို့က ဆောင်ရွက်လျက် ရှိပြီး မြန်မာ့အာမခံလုပ်ငန်းက အာမခံ ၃၆ မျိုး၊ ပုဂ္ဂလိက ကုမ္ပဏီများက အာမခံ ၉ မျိုးတို့ကို လုပ်ကိုင်ခွင့်ပြုထားသည်။ မြန်မာနိုင်ငံ၏ အထွေထွေအာမခံလုပ်ငန်း ဈေးကွက်မှာ လည်း များစွာအားနည်းနေသေးသည်ဟုဆိုရမည်။ လက်ရှိ ဈေးကွက်အတွင်းတူညီသော အာမခံပေါ်လစီများကို တူညီ သော ပရီမီယံနှုန်းထားဖြင့် ရောင်းချခြင်း၊ ဒီဗိုင်းအားနည်းခြင်း၊ အရောင်းပညာအားနည်းခြင်း၊ လျော်ကြေးကိစ္စဆောင်ရွက် ပေးမှုအားနည်းခြင်းတို့ကြောင့် စိတ်ဝင်စားသူနည်းပါးလျက် ရှိသည်။ မြန်မာနိုင်ငံတွင် လူကြိုက်များသော မီးအာမခံနှင့် အလုံးစုံ မော်တော်ယာဉ်အာမခံတို့သာမက မြန်မာနိုင်ငံတွင် မရှိသေးသော ကျန်းမာရေး အာမခံအမျိုးမျိုး၊ သီးနှံအာမခံ၊ ရာသီဥတုညွှန်းကိန်းအာမခံ၊ ပညာရေးအာမခံ စသည်တို့ကို မိတ်ဆက်ပေးရန်လိုအပ်သည်။

နိုင်ငံတော်အတွင်း အထွေထွေအာမခံလုပ်ငန်းများကို နိုင်ငံပိုင်မြန်မာ့အာမခံလုပ်ငန်းနှင့် ပုဂ္ဂလိကကုမ္ပဏီ ၁၁ ခုတို့ က လက်ရှိဆောင်ရွက်နေသဖြင့် နိုင်ငံတော်၏ စီးပွားရေး အရွယ်အစား၊ အာမခံဈေးကွက် အသိပညာအခြေအနေတို့ အရ ကုမ္ပဏီအရေအတွက် နည်းပါးလှသည်ဟု မဆိုနိုင်ပါ။ ကုမ္ပဏီအရေအတွက်များပြား၍ အလွန်အကျူး ယှဉ်ပြိုင်မှု များရှိလာပါက ဈေးကွက်ကို ကြီးကြပ်ကွပ်ကဲရန် ခက်ခဲခြင်း၊ ဈေးကွက်အပေါ် ယုံကြည်မှုပျက်ပြားနိုင်ခြင်း၊ အရင်းအနှီး အင်အားကြီးမားသူက လွှမ်းမိုးချုပ်ကိုင်ခြင်း စသည်တို့ကို ကြုံတွေ့ရနိုင်သည်။ သို့ဖြစ်ရာ နိုင်ငံတော်၏အစိုးရသည် နိုင်ငံခြားကုမ္ပဏီများအား အထွေထွေအာမခံလုပ်ငန်းလုပ်ကိုင် ခွင့်ပြုမှုကို ပြည်တွင်းအာမခံကုမ္ပဏီများနှင့် ဖက်စပ် လုပ်ကိုင် သည့် ပုံစံဖြင့်သာခွင့်ပြုရန်သတ်မှတ်ခဲ့သည်။ ဤသို့ သတ်မှတ် ခြင်းသည် ပြည်တွင်းလုပ်ငန်းရှင်များအား အကာအကွယ် ပေးရာရောက်ပြီး အာမခံလုပ်ငန်းအတတ်ပညာများကို လုပ်ငန်းအတူတကွလုပ်ကိုင်ရင်း သင်ယူနိုင်ခြင်း၊ အရင်းအနှီး တိုးပွားလာခြင်း၊ အာမခံအမျိုးအစားတိုးချဲ့နိုင်ခြင်း၊ ဒီဗိုင်းများ ပိုမိုကောင်းမွန်လာခြင်း၊ လျော်ကြေးပေးချေမှု ပိုမိုမြန်ဆန်လာ ခြင်း၊ ပြည်တွင်းပြည်ပနှစ်ဦးနှစ်ဖက် အကျိုးရှိစေခြင်း၊ စနစ် တကျယှဉ်ပြိုင်မှုများဖြစ်စေခြင်းစသည်တို့ကို ဖြစ်ပေါ်စေမည် ဖြစ်သည်။

ဒေသတွင်းနိုင်ငံများအနက် ဗီယက်နမ်နိုင်ငံနှင့် ဖိလစ်ပိုင် နိုင်ငံတို့သည် ၎င်းတို့၏ အာမခံဈေးကွက်များကို ၁၉၉၈ ခုနှစ် နှင့် ၁၉၉၉ ခုနှစ်တို့တွင် လွတ်လပ်ခွင့်ပြုခဲ့စဉ်က နိုင်ငံခြား အာမခံ ကုမ္ပဏီများကို ၁၀၀ ရာခိုင်နှုန်း ခွင့်ပြုခဲ့သည်ကို တွေ့ရ သည်။ အင်ဒိုနီးရှား၊ ထိုင်း၊ မလေးရှား တို့က ၁၉၉၂၊ ၁၉၉၆၊ ၁၉၉၇ ခုနှစ်တွင် ခွင့်ပြုခဲ့စဉ်က ဖက်စပ်ပုံစံဖြင့် ခွင့်ပြုခဲ့ပြီး ရာခိုင်နှုန်းအချိုးအစားကို တဖြည်းဖြည်းတိုးမြှင့်ခွင့်ပြုခဲ့သည် ကို တွေ့ရသည်။ မြန်မာနိုင်ငံသည် ယခုအချိန်မှသာ အာမခံ ဈေးကွက်လွတ်လပ်ခွင့်ပြုခြင်းဖြစ်ရာ ယခင်ခွင့်ပြုခဲ့သည့် နိုင်ငံများ၏ အတွေ့အကြုံကိုလေ့လာခဲ့ပြီး ကမ္ဘာ့ဘဏ်အုပ်စု ထံသို့လည်း လိုအပ်သောအကြံဉာဏ်များ တောင်းခံခဲ့သည်။ ပြည်တွင်းပုဂ္ဂလိကကုမ္ပဏီများနှင့် နိုင်ငံခြားအာမခံကုမ္ပဏီ များ၏ ကိုယ်စားလှယ် ရုံးခွဲများထံမှလည်း အကြံပြုချက်များ တောင်းခံခဲ့သည်။

ယခုအခါ နိုင်ငံခြားအသက်အာမခံကုမ္ပဏီများအနက် ကမ္ဘာ့ထိပ်တန်း အသက်အာမခံ ကုမ္ပဏီကြီးများဖြစ်ကြသော AIA Company Limited., CHUBB Tempest Reinsurance Ltd, Prudential Hong Kong Limited, Manufacture Life Insurance Company, Dai-Ichi Life Insurance ကုမ္ပဏီကြီးများက လုပ်ကိုင် ခွင့်ပြုရန်ရွေးချယ်ထားပြီးဖြစ်သည်။ ဆက်လက်၍ အထွေထွေ အာမခံလုပ်ငန်းအတွက် ဖက်စပ်ပုံစံဖြင့် လုပ်ကိုင်ခွင့်ရမည့် နိုင်ငံခြားအာမခံ ကုမ္ပဏီများကို ရွေးချယ်မည်ဖြစ်သည်။

နိဂုံးချုပ်အားဖြင့် မြန်မာနိုင်ငံအတွင်း နိုင်ငံခြား အာမခံ ကုမ္ပဏီများကို ဝင်ရောက်ယှဉ်ပြိုင် လုပ်ကိုင်ခွင့်ပြုခြင်းသည် နိုင်ငံတော်နှင့် ပြည်သူတို့အတွက် အာမခံအကာအကွယ်များ ပိုမိုရရှိလာခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက် လာခြင်း၊ နိုင်ငံတော်တည်ဆောက်ရေးအတွက် ငွေကြေး အရင်းအနှီးများ စုစည်းရရှိစေခြင်း၊ နောင်ရေးအတွက် စိတ်အေးရအောင် ဖန်တီးပေးနိုင်သော ပတ်ဝန်းကျင်ကောင်း များ ပေါ်ထွန်းစေခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင် ရောက်လာစေရန်ဆွဲဆောင်နိုင်ခြင်း စသည့်အကျိုးကျေးဇူး များကို ရရှိစေမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။ ။

ကမ္ဘာပေါ်မှာ နိုင်ငံတိုင်းနဲ့ ကိုက်ညီတဲ့ အကောင်းဆုံးလူနာတင်ယာဉ်ဆိုတာ မရှိနိုင်ပါဘူး။ သက်ဆိုင်ရာနိုင်ငံနဲ့ သက်ဆိုင်ရာ အသုံးပြုသူကနေ အသုံးဝင်မယ့် လူနာတင်ယာဉ်ပဲ ရှိပါတယ်။

ဒေါက်တာမော်မော်ဦး

စက်မှုဝန်ကြီးဌာနမှ တပ်ဆင်ထုတ်လုပ်နေသည့် လူနာတင်ယာဉ်များနှင့် ပတ်သက်၍ စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

ယမန်နေ့မှအဆက်

စက်မှုဝန်ကြီးဌာနမှ တပ်ဆင်ထုတ်လုပ်နေသည့် လူနာတင်ယာဉ်များနှင့် ပတ်သက်၍ ကျွမ်းကျင်ပညာရှင်များ၏ စကားဝိုင်းဆွေးနွေးပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ရာ စက်မှုဝန်ကြီးဌာန အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကံချွန်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ပါမောက္ခဒေါက်တာ မော်မော်ဦးနှင့် သိပ္ပံစာရေးဆရာ ကိုကိုအောင်တို့ ပါဝင်ဆွေးနွေးခဲ့ကြသည်များကို ပြန်လည်ဖော်ပြအပ်ပါသည်။

သိပ္ပံစာရေးဆရာ ကိုကိုအောင် ။ ။ ဆက်လက်ပြီးကျန်းမာရေးရှုထောင့်နဲ့ ပတ်သက်လို့ ဒေါက်တာမော်မော်ဦးကို မေးချင်ပါတယ်။ ဆရာကိုယ်တိုင်က အရေးပေါ်ကုသရေးဌာနက ပညာရှင်တစ်ယောက်လည်း ဖြစ်တယ်။ စက်မှုဝန်ကြီးဌာနက တပ်ဆင်ထုတ်လုပ်တဲ့ လူနာတင်ယာဉ်တွေကို ကျန်းမာရေးနဲ့အားကစားဝန်ကြီးဌာနက အသုံးပြုတယ်။ ဆရာ့အနေနဲ့ ဒီလူနာတင်ယာဉ်တွေကို လက်တွေ့အသုံးပြုတဲ့အခါမှာ ဆေးပညာရှင်တစ်ယောက်အနေနဲ့ ဘာတွေကို တွေ့ရှိရတယ်ဆိုတာ ပြောပြဆွေးနွေးပေးစေလိုပါတယ်။ လူနာတင်ယာဉ်အဖြစ် စက်ရုံက တိုက်ရိုက်ထုတ်တာ မရှိဘူးဆိုပေမယ့်လည်း လူနာတင်ယာဉ် ထုတ်လုပ်ဖို့ သီးသန့်မော်တော်ယာဉ် အထူးသဖြင့် ခေါင်သုံးမျိုး ထုတ်ပါတယ်။ ရိုးရိုးခေါင်၊ ခေါင်ပြား၊ ခေါင်မြင့်စသဖြင့်ထုတ်ပါတယ်။ လူနာတင်ယာဉ်ကိုတော့ ထုထည်ကြီးမားအောင် ခေါင်မြင့်နဲ့ထုတ်ပြီး စက်မှုဝန်ကြီးဌာနက ၂၀၁၇ မော်ဒယ် Zero ကီလိုမီတာနဲ့ပဲ တပ်ဆင်ထုတ်လုပ်ပြီး ဆရာတို့ဌာနကို လွှဲပြောင်းပေးခဲ့ပါတယ်။ ဒီမှာ တပ်ဆင်ထားတဲ့ Medical Equipment တွေနဲ့ပတ်သက်ပြီး လက်တွေ့အသုံးပြုတဲ့အခါ ဆေးပညာရှင်တစ်ယောက်ရဲ့အမြင်နဲ့ ဆရာတွေ့ရှိရတာလေးတွေကို ပြောပြပေးစေလိုပါတယ်။

ဒေါက်တာမော်မော်ဦး ။ ။ ကျွန်တော်က အရေးပေါ်ဆရာဝန်ဖြစ်တဲ့အတွက် ဆေးရုံမှာ အရေးပေါ်ကုသမှုတွေရှိသလို ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနက အရေးပေါ်လူနာတင်ယာဉ်စနစ်ကို ထူထောင်ဖို့ကြိုးစားနေပါတယ်။ အရေးပေါ်လူနာတွေအတွက် ရန်ကုန်-မန္တလေး၊ နေပြည်တော်- ရန်ကုန် အဝေးပြေးလမ်းနဲ့ **တစ်နိုင်ငံလုံးမှာ အရေးပေါ် System ကို လုပ်မယ်လို့ အစီအစဉ်ရှိတဲ့အခါ ဝန်ကြီးဌာနအတွက် လူနာတင်ယာဉ် လိုလာတယ်၊ ကျွန်တော်တို့က နှစ်စဉ်နှစ်တိုင်းလည်း ကားတွေကို တိုးချဲ့ဝယ်ယူလေ့ရှိပါတယ်။**

အဓိကက ပြည်သူလူထုကို သိစေချင်ပါတယ်။ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနက စက်မှုဝန်ကြီးဌာနမှာရှိတဲ့ ကားတွေကို ဝယ်ယူရင် ရေရှည်ကောင်းပါ့မလားလို့ ရိုက်ခတ်မှုတွေလည်း ရှိပါတယ်။ ပြန်ပြီးလေ့လာကြည့်မယ်ဆိုရင် အရင် ၂၀၀၅ ခုနှစ်လောက်ကလည်း လူနာတင်ယာဉ်တွေ ဝယ်ယူခဲ့ပါတယ်။ လူနာတင်ယာဉ် ၁၉၅ စီး ဝယ်ခဲ့တဲ့အချိန်က ပြင်ပကုမ္ပဏီတွေနဲ့ ဝယ်ခဲ့ရတာဖြစ်ပါတယ်။ အဲဒီအချိန်က စက်မှုဝန်ကြီးဌာနကလည်း မထုတ်နိုင်သေးပါဘူး။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ လူနာတင်ယာဉ်တွေ ဝယ်တဲ့ကိစ္စကလည်း ခွင့်ပြုတဲ့ ဘတ်ဂျက်နဲ့ လိုချင်တဲ့အရေအတွက်တို့ ကိုက်ညီဖို့ လိုအပ်ပါတယ်။ ဝယ်တဲ့သူဘက်က အရည်အသွေးကောင်းပြီး တန်ဖိုးနည်းတာကို ဝယ်ချင်ပါတယ်။ အဲဒီလို ဝယ်ချင်တဲ့အတွက် ဝန်ကြီးဌာနက တင်ဒါခေါ်တယ်။ ကျွန်တော်တို့ကလည်း ပညာရှင်အနေနဲ့ လူနာတင်ယာဉ်တွေကို ဒီဇိုင်းတွေလုပ်တော့ တကယ်လေ့လာမယ်ဆိုရင် ကမ္ဘာပေါ်မှာ နိုင်ငံတိုင်းနဲ့ ကိုက်ညီတဲ့ အကောင်းဆုံး လူနာတင်ယာဉ်ဆိုတာ မရှိနိုင်ပါဘူး။

လူနာတင်ယာဉ်အဆင့်တွေက အမျိုးမျိုးရှိ

သက်ဆိုင်ရာနိုင်ငံနဲ့ သက်ဆိုင်ရာ အသုံးပြုသူကနေ အသုံးဝင်မယ့် လူနာတင်ယာဉ်ပဲ ရှိပါတယ်။ ဒါကြောင့် လူနာတင်ယာဉ်အဆင့်တွေက အမျိုးမျိုးရှိတယ်။ ကျွန်တော်တို့နိုင်ငံနဲ့ ကိုက်ညီမယ့်၊ ပြင်လို့ဆင်လို့ လွယ်ကူမယ့် Maintenance လေးတွေကောင်းမယ့်ဟာမျိုးကို ရည်ရွယ်ခြင်း ဖြစ်ပါတယ်။ ဒါကြောင့် တင်ဒါခေါ်တဲ့အချိန်မှာ မြန်မာပြည်အတွက်လည်း သင့်တော်တယ်။ တင်ဒါကော်မတီကနေ ဆုံးဖြတ်ပေးပြီး ဝယ်ယူလိုက်တဲ့အခါ လူနာတင်ယာဉ်ရဲ့သဘောကို ပြန်ကြည့်တယ်။ ကျွန်တော်တို့က ဝယ်ယူတဲ့သူဘက်က ပြောမယ်ဆိုရင် လူနာတင်ယာဉ်ဝယ်တယ်ဆိုတာ ကားကိုဝယ်တာ မဟုတ်ဘူး။ ဘယ်ကားဖြစ်ဖြစ် ကားပေါ်မှာရှိတဲ့ Medical Equipment တွေကို ဝယ်တာလည်းမဟုတ်ဘူး။ ကားရော Medical Equipment ရော ဒီနှစ်မျိုးတင်မကဘူး။ ရည်ရွယ်ချက်က **ကား၊ Medical Equipment၊ ဒီဇိုင်းရော ဒီသုံးမျိုးလုံးပေါင်းပြီး ကိုယ့်နိုင်ငံနဲ့ ကိုက်ညီတဲ့၊ ကောင်းတဲ့ လူနာတင်ယာဉ်ကောင်းကို ဝယ်ပါတယ်။** တစ်ခါတလေ ကားကအလွန်ကောင်းတယ်။ တပ်ဆင်ထားတဲ့ ကိရိယာတွေက မကောင်းဘူး။ ဒါမှမဟုတ် Medical Equipment တွေက အလွန်ကောင်းတယ်။ ကားကမကောင်းဘူးဆိုရင် အရေးပေါ်ယာဉ်ဖြစ်တဲ့အတွက် အရေးပေါ်မောင်းလို့မရရင် မဖြစ်ပြန်ဘူး။

ဒီနှစ်ခုအပြင် တတိယမြောက်အနေနဲ့ ဒီဇိုင်းကို ဦးစားပေးမယ်။ ဒါ့ကြောင့် ခေါင်မြင့်ရင်ကောင်းလား၊ ခေါင်နိမ့်ရင် ကောင်းလား။ ခေါင်မြင့်ရင် ဘာကြောင့်ကြိုက်သလဲ၊ လူနာတင်ယာဉ်ချင်းအတူတူ အထဲမှာအလုပ်လုပ်ရတဲ့ ကျန်းမာရေးဝန်ထမ်းတွေ ချောင်ချောင်ချိချိ လုပ်နိုင်မယ်။ ဒီဇိုင်းက လူနာတင်ယာဉ်ပေါ်မှာ တာဝန်ထမ်းဆောင်တဲ့ လူတွေအတွက် သက်သောင့် သက်သာရှိတဲ့ အဆင်ပြေပြေ လွယ်လွယ်ကူကူနဲ့ ပစ္စည်းတွေလှမ်း ယူရင်မီရမယ်၊ အန္တရာယ်မရှိရဘူး၊ ဒီထဲမှာရှိနေတဲ့ ပစ္စည်းတွေကို တပ်ဆင်ထားတဲ့အခါမှာ ခိုင်ခိုင်မာမာနဲ့ သေသေချာချာတပ်ဆင်ထားတဲ့ လူနာတင်ယာဉ်တွေကို ဦးစားပေးပါတယ်။

လူနာတင်ယာဉ်တွေကို မြန်မာပြည်မှာ ထုတ်လုပ်တာကို ကြိုဆိုပါတယ်။ စက်မှုဝန်ကြီးဌာနကပဲ ထုတ်ထုတ်၊ ပုဂ္ဂလိကကုမ္ပဏီတွေကပဲ ထုတ်ထုတ်၊ နိုင်ငံခြားကုမ္ပဏီတွေကနေ တိုက်ရိုက်ဝင်လာပြီး မြန်မာပြည်ထဲကို လူနာတင်ယာဉ်တွေကို ထောင်မယ်ဆိုလည်း ကြိုဆိုပါတယ်။ **မြန်မာပြည်ထဲမှာ ထုတ်ခြင်းအားဖြင့် မိမိတို့အတွက် အကျိုးကျေးဇူးတွေ အများကြီးရှိပါတယ်။ မြန်မာပြည်ထဲမှာ ထုတ်ခြင်းအားဖြင့် အဓိကလိုချင်တာက မြန်မာပြည်နဲ့ကိုက်ညီတဲ့ အနေအထားကို ပြုပြင်ပြောင်းလဲပြီး ထုတ်လို့ရပါတယ်။** လူနာတင်ယာဉ်ဆိုတာ ပစ္စည်းတွေ အကုန်ပါတိုင်း စုံတိုင်းမဟုတ်ဘူး။

လူနာတင်ယာဉ်ပေါ်မှာလိုက်ပြီး လူနာကို ပြုစုကုသမယ့် ဆရာဝန်လား၊ သူနာပြုလား၊ သာမန်လူလား၊ ရိုးရိုးရှေးဦးသူနာပြုပဲ တတ်တဲ့သူများလား ဒီအပေါ်မူတည်ပြီး လူနာတင်ယာဉ်ပေါ်မှာ စုံတဲ့ကား ရှိသလို၊ မစုံတဲ့ကားလည်း ရှိနိုင်တယ်။ အမျိုးမျိုးသောဆိုတာကို နားလည်စေချင်တယ်။ အကုန်လုံးစုပြုံ တင်ပြီး ဒီပစ္စည်းကို အသုံးပြုနိုင်တဲ့သူ မရှိဘဲနဲ့ လူနာတင်သွားတာ က ဘာမှမပါတဲ့ကားနဲ့ တင်သွားတာနဲ့ အတူတူပဲလို့ ဒီလို သဘောမျိုးကြောင့် ကျွန်တော်တို့က ပစ္စည်းများကို ကိုယ့် တိုင်းပြည်အတွက် ကားပေါ်မှာလိုက်ပါပြီး လူနာပြုစုစောင့်ရှောက်မယ့်သူ လုပ်နိုင်တဲ့ကိရိယာတွေကို ကျွန်တော်တို့က လိုတဲ့ပစ္စည်းတွေ တပ်ဆင်နိုင်တယ်၊ မလိုတဲ့ ပစ္စည်းတွေ ဖြုတ်နိုင်တယ်။ ဒီလို ပုံစံမျိုးနဲ့ မြန်မာပြည်ထဲမှာ ထုတ်ရင်အကျိုးရှိနိုင်ပါတယ်။

အသိအမှတ်ပြုထားတဲ့ စက်ပစ္စည်း

လူနာတင်ယာဉ်ကို ဝယ်လိုက်တဲ့အခါ ယာဉ်ရဲ့ Maintenance လည်းလိုတယ်။ ယာဉ်ရဲ့ Maintenance အခက်အခဲတော့ မရှိနိုင်ဘူး။ ယာဉ်ကလည်း ဂျပန်နိုင်ငံထုတ် TOYOTA သို့မဟုတ် Branded တွေဖြစ်တဲ့အတွက် ယာဉ်ရဲ့ကိုယ်စားလှယ်တွေရှိပြီးသားဆိုရင် ရှိပြီးသားဖြစ်တဲ့ ကုမ္ပဏီရဲ့ ကားမျိုးကိုပဲ ဝယ်ချင်ပါတယ်။ နောက်တစ်ခုက မြန်မာပြည်မှာ Medical Equipment က နည်းနည်းတော့ စကားပြောတယ်၊ Medical Equipment တွေ မြန်မာပြည်မှာရှိတဲ့ ကိုယ်စားလှယ်တွေက တပ်ရင် တပ်လို့ရတယ်၊ ပျက်ရင်လိုအပ်မယ့် ပစ္စည်းတွေကို ဝယ်ဖို့ သူတို့ရဲ့ပစ္စည်းတွေ ဒီမှာမရှိဘူးဆိုရင် ကားပေါ်မှာ ဘာမှမဟုတ်တဲ့ စက်ကလေးတစ်ခုရဲ့ချွတ်ယွင်းမှုကို ပြည်တွင်းမှာ ကိုယ်စားလှယ်တွေ ရှိရင်တော့ အဆင်ပြေပါတယ်။

ဝန်ကြီးဌာနရဲ့စည်းမျဉ်း၊ စည်းကမ်းတွေအရ ဆေးရုံမှာသုံးတဲ့ Medical Equipment တွေ မဟုတ်ဘဲနဲ့ ကားပေါ်မှာ တပ်ဆင်တဲ့ပစ္စည်းတွေက မြန်မာပြည်ရဲ့ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲမှုဦးစီးဌာနရဲ့ ခွင့်ပြုချက်နဲ့ အသိအမှတ်ပြုထားတဲ့ စက်ပစ္စည်းမျိုးတွေဖြစ်ရမယ်။ အဲဒီအခါ တစ်ခါတစ်ရံ ပြည်ပက တိုက်ရိုက်တင်သွင်းတဲ့ ကားတွေက ဘာပြဿနာရှိနိုင်လဲဆိုရင် သူတို့တပ်ဆင်ပေးလိုက်တဲ့ Medical ပစ္စည်းတွေနဲ့ Function တွေက မြန်မာပြည်မှာ မသုံးစွဲသေးဘူးဆိုရင် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲမှုဦးစီးဌာနကို ပြန်ပြီးပြောမယ်။

ဒါကြောင့် နိုင်ငံထဲမှာ ထုတ်လုပ်တာကို ကြိုဆိုတယ်။ မြန်မာလူမျိုးရဲ့အရွယ်အစား အရပ်နဲ့ ခုံတွေကို အနိမ့်အမြင့်တွေကို ပြင်နိုင်မယ်၊ လိုအပ်လာမယ့် ပစ္စည်းတွေလည်း ရှိနိုင်တယ်။ မြန်မာပြည်ကို လူနာတင်ယာဉ်တွေ တင်သွင်းလာတယ်၊ ကားပေါ်မှာ အောက်ဆီဂျင်ဘူးတွေ ပြန်ဖြည့်ချင်တယ်ဆိုရင် ရန်ကုန်၊ မန္တလေးဆိုရင် အရေးမကြီးဘူး၊ နယ်တွေမှာဆိုရင် အောက်ဆီဂျင် ပြန်ဖြည့်လို့မရတဲ့အတွက် ပြဿနာတွေဖြစ်တယ်။ ပြဿနာတက်ရတဲ့ အကြောင်းရင်းက ခေါင်းတွေမတူလို့ ဖြစ်ပါတယ်။ နယ်တွေအတွက် ထုတ်ပေးထားတဲ့ အောက်ဆီဂျင်ဘူးတွေက ပြန်ဖြည့်ဖို့အဆင်မပြေဘူး။ အခု ပုဂ္ဂလိကတွေက မထုတ်နိုင်သေးဘူး။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွေ မလာသေးဘူး။ စက်မှုဝန်ကြီးဌာနက ဒီလိုထုတ်ပေးနေတာကို ကျွန်တော်တို့က အသုံးပြုရမယ်ဆိုတဲ့ သဘောဖြစ်ပါတယ်။

နည်းပညာနဲ့ ပြုလုပ်ထား

ကျွန်တော်တို့ အခု လူနာတင်ယာဉ် ၅၅ စီးဝယ်ထားတယ်။ ဒီကားတွေကို ဖြန့်ဝေပြီးတော့ ဆေးရုံတော်တော် များများကို ပို့နေတယ်။ ကြိမ်ဖန်များစွာ ဆေးရုံတွေမှာ အသုံးပြုပြီးတဲ့အခါ လိုအပ်လာရင် ပစ္စည်းအချို့ကို စက်မှုဝန်ကြီးဌာနသို့ ပြန်ပေးပြီး ပြုပြင်မယ်။ တော်တော်များများက နည်းပညာနဲ့ ပြုလုပ်ထားတာဖြစ်တဲ့အတွက် လူနာတင်ယာဉ်တွေ အဆင့်မီပါတယ်။ **လူနာတင်ယာဉ်က အရေးပေါ်လူနာတင်ယာဉ်ဖြစ်ပြီး ၂၄ နာရီ မနားရတဲ့ ကားဖြစ်တော့ ပြင်ဆင်ချိန် မပေးနိုင်ဘူး၊ တကယ်လို့သာ ပြည်ပကနေ တိုက်ရိုက်တင်သွင်းတဲ့ဟာတွေက အသုံးပြုလို့ အဆင်မပြေဘူးဆိုရင် ဒုက္ခရောက်မယ်။ ပြည်တွင်းမှာ ထုတ်လုပ်တဲ့ စက်ရုံသာရှိနေမယ်ဆိုရင် တစ်ခုခု ချွတ်ယွင်းခဲ့သည်ရှိသော် တစ်ခါတည်း ထုတ်ပေးကာ ဒီဇိုင်းပြန်ပြင်ပေးပြီး လုပ်မယ်ဆိုရင် အများကြီးအကျိုးရှိပါတယ်။ ပြည်တွင်းမှာဝယ်ရင် မြန်မာငွေကျပ်နဲ့ဝယ်ရမယ်။ နိုင်ငံခြားငွေမထွက်သွားဘူး။ ဒါကြောင့် ပြည်တွင်းမှာ ထုတ်လုပ်ခြင်းကိုကြိုဆိုတယ်။ အားပေးပါတယ်။**

သိပ္ပံစာရေးဆရာ ကိုကိုအောင် ။ ။ လူနာတင်ယာဉ်ဆိုတာ လူကိုအခြေခံတာဖြစ်ပါတယ်။ မော်တော်ကားက ဘယ်လောက်ကြံ့ခိုင်မှု ရှိသလဲ။ မော်တော်ကားကို ရွေးချယ်တဲ့အခါ နည်းပညာအရ ပြောမယ်ဆိုရင် တချို့ကားတွေက လူနာတင်ယာဉ်ဆိုတာ အမြန်မောင်းကြပါတယ်။ အမြန်မောင်းတဲ့အခါကျ အဝိုင်းကိုပတ်တဲ့အခါ သာမန်ကားတွေထက် အရှိန်များများနဲ့ မောင်းရတဲ့အတွက် ဂျပန်နိုင်ငံက ထုတ်တဲ့ လူနာတင်ယာဉ်တွေကို ဂျပန်နိုင်ငံမှာ သုံးနှစ်လောက်သုံးပြီး ဈေးကွက်မှာ တစ်ပတ်ရစ်နဲ့ ပြန်ရောင်းတယ်။ ဈေးနှုန်းကို လေ့လာကြည့်တဲ့အခါ ဂျပန်မှာသုံးနှစ်သုံးထားတဲ့ဈေးက စက်မှုဝန်ကြီးဌာနက အသစ်ကားတွေနီးပါး ရှိပါတယ်။ တစ်ဦးတစ်ယောက် သို့မဟုတ် မိသားစုသုံးတဲ့ မော်တော်ကားများဟာ ဂျပန်နိုင်ငံ Public Transportation တွေထဲမှာ အကောင်းဆုံးထဲမှာပါတဲ့ နိုင်ငံဖြစ်တဲ့အတွက် သူက ကိုယ့်ရဲ့ကိုယ်ပိုင်ကားကို ထုတ်သုံးတာ အင်မတန်မှ နည်းတယ်။ ဂျပန်နိုင်ငံမှာ လူနာတင်ယာဉ်ကျတော့ သာမန်လူစီးကားတွေနဲ့ ပြောင်းပြန်လို ဖြစ်နေတယ်။ ဂျပန်နိုင်ငံက ကျန်းမာရေးစောင့်ရှောက်မှု အကောင်းဆုံးနိုင်ငံ ဖြစ်နေပါတယ်။ ဒါကြောင့် ဂျပန်နိုင်ငံက လူနာတင်ယာဉ်တွေက အရည်အသွေးတော်တော်လေးကို ကျနေပါတယ်။ စက်မှုဝန်ကြီးဌာနက ထုတ်တဲ့ကားနဲ့ ဂျပန်နိုင်ငံ တစ်ပတ်ရစ်ကားနဲ့ ယှဉ်လိုက်ရင် ဘယ်တော့မှမများတဲ့ ဈေးနှုန်းနဲ့ အသစ်စက်စက် ထုတ်လုပ်ရောင်းချနိုင်တဲ့အပိုင်းဖြစ်ပြီး စက်မှု ဝန်ကြီးဌာနက အကျိုးအမြတ်ကို မစဉ်းစားဘဲနဲ့ ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုကို ဦးစားပေးပြီး ထုတ်လုပ်တယ်လို့ ထင်ပါတယ်။

စာမျက်နှာ ၁၁ သို့

ယခင်ထုတ်လုပ်မှု (၂၀၁၇ - ၂၀၁၈)	အသစ်ဆက်လက်ထုတ်လုပ်မည့် ပုံစံသစ် လူနာတင်ယာဉ် အမျိုးမျိုး (၂၀၁၉ - ၂၀၂၀)					
Toyota Hiace, Model - 2017	JMC	JINBEI H2L	FOTON	King Long	Xiamen Golden Dragon Bus	Higer Van
AM1-S	AM2	AM3	AM4	AM5	AM6	AM7

ဒီဇိုင်းအသစ်ဖြင့် သုံးစွဲသူစိတ်ကြိုက်ပြောင်းလဲထုတ်လုပ်မည့် လူနာတင်ယာဉ်များ။

> “လူနာတင်ယာဉ်တွေကို မြန်မာပြည်မှာ ထုတ်လုပ်တာကို ကြိုဆိုပါတယ်။ စက်မှုဝန်ကြီးဌာနကပဲ ထုတ်ထုတ်၊ ပုဂ္ဂလိကကုမ္ပဏီတွေကပဲ ထုတ်ထုတ်၊ နိုင်ငံခြားကုမ္ပဏီတွေကနေ တိုက်ရိုက်ဝင်လာပြီး မြန်မာပြည်ထဲကို လူနာတင်ယာဉ်တွေကို ထောင်မယ်ဆိုလည်း ကြိုဆိုပါတယ်။ မြန်မာပြည်ထဲမှာ ထုတ်ခြင်းအားဖြင့် မိမိတို့အတွက် အကျိုးကျေးဇူးတွေအများကြီး ရှိပါတယ်။ မြန်မာပြည်ထဲမှာ ထုတ်ခြင်းအားဖြင့် အဓိကလိုချင်တာက မြန်မာပြည်နဲ့ ကိုက်ညီတဲ့ အနေအထားကို ပြုပြင်ပြောင်းလဲပြီး ထုတ်လို့ရပါတယ်။ လူနာတင်ယာဉ်ဆိုတာ ပစ္စည်းတွေ အကုန်ပါတိုင်း စုံတိုင်း မဟုတ်ဘူး”

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ် (၉၄)သင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် မေ ၂၇

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ် (၉၄) ရဲသိဟတပ်ခွဲ သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယမန်နေ့က မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ရဲအရာရှိ လေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ ဒုတိယ ရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦးနှင့် ဇနီး၊ ဒုတိယရဲချုပ်(၂)(လုံခြုံ/မှုခင်း) ရဲဗိုလ်ချုပ် အောင်နိုင်သူနှင့်ဇနီး၊ ရဲအရာရှိကြီးများ နှင့် ၎င်းတို့၏ဇနီးများ၊ ဗဟိုမီးသတ်သင်တန်းကျောင်း ဒုတိယကျောင်းအုပ်ကြီး၊ ဖိတ်ကြားထားသူများ၊ တာဝန်ရှိသူများနှင့် သင်တန်းဆင်းအရာရှိလောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ ဒုတိယ ရဲဗိုလ်ချုပ်ကြီးက ဒုတိယရဲအုပ်လောင်းများ၏ အလေးပြုခြင်းကိုခံယူ၍ သင်တန်းဆင်းတပ်ခွဲကို စစ်ဆေးပြီး ရဲချုပ်က အကောင်းဆုံးကျောင်းသားဆုရ ဒုတိယ ရဲအုပ်လောင်း နေမျိုးလွင်၊ လေ့ကျင့်ရေးထူးချွန်ဆုရ ဒုတိယ ရဲအုပ်လောင်းအောင်အောင်၊ ကွန်ပျူတာဘာသာရပ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ထွန်းထွန်းဝင်း၊ အင်္ဂလိပ်စာဘာသာရပ် ထူးချွန်ဆုရ ဒုတိယ ရဲအုပ်လောင်း ညီညီမျိုး၊ ဥပဒေဘာသာရပ် ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း မင်းမင်းဦးတို့အား ဆုများ ချီးမြှင့်သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ ဒုတိယရဲဗိုလ်ချုပ်ကြီးအောင်ဝင်းဦး ဆုရရှိသည့် ဒုတိယရဲအုပ်လောင်းတစ်ဦးအား ဆုချီးမြှင့်စဉ်။

ရဲချုပ်က သင်တန်းဆင်းအရာရှိငယ်များ သင်ကြားပေးလိုက်သည့် သင်ခန်းစာ ဘာသာရပ်များကို အခြေခံကာ လက်တွေ့နယ်ပယ်၌ ထပ်မံရရှိသော အတွေ့အကြုံများကို မိမိ၏ ကိုယ်ပိုင်အရည်အချင်း၊ ထိုးထွင်းဉာဏ်တို့နှင့် ပေါင်းစပ်ပြီး ကျွမ်းကျင်မှုရှိရှိဖြင့် တိုးတက်နေအောင် စဉ်ဆက်မပြတ် ကြိုးစားလုပ်ကိုင်သွားရန်၊ ပြည်သူများ၏ဘဝ အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်များ၊ လုပ်ငန်းတာဝန်များကို လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရာတွင် ပြည်သူနှင့် လက်တွဲပြီး ထိရောက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရန်၊ မူးယစ်ဆေးဝါးအန္တရာယ်သည် လူမှုဘဝလုံခြုံရေးနှင့် ကျန်းမာရေးကို ထိခိုက်စေသည့်အပြင် ကိုယ်ကျင့်တရားပျက်ပြားပြီး ကြီးမားသောမှုခင်းများ၊ ဒုစရိုက်မှုများ ကျူးလွန်လာကာ ရပ်ရွာအေးချမ်းသာယာရေးကို ထိခိုက်ပျက်ပြားစေသောကြောင့် မူးယစ်ဆေးဝါး အန္တရာယ် တားဆီးနှိမ်နင်းရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မှတ်ယူပြီး အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ရန်၊ တိုးတက်ပြောင်းလဲနေသော နည်းပညာခေတ်တွင် ခေတ်မီရဲတပ်ဖွဲ့ဖြစ်အောင် နည်းပညာများ မြှင့်တင်ဆောင်ရွက်စေလျက်ရှိရာ ခေတ်မီတိုးတက်နေသည့် နည်းပညာကို ကျွမ်းကျင်စွာအသုံးချပြီး ပြစ်မှုတားဆီးနှိမ်နင်းရေး၊ ရဲလုပ်ငန်းသွက်လက်ထက်မြက်စေရေးတို့အတွက် အရည်အသွေးပြည့်ဝအောင် စဉ်ဆက်မပြတ် ဆည်းပူးလေ့လာကြရန်၊ မိမိတို့၏ ကျရာကဏ္ဍမှ ပေးအပ်သော တာဝန်များကို ဦးလည်မသုန် ထမ်းရွက်သွားမည်ဆိုသည့် သန္နိဋ္ဌာန်ချကာ တပ်ဖွဲ့၏ဂုဏ်ကို မြှင့်တင်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

အဆိုပါ ဒုတိယ ရဲအုပ်လောင်း သင်တန်းအမှတ်စဉ် (၉၄) ရဲသိဟတပ်ခွဲတွင် တပ်တွင်းဘွဲ့ရ အမျိုးသား ၂၉၅ ဦး၊ အကျဉ်းဦးစီးဌာနမှ လက်ထောက်ကြီးကြပ်ရေးမှူး အဆင့်(၁) အမျိုးသား ၁၀ ဦးတို့ သင်တန်းဆင်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မော်လမြိုင်ကျွန်း၌ ဂျပန် နိပွန်ဖောင်ဒေးရှင်းမှ အ.ထ.က ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်း

မော်လမြိုင်ကျွန်း မေ ၂၇

ဂျပန်နိုင်ငံ နိပွန်ဖောင်ဒေးရှင်း ARTIC အဖွဲ့နှင့် မော်လမြိုင်ကျွန်းမြို့နယ် မဲဇလီဦးတိုကျေးရွာအုပ်စု ဒေသခံပြည်သူများ ပူးပေါင်းဆောက်လုပ်လှူဒါန်းသော အာရ်စီနှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကို ယမန်နေ့က မဲဇလီဦးတိုကျေးရွာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ကျောင်းဆောင်သစ်ဖွင့်ပွဲတွင် တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး(ပညာ) ဦးဖြူဝင်း၊ ဂျပန်နိပွန်ဖောင်ဒေးရှင်း ပရောဂျက် ဒါရိုက်တာဦးစေတနာ၊ မဲဇလီဦးတိုအုပ်စု အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ကျောင်းဆောင်သစ်မှာ အလျားပေ ၁၀၀၊ အနံပေ ၃၀ ရှိပြီး ဂျပန်နိပွန် ဖောင်ဒေးရှင်း ARTIC အဖွဲ့နှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောက်လုပ်လှူဒါန်းငွေကျပ် ၁၃၈၀ ဖြင့် ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ကျေးရွာခြောက်ရွာမှ ကျောင်းသူ ကျောင်းသားများ စိတ်ချမ်းမြေ့စွာ ပညာသင်ကြားနိုင်တော့မည် ဖြစ်ကြောင်း သိရသည်။

မော်ကျွန်း-မြင့်အောင်

စာမျက်နှာ ၁၀ မှ

ဦးဆောင်ညွှန်ကြားရေးမှူးဦးကံချွန် ။ ။ **လူနာတင်ယာဉ် မော်တော်ယာဉ် ထုတ်လုပ်တဲ့အခါမှာ စက်မှုဝန်ကြီးဌာနက အမြတ်အစွန်းကို အဓိကထားပြီးထုတ်တာ မဟုတ်ပါဘူး။ နိုင်ငံမှာ လိုအပ်နေတဲ့ လူနာတင်ယာဉ်တွေကို ပြည်တွင်းမှာ မြန်မြန်ဆန်ဆန်ထုတ်လုပ်နိုင်အောင်၊ ပြည်ပနဲ့ နှိုင်းယှဉ်မယ်ဆိုရင် ဈေးနှုန်းကို သက်သက်သာသာနဲ့ ထုတ်လုပ်လိုက်တဲ့ သဘောပါ။** ဆက်လက်ဆောင်ရွက်ရမယ့်အပိုင်းမှာ ဈေးနှုန်းအနည်းနဲ့ အများကို အဓိက မထားပါဘူး။ ပြင်ပက ဝင်ရောက်လာမယ့် ဂျပန်မော်တော်ကားတွေဟာ တစ်ပတ်ရစ်ကားတွေ ဖြစ်ပါတယ်။ လူစီးကားတွေဟာ အိမ်သုံးကားတွေထက် ကျဆင်းနေတဲ့ အရည်အသွေးတွေ ရှိပါတယ်။ အဓိကအားဖြင့် အသုံးပြုမယ့် ယာဉ်လမ်းကြောင်းနဲ့ ကိုက်ညီပြီး လုံခြုံစိတ်ချရတဲ့ မော်တော်ယာဉ်တွေဖြစ်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့် အမြတ်အစွန်းကို အဓိကမထားဘဲနဲ့ သုံးစွဲသူများ အဆင်ပြေပြေနဲ့သုံးနိုင်ဖို့ ရည်ရွယ်ပြီး ထုတ်ပါတယ်။ **ထုတ်လုပ်မှုများများထုတ်ပြီး အမြတ်အစွန်းနည်းသော်လည်း အရေအတွက်များလာတဲ့အခါ စီးပွားဖြစ်အနေနဲ့ ထုတ်နိုင်တဲ့အနေအထားရောက်လာပါတယ်။**

သိပ္ပံစာရေးဆရာ ကိုကိုအောင် ။ ။ မြန်မာနိုင်ငံ လူနာတင်ယာဉ်တွေက အရည်အသွေး စိစစ်အသိအမှတ်ပြု ကော်မရှင်က တစ်ယောက်ပါမယ်။ မြန်မာနိုင်ငံ ဆေးကောင်စီက ကိုယ်စားလှယ် တစ်ယောက်ပါတယ်။ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီက ကိုယ်စားလှယ်တစ်ယောက်ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကိုယ်စားလှယ်တစ်ယောက်ပါပြီး စက်မှုဝန်ကြီးဌာန အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်းက ဦးဆောင်ညွှန်ကြားရေးမှူး ကိုယ်တိုင် အဲဒီမှာ အတွင်းရေးမှူးအနေနဲ့ လုပ်နေပါတယ်။ မြန်မာနိုင်ငံမှာ တပ်ဆင်ထုတ်လုပ်တဲ့ စက်မှုဝန်ကြီးဌာနကပဲဖြစ်စေ၊ ပုဂ္ဂလိကပဲဖြစ်စေ တပ်ဆင်ထုတ်လုပ်တဲ့ လူနာတင်မော်တော်ယာဉ်အတွက်မဟုတ်ဘဲနဲ့ နိုင်ငံခြားက မော်တော်ယာဉ်တွေလို လူနာတင်ယာဉ် အဆင့်သုံးနိုင်အောင်ရည်ရွယ်ပြီး ဖွဲ့စည်းထားတယ်လို့ အကြမ်းဖျင်း သိရပါတယ်။ အဲဒီအပေါ်မှာ ပြည်သူ့ကျန်းမာရေးကို စောင့်ရှောက်ပေးနေတဲ့ဌာနက အနာဂတ်အလားအလာကို ဆရာ့အနေနဲ့ ဘယ်လိုယူဆပါသလဲဆရာ။

ဒေါက်တာမော်မော်ဦး ။ ။ လူနာတင်ယာဉ်တွေက နိုင်ငံခြားက တပ်ဆင်သော်လည်း မြန်မာပြည်ရဲ့လမ်းတွေနဲ့ အဆင်ပြေတယ်၊ မပြေဘူးဆိုတာ၊ Accreditation လုပ်တယ်ဆိုတာကတော့ နေရာတိုင်းမှာလုပ်နိုင်ရင် ကောင်းပါတယ်။ Accreditation အဆင့်မီရမှာ ဖြစ်ပါတယ်။ နိုင်ငံခြားက တင်သွင်းသည်ဖြစ်စေ၊ ပြည်တွင်းမှာ ထုတ်လုပ်သည်ဖြစ်စေ Accreditation ရဖို့ Accreditation ကို ဆေးပညာရှင် တစ်ယောက်အနေနဲ့ လူနာတင်ယာဉ်သုံးစွဲတဲ့သူက အဆင်သင့်ရတဲ့ ပစ္စည်းကိုပဲ ဝယ်ချင်တယ်။ အခုဆိုရင် မြန်မာပြည်မှာ လူနာတင်ယာဉ် အမျိုးမျိုးရှိတယ်။ စက်ရုံနဲ့ စနစ်တကျ တပ်ဆင်တာရှိသလို လူမှုကူညီရေးအဖွဲ့တွေမှာလည်း လူနာတင်ယာဉ်တွေ အများကြီးရှိတယ်။ သူတို့ကိုယ်တိုင် လှူဒါန်းနိုင်တဲ့ ပရဟိတ စိတ်ဓာတ်နဲ့လုပ်တာ ဖြစ်ပါတယ်။ ကားတွေအဆင်ပြေစေချင်တယ်။ ပြည်တွင်းမှာ လူနာတင်ယာဉ် စက်ရုံတစ်ခုခု၊ အဖွဲ့အစည်းတစ်ခုခု ရှိစေချင်တယ်။ အားလုံးက Accreditation လျှောက်ထားမယ့်ကားကို စစ်ဆေးမှာပါ။ လူနာတွေကို ဆေးရုံသို့သယ်လာတဲ့အခါ ဘယ်လိုကားနဲ့ တင်လာလဲဆိုတဲ့ သုတေသနတွေလုပ်တယ်၊ လေ့လာတယ်၊ အဆင်မပြေတာတွေရှိတယ်၊ အဆင်မပြေတာကို ကြီးကြပ်ကွပ်ကဲပေးမယ့် အဖွဲ့များရှိရင် ကောင်းပါတယ်။ လူနာတင်ယာဉ်တွေကို ပြုပြင်ထုတ်လုပ်တဲ့ စက်ရုံတွေရှိရင် ပိုကောင်းပါတယ်။ လူမှုကူညီရေးအသင်းတွေက သီးခြားလိုမျိုး ရပ်တည်နေတယ်။ Accreditation လုပ်နိုင်တဲ့ ကားတွေက အစိုးရကဝယ်တဲ့ ကားချည်းပဲ မဟုတ်ဘူး။ နိုင်ငံခြားကတင်သွင်းတဲ့ ကားလည်းမဟုတ်၊ ပြည်တွင်းမှာ ဘယ်သူထုတ်ထုတ် ဒီလို အဖွဲ့တွေပေါ်လာမယ်ဆိုရင် ကြိုဆိုပါတယ်။ လူနာကို ဘေးကင်းလုံခြုံစွာ၊ စိတ်ချစွာ သယ်ဆောင်နိုင်တဲ့ယာဉ် ဒီသဘောမျိုးဖြစ် စေချင်ပါတယ်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအတွက် ထုတ်လုပ်ခဲ့သည့် Standard အဆင့် လူနာတင်ယာဉ် တပ်ဆင်နေမှုကို တွေ့ရစဉ်။

သိပ္ပံစာရေးဆရာ ကိုကိုအောင် ။ ။ လူနာတင်ယာဉ်ဆိုတာ ဆေးကုသမှု ခံယူဖို့ လိုအပ်နေတဲ့ လူနာတွေကို ဘေးကင်းလုံခြုံစွာနဲ့ ဆေးကုသမှု ခံယူရင်းနဲ့ ဆေးရုံဆေးခန်းကို လျင်မြန်စွာ သယ်ယူပို့ဆောင်ပေးနိုင်တဲ့ စက်တပ်ယာဉ်၊ မော်တော်ယာဉ်၊ မော်တော်ဘုတ်၊ လေယာဉ်ပျံ၊ ရဟတ်ယာဉ် စတာတွေကို လူနာတင်ယာဉ်လို့ အဓိပ္ပာယ်ဖွင့်ဆိုထားတာနှင့်အညီ မြန်မာနိုင်ငံ လူနာတင်ယာဉ်များ စိစစ်အသိအမှတ်ပြုရေး ကော်မရှင်ဟာ မြန်မာနိုင်ငံရဲ့ အနာဂတ်ကာလ ကျန်းမာရေးစောင့်ရှောက်မှုတွေမှာ အရေးပါတဲ့အခန်းကဏ္ဍတစ်နေရာမှာပါတဲ့ လူနာတင်ယာဉ်တွေကို ပြည်တွင်းမှာ တပ်ဆင်ထုတ်လုပ်သည်ဖြစ်စေ၊ ပြည်ပက တင်သွင်းသည်ဖြစ်စေ လူနာတင်ယာဉ်အဖြစ်နဲ့ မြန်မာနိုင်ငံအတွင်းမှာ လုံခြုံစိတ်ချမှု ရှိ မရှိကို ဒီကော်မရှင်က စိစစ်အသိအမှတ်ပြုပေးမယ်ဆိုတာကို ကြားသိခဲ့ရပြီး ဖြစ်ပါတယ်။ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် မြန်မာနိုင်ငံသားတွေ ကျန်းမာကြံ့ခိုင်မှုဟာ အရေးကြီးပါတယ်။ ကျန်းမာကြံ့ခိုင်မှုရှိဖို့အတွက် ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုဟာ ထိပ်တန်းအဆင့် ဦးစားပေးရမယ့် အခြေအနေဖြစ်ပါတယ်။ အများပြည်သူ ကျန်းမာရေးစောင့်ရှောက်မှုပေးတဲ့နေရာမှာ အထောက်အပံ့ဖြစ်စေမယ့် အရေးပါတဲ့ လူနာတင်ယာဉ် တပ်ဆင်ထုတ်လုပ်နေမှုနဲ့ မြန်မာနိုင်ငံ လူနာတင်ယာဉ်များ စိစစ်အသိအမှတ်ပြုရေး ကော်မရှင်ကို ဂုဏ်ပြုကြိုဆိုရင်းနဲ့ ဒီအစီအစဉ်ကို အဆုံးသတ်လိုက်ပါတယ်။ ။

ဟန်နီဝင်း၊ နန္ဒာဝင်း

ရေကာတာပြုလုပ်ခြင်းအား လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

ပန်းတောင်း မေ ၂၇

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ကိုင်းကြီးကျေးရွာတွင် ယခင်နှစ် မိုးတွင်းကာလက ချောင်းကမ်းပါးပြိုမှုကြောင့် အိမ်ခြေ ၂၆ အိမ် ရွှေ့ပြောင်းခဲ့ရပြီး ယခုနှစ် မဖြစ်ပေါ်စေရေးအတွက် ချောင်းကမ်းပါးများ ထိန်းသိမ်းနိုင်ရေးကို ကိုင်းကြီးကျေးရွာနေ ပြည်သူများက ကိုယ့်အားကိုယ်ကိုးဖြင့် ရေကာတာပိုင်ရိုက်ခြင်း၊ သဲအိတ်၊ ကျောက်အိတ်များ ကာရံခြင်း၊ ကျောက်ကြီးများစီခြင်းတို့ ဆောင်ရွက်ကာ ရေကာတာ ၁၁ ခု ပြုလုပ်လျက်ရှိသည်။ အဆိုပါနေရာများသို့ ယမန်နေ့က တိုင်းဒေသကြီး (၁)လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက်၊ တိုင်းဒေသကြီး (၂) လွှတ်တော်ကိုယ်စားလှယ် ဒေါ်ပပဟန်နှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။ **သင်းသင်းအေး (ပြန်/ဆက်)**

အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲ ဒုတိယပွဲအဖြစ် မြန်မာနှင့် ဩစတြေးလျ ယနေ့ကစားမည်

ရန်ကုန် မေ ၂၇

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲ ဒုတိယအဆင့် အုပ်စု (က) ဒုတိယနေ့ကို မေ ၂၈ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်မြန်မာအသင်းသည် ဩစတြေးလျအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ရလဒ်ကောင်းရန် ပြင်ဆင်

အုပ်စု (က) ဒုတိယနေ့အဖြစ် ညနေ ၄ နာရီတွင် ဥဇဘက်ကစ္စတန်အသင်းနှင့် နီပေါအသင်း၊ ည ၇ နာရီတွင် မြန်မာအသင်းနှင့် ဩစတြေးလျအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုတွင်း အင်အားအကြီးဆုံး အာရှထိပ်သီး ဩစတြေးလျအသင်းနှင့် တွေ့ဆုံနေသောကြောင့် ရလဒ်ကောင်းရရန် ခက်ခဲနိုင်သော်လည်း ခြေစစ်ပွဲအောင်ရေး အရေးပါသည့် နောက်ဆုံးပွဲဖြစ်သော နီပေါနှင့်ပွဲတွင် ရလဒ်ကောင်းရန် ပြင်ဆင်ရန် လိုအပ်နေသည်။ မြန်မာနှင့် ဩစတြေးလျအသင်းတို့၏ ဘောလုံးအဆင့်အတန်း၊ အသင်းများ၏အနေအထားအရ မြန်မာအသင်းသည် မဖြစ်မနေ အနိုင်ရရန် မလိုအပ်သောကြောင့် နောက်ဆုံးပွဲအတွက် ကြိုတင်ပြင်ဆင်ပြီး ကစားရန် လိုအပ်ပေသည်။

ရေပန်းအစားဆုံး အသင်းဖြစ်နေ

မြန်မာအသင်းသည် ခြေစစ်ပွဲအောင်ရန် အဓိကပြိုင်ဘက်ဖြစ်လာနိုင်သည့် ဥဇဘက်ကစ္စတန်အသင်းကို အနိုင်ရထားပြီး ဖြစ်သောကြောင့် လက်ကျန်နှစ်ပွဲကို ခြေစစ်ပွဲအောင်ရန် လိုအပ်နေသည့်ရမှတ်များကို ရယူနိုင်ရန် ကစားတတ်ရန်သာ လိုအပ်တော့သည်။ ဩစတြေးလျအသင်းသည် ပထမပွဲတွင် နီပေါအသင်းကို ၁၁ ဂိုး-တစ်ဂိုးဖြင့် အနိုင်ရထားပြီး အုပ်စုအနေအထားအရ ခြေစစ်ပွဲအောင်ရန် ရေပန်းအစားဆုံး အသင်းဖြစ်နေသည်။

ထို့ကြောင့် လက်ကျန်တစ်နေရာအတွက် ကျန်သုံးသင်းအပြိုင်ဖြစ်နေရာ မြန်မာအသင်းအနေဖြင့် ခြေစွမ်းပိုကောင်းသည့် ဥဇဘက်ကစ္စတန်အသင်းကို အနိုင်ရခဲ့သောကြောင့် အခွင့်အရေးပိုကောင်းနေခြင်းဖြစ်သည်။

ဒုတိယအဆင့်ခြေစစ်ပွဲ၏ အခြားအုပ်စုဖြစ်သည့် အုပ်စု (ခ) ပထမနေ့ကို မေ ၂၆ ရက်က ဗီယက်နမ်နိုင်ငံ၌ ကျင်းပခဲ့ရာ တောင်ကိုရီးယားအသင်းက လက်ဘနွန်အသင်းကို ကိုးဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး အိမ်ရှင်ဗီယက်နမ်အသင်းနှင့် အီရန်အသင်းတို့ တစ်ဂိုးစီ သရေကျခဲ့သည်။

ညီမြတ်သော်တာ

MNL ပြိုင်ပွဲတွင် ဇွဲကပင်နှင့် မကွေးအသင်း အနိုင်ရ

ရန်ကုန် မေ ၂၇

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၉) ပထမနေ့ကို ယနေ့ညနေပိုင်းက ဇွဲကပင်နှင့် မကွေးအသင်းတို့ နိုင်ပွဲပြန်လည်ရရှိခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ဇွဲကပင်အသင်းက Chinland အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ Southern အသင်းကို ပွဲစဉ် (၂)တွင် တန်းဆင်းဇုန်မှ ရုန်းထွက်နိုင်ရန် ကြိုးပမ်းနေသည့် Chinland အသင်း၏ ကစားပုံကြောင့် ဇွဲကပင်အသင်း ခက်ခက်ခဲခဲ ကစားခဲ့ရသော်လည်း အမှတ်ပြည့် ရယူနိုင်ခဲ့သည်။

မုံရွာကွင်း၌ ကျင်းပသောပွဲတွင် မကွေးအသင်းက စစ်ကိုင်းအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရလဒ်ကောင်းနေသည့် စစ်ကိုင်းအသင်းအတွက် အထိနာသည့် ရှုံးပွဲဖြစ်ခဲ့ပြီး မကွေးအသင်းအတွက် အဖိုးတန်နိုင်ပွဲဖြစ်ခဲ့သည်။ မကွေးအသင်းအတွက် ချေပဂိုးကို မိနစ် ၇၀ တွင် ပြည်မိုးက ချေပဂိုးပြန်သွင်းကာ အနိုင်ဂိုးများကို မိနစ် ၈၀ တွင် ဇင်မင်းထွန်း၊ ၈၄၊ ၈၈ မိနစ်တွင် နိုင်နိုင်ကျော်တို့က သွင်းယူခဲ့သည်။ ဝေဿလီကွင်း၌ ကျင်းပသည့်ပွဲတွင် ရခိုင်အသင်းနှင့် ဟံသာဝတီအသင်းတို့ တစ်ဂိုးစီ သရေကျခဲ့သည်။ ၃၄ မိနစ်တွင် ဆင်မြူရယ်က ရခိုင်အသင်းအတွက် ဂိုးစတင်သွင်းယူခဲ့ပြီး ၇၁ မိနစ်တွင် အောင်မျိုးသူရက ဟံသာဝတီအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။

ဒုတိယနေ့ကို မေ ၂၈ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ ဒဂုံနှင့် ရန်ကုန်၊ ပုသိမ်ကွင်း၌ ရှေ့ဝတီနှင့် ရှမ်းယူနိုက်တက်၊ မော်လမြိုင်ကွင်း၌ Southern နှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရဲရင့်ရှိုင်း

စားပွဲတင်တင်းနစ်ပြိုင်ပွဲအားကစားသမား ၂၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်

ရန်ကုန် မေ ၂၇

(၁၀)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် မျိုးဆက်သစ်လက်ရွေးစင်အားကစားသမားများ ပေါ်ထွက်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်နှင့် Yangon Waterboom တို့ ပူးပေါင်းကျင်းပသည့် ပထမအကြိမ် Yangon Waterboom စားပွဲတင်တင်းနစ် ပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့သာကေတမြို့နယ် Yangon Waterboom ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်က အမှာစကားပြောကြားပြီး အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)ကျောင်းအုပ်ကြီး ဦးစိုးအောင်၊ တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူး ဦးအောင်မိုး၊ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သန်းနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အားကစားသမားများအား လိုက်လံနှုတ်ဆက်ကြကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြသည်။ **(ဓာတ်ပုံ)**

"ဒီပြိုင်ပွဲက ဆီးဂိမ်းစခန်းသွင်းထားတဲ့ ကစားသမားတွေ အတွေ့အကြုံရပြီး လက်ရည်ကောင်းလာအောင် ကျင်းပတာဖြစ်တယ်။ ဒါ့အပြင် ဘားအံမှာ မြန်မာတစ်နိုင်ငံလုံး ဖိတ်ခေါ်ပြိုင်ပွဲနဲ့ ထိုင်းနိုင်ငံမှာ ကျင်းပမယ့် အသက် ၁၅ နှစ်အောက် ၁၈ နှစ်အောက် ပြိုင်ပွဲများမှာ စခန်းသွင်းထားတဲ့ ကစားသမားတွေ ဝင်ပြိုင်ဖို့ရှိပါတယ်"ဟု မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌက ပြောသည်။

အဆိုပါ ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး အလွတ်တန်းသက်တန်းအလိုက် ပြိုင်ပွဲများတွင် အားကစားသမား ၂၀၀ ခန့် ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို မေ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ-အေးကေလင်း

မှုခင်းအသိပညာပေး ဆွေးနွေး

ဝမ်းတွင်း မေ ၂၇

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ပဲနွံသာကျေးရွာအုပ်စု ကန်ကြီးကျေးရွာတွင် ရွှေတောင်နယ်မြေရဲစခန်းမှ ခေတ္တစခန်းမှူး ရဲအုပ်ဝေလင်းအောင်၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဆန်းလွင်တို့သည် ယမန်နေ့က သက်ငယ်မုဒိမ်းမှု ပပျောက်ရေးနှင့် မှုခင်းအသိပညာပေးဆွေးနွေးပွဲပြုလုပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သွန်းဝဿန်

WLC-8 မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ မိုက်ရိုင်း(ရွှေဖူး)နှင့် ရှာမာဇာဒီအာမေးလ်(အဇာဘိုင်ဂျန်)တို့ ကရင်ပြည်နယ်တွင် ထိုးသတ်မည်

မန္တလေး မေ ၂၇

မြန်မာလက်ခမောင်းကုမ္ပဏီက စီစဉ်ကျင်းပမည့် World Lethwei Championship (WLC-8) Karen Spirit အမည်ရ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ကရင်ပြည်နယ် ဘားအံမြို့ရှိ ချစ်သူမြိုင် ပန်းခြံ၌ မေ ၅ ရက် ညနေ ၆ နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။

ကျင်းပမည့် တွဲဆိုင်းများမှာ ၆၃.၅-၆၇ကီလို (ဝယ်လ်တာဝိတ်)တန်းတွင် မင်းထက်ကျော် (တိုက်ဂါး)နှင့် ဘဟိန်း (မြိုင်ကလေးဘိလပ်မြေစက်ရုံ)၊ ၅၇-၆၀ (လိုက်ဝိတ်) တန်းတွင် သန်းဇော် (ရန်စစ်ငြိမ်း)နှင့် ဟိန်းထွန်းအောင် (ရွှေသထုံ)၊ ၆၃.၅- ၆၇ ကီလို (ဝယ်လ်တာဝိတ်)တန်းတွင် အောင်ဟိန်း (သုံးပန်လှ)နှင့် သွေးသစ်မောင် (အဖြူရောင်သွေးသစ်)၊ ၄၅-၄၈ကီလို (လိုက်ဖလိုင်းဝိတ်)တန်းတွင် အဲအဲ (Team PT) Vs ဟွိုင်းဟာဟူးဟျူး Huynh Ha Huu Hieu (ဗီယက်နမ်)၊ ၆၀-၆၃.၅ (လိုက်ဝယ်လ်တာဝိတ်) အောင်အောင်ထူး (သုံးပန်လှ) စောမင်းမင်း (ရွှေသထုံ)၊ ၆၇-၇၁ ကီလို (လိုက်မစ်ဒယ်ဝိတ်)တန်းတွင် သွေးသစ်အောင် (သုံးပန်လှ)ဒေးဗစ်မက္ကာသီ (အိုင်ယာလန်)၊ ဒုတိယခေါင်ပွဲ Co-Main Event ၆၃.၅-၆၇ကီလို (ဝယ်လ်တာဝိတ်)တန်းတွင် ကျော်ဇင်လတ် (ရွှေသထုံ) ဘရုလစ်ခ် (ဂျာမနီ)၊Main-Event (ခေါင်ပွဲ)တွင် ၅၄-၅၇ (ဖယ်သာဝိတ်)တန်းတွင် မိုက်ရိုင်း (ရွှေဖူး)နှင့် ရှာမာဇာဒီအာမေးလ် (အဇာဘိုင်ဂျန်) ထိုးသတ်မည်ဖြစ်သည်။

ယခုပွဲတွင် ထိုးသတ်ရန် စီစဉ်ထားသည့် စိုးလင်းဦးသည် ရွှေရာမာဉ်နှင့် ပွဲတွင် ထိခိုက်အနာတရ ရသောကြောင့် ယခုပွဲနှင့် လွဲချော်သွားရသည်။

ကရင်ပြည်နယ်မှ ပရိသတ်အများအပြားကြည့်ရှုနိုင်ရန် ရည်ရွယ်၍ လက်မှတ်တန်ဖိုးများကို ကျပ်တစ်သောင်း၊ ကျပ်ငါးထောင်၊ ကျပ်သုံးထောင် စသည်ဖြင့် သတ်မှတ်ထားသည်ဟု တွဲဆိုင်းစီစဉ်သူ ကိုအောင်သူ၏ ပြောပြချက်အရ သိရသည်။

ခင်ခင်ဝင်း (ပညာရေး)

ပရီမီယာလိဂ် ပွဲစဉ်(၃၆) စပါးတို့ အိမ်ကွင်းတွင် ရှုံးနိမ့်ပြီး လီဗာပူးတို့ ဂိုးပြတ်အနိုင်ရ

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၃၆) မှ မေ ၂၇ရက် စနေနေ့ ည ပွဲစဉ်များယှဉ်ပြိုင်ကစားခဲ့ကာ စပါးနှင့် ဝက်စ်ဟမ်းပွဲတွင် အဝေးကွင်း၌ ဝက်စ်ဟမ်းအသင်း တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် အိမ်ရှင်စပါးအသင်းသည် ၄-၁-၂-၁-၂ ကစားကွက်ဖြင့် ပွဲထွက်ခဲ့ပြီး ဧည့်သည် ဝက်စ်ဟမ်းအသင်းသည် ၄-၁-၄-၁ ပုံစံဖြင့် ပွဲထွက်လာသည်။ ပွဲစချင်း နှစ်သင်းစလုံး တန်ပြန်တိုက်စစ်များဖြင့် အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ပြီး ပထမပိုင်းတွင် ဂိုးမသွင်းနိုင်ခဲ့ဘဲ ဒုတိယပိုင်း ၆၇မိနစ်တွင် အာနော့တိုဗစ် ဖန်တီးမှုမှတစ်ဆင့် အန်တိုနီယိုက ဝက်စ်ဟမ်းအတွက် တစ်လုံးတည်းသော အဖိုးတန်ဂိုးကို သွင်းယူပေးခဲ့သည်။ ယင်းပွဲတွင် အိမ်ရှင် စပါးအသင်းသည် ဘောလုံးပိုင်ဆိုင်မှု အသာစီးဖြင့် ယှဉ်ပြိုင်နိုင်ခဲ့ကာ ဂိုးကန်သွင်းခွင့် ၁၄ ကြိမ်အနက် လေးကြိမ်သာ ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့ပြီး ဝက်စ်ဟမ်းအသင်းသည် ၁၆ကြိမ် ဂိုးကန်သွင်းခွင့်ရရှိခဲ့ပြီး ခုနစ်ကြိမ် ဂိုးပေါက် ခြိမ်းခြောက်နိုင်ခဲ့သည်။ စပါးအသင်းသည် ပွဲစဉ် (၃၆) ယှဉ်ပြိုင်အပြီးတွင် ရမှတ် ၇၀ဖြင့် အဆင့် ၃တွင် ဆက်လက်ရပ်တည်နေပြီး ဝက်စ်ဟမ်းအသင်းသည် ရမှတ် ၄၆မှတ်ဖြင့် အဆင့် ၁၁ တွင် ရပ်တည်နေသည်။

ပရီမီယာလိဂ် ပွဲစဉ်(၃၆) အစောဆုံးပွဲစဉ်ဖြစ်သော လီဗာပူးနှင့် ဟက်ဒါဖီးလ်ပွဲစဉ် ကို မေ ၂၇ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ခဲ့ပြီး အိမ်ရှင် လီဗာပူးအသင်းသည် ငါးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ လီဗာပူးအတွက် အနိုင်ဂိုးများကို ပွဲစပြီး တစ်မိနစ်တွင် ကွင်းလယ်ကစားသမား ခီတာက ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ၂၃ မိနစ်နှင့် ၆၆ မိနစ်တွင် မာနေး၊ ၄၅ မိနစ်နှင့် ၈၃ မိနစ်တွင် ဆာလက်တို့က သွင်းယူပေးခဲ့သည်။ လီဗာပူးအသင်းသည် ပွဲစဉ် (၃၆)အပြီးတွင် ရမှတ် ၉၁ မှတ်ဖြင့် ဇယားထိပ်တွင် ပြန်လည်ဦးဆောင်ခဲ့သည်။

ပရီမီယာလိဂ် အခြားပွဲစဉ် ရလဒ်များအဖြစ် ပဲလေ့စ်နှင့် အဲဗာတန်မှာ ဂိုးမရှိ သရေကျခဲ့ပြီး ဖူလ်ဟမ်က ကာဒစ်ဖ် တစ်ဂိုး-ဂိုးမရှိ၊ ဆောက်သမ်တန်နှင့် ဘုန်းမောက်မှာ တစ်ဖက် သုံးဂိုးစီ၊ ဝုလ်က ဝက်ဖို့ဒ်ကို နှစ်ဂိုး-တစ်ဂိုး၊ ဘရိုက်တန်နှင့် နယူးကာဆယ်မှာ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။

သီဟ

မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ စုစည်းတင်ပြသော မေ ၁၈ ရက်မှ မေ ၂၅ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

ယမန်နေ့မှအဆက်

စဉ်	စာအုပ်အမည်	စာရေးသူ	ထုတ်ဝေသူ	ဈေးနှုန်း
၂၁။	လေညင်းကလေး	မောင်ဒီ	The Key	၂၀၀၀
၂၂။	အဏ္ဏဝါနှင့် အဘိုးအို	တင့်တယ်	စိတ်ကူးချိုချို	၁၅၀၀
၂၃။	အယ်လက်ဇန်းဒါးဂရေဟမ်ဘဲလ် စာကြည့်တိုက်စာစဉ် (၁၃၃)	the key collection	The Key	၁၅၀၀
၂၄။	ဗုဒ္ဓ၏စကြဝဠာတရား	သခင်ဘသောင်း	ရာပြည့်	၄၅၀၀
၂၅။	ရဘတ်ကာ	ကံ့ကော်ဝတ်ရည်	အထောက်တော်လှအောင်	၇၅၀၀
၂၆။	အတွေးအမြင်အမှတ်(၃၂၀)၂၀၁၉၊မေလ	ကလောင်စုံ	ဒေါင်းစာပေ	၃၀၀၀
၂၇။	ဒုတိယကမ္ဘာစစ်ကာလ ဂျပန်စစ်သားတို့၏ ဗမာပြည်တိုက်ပွဲအတွေ့အကြုံများ	အောင်မျိုးဝင်း	စိတ်ကူးချိုချို	၄၀၀၀
၂၈။	ဝက်ကလေးရော်ဘင်ဆင်	ကိုဇေယျာ	စိတ်ကူးချိုချို	၂၀၀၀
၂၉။	အရှေ့တို့၏ အရှေ့	အေးဆောင်	တိုးမြစ်	၃၅၀၀
၃၀။	မြန်မာအလုပ်သမားဥပဒေပေါင်းချုပ်	Top HR Solution S	Top Publishing House	၂၀၀၀၀
၃၁။	ခေါင်းဖြတ်တောင်ခရီး	ဗိုလ်တာရာ (ရဲဘော်သုံးကျိပ်)	စိတ်ကူးချိုချို	၂၅၀၀
၃၂။	အဖြူရောင်ညာဏ်စမ်းပြိုင်ပွဲ	မြင့်ဇင်ညွန့်	ရန်အောင်စာပေ	၁၀၀၀
၃၃။	ဝါးဆေးရုံ	နန်းနန်း(ရှမ်းပြည်)	ရန်အောင်စာပေ	၃၀၀၀
၃၄။	အနုပညာနှင့် စာပေ၏ အတ္တရုပ်ပုံလွှာ	ဒဂုန်တာရာ	စိတ်ကူးချိုချို	၃၀၀၀
၃၅။	အချစ်၏မျက်နှာကိုရှာဖွေ၍ တွေ့ခဲ့ပြီ	ငြိမ်းကျော်	စိတ်ကူးချိုချို	၃၅၀၀
၃၆။	နွေတစ်ည၊ မျက်လုံးတစ်လုံးနဲ့ ကြိမ်တစ်ချောင်း	မြတ်မင်းသူ	ယဉ်မျိုး	၂၅၀၀
၃၇။	ဖြူစင်အမွှာ ကလေးကဗျာများ	မိုးနှောင်(ကောလင်း)	ယဉ်မျိုး	၁၅၀၀
၃၈။	လူညံ့များရဲ့ကဖေး	လင်းသက်ငြိမ်	ယဉ်မျိုး	၂၅၀၀

ကျောက်ဖြူမြို့နယ် အုပ်ချုပ်ရေးမှူးရုံးဝင်းအတွင်း AA အဖွဲ့ ထောင်ထားသော ဒေသန္တရလုပ် အဝေးထိန်းမိုင်းတစ်လုံးတွေ့ရှိ

နေပြည်တော် ဧပြီ ၂၇

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် အုပ်ချုပ်ရေးမှူးရုံးဝင်းအတွင်း၌ မသင်္ကာဖွယ်ရာ ပစ္စည်းတစ်ခု တွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဧပြီ ၂၆ ရက် မွန်းလွဲပိုင်းက သွားရောက်စစ်ဆေးခဲ့ရာ AA အဖွဲ့ထောင်ထားသော ဒေသန္တရလုပ် အဝေးထိန်းမိုင်းတစ်လုံး တွေ့ရှိရကြောင်း သိရသည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး၏ နေအိမ် အရှေ့ဘက် ပေ ၂၀ ခန့်အကွာ၌ ပလတ်စတစ်ပိုက်ဖြင့်ပြုလုပ်ထားသော အချင်းလေးလက်မ၊ အမြင့် ခြောက်လက်မခန့်ရှိ ဒေသန္တရလုပ် အဝေးထိန်းမိုင်းတစ်လုံးကို တွေ့ရှိခဲ့ပြီး မိုင်းရှင်းလင်းရေးအဖွဲ့များက သက်မဲ့ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

AA အဖွဲ့အနေဖြင့် အများပြည်သူ အသုံးပြု သွားလာလျက်ရှိသည့် လမ်းများပေါ်တွင် မိုင်းထောင်၊ မိုင်းခွဲခြင်းများ ဆက်တိုက် ဆောင်ရွက်လာသည့်အပြင် ယခုကဲ့သို့ ဌာနဆိုင်ရာအဆောက်အဦများကို ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်လာနိုင်သောကြောင့် အများပြည်သူများအနေဖြင့် ပေါက်ကွဲစေတတ်သည့် ပစ္စည်းဟုယူဆရသော မသင်္ကာဖွယ်ရာများတွေ့ရှိပါက နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များသို့ အချိန်မီအကြောင်းကြားဆောင်ရွက်သွားကြရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့်လည်း မိုင်းအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

ကျောက်ဖြူမြို့နယ် အုပ်ချုပ်ရေးမှူးရုံးဝင်းအတွင်း၌ တွေ့ရှိခဲ့သည့် အဝေးထိန်း ဒေသန္တရ လက်လုပ်မိုင်းအား တွေ့ရှိရစဉ်။

ပုဂံ - ချောက်သွား ကားလမ်းတွင် ကားနှင့်ဆိုင်ကယ် အရှိန်လွန်တိုက်မှုဖြစ်ပွားသဖြင့် လူတစ်ဦးသေဆုံး

ပုဂံ ဧပြီ ၂၇

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံ - ချောက်သွားကားလမ်းမပေါ်တွင် ဧပြီ ၂၇ ရက် နံနက် ၉ နာရီခွဲက ကားနှင့်ဆိုင်ကယ်တိုက်မှုဖြစ်ပွားကာ အဆိုပါယာဉ်တိုက်မှုကြောင့် တစ်ဦးသေဆုံးပြီး တစ်ဦးပြင်းထန်ဒဏ်ရာများ ရရှိခဲ့ကြောင်း ပုဂံနယ်မြေ ရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၉ နာရီခွဲက ဒုရဲအုပ်ကြည်မင်းနိုင်သည် ပုဂံနယ်မြေရဲစခန်းတွင် တာဝန်မှူးအဖြစ်ရှိနေစဉ် ပုဂံ - ချောက်သွားကားလမ်းမပေါ်တွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းရရှိ၍ အခင်းဖြစ်နေရာသို့ သွားရောက်ရာ ပုဂံ - ချောက်သွားကားလမ်း သာယာဝတေ့ဘုန်းကြီးကျောင်းအနီးတွင် တောင်မှမြောက်သို့ ကိုဇော်ဒွေး မောင်းနှင်ပြီးနောက်တွင် ဝင်းမြတ်ထူး လိုက်ပါလာသော ၂၂ ယ/----၁၁၀ ဆိုင်ကယ်အား အချက်ပြ၍ ကားလမ်းအရှေ့ဘက်သို့ ချိုးကွေ့စဉ် မြောက်မှတောင်သို့ ချမ်းမြေ့အောင် မောင်းနှင်လာသောယာဉ်မှ အရှိန်ပြင်းစွာ မောင်းနှင်လာပြီး အရှိန်မထိန်းနိုင်ဘဲ ဆိုင်ကယ်၏ ခါးလယ်ပိုင်းအား ဝင်ရောက်တိုက်မိပြီး ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ ကားလမ်းအရှေ့ဘက်ခြမ်းရှိ သစ်ပင်အား ဝင်ရောက်တိုက်မိကြောင်း သိရသည်။

ကိုဇော်ဒွေးတွင် ပြင်းထန်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားပြီး ဆိုင်ကယ်နောက်မှ စီးနင်းလိုက်ပါလာသည့် ဝင်းမြတ်ထူးတွင် ပေါက်ပြဲဒဏ်ရာ(စိုးရိမ်ရ) ရရှိပြီး ညောင်ဦးပြည်သူ့ဆေးရုံကြီးသို့ ဆေးဝါးကုသရန် ပို့ဆောင်ထားကြောင်း သိရသည်။

အဆိုပါ ယာဉ်တိုက်မှုနှင့်ပတ်သက်၍ ယာဉ်အားမဆင်မခြင် မောင်းနှင်သူ စလင်းမြို့နယ် မြေနုကျေးရွာနေ ချမ်းမြေ့အောင်အား ပုဂံနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားရှိကြောင်း သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)

မြန်မာ့ရုပ်မြင်သံကြား

၂၈-၄-၂၀၁၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၆:၀၀	-	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၀၀	-	Breakfast News
၈:၃၅	-	နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယတစ်နှစ်တာ "ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန" "ပဲခူးတိုင်းဒေသကြီး" (ပဲခူး)
၁၀:၀၀	-	Sunday Talk
၁၁:၀၀	-	လှပစုံလင် အာဆီယံတစ်ခွင်
၁၁:၃၀	-	BBC ခံစားကြည့်
၁၂:၄၅	-	မြန်မာဂန္ထဝင်ရုပ်ရှင် "ပြုံးအလှပိုင်ရှင်" ရန်အောင်၊ မင်းဝေ၊ ဇင်မာဦး (ဒါရိုက်တာ-မြန်မောင်မြစိန်)

ညပိုင်း

၁၅:၄၅	-	MPT Myanmar National League ၂၀၁၉ ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် Ayeyawady United FC Vs Shan United Fc
၁၈:၂၀	-	NHK Program "ပျော်ရွှင်စရာ ဂျပန်စာ" (ချစ်ကြည်ရေး(၅)နှစ်ပြည့် အထိမ်းအမှတ်)
၁၉:၁၅	-	အိန္ဒိယဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ" (အပိုင်း-၈၁)
၂၀:၀၀	-	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀:၃၅	-	နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယတစ်နှစ်တာ
	-	"နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန"
	-	"မန္တလေးတိုင်းဒေသကြီး"
	-	" ဘယ်သူပြိုင်လို့ လှပါတော့နိုင် " (ဇာတ်သိမ်းပိုင်း)

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နှင့် ဖယ်ခုံမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၂၇

မူးယစ်တပ်ဖွဲ့စု(၄၀)ရန်ကုန်(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၆ ရက် မွန်းလွဲ ၂ နာရီက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၈)ရပ်ကွက် အင်ကြင်းလမ်းသွယ် ၂ ၌ ဇာနေဦး(ခ)ဇာနည်အား တွေ့ရှိပြီး ၎င်းငှားရမ်းနေထိုင်သည့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၈) ရပ်ကွက် ငထွေရူးလမ်းရှိ မြေညီထပ်အခန်းကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ၃၇၂ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်း၌ မစိုးဇာခြည်အားတွေ့ရှိ၍ ရှာဖွေရာ ၎င်းထံမှစိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့မွန်းလွဲ ၁ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၆)ပင်လောင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖယ်ခုံမြို့နယ် မိုးဗြဲကျေးရွာအုပ်စု မိုးဗြဲကျေးရွာ အမှတ်(၁) စည်ကားရပ်ကွက်နေ ဘချိုင်း၏နေအိမ်ကို ရှာဖွေရာ ၎င်းလွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၀ သိမ်းဆည်းရမိခဲ့ပြီး ဆက်လက်၍ အမှတ်(၁) စည်ကားရပ်ကွက် အေးရိပ်သာလမ်းမပေါ်တွင် သျှစ်သျှားအောင်အား ရှာဖွေရာ ၎င်းလွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို လည်းကောင်း၊ ကွင်းဆက်အရ အမှတ်(၁)စည်ကားရပ်ကွက်ရှိ ထွန်းနိုင်၏နေအိမ်ကို ရှာဖွေရန် ဝင်ရောက်စဉ် ထွန်းနိုင်မှာ နေအိမ်ပေါ်မှထွက်ပြေးသွားပြီး ဧည့်ခန်း၌ တွေ့ရှိသူ ဂျိုလေးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၄၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

ဘချိုင်း၊ သျှစ်သျှားအောင်၊ ဂျိုလေးတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

မြဝတီ အမှတ် (၅) ရပ်ကွက်လမ်းပေါ်၌ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ လူငယ်တစ်ဦးဖမ်းမိ

မြဝတီ ဧပြီ ၂၇

ကရင်ပြည်နယ် မြဝတီခရိုင်ရဲတပ်ဖွဲ့မှ ခရိုင်ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူးကြီး အောင်နိုင်ထွန်း၏ကြီးကြပ်မှုဖြင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများ အစဉ်မပြတ်ဆောင်ရွက်လျက်ရှိရာ မူးယစ်တပ်စု(၃၂)မြဝတီမှ ဒုတိယရဲမှူး မင်းထွဋ်နှင့်အဖွဲ့က ဧပြီ ၂၅ ရက် ညနေ ၄ နာရီက မြဝတီမြို့အမှတ်(၅)ရပ်ကွက် မွေးမြူရေးဇုန် စန္ဒာတောရကျောင်းလမ်းပေါ်တွင်တွေ့ရှိသူ ပြည့်ဖြိုးအောင်(ခ)ပန်းသီး (၂၄ နှစ်)အား သက်သေများရှေ့မှောက်တွင်ရှာဖွေရာ ၎င်းထံမှ WY စာတန်းပါစိတ်ကြွရူးသွပ်ဆေးပြား ၁၉၃ ပြား တွေ့ရှိရသဖြင့် မြဝတီမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဘော်ဂါသွေး

ချမ်းမြသာစည်မြို့နယ်တွင် မီးပလပ်ခုံအပူလွန်ကဲရာမှ နေအိမ် ၃၂ လုံး မီးလောင်

မန္တလေး ဧပြီ ၂၇

ချမ်းမြသာစည်မြို့နယ် ချမ်းတောင်ရပ်ကွက် အကွက်အမှတ် ၈၅၃ ရှိ ဒေါ်ခင်သန်းနု၏နေအိမ် အောက်ထပ်အတွင်း ဧပြီ ၂၇ ရက် နံနက် ၇ နာရီ ၄၈ မိနစ်က မီးဖိုချောင်ရှိ ပေါင်းအိုးနှင့်ဒယ်အိုး တစ်ပြိုင်နက် အသုံးပြုထားသည့် ပလပ်ခုံ အပူလွန်ကဲရာမှ ထရံသို့ မီးကူးစက်လောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကို မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးသန်းဇော်ဦး ဦးဆောင်၍ မီးငြှိမ်းသတ်ယာဉ် အစီး ၈၀၊ အထောက်အကူပြုယာဉ် သုံးစီး၊ အုပ်ချုပ်မှုယာဉ် သုံးစီး၊ သန္ဓေ ၁၀၀ ၊ အရန် ၃၀၀ တို့ဖြင့် သွားရောက်ငြှိမ်းသတ်ခဲ့ရာ မီးငြှိမ်းသတ်ရေဂါလန် ၈၀၀၀၀ ၊ မီးကြွင်းမီးကျန် ဂါလန် ၃၀၀၀ တို့ဖြင့် ငြှိမ်းသတ်ခဲ့ပြီး နံနက် ၈ နာရီ ၃၂ မိနစ်တွင် မီးလုံးဝငြှိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် ဦးဝင်းဆန်းဦး၊ မသန္တာအောင်၊ ဒေါ်ခင်သန်းနုတို့မှာ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး နေအိမ် ၃၂ လုံး မီးလောင်ဆုံးရှုံးပြီး အိမ်ထောင်စုပေါင်း ၄၈ စု၊ အမျိုးသား ၁၁၁ ဦး၊ အမျိုးသမီး ၁၁၃ ဦးတို့အား သီပါမွေ့ရုံတွင် ယာယီစခန်းဖွင့်လှစ်ထားသည်။

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ဒေါ်ခင်သန်းနုအား ချမ်းမြသာစည်မြို့နယ် အမှတ် ၁၁ ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

ဥတ္တရသီရိမြို့နယ် ဘုရားကုန်းကျေးရွာတွင် ဝိုင်ယာရှော့ဖြစ်၍ မီးလောင်မှုဖြစ်ပွား

ဥတ္တရသီရိ ဧပြီ ၂၇

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် ဘုရားကုန်းကျေးရွာတွင် ဧပြီ ၂၆ ရက် ည ၈ နာရီ ၂၅ မိနစ်ခန့်က ဝိုင်ယာရှော့ဖြစ်၍ မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာဘုရားကုန်းကျေးရွာနေ ဒေါ်ခင်ကြည်၏နေအိမ်မှ လျှပ်စစ်ဝိုင်ယာကြိုးရှော့ဖြစ် ကာ မီးစတင်လောင်ခဲ့ကြောင်းသိရပြီး မီးလောင်ရာသို့ ဥတ္တရသီရိမြို့နယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းလှိုင်၊ နေပြည်တော်တိုင်းမီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်လင်းထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် တာဝန်ရှိသူများရောက်ရှိလာပြီး မီးသတ်ယာဉ် ကိုးစီး၊ ရေသယ်ယာဉ်နှစ်စီးဖြင့် ငြှိမ်းသတ်ရာ ည ၉ နာရီတွင် မီးငြှိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မိတ္ထီလာမြို့၌ လျှပ်စစ်မီးအပူလွန်ကဲရာမှ နေအိမ်အလုံး ၂၀ မီးလောင်ဆုံးရှုံး

မိတ္ထီလာ ဧပြီ ၂၇

မိတ္ထီလာမြို့ ရန်မျိုးအောင်ရပ်ကွက် အောင်စပယ် ၁ လမ်းနေ ဦးဇော်ဦး (၃၈ နှစ်)၏ ၂၄ × ၁၆ ပေ သွပ်မိုးထရံကာ မြေစိုက် တစ်ထပ်လူနေအိမ်မှ ယနေ့ နံနက် ၄ နာရီ ၁၀ မိနစ်ခန့်က မီးစတင်လောင်မှုဖြစ်ပွားသဖြင့် လူနေအိမ် အလုံး ၂၀ မီးကူးစက်လောင်ကာ လူဦးရေ ၉၀ ကျော် ဒုက္ခရောက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါနေအိမ်၌ လျှပ်စစ်မီးအပူလွန်ကဲပြီး ထရံသို့ကူးစက်လောင်ခဲ့ခြင်းဖြစ်ကာ မီးလောင်မှုအား တာဝန်သိပြည်သူတစ်ဦး၏ ဖုန်းဆက်အကြောင်းကြားခြင်းကြောင့် ခရိုင်မီးသတ်တပ်ဖွဲ့မှ အုပ်ချုပ်မှုယာဉ်တစ်စီး၊ မီးငြှိမ်းသတ်ယာဉ်တစ်စီး၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးငြှိမ်းသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ် နှစ်စီး၊ အထောက်အကူပြုယာဉ်နှစ်စီး၊ နယ်မြေ(၁)မီးသတ်စခန်းမှ မီးငြှိမ်းသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်တစ်စီး၊ နယ်မြေ(၂)မီးသတ်စခန်းမှ မီးငြှိမ်းသတ်ယာဉ်နှစ်စီး၊ သီးကုန်းအမြန်လမ်းမီးသတ်စခန်းမှ ရေသယ်ယာဉ်တစ်စီး၊ သာစည်မြို့နယ်မီးသတ်စခန်းမှ မီးငြှိမ်းသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်တစ်စီး၊ မလှိုင်မြို့နယ် မီးသတ်စခန်းမှ မီးငြှိမ်းသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်တစ်စီး၊ ပျော်ဘွယ်မြို့နယ် မီးသတ်စခန်းမှ မီးငြှိမ်းသတ်ယာဉ်တစ်စီး၊ ယင်းတော်နယ်မြေမီးသတ်စခန်းမှ ရေသယ်ယာဉ်တစ်စီး စုစုပေါင်းအစီး ၂၀ ဖြင့် ငြှိမ်းသတ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် သန္ဓေတပ်ဖွဲ့ဝင် ၇၄ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦးနှင့် ဒေသခံများ ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ နံနက် ၅ နာရီတွင် မီးငြှိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် စုစုပေါင်းလူနေအိမ် ၂၀ လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး အိမ်ထောင်စု ၁၇ စု စုစုပေါင်း ၉၇ ဦးအား အောင်စပယ်ဓမ္မာရုံတွင်နေရာချထားကြောင်း သိရပြီး အိမ်ရှင် ဦးဇော်ဦးအား မိတ္ထီလာအမှတ်(၂)ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဘိုဘို(မလှိုင်)

သီရိလင်္ကာတွင် အကြမ်းဖက်အုပ်စုပုန်းအောင်းရာနေရာကို စီးနင်းတိုက်ခိုက်သဖြင့် လူ ၁၅ ဦးသေဆုံး

ကိုလံဘို မေ ၂၇

သီရိလင်္ကာနိုင်ငံ၌ တိုက်ခိုက်မှုများအပြီး အလောင်း ၁၅ လောင်းကို တွေ့ရှိခဲ့ကြောင်း သိရသည်။ ပြီးခဲ့သည့် သီတင်းပတ် တနင်္ဂနွေနေ့က အီစတာပွဲတော်တွင်ဖြစ်ပွားခဲ့သည့် အသေခံဗုံးခွဲမှုများအပြီး ပြစ်မှုကျူးလွန်သူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေလျက်ရှိသည်။

ထိုသို့ရှာဖွေမှုပြုလုပ်နေစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ သီရိလင်္ကာအရှေ့ပိုင်းရှိ ဘတ်တီကလိုတောင်ပိုင်း ၄၉ ကီလိုမီတာခန့်အကွာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အကြမ်းဖက်အုပ်စုတို့ ပစ်ခတ်မှုများဖြစ်ပေါ်ခဲ့ကြောင်း သီရိလင်္ကာလုံခြုံရေးတပ်ဖွဲ့အာဏာပိုင်များက ပြောသည်။

ယင်းနေရာရှိနေအိမ်များကို တပ်ဖွဲ့ဝင်များက စီးနင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ နေအိမ်တစ်လုံးသို့ ဝင်ရောက်စဉ် ပစ်ခတ်မှုစတင်ဖြစ်ပွားခဲ့ပြီး နာရီပေါင်းအတန်ကြာ ကြာမြင့်ခဲ့သည်။ ထို့နောက် ကြီးမားသည့်ပေါက်ကွဲမှုနှစ်ခုလည်း ဖြစ်ပွားခဲ့ကြောင်း သိရသည်။

သေဆုံးသူများထဲတွင် ကလေး ခြောက်ဦးပါဝင်ပြီး သေဆုံးသူများထဲမှ နှစ်ဦးမှာ အကြမ်းဖက်အဖွဲ့ဝင်များဖြစ်ကြောင်း၊ ၎င်းတို့ကိုယ်တိုင် အသေခံဗုံးခွဲခဲ့ခြင်းဖြစ်ကြောင်း အာဏာပိုင်များက ယူဆကြသည်။ သေဆုံးသွားသည့် ၁၅ ဦးထဲတွင် အီစတာပွဲတော်နေ့က ဖောက်ခွဲခဲ့သူလည်းပါဝင်ကြောင်း အာဏာပိုင်များက ပြောသည်။ ဘတ်တီကလိုသည် သီရိလင်္ကာရှိ အကြမ်းဖက်အုပ်စုဖြစ်သည့် National Towheeth Jamaath အဖွဲ့ ခြေကုပ်ယူထားသည့် နေရာလည်းဖြစ်သည်။

အင်န်အိတ်ချ်ကေ

တိုက်ခိုက်မှုအပြီး သိမ်းဆည်းရရှိသောပစ္စည်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြသနေစဉ်။

ရုရှားအမျိုးသမီးတစ်ဦးကို ထောင်ဒဏ် ၁၈ လချမှတ်

ဝါရှင်တန် မေ ၂၇

အမေရိကန်ပြည်ထောင်စုက နိုင်ငံရေးလောကထဲ ထိုးဖောက်လှုပ်ရှားခဲ့သူဟု စွပ်စွဲခံထားရသည့် ရုရှားနိုင်ငံမှ အမျိုးသမီးတစ်ဦးဖြစ်သူ မာရီယာဘူတီနာကို ယမန်နေ့က ထောင်ဒဏ် ၁၈ လ ချမှတ်လိုက်ကြောင်း သိရသည်။

မာရီယာဘူတီနာသည် အမေရိကန် အင်န်အာရ်အေဟုခေါ်သည့် အမျိုးသားရိုင်ဖယ်အသင်း၏ ရာသက်ပန်အမျိုးသမီးအသင်းဝင်တစ်ဦးဖြစ်ကြောင်း သိရပြီး အမေရိကန်တက္ကသိုလ်မှ ဘွဲ့ရတစ်ဦးလည်း ဖြစ်သည်။ အမေရိကန်နိုင်ငံ ရှေ့နေချုပ်ကို

အမေရိကန်ပြည်ထောင်စုက နိုင်ငံရေးလောကထဲ ထိုးဖောက်လှုပ်ရှားခဲ့သူဟု စွပ်စွဲခံထားရသည့် ရုရှား အမျိုးသမီး မာရီယာဘူတီနာ။

အသိမပေးဘဲ နိုင်ငံခြားအရာရှိတစ်ဦး၏ စေခိုင်းမှုအတိုင်း လှုပ်ရှားခဲ့သည့်အတွက် ၎င်းကို လွန်ခဲ့သည့်နှစ် ဇူလိုင်လက ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

အစိုးရရှေ့နေများ၏ ပြောဆိုချက်အရ မာရီယာဘူတီနာသည် သေနတ်ပိုင်ဆိုင်ခွင့်ထောက်ခံရေးလှုပ်ရှားမှုကို အသုံးချပြီး အမေရိကန်နိုင်ငံရေးလောကထဲ ဝင်ရောက်ရန်နှင့် ၂၀၁၆ ခုနှစ် အမေရိကန်သမ္မတ ရွေးကောက်ပွဲကာလအတွင်း အမေရိကန်နှင့် ရုရှားကြား တရားမဝင်ဆက်သွယ်ရေးလမ်းကြောင်းများ ဖွင့်ပေးရန် ရုရှားအစိုးရအရာရှိဟောင်း အလက်ဇန်ဒါတော်ရှင်၏ စေခိုင်းမှုအတိုင်း လုပ်ဆောင်ခဲ့သည်ဟု ဆိုသည်။

၎င်းအား စွဲချက်တင်ထားသည့် ပူးပေါင်းကြံစည်မှုနှင့် ပတ်သက်ပြီး ၎င်းတွင် အပြစ်ရှိကြောင်း မာရီယာဘူတီနာက ဒီဇင်ဘာလတွင် ဝန်ခံခဲ့သည်။

အမေရိကန်၏ အကြီးဆုံးသေနတ်အဖွဲ့ဖြစ်သည့် အင်န်အာရ်အေအသင်းနှင့် အခြားအဖွဲ့အစည်းများထံမှ သတင်းအချက်အလက်များကို ရုရှားအရာရှိဟောင်းတော်ရှင်၏ ညွှန်ကြားချက်ဖြင့် ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ စုဆောင်းခဲ့ကြောင်း မာရီယာဘူတီနာက ဝန်ခံခဲ့သည်။

၎င်းအား ကူညီသူများအဖြစ်လည်း အမေရိကန်နှစ်ဦးကို စွပ်စွဲထားသေးကြောင်း သိရသည်။ ၎င်းတို့ထဲမှ တစ်ဦးသည် ရီပတ်ဘလစ်ကန်နိုင်ငံရေး စည်းရုံးရေးမှူးတစ်ဦးဖြစ်သူ ပေါလ်အဲရစ်ဆင်ဖြစ်သည်။ ၎င်းသည် မာရီယာ၏ ရည်းစားအဖြစ် တွဲနေသူဖြစ်ကြောင်း သိရသည်။

အေအက်ဖ်ပီ

အာဖဂန်နစ္စတန်မှ တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရန် ရုရှားနှင့် တရုတ်တို့ထံမှ အမေရိကန်သဘောတူညီချက်ရ

ဝါရှင်တန် မေ ၂၇

အာဖဂန်နစ္စတန်နိုင်ငံတွင် ငြိမ်းချမ်းရေးရရှိနိုင်ရေး အဓိက အရေးပါသည့်နိုင်ငံများဖြစ်သည့် ရုရှားနှင့် တရုတ်တို့ထံမှ ထောက်ခံမှုကို အမေရိကန်ဘက်မှ ရရှိသွားပြီဖြစ်ကြောင်း သိရသည်။ တာလီဘန်များက နိုင်ငံခြားတပ်ဖွဲ့ဝင်များကို ဖယ်ရှားပေးစေလိုလျက်ရှိသည်။ တာလီဘန်များနှင့် နောက်ဆုံးဆွေးနွေးပွဲပြုလုပ်ခဲ့သည့် အမေရိကန်သံတမန် ဇယ်မေးလ်ခါလစ်ဇာတ်သည် မော်စကိုမြို့၌ ရုရှား၊ တရုတ်ကိုယ်စားလှယ်များနှင့် တွေ့ဆုံပြီးနောက် ယခုတစ်ကြိမ်လှုပ်ရှားမှုသည် စစ်ပွဲပြီးဆုံးနိုင်ရေး အရေးပါသည့် မှတ်တိုင်တစ်ခုဖြစ်ကြောင်း ပြောကြားခဲ့သည်။

သုံးနိုင်ငံ ပူးပေါင်းထုတ်ပြန်သည့် ထုတ်ပြန်ချက်တွင် အာဖဂန်က ဦးဆောင်သည့် အလုံးစုံငြိမ်းချမ်းရေးဖြစ်စဉ်ကို တောင်းဆိုထားသည်။ သုံးနိုင်ငံစလုံးသည် အာဖဂန်နစ္စတန်နိုင်ငံမှ နိုင်ငံခြားတပ်များကို ရုပ်သိမ်းရန် တောင်းဆိုထားပြီး အလုံးစုံငြိမ်းချမ်းရေးရရန် ကြိုးပမ်းမှု၏ အစိတ်အပိုင်းတစ်ခုအဖြစ် တောင်းဆိုထားခြင်းဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သော ထုတ်ပြန်ချက်တွင် ပါရှိသည်။ ထို့အတွက် တာလီဘန်များဘက်ကလည်း အိုင်အက်စ်များကို တိုက်ခိုက်ရမည်ဖြစ်ပြီး အယ်ကေးဒါးများနှင့် အဆက်အသွယ်ဖြတ်တောက်ရမည်ဖြစ်သည်။

တာလီဘန်များသည် ၎င်းတို့ ထိန်းချုပ်ထားသည့် နယ်မြေများတွင်နိုင်ငံခြားတပ်များ၏ ခြိမ်းခြောက်မှု ပါဝင်ပတ်သက်မှုမရှိစေရေး သေချာစေရန် ကတိတောင်းခံထားသည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အမေရိကန်၏ အရှည်ကြာဆုံးစစ်ပွဲကို အဆုံးသတ်စေလိုပြီဖြစ်သည်။ အမေရိကန်သည် ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက် တိုက်ခိုက်ခံရမှုကို တုံ့ပြန်သောအားဖြင့် အာဖဂန်နစ္စတန်နိုင်ငံကို တိုက်ခိုက်ခဲ့သည်။ ထိုစဉ်က အာဖဂန်ရှိ တာလီဘန်အစိုးရသည် အယ်ကေးဒါးများကို အကာအကွယ်ပေးခဲ့သည်။

အေအက်ဖ်ပီ

လေ့ကျင့်မှုပြုလုပ်နေသည့် အမေရိကန်၊ အီတလီ၊ အာဖဂန်တပ်ဖွဲ့များကို တွေ့ရစဉ်။

အပြည်ပြည်ဆိုင်ရာ လက်နက်ကုန်သွယ်ရေးစာချုပ်မှ အမေရိကန်နုတ်ထွက်မည်ဟု ထရမ့်ပြော

ဝါရှင်တန် မေ ၂၇

အမေရိကန်ပြည်ထောင်စုသည် သမ္မတအိုဘားမားလက်ထက်က ချုပ်ဆိုခဲ့သော အပြည်ပြည်ဆိုင်ရာ လက်နက်ကုန်သွယ်ရေးစာချုပ်မှ နုတ်ထွက်တော့မည်ဟု သောကြာနေ့က ပြုလုပ်သော အမျိုးသားရိုင်ဖယ် အဖွဲ့အစည်း၏ နှစ်စဉ်တွေ့ဆုံပွဲ၌ သမ္မတထရမ့်က ပြောကြားခဲ့သည်။

ကုလသမဂ္ဂမှ အထောက်အပံ့ပေးထားသော စာချုပ်များတွင် ပါဝင်လက်မှတ်ရေးထိုးခြင်းမှ အမေရိကန်သည် နုတ်ထွက်တော့မည်ဟု ပရိသတ်များကို ပြောကြားခဲ့သည်။ မကြာခင်အချိန်ကာလအတွင်း ကုလသမဂ္ဂသည် အမေရိကန်၏ နုတ်ထွက်မှုအတွက် တရားဝင်အကြောင်းကြားမှုကို လက်ခံရရှိလိမ့်မည်ဟု ထရမ့်က ပြောသည်။ လက်နက်ကုန်သွယ်ရေးစာချုပ်သည် ၂၀၁၃ ခုနှစ် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ယခင်ထောက်ခံမှုဖြင့် လက်နက်ငယ်လေးများမှ တိုက်လေယာဉ်များအထိ နိုင်ငံအချင်းချင်းကုန်သွယ်နိုင်သည့် သဘောတူစာချုပ် ဖြစ်သည်။

ယခင်အမေရိကန်သမ္မတအိုဘားမားက လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ပြီး လွှတ်တော်မှ အတည်ပြုမှုမရခဲ့ပေ။ နောက်ပိုင်းတွင် သမ္မတထရမ့်က လွှတ်တော်မှအတည်ပြုချက်ပေးမပေး သဘောထားတောင်းခံခဲ့သည်ဟု အိမ်ဖြူတော်က သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါစာချုပ်မှာ လွဲမှားနေပြီး အမေရိကန်က ၎င်း၏ မဟာမိတ်နိုင်ငံများ၊ မိတ်ဖက်နိုင်ငံများကို လက်နက်များရောင်းချရာတွင် အကန့်အသတ်များရှိနေသည်ဟု အခိုင်အမာပြောဆိုခဲ့သည်။ သမ္မတထရမ့်၏ အစိုးရအဖွဲ့လှုပ်ရှားမှုများသည် လတ်တလောတွင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးအုပ်စုများ၏ ဝေဖန်မှုကို ခံနေရသည်။ ယခုအခါ အမေရိကန်သည် လက်မှတ်ပါဝင်ရေးထိုးထားခြင်းမရှိသည့် နိုင်ငံကဲ့သို့ ပြုမူသွားမည်ဖြစ်ပြီး ယင်းစာချုပ်၏အဓိကရည်ရွယ်ချက်မှာ ကြောက်မက်ဖွယ်လက်နက်များအန္တရာယ်မှ အပြစ်မရှိသောလူများကို အကာအကွယ်ပေးသွားရန်ပင်ဖြစ်ကြောင်း အောက်စ်ဖမ်း အမေရိကဥက္ကဌ အဘိုင်မက်စ်မန်းက အမေရိကန်မီဒီယာများကို ပြောသည်။

လက်နက်ဖြင့် အကြမ်းဖက်မှုဆန့်ကျင်ရေးအဖွဲ့အစည်းမှ ဥက္ကဋ္ဌ ခရစ်ဘရောင်းကမူ ယခုလိုနုတ်ထွက်မှုသည် ကမ္ဘာပေါ်ရှိ အပြစ်မဲ့ပြည်သူများနှင့် အမေရိကန်နိုင်ငံသားများအား အန္တရာယ်ကျရောက်စေနိုင်ကြောင်း ပြောသည်။

ဆင်ဟွာ

ရုရှားသမ္မတ ပူတင်နှင့်တွေ့ဆုံမှုအပြီး ခေါင်းဆောင်ကင် မြောက်ကိုရီးယားသို့ ပြန်လည်ရောက်ရှိ

ပြုံယမ်း မေ ၂၇

မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းသည် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ပထမဆုံးအကြိမ်တွေ့ဆုံမှုအပြီး စနေနေ့အစောပိုင်းက မြောက်ကိုရီးယားသို့ ပြန်လာပြီးဖြစ်ကြောင်း မြောက်ကိုရီယားနိုင်ငံပိုင်သတင်းဌာနက ပြောသည်။ ခေါင်းဆောင်ကင်၏သုံးရက်တာ ခရီးစဉ်အတွင်း ရုရှားနိုင်ငံအရှေ့ပိုင်းမြို့ဖြစ်သည့် ဗလာဒီဗော့စတော့တွင် ခေါင်းဆောင်နှစ်ဦး တွေ့ဆုံခဲ့ကြပြီး နျူကလီးယားလက်နက်ကင်းစင်ရေးနှင့် အမေရိကန်နှင့် ဆက်ဆံရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ကိုရီးယားကျွန်းဆွယ်တွင် လုံခြုံရေးနှင့်ငြိမ်းချမ်းရေးတို့အတွက် အကာအကွယ်ဖြစ်စေရန်ရည်ရွယ်ကာ ယခုလိုတွေ့ဆုံခဲ့ခြင်းဖြစ်ကြောင်း ကိုရီးယားဗဟိုသတင်းအေဂျင်စီကပြောသည်။ မြောက်ကိုရီးယားအပေါ် ပိတ်ဆို့ထားရှိမှုများကို ဖယ်ရှားပေးရေးကိစ္စရပ်များတွင် ရုရှား၏ နားလည်မှုများကို မြောက်ကိုရီးယားဘက်မှ ရရှိခဲ့ကြောင်း ပြောသည်။ ရုရှား၏ ကျောထောက်နောက်ခံပြုမှုဖြင့် မြောက်ကိုရီးယားသည် အမေရိကန်ဘက်မှ လိုက်လျောသဘောတူမှုများရရှိရန် ကြိုးစားနေသည်ဟု ယူဆဖွယ်ရှိသည်။ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့၏ ဖေဖော်ဝါရီလအတွင်းတွေ့ဆုံမှုသည် မည်သည့် သဘောတူညီချက်မှမရဘဲ ပြီးဆုံးခဲ့ရသည်။

အင်န်အိတ်ချ်ကေ

ပိတ်ဆို့မှုတွေရှိသော်လည်း အီရန်နဲ့ ကုန်သွယ်ဖို့ ကြိုးပမ်းနေဆဲ တူရကီ

ကလျာမိုးမြင့်

အမေရိကန်ပြည်ထောင်စုက အီရန်ရဲ့ရေနံတင်ပို့တဲ့ နိုင်ငံတွေကို ပိတ်ဆို့မှုကနေ လွတ်ငြိမ်းခွင့်ပေးထားတာတွေကို အဆုံးသတ်ဖို့ ဆုံးဖြတ်လိုက်ကြောင်း ကြေညာလိုက်ပြီးတဲ့နောက်မှာ တူရကီနဲ့ အီရန်တို့ဟာ အမေရိကန်ရဲ့အရေးယူပိတ်ဆို့မှုကို ကျော်ဖြတ်နိုင်ဖို့အတွက် ကုန်ချင်းဖလှယ်တဲ့စနစ်ကို အသုံးပြုဖို့ ကြိုးပမ်းလာဖွယ်ရှိနေပါတယ်။ ပိတ်ဆို့မှုကနေ လွတ်ငြိမ်းခွင့်ပေးထားတာကို ရပ်ဆိုင်းလိုက်တာဟာ နေတိုးမဟာမိတ် နှစ်နိုင်ငံအကြား ဆက်ဆံရေးကို ထိခိုက်လာစေတဲ့ လုပ်ဆောင်ချက်တစ်ခု ဖြစ်ပါတယ်။

အီရန်မှ ရေနံစိမ်းများ သယ်ဆောင်လာသည့် သင်္ဘောကို တွေ့ရစဉ်။

ကင်းလွတ်ခွင့်အဆုံးသတ်မည်

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အဓိကတင်ပို့တဲ့ နိုင်ငံတွေအနေနဲ့ ခွင့်ပြုပေးထားတဲ့ သက်တမ်းကုန်ဆုံးချိန်ဖြစ်တဲ့ မေလအစောပိုင်းရောက်တဲ့အခါ အီရန်ရဲ့ ရေနံကို ဆက်လက်ဝယ်ယူဖို့ ခွင့်ပြုထားတဲ့ ပိတ်ဆို့မှုကင်းလွတ်ခွင့်ကို ဆက်မပေးဖို့ ဆုံးဖြတ်လိုက်တာဖြစ်တယ်လို့ အိမ်ဖြူတော်က သတင်းထုတ်ပြန်လိုက်ပါတယ်။ အမေရိကန်က ၂၀၁၅ ခုနှစ်မှာ ချုပ်ဆိုခဲ့တဲ့ အီရန်နျူကလီးယားသဘောတူစာချုပ်ကနေ နုတ်ထွက်သွားပြီးတဲ့နောက် နိုဝင်ဘာလမှာ အမေရိကန်အစိုးရဟာ အီရန်ရဲ့ ရေနံကို ဝယ်ယူတဲ့နိုင်ငံတွေအပေါ် အရေးယူပိတ်ဆို့မှုတွေ ပြန်လည်ချမှတ်ခဲ့ပါတယ်။

ဒေသတွင်းတည်ငြိမ်အေးချမ်းမှု မရနိုင်

အဲဒီအရေးယူပိတ်ဆို့မှုတွေကနေ နိုင်ငံတချို့ကို ခြောက်လတာ ပိတ်ဆို့မှုကင်းလွတ်ခွင့်ပေးခဲ့တဲ့အထဲမှာ တူရကီနိုင်ငံလည်း ပါဝင်နေပြီး ကင်းလွတ်ခွင့်ဟာ လာမယ့် မေလ ၂ ရက်နေ့မှာ ကုန်ဆုံးတော့မှာ ဖြစ်ပါတယ်။ တူရကီက အီရန်ကနေ ရေနံတင်ပို့လာမှုအပေါ် ပိတ်ဆို့မှုတွေ ပြုလုပ်တာကို လက်ခံမှာမဟုတ်ဘူးလို့ ပြောဆိုခဲ့သလို ကင်းလွတ်ခွင့်ပေးထားတာကို အဆုံးသတ်ဖို့ အမေရိကန်ရဲ့လုပ်ဆောင်ချက်က ဒေသတွင်းတည်ငြိမ်အေးချမ်းမှုကို ဆောင်ကြဉ်းပေးနိုင်မှာ မဟုတ်ဘူးလို့လည်း သတိပေးလိုက်ပါတယ်။

အခွန်စည်းကြပ်မှုကို လက်မခံနိုင်

အီရန်ရဲ့ရေနံကို အလုံအလောက်ကျရောင်းဝယ်မှုလုပ်ဖို့ ဆော်ဒီအာရေဗျနဲ့ အာရပ်စော်ဘွားများပြည်ထောင်စုကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက အကြံပြုခဲ့တာနဲ့ပတ်သက်ပြီး တူရကီနိုင်ငံခြားရေးဝန်ကြီး မက်ဗလပ်ကာဗူဆိုဂလူက ဝေဖန်ရှုတ်ချလိုက်ပါတယ်။ တောက်လျှောက်လုပ်ဆောင်နေတဲ့ ပိတ်ဆို့မှုတွေကို လက်ခံမှာမဟုတ်သလို အိမ်နီးချင်းနိုင်ငံတွေနဲ့ ဘယ်လိုဆက်ဆံရေးထူထောင်မယ်ဆိုတဲ့ ကိစ္စနဲ့ပတ်သက်ပြီး မတန်တဆ အခွန်စည်းကြပ်မှုတွေ လုပ်ဆောင်တာကိုလည်း လက်မခံဘူးလို့ နိုင်ငံခြားရေးဝန်ကြီးက ပြောပါတယ်။

စည်းမျဉ်းချိုးဖောက်နေ

အီရန်အပြင် တခြားနိုင်ငံတွေက ရေနံတွေဝယ်ယူအောင် ဖိအားပေးဖို့လုပ်လာတော့မယ်၊ အမေရိကန်ရဲ့လုပ်ပုံက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး (WTO)ရဲ့စည်းမျဉ်း စည်းကမ်းတွေကို ချိုးဖောက်နေတာပဲလို့ ၎င်းက ဆိုပါတယ်။ အီရန်နိုင်ငံခြားရေးဝန်ကြီး ဂျာဗက်ဇာရစ်ဖ်ဟာ အမေရိကန်က ပိတ်ဆို့မှုလွတ်ငြိမ်းခွင့်ကို အဆုံးမသတ်ခင် ရက်အနည်းငယ်အတွင်းမှာ နှစ်နိုင်ငံကုန်သွယ်ရေးဆက်လုပ်ဖို့အတွက် အလုံအလောက်ယန္တရားအစီအစဉ်တွေနဲ့ ပတ်သက်ပြီး တူရကီအာဏာပိုင်တွေနဲ့ ဆွေးနွေးဖို့ အန်ကာရာကို အလည်အပတ်ရောက်ရှိခဲ့ပါတယ်။ ဧပြီ ၁၇ ရက်နေ့က ပူးတွဲသတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ချိန်မှာ နိုင်ငံခြားရေးဝန်ကြီး ကာဗူဆိုဂလူက တူရကီနဲ့ အီရန်ဟာ အမေရိကန်ရဲ့အရေးယူပိတ်ဆို့မှုတွေကို ကျော်လွှားဖို့အတွက်နဲ့ အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံတန်ဖိုးပမာဏ ကုန်သွယ်နိုင်ဖို့အတွက် အလုံအလောက်ယန္တရားလုပ်ဆောင်နိုင်ဖို့ကို ကြိုးပမ်းနေတယ်လို့ ပြောကြားခဲ့ပါတယ်။

စီးပွားရေးလွှမ်းမိုးမှု မရှိနိုင်တော့

အီရန်ဟာ တူရကီကို ရေနံနဲ့ ဓာတ်ငွေ့တွေ အဓိကပေးပို့နေတဲ့ နိုင်ငံဖြစ်တာကြောင့် အကယ်၍သာ အီရန်က ရေနံတွေတင်ပို့မှုကို အဆုံးသတ်လိုက်မယ်ဆိုရင် တူရကီဟာ အီရန်နဲ့ နှစ်နိုင်ငံဆက်ဆံရေးမှာရော စီးပွားရေးမှာပါ လွှမ်းမိုးမှုရှိတော့မှာ မဟုတ်ပါဘူး။ အီရန်အနေနဲ့က ရေနံစိမ်းတွေကို ၎င်းရဲ့ယှဉ်ပြိုင်ဘက်တွေထက်ပိုပြီး သာလွန်တဲ့အနေအထားမျိုး။ ဥပမာ တူရကီအပါအဝင် တချို့နိုင်ငံတွေအတွက် ပိုနည်းတဲ့ ရေနံစည်ဈေးနှုန်းနဲ့ ပိုပြီးသင့်လျော်တဲ့ငွေပေးချေမှု ပုံစံမျိုး တင်ပို့ရတာကို ပိုနှစ်ခြိုက်တာဖြစ်ပါတယ်။ တူရကီဟာ နိုင်ငံတော်ငွေကြေးစနစ်ကို သုံးပြီးတော့လည်း နိုင်ငံတကာကုန်သွယ်ရေးကို မြှင့်တင်နေတယ်။ ၂၀၁၇ ခုနှစ် အောက်တိုဘာလမှာ တူရကီနဲ့ အီရန်ဗဟိုဘဏ်တွေက ၎င်းတို့ရဲ့ပြည်တွင်းငွေကြေးစနစ်နဲ့ ကုန်သွယ်မှုလုပ်ဖို့ သဘောတူလိုက်ကြပါတယ်။

မပြေလည်မှုများ

သို့သော်လည်းပဲ တူရကီဟာ ဝါရှင်တန်နဲ့ နှစ်နိုင်ငံဆက်ဆံရေးမှာ ကြုံတွေ့ရင်ဆိုင်နေရတဲ့ နိုင်ငံရေးအခက်အခဲတွေကြောင့် အမေရိကန်ရဲ့ပိတ်ဆို့မှုတွေကို ကျော်လွှားဖို့နဲ့ အီရန်နဲ့ ကုန်သွယ်ဖို့က ခက်ခဲနိုင်တယ်။ ပြီးတော့ အီရန်နဲ့ ကုန်ချင်းဖလှယ်တဲ့စနစ်ကို ရေရှည်လုပ်သွားဖို့ကလည်း ခက်ခဲနေဦးမှာ ဖြစ်ပါတယ်။ ပြီးတော့ ရုရှားလုပ် အက်စ် ၄၀၀ ဒုံးကျည်တွေကို ဝယ်ယူဖို့ တူရကီက ဆုံးဖြတ်လိုက်တာနဲ့ ပတ်သက်ပြီးတော့လည်း အမေရိကန်နဲ့ မပြေလည်မှုတွေရှိနေပါတယ်။ ပြီးတော့လည်း အီရန်အပေါ်ချမှတ်ထားတဲ့ အရေးယူပိတ်ဆို့မှုတွေကို ချိုးဖောက်တယ်ဆိုပြီး တူရကီ-အီရန် နိုင်ငံသားလုပ်ငန်းရှင် ရီဇာဇာရက်ဘ်နဲ့ တူရကီငွေချေးလုပ်ငန်း Halkbank က ဒုတိယအမှုဆောင်ချုပ် မာမက်ဟာကန်အတီလာတို့ကို အမေရိကန်ပြည်ထောင်စုမှာ ဖမ်းဆီးထိန်းသိမ်းထားတဲ့ ကိစ္စကလည်း ရှိနေပါသေးတယ်။

ရေနံဝယ်ယူမှုကို တူရကီလျှော့ချခဲ့

အမေရိကန်ရဲ့ပိတ်ဆို့မှုတွေကို ရှောင်ရှားဖို့အတွက် အလုံအလောက်ကျ ကုန်သွယ်ရေးယန္တရားနဲ့ပတ်သက်ပြီး ပြောကြတဲ့နေရာမှာ စီမံချက်အသစ်က အမေရိကန်နဲ့ တူရကီရဲ့ယိုယွင်းနေတဲ့ ဆက်ဆံရေးအခြေအနေကို လုံးဝပြိုလဲသွားစေနိုင်တယ်လို့လည်း ကျွမ်းကျင်သူတွေက ဝေဖန်ထောက်ပြကြပါတယ်။ ဝါရှင်တန်က အီရန်ကို ပိတ်ဆို့မှုတွေ ချမှတ်လိုက်ပြီး အီရန်ရဲ့ရေနံတင်ပို့မှုကို သိသိသာသာ ကျဆင်းသွားစေခဲ့တဲ့ အချိန်ကတည်းက တူရကီဟာ လက်တွေ့ကျကျ နည်းဗျူဟာတစ်ခုအတိုင်း လုပ်ဆောင်ခဲ့ပါတယ်။ တူရကီအစိုးရဟာ အီရန်နဲ့နိုင်ငံရေးအရ ဆက်ဆံမှုကို ဆက်လက်ထိန်းသိမ်းထားဖို့အတွက် အမေရိကန်က ချမှတ်တဲ့ ပိတ်ဆို့မှုတွေကို အပြောအားဖြင့် ကန့်ကွက်ဆန့်ကျင်နေပေမယ့် တကယ်တမ်းကျတော့ အီရန်ကနေ ရေနံစိမ်းဝယ်ယူမှုကို လျှော့ချလိုက်တာတော့ အမှန်ပဲလို့ ကျွမ်းကျင်သူတွေက ဆိုပါတယ်။

မြားဦးလှည့်

အမေရိကန်က အီရန်အပေါ်မှာ ပိတ်ဆို့မှုတွေပြန်လည်ချမှတ်မယ်လို့ မပြောခင်ကတည်းက တူရကီရဲ့အကြီးဆုံး ရေနံကုမ္ပဏီဖြစ်တဲ့ Tupras ဟာ ပြီးခဲ့တဲ့ မေလကစပြီး အီရန်ရဲ့ ရေနံစိမ်းတွေဝယ်ယူမှုကို လျှော့ချလိုက်တာဖြစ်ပါတယ်။ နိုဝင်ဘာလအတွင်းမှာ ကုမ္ပဏီရဲ့ရေနံတင်ပို့မှုဟာ သုညအထိ လျော့ကျသွားတယ်လို့ သိရပါတယ်။ ၂၀၁၈ ခုနှစ်မှာ အမေရိကန်က အီရန်နျူကလီးယားသဘောတူစာချုပ်ကနေ နုတ်ထွက်တော့မယ်လို့ မကြေညာခင်မှာ တူရကီဟာ အီရန်က ရေနံစိမ်းတွေကို တစ်ရက်မှာ စည်ပေါင်း နှစ်သိန်းလောက် တင်ပို့ခဲ့တာဖြစ်ပြီး အီရန်က ရေနံတင်ပို့မှုကို လျှော့ချလိုက်တဲ့နောက် တူရကီအနေနဲ့ အီရတ်ရဲ့ရေနံစိမ်းတွေဆီကို မြားဦးလှည့်ခဲ့ရတယ်လို့ ဆိုပါတယ်။

ချိုးဖောက်မှုမရှိဘဲ ဝယ်ယူမည်

၂၀၁၉ ခုနှစ် ဇန်နဝါရီလမှာ အီရန်ဟာ တူရကီရဲ့တတိယအကြီးဆုံး ရေနံတင်ပို့မှုအရင်းအမြစ် ဖြစ်လာခဲ့ပြီး အီရတ်နဲ့ ရုရှားပြီးရင် စုစုပေါင်း ရေနံရဲ့ ၁၂ဒသမ ၃ ရာခိုင်နှုန်းအထိ ရှိခဲ့ပါတယ်။ စွမ်းအင်ဈေးကွက် ပုံမှန်လည်ပတ်ရေး အာဏာပိုင်အဖွဲ့ရဲ့ဖော်ပြချက်အရ တူရကီဟာ ၂၀၁၈ ခုနှစ် နိုဝင်ဘာလကစပြီး အီရန်ကရေနံတွေကို တင်ပို့မှုမရှိခဲ့ပါဘူး။ ဒီဇင်ဘာလမှာတော့ ရေနံစိမ်းတန်ချိန်ပေါင်း ၁၀၄၀၀၀ ကိုတင်ပို့ခဲ့ပြီး ဇန်နဝါရီလမှာ ရေနံစိမ်းတန်ချိန် ၃၈၁၂၁၄ ကိုတင်ပို့ခဲ့ပြီး အရင်နှစ် အဲဒီလကထက် ထက်ဝက်လောက်နီးပါးလျော့ကျသွားခဲ့ပါတယ်။

အမေရိကန်ရဲ့အရေးယူပိတ်ဆို့မှုတွေကို ချိုးဖောက်တာအလျှင်းမရှိဘဲ တူရကီဟာ အီရန်ဆီကရေနံတွေကို ဆက်လက်ဝယ်ယူသွားဦးမှာဖြစ်တယ်လို့ တူရကီသမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ အီဘရာဟင် ကာလင်က ပိတ်ဆို့မှုလွတ်ငြိမ်းပေးတဲ့ အချိန်ကာလကိုတိုးပေးဖို့ ရည်ရွယ်တဲ့အမေရိကန်နဲ့တွေ့ဆုံမှုပြုလုပ်ပြီး ရက်အနည်းငယ်အကြာမှာပြောခဲ့တာ ဖြစ်ပါတယ်။ အီရန်စွမ်းအင်ဝန်ကြီး ဘီဂျန်ဇန်ဂီနက်ကတော့ အီရန်နိုင်ငံအပေါ် အမေရိကန်က ပိတ်ဆို့မှုတွေ ချမှတ်လိုက်ချိန်ကစပြီး တူရကီကလွဲလို့ ဥရောပနိုင်ငံတွေအားလုံးဟာ အီရန်ကနေ ရေနံတွေဝယ်ယူမှု မရှိကြတော့ဘူးလို့ ပြောကြားခဲ့ပါတယ်။ ။

ကိုးကား-ဆင်ဟွာ

နိုင်ငံတကာသတင်းတိုတွာ

နီပေါနိုင်ငံတွင် အလုပ်သမားအင်အားစု တစ်သန်းခန့်မှာ အလုပ်လက်မဲ့များဖြစ်

ခတ္တမန္ဒူ ဧပြီ ၂၇

နီပေါနိုင်ငံတွင် အလုပ်သမားအင်အားစု တစ်သန်းခန့်မှာ အလုပ်လက်မဲ့များဖြစ်ကြကြောင်း သောကြာနေ့တွင် ထုတ်ပြန်သည့် နီပေါအစိုးရ၏ ထုတ်ပြန်ချက်များအရ သိရသည်။ နီပေါစာရင်းအချက်အလက်ဗျူရိုမှ ထုတ်ပြန်သည့် ၂၀၁၇ ခုနှစ်မှ ၂၀၁၈ ခုနှစ်ကြား နီပေါအလုပ်သမား လေ့လာဆန်းစစ်မှုအရ အလုပ်သမားအင်အားစု၏ ၇ ဒသမ ၉၉ သန်းတွင် ၉၀၈၀၀၀ ခန့်မှာ အလုပ်လက်မဲ့များဖြစ်ကြောင်း သိရသည်။

စုစုပေါင်းလုပ်သားအင်အားစုနှင့် နှိုင်းယှဉ်လျှင် အလုပ်လက်မဲ့ပမာဏမှာ ၁၁ ဒသမ ၄ ရာခိုင်နှုန်းကို ဖော်ပြလျက်ရှိကြောင်း သိရသည်။ အသက် ၁၅ နှစ်နှင့်အထက် လုပ်သားအင်အားစုမှာ ၂၀ ဒသမ ၇သန်းဟု ဖော်ပြထားပြီး လေ့လာမှုများအရ ၇ ဒသမ ၉၉ သန်းမှာ အလုပ်လုပ်ကိုင်နေခြင်း သို့မဟုတ် အလုပ်ရှာဖွေနေခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ

အမေရိကန်ဦးဆောင်သည့် လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သား ၁၆၀၀ ခန့် သေဆုံး

အလက်ပို ဧပြီ ၂၇

ဆီးရီးယားနိုင်ငံ ရက်ကွာမြို့တွင် အိုင်အက်စ်စစ်သွေးကြွများကို လွန်ခဲ့သောနှစ်နှစ်ခန့်က တိုက်ခိုက်ရာတွင် အရပ်သားပေါင်း ၁၆၀၀ ခန့် သေဆုံးခဲ့ရကြောင်း အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးအုပ်စုက ပြောသည်။ ရက်ကွာမြို့ကို တိုက်ခိုက်စဉ်အတွင်း အမေရိကန်၊ ပြင်သစ်၊ ဗြိတိန်တို့မှ လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့မှုကြောင့် အရပ်သားပေါင်း ၁၆၀၀ ခန့် အသက်ဆုံးရှုံးခဲ့ရကြောင်း အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်ထုတ်ပြန်သော ပူးပေါင်းစုံစမ်းရေး စာရင်းအချက်အလက်များအရ သိရသည်။

ရက်ကွာမြို့သည် အိုင်အက်စ်စစ်သွေးကြွတို့၏ မြို့တော်ဟု တစ်ချိန်ကသတ်မှတ်ခံရသည့်မြို့လည်း ဖြစ်သည်။ ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် တိုက်ခိုက်မှုများဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ မဟာမိတ်အဖွဲ့ကမူ ၎င်းတို့ကြောင့် သေဆုံးရသူအရေအတွက်မှာ အရပ်သား ၁၅၉ ဦးဟု ဝန်ခံထားကြောင်း အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာရေးအဖွဲ့က ပြောသည်။ ဂြိုဟ်တုမှပုံရိပ်များ၊ လူမှုကွန်ရက်မှ အချက်အလက်များနှင့် လေကြောင်းတိုက်ခိုက်ခံရသည့်ဒေသမှ အချက်အလက်များကို ကိုးကားကာ ယခုလို စုံစမ်းမှုပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ပြောသည်။ သုတေသနပညာရှင်များသည် မျက်မြင်သက်သေများနှင့် အသက်ရှင်ကျန်ရစ်သူများကို မေးမြန်းစုံစမ်းခဲ့ကြောင်းလည်း သိရသည်။

အင်န်အိတ်ချ်ကေ

ဟားခါးမြို့ လူထုအခြေပြုဗဟိုဌာနနှင့် ရွှေလျားစာကြည့်တိုက်ဖွင့်ပွဲ မြင်ကွင်း

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တာဝန်ရှိသူများ လူထုအခြေပြုဗဟိုဌာနအား ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။ သတင်းစဉ်

- ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများနှင့် စာကြည့်တိုက်များကို ကလေးစာဖတ်ခန်း၊ ပြတိုက်ငယ်၊ ဘက်စုံသုံးခန်းမများဖြင့် ဖွဲ့စည်းဆောင်ရွက်မှုအပြင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့်ပူးပေါင်းပြီး ကွန်ပျူတာသင်တန်းခန်းမ၊ ရွှေလျားစာကြည့်တိုက်လုပ်ငန်းများဖြည့်စွက်၍ လူထုအခြေပြုဗဟိုဌာနများအဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်လျက်ရှိ
- ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းကို ၂၀၁၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ဟိုတယ်နှင့် ချက်နည်းပြုတ်နည်းသင်တန်းကျောင်း **(Hospitality and Cateriy Traing Academy)**နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများဖြစ်သော လမ်းဖောက်ခြင်း၊ တံတားဆောက်ခြင်း၊ လူနေအိမ်၊ ဆရာဆောင်နှင့် စာသင်ကျောင်းများဆောက်လုပ်ခြင်း၊ ဆိုလာမီး၊ လျှပ်စစ်မီးရရှိရေး ကူညီပေးခြင်း၊ ရေတွင်းရေကန်များတူးဖော်ခြင်း၊ သဘာဝဘေးဒဏ်ခံစားရသော ပြည်သူများကိုကူညီခြင်း စသည့်လုပ်ငန်းဆောင်ရွက်မှုအပြင် ရွှေလျားစာကြည့်တိုက်လုပ်ငန်း ၁၅ ခု ဆောင်ရွက်လျက်ရှိ

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဟားခါးခရိုင်ရုံး လူထုအခြေပြုဗဟိုဌာနရှိ ကလေးစာဖတ်ခန်းတွင် ကလေးငယ်များအား အရုပ်လက်ဆောင်ပေးနေစဉ်။ (အပေါ်ပုံ)

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဟားခါးခရိုင်ရုံး လူထုအခြေပြုဗဟိုဌာနရှိ ကွန်ပျူတာသင်တန်းခန်းမအတွင်း လှည့်လည်ကြည့်ရှုစဉ်။ (ယာပုံ)

သတင်းစဉ်

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဟားခါးခရိုင်ရုံး လူထုအခြေပြုဗဟိုဌာနရှိ ကလေးစာဖတ်ခန်းအတွင်း၌ ကလေးငယ်များ စိတ်ပါဝင်စားစွာ ဆေးရောင်ခြယ်နေကြစဉ်။

သတင်းစဉ်

တွံတေးမြို့နယ်မှ မြေထိန်းနံရံနှင့် လမ်းလုပ်ငန်းအား စစ်ဆေး

တွံတေး ဧပြီ ၂၇

ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ခွင့်ပြုငွေဖြင့် တွံတေးမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော ကရင်ချောင်း မြေထိန်းနံရံလုပ်ငန်းနှင့် မယ်ပြေကျွန်းပတ်လမ်း မြေသားလမ်းခင်းခြင်းလုပ်ငန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေနိုင်ဦး၊ ရန်ကုန်တောင်ပိုင်းခရိုင် ကျေးလက်လမ်း ဦးစီးဌာနဦးစီးမှူး ဦးကျော်ဇေယျာလင်းနှင့် မြို့နယ်ဦးစီးမှူး ဒေါ်စောမြတ်နွယ်တို့ ဧပြီ ၂၅ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ရာ လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နေသော Global Right ကုမ္ပဏီလီမိတက်မှ တာဝန်ခံအင်ဂျင်နီယာက လိုက်လံရှင်းလင်းပြသခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

ခွေးရူးရောဂါကာကွယ်ဆေး အလုံး ၃၀၀ အခမဲ့ထိုးနှံသွားမည်

ကျုံပျော် ဧပြီ ၂၇

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ဦးဆောင်၍ ခွေးရူးရောဂါကြောင့် အသက်ဆုံးရှုံးမှုမရှိစေရန် ခွေးရူးရောဂါကာကွယ်ဆေးများ အခမဲ့ထိုးနှံခြင်းကို မေ ၁ ရက်မှ စတင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဆွေမှုဟန်က "ဒီရောဂါက သတ္တဝါတွေအားလုံးမှာ ဖြစ်တတ်ပါတယ်၊ ဒါကြောင့် ကိုယ့်ရဲ့အိမ်မွေးတိရစ္ဆာန်လေးတွေကို ချစ်ရင် ရောဂါကာကွယ်ဆေးကို ထိုးထားသင့်ပါတယ်။ ဒီလိုထိုးထားတဲ့ တိရစ္ဆာန် အကိုက်ခံရတဲ့လူတွေမှာလည်း ရောဂါကူးစက်နိုင်မှုမရှိတဲ့အတွက် လူတွေရဲ့အသက်ကို ကာကွယ်ရာလည်း ရောက်ပါတယ်။ နောက်ပြီး ဒီရောဂါက သွေးကသွားတဲ့ ရောဂါမဟုတ်ဘဲ အာရုံကြောက သွားတဲ့ရောဂါဖြစ်တဲ့အတွက် အကိုက်ခံရတဲ့နေရာက ဦးနှောက်နဲ့ဝေးရင် လက္ခဏာပြတာနှေးပြီး ဦးနှောက်နဲ့နီးရင် လက္ခဏာပြတာမြန်ပါတယ်။ ဒါကြောင့် ခွေးရူးအကိုက်ခံရရင် ၁၄ ရက်၊ ၁၅ ရက်မှာ ရောဂါစပြတာရှိသလို နှစ်နဲ့ချီပြီးမှ ပြတတ်တာတွေလည်းရှိပါတယ်" ဟု ပြောသည်။

အဆိုပါ ကာကွယ်ဆေးများကို အောင်ဆန်းရပ်ကွက်နှင့် ပင်လုံရပ်ကွက်အတွက် ဆေးအလုံးရေ ၂၀၀၊ တေဇရပ်ကွက်နှင့် ပင်လုံရပ်ကွက်အတွက် ဆေးအလုံးရေ ၁၀၀ စုစုပေါင်းဆေးအလုံး ၃၀၀ အခမဲ့ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နေဝင်းမြင့် (ပြန်/ဆက်)

မကျီးပင်တပ်ကျေးရွာ၌ ရေသန့်စင်သည့် ယာဉ်ဖြင့် ကန်ရေများကို သန့်စင်ပြီး ဖြန့်ဝေပေးနေစဉ်။

ရေသန့်စင်သည့်ယာဉ်ဖြင့် ကန်ရေများကိုသန့်စင်ပြီး ပြည်သူများထံ သောက်သုံးရေဖြန့်ဝေပေး

ချောက်

မကွေးတိုင်းဒေသကြီးအတွင်း သောက်သုံးရေပြတ်လပ်သော ကျေးရွာများသို့ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် ရွေ့လျားရေသန့်စင်ယာဉ်ဖြင့် ရေများကို သန့်စင်ပြီး ဖြန့်ဝေပေးလျက်ရှိရာ ချောက်မြို့နယ် မကျီးပင်တပ်ကျေးရွာနေပြည်သူများ သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် အဆိုပါရွာနှင့် လေးဖာလုံခန့်အကွာရှိ မြင်းသောက်ကန်မှ ရေများကို သန့်စင်၍ ဧပြီ ၂၄ ရက်က သောက်သုံးရေ ဂါလန် ၁၅၀၀ ကိုလည်းကောင်း၊ ဧပြီ ၂၅ ရက်က နတ်မောက်မြို့နယ် သမှုန်းပင်ကျေးရွာသို့ ရေဂါလန် ၁၅၀၀ ကိုလည်းကောင်း ဖြန့်ဝေပေးသည်။

မကျီးပင်တပ်ကျေးရွာ၌ သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်း တူးဖော်ခဲ့သော်လည်း မြေအောက်ရေအောင်းလွှာ မတွေ့ရှိရသဖြင့် ရေမရရှိခဲ့ကြောင်း၊ လတ်တလောတွင် ချောက်မြို့နယ်အတွင်း အပူချိန်များ စံချိန်တင်မြင့်တက်နေမှုကြောင့် မကျီးပင်တပ်ကျေးရွာရှိ အိမ်ခြေ ၅၂ အိမ်မှ လူဦးရေ ၅၀၀ ကျော်အတွက် ရေလိုအပ်ချက်ရှိနေသဖြင့် သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် ယခုလို ရေသန့်စင်ပြီး ဖြန့်ဝေပေးခြင်းဖြစ်ကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဒေါ်မေသက်နိုင်က ပြောသည်။

မကျီးပင်တပ်ကျေးရွာ၌ ရေရှည်သောက်သုံးရေလုံလောက်စွာရရှိစေရန်အတွက် ကျေးရွာနှင့် လေးဖာလုံခန့်အကွာရှိ မြင်းသောက်ကန်မှရေကို ကျေးရွာသို့ သွယ်ယူပြီး ရွာထဲတွင် ရေစင်မြင့်တည်ဆောက်ကာ ထိုရေစင်မှတစ်ဆင့် အိမ်တိုင်ရာရောက်ရေရရှိရေးဆောင်ရွက်ပေးရန် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက စီစဉ်လျက်ရှိကြောင်းလည်း ဦးစီးမှူးထံမှ သိရသည်။

သန်းလွင်(မကွေး)

ပင်းတယ

ရှမ်းပြည်နယ်တောင်ပိုင်း ပင်းတယမြို့နယ်မှ သောက်ရေရှားပါးနေသော ချုပ်ချက်ကျေးရွာရှိ ပြည်သူများအတွက် သောက်ရေသန့်များကို အဆိုပါရွာရှိ သုံးရေကန်မှတစ်ဆင့် ရေသန့်စင်သည့်ယာဉ်ဖြင့် သန့်စင်ပေး၍ ကျေးရွာနေပြည်သူများထံသို့ ဧပြီ ၂၅ ရက်က ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ချုပ်ချက်ကျေးရွာရှိ အိမ်ခြေ ၁၈၀ မှ လူဦးရေ ၈၀၀ ကျော်အတွက် သောက်ရေသန့်များရရှိရန် သုံးရေကန်အတွင်းမှ ရေများကို ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် ရေသန့်စင်စက်ပါသည့်ယာဉ်ဖြင့် သန့်စင်ပေး၍ တစ်နာရီလျှင် သောက်သုံးရေသန့် ဂါလန် ၅၀၀နှုန်း ထွက်ရှိကာ ထိုရေသန့်များကို ပြည်သူများထံ ဖြန့်ဝေပေးခြင်းဖြစ်သည်။ ရေသန့်စင်ယာဉ်ဖြင့် ရေသန့်များဖြန့်ဝေပေးမှုကို တောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးရန်မျိုးနိုင်နှင့် မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်တို့က ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။

ခင်မျိုးနွယ်(ပြန်/ဆက်)

သဘာဝဘေးများကြောင့် ပျက်စီးခဲ့သော သီးနှံများအတွက် ထောက်ပံ့

မြင်းမူ ဧပြီ ၂၇

၂၀၁၈ ခုနှစ်အတွင်း သဘာဝဘေးဒဏ်များကြောင့် ပျက်စီးဆုံးရှုံးခဲ့သော သီးနှံများ အတွက် ထောက်ပံ့ငွေများ ပေးအပ်ပွဲကို ယမန်နေ့က စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပြည်သစ်ခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစံသက်ထွန်းက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပျက်စီးဆုံးရှုံးမှုများအတွက် ရရှိသော ထောက်ပံ့ငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် ပြန်လည်အစားထိုးသုံးစွဲရေးနှင့် လိုအပ်သောစိုက်ပျိုးရေးနည်းပညာများအား ဌာနမှ ပံ့ပိုးကူညီပေးနိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ထောက်ပံ့ငွေများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်အောင်လွင်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ပေးအပ်ခဲ့ကြသည်။

ယခုထောက်ပံ့ငွေများပေးအပ်ရာတွင် မြင်းမူမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ကိုးအုပ်စုမှ ဒေသခံတောင်သူ ၄၅၇ ဦးတို့၏ ပျက်စီးခဲ့သော သီးနှံမျိုးစုံ ၅၉၁ ဧကအတွက် ငွေကျပ် ၈၁၀၀၀၀၀ ဖြစ်ပြီး နှစ်ပေါ်ပဲ၊ မိုးကြိုပဲတီစိမ်း၊ မိုးပဲတီစိမ်းနှင့် မိုးနှမ်းတစ်ဧကလျှင် ငွေကျပ် ၂၅၀၀၀၊ မိုးကြိုပဲတီစိမ်း၊ မိုးပဲတီစိမ်းနှင့် မိုးနှမ်းတစ်ဧကလျှင် ငွေကျပ် ၅၀၀၀ နှုန်းထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အောင်စိုးဇေ(မြင်းမူ)

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့၏ ကျက်သရေဆောင် မြကန်သာ ရေကန်နှင့် အနီးပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် ဧပြီ ၂၇ ရက် နံနက်က ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များက ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်း၊ မြက်ရှင်းခြင်းနှင့် ရေကန်အတွင်း မှော်ဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

(သန့်ရှင်းရေးဆောင်ရွက်သည့် နေရာသို့ ခရိုင်စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဇော်လတ်နှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။)

လွိုင်လင်မိုး(ပြန်/ဆက်)

ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၇-၄-၂၀၁၉

ရွှေ

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၃၉၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၇၈၄၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၃၉၅၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၇၈၄၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)	လက်လီဈေး(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၉၇၅/၁၀၁၀ ကျပ်	၁၀၂၀/၁၀၃၅ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၉၈၅/၁၀၂၀ ကျပ်	၁၀၃၅/၁၀၅၀ ကျပ်
အောက်တိန်း ၉၂	၈၄၀/၉၀၀ ကျပ်	၉၁၅/၉၄၀ ကျပ်
အောက်တိန်း ၉၅	၉၁၀/၉၆၅ ကျပ်	၉၉၅/၁၀၁၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၁၅၃၂ · ၄
ဥရောပ	တစ်ယူရို	ကျပ် ၁၇၁၉ · ၀
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၁၁၂၈ · ၀
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ် ၁၉၈၂ · ၀
ဂျပန်	၁၀၀ ယန်း	ကျပ် ၁၃၇၀ · ၂
ဩစတြေးလျ	တစ်ဒေါ်လာ	ကျပ် ၁၀၇၉ · ၉
တရုတ်	တစ်ယွမ်	ကျပ် ၂၂၈ · ၁၆
အိန္ဒိယ	တစ်ရူပီး	ကျပ် ၂၁ · ၉၃၂
ကိုရီးယား	၁၀၀ ဝမ်	ကျပ် ၁၃၃ · ၂၅
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၃၇၁ · ၀၀
ထိုင်း	တစ်ဘတ်	ကျပ် ၄၇ · ၉၂၅

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	စိုးစိုးနိုင်
သတင်းထောက်ချုပ်	-	မြင့်ဆွေ
စာတည်းများ	-	ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ	-	ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ	-	တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm


HTOO

ကလေး အတွေး

CARTOON:
END







အပူဒဏ်အန္တရာယ် သိမှတ်ဖွယ်ရာအဖြာဖြာ (အပိုင်း-၄)

ပါမောက္ခ ခင်မောင်ဝင်း(အသည်း)

အပူဒဏ်ကြောင့်ရတဲ့ ရောဂါတွေ

မိတ်ပေါက်တာ(Prickly Heat)

အပူကြောင့် ပထမဆုံးဖြစ်လာတာကတော့ မိတ်ပေါက်တာပါပဲ။ မိတ်ပေါက်တယ်ဆိုတာက ချွေးတွေ သိပ်ထွက်လွန်းပြီး ချွေးပေါက်လေးတွေ ပိတ်သွားလို့ နီနီရဲရဲ အဖုလေးတွေ တစ်ကိုယ်လုံး အရေပြားတွေပေါ်မှာ ပေါ်လာတာပေ့ါ။ အညာမှာတော့ အမြဲပုံမှန်လူတကာမှာ တွေ့နေကျပေ့ါ။ Aircon နဲ့နေတဲ့ လူတန်းစားမှာတော့ မိတ်ဆိုတာ ဘယ်တော့မှ မပေါက်ပါဘူး။

ကြွက်တက်တာ (Heat Cramps)

ပူပြင်းတဲ့နွေရာသီမှာ အားကစားတွေ တအားလုပ်၊ နေပူထဲမှာ အလုပ်တွေ အများကြီးလုပ်တယ်ဆိုရင် ချွေးတွေ တအားထွက်ကာ ချွေးထဲမှာ ဆိုဒီယမ်ဓာတ်တွေ ပါကုန်ပြီး ခန္ဓာကိုယ်ထဲက ဆိုဒီယမ်ဓာတ်တွေ ချို့ယွင်းကုန်မှာပါ။ အဲဒီအခါမှာ ခြေသလုံး၊ ပေါင်၊ လက်က ကြွက်သားတွေ ကြွက်တက်တာပါ။ ဘောလုံးပွဲမှာ ချွေးတွေ တအားထွက်ပြီး ခြေသလုံးကြွက်တက်နေတဲ့ ဘောလုံးသမားတွေကို ပေါင်၊ ခြေသလုံးတွေဆန့်ပြီး အကြောဖြေနေတာတွေ့ဖူးပါလိမ့်မယ်။ အဲဒီလိုဖြစ်တာဟာ ချွေးတွေထဲမှာ ဆိုဒီယမ်တွေပါသွားပြီး ခန္ဓာကိုယ်ထဲမှာ ဆိုဒီယမ်ဓာတ် လျော့လို့ပါ။

သတိပြု မှတ်သားစရာ

ဒီနေရာမှာ အရေးကြီးတဲ့ မှတ်သားစရာတစ်ခု ပြောချင်တာကတော့ အပူဒဏ်ကြောင့် ချွေးတွေတအားထွက်နေရင် ရေတွေ များများသောက်ပါလို့ ပြောကြပါတယ်။ အဲဒီလိုပြောလို့ ရေတွေကို တစ်လီတာ၊ နှစ်လီတာ အားရပါးရသောက်ကြတယ် ဆိုပါစို့။ ရာသီဥတုကလည်းပူလောင်၊ ချွေးတွေက ထွက်တော့ ရေအေးအေးဆိုတော့ သောက်လို့ ကောင်းပြီး ကုန်မှန်းမသိကုန်က တစ်ဘူးပြီးတစ်ဘူး အများကြီးသောက်မိရင် ဒုက္ခရောက်နိုင်ပါတယ်။ အဲဒီလို ရေတွေကိုပဲ အများကြီးသောက်လိုက်ရင် သွေးထဲမှာ ရေတွေများပြီး ဆိုဒီယမ်ဓာတ်ကျသွားပြီး ကြွက်တက်တာပါ။ ကြွက်တက်တာအပြင် ဒီထက်ဆိုးရွားတဲ့ အပူဒဏ်ရောဂါ အကျိုးဆက်တွေ ဖြစ်နိုင်ပါတယ်။ ဒါကြောင့် ရေတစ်မျိုးတည်း သောက်လို့မရပါဘူး။ ရေနဲ့အတူ ဆားဓာတ်လည်း ပါရမှာပါ။ ရှေ့မှာ ပြောထားခဲ့သလို ချွေးတွေတအား ထွက်တယ်ဆိုရင် ရေတစ်လီတာထဲကို ဆားလက်ဖက်စားဇွန်း တစ်ဇွန်းထည့်ပြီး ဖျော်သောက်ပါ။ **ရေနဲ့အတူ ဆားပါရမှာပါ။**

ကျွန်တော်ကတော့ အများပြည်သူ အခြေခံလူတန်းစား အထိ အလွယ်တကူ လိုက်နာဆောင်ရွက်နိုင်အောင်လို့ဆိုပြီး စဉ်းစားပြီး ကျွန်တော့်ဆောင်းပါးအပိုင်း(၂)မှာ ရေသန့် တစ်လီတာထဲကို ဆားလက်ဖက်စားဇွန်း တစ်ဇွန်း ထည့်ပါလို့ ရေးခဲ့ပါတယ်။ မနေ့ကကျွန်တော့်ဆေးခန်းကို လာပြတဲ့ ပြည်မြို့နားက ရွာတစ်ရွာက အမျိုးသမီးလူနာတစ်ယောက်က ဆရာ့ရဲ့အပူဒဏ်ဆောင်းပါး ဖတ်ပြီးပြီ။ ဆရာက ရေသန့်ဘူးတစ်လီတာလို့ ပြောတယ်။ ကျွန်မတို့က ရွာမှာ ရေသန့်ဘူး မသောက်နိုင်ဘူး။ မြစ်ရေပဲ သောက်ကြတာလို့ ပြောသွားပါတယ်။ အဲဒီတော့မှ ကျွန်တော်မှားမှန်း သိပါတယ်။ မိမိတို့ အိမ်မှာသောက်နေကျရေကို ရေသန့်ဘူးကြီး (တစ်လီတာလို့ ပြောရင်လည်း ရွာကလူနာက နားမလည် ရုပ်ထွေးနိုင်ပါတယ်။) အခွံတစ်ခုထဲကို ထည့်ပြီးတော့ ဆားလက်ဖက်စားဇွန်း တစ်ဇွန်းထည့်လို့ ပြောရမှာပါ။ ဒါမှ ပြည်သူ့ဘဝလက်တွေ့ကျပြီး ပြည်သူတွေနဲ့ တစ်သားတည်းဖြစ်ကာ ပြည်သူတွေနားလည်နိုင်မှာပေ့ါ။

နောက်တစ်ခု ရှေ့မှာ ကျွန်တော်ပြောခဲ့တဲ့ အချက်တစ်ချက်ကို ပြောချင်ပါသေးတယ်။ နေပူထဲမှာ ဒါမှမဟုတ် အလွန်ပူတဲ့ ပတ်ဝန်းကျင်မှာ နေ့စဉ်ကျင်လည် လုပ်ကိုင်နေသူတွေဟာ အပူဒဏ်ကို ကျင့်သားရပြီးသား acclimatized ဖြစ်နေတဲ့ သူတွေပါ။ ပြောပြီးသား ပြန်ပြောရဦးမယ်ဆိုရင် သူတို့က ချွေးတွေ တအားထွက်မယ်။ အဲဒီတော့ ချွေးကနေ အပူစွန့်ထုတ် (Latent heat of evaporation)တဲ့ စနစ်ဟာ သာမန်လူတွေထက် ပိုကောင်းပါတယ်။ သူတို့ရဲ့ချွေးထဲမှာ ပါတဲ့ ဆိုဒီယမ်ဓာတ်ကလည်း အပူဒဏ်ကျင့်သားမရတဲ့လူတွေရဲ့ချွေးထဲက ဆိုဒီယမ်ထက်ပိုနည်းတယ်။ သွေးထဲမှာလည်း ဆိုဒီယမ်ဓာတ်တွေ များအောင် အယ်လဒိုစတာဂုံး ဟော်မုန်းတွေ ပိုထွက်ထားတယ်။ ခြုံပြီး ပြောရရင် ဒီလူတွေဟာ အပူဒဏ်ကို ခံနိုင်ရည်ကျင့်သားရှိတဲ့သူတွေပါ။ ဒီအချက်ကို နားလည်ရမှာပါ။ ဒီလိုလူတွေကို ပညာပေးမယ်ဆိုရင် ဂရုစိုက်ရမှာပါ။ ဥပမာ ပြောရမယ်ဆိုရင် ဆိုက်ကားနင်းတဲ့သူကို နေသိပ်ပူရင် နားပြီး အရိပ်ထဲနေပါလို့ ပြောလို့ရှိရင် 'ကျွန်တော် ဒီအလုပ်လေးလုပ်မှ မိသားစုစားဖို့ ဝင်ငွေလေးရမှာဗျ' လို့ ပြန်ပြောပါလိမ့်မယ်။ သူတို့ကို သတိပေး၊ ပညာပေးမယ်ဆိုရင်တော့ 'ခင်ဗျားအနေနဲ့ ပူလို့ဆိုပြီး နားလို့မရဘူး။ အလုပ်ကလုပ်နေရမယ်ဆိုတာ ကျွန်တော်တို့ သိပါတယ်။ ဒါပေမယ့် ဒီနှစ်က ခါတိုင်းနှစ်ထက် ပိုပူတယ်။ အဲဒီတော့ အပူဒဏ်အန္တရာယ်တွေ မရအောင် ရေသန့်ဘူးကြီး အခွံတစ်ခုထဲကို ခင်ဗျားအိမ်က သောက်ရေကိုထည့်၊ ဆားလက်ဖက်စားဇွန်း တစ်ဇွန်း ထည့်ပြီးဖျော် မပြတ်အောင်သောက်ဗျာ။ ရေငတ်မှ သောက်မယ်ဆိုရင် ခင်ဗျားနောက်ကျနေပြီး ရေမငတ်ခင်ကို မကြာမကြာ သောက်ပေးရမှာဗျ။ ဒါမှ အပူအန္တရာယ်ကာကွယ်နိုင်မှာပါ' လို့ ပြောရမှာပါ။

ကျွန်တော်တွေးမိတာကတော့ ပြည်သူတွေရဲ့ လက်တွေ့အခြေအနေနဲ့ ကိုက်ညီတဲ့ ပြည်သူတွေ လက်ခံနိုင်မယ့် ကျန်းမာရေးပညာပေးစနစ်ကို ကျင့်သုံးဖို့လိုတယ် ဆိုတာပါ။

အပူဒဏ်ကြောင့် ခေတ္တ သတိလစ်သွားတတ်ခြင်း (Heat Syncope)

သိပ်ပူတဲ့အခါမှာ ခြေလက်တွေမှာရှိတဲ့ သွေးကြောတွေ ကျယ်ပြီး ဦးနှောက်ကို သွားတဲ့ သွေးစီးနှုန်းဟာ လျော့သွားတယ်။ အဲဒီအခါမှာ တစ်ခါတလေ ရုတ်တရက် မျက်စိပြာပြီး သတိလစ်သွားတတ်ပါတယ်။ အဲဒါကို ဆင်ကပီ (Syncope) လို့ ခေါ်ပါတယ်။ အဲဒီလိုဖြစ်တာကို ကာကွယ်ဖို့ကတော့ ဆားနဲ့ရေကို လုံလောက်အောင် သောက်သုံးဖို့ပါပဲ။ သိပ်ဆိုးလာရင်တော့ အငန်ရည်ပုလင်းကို အကြောဆေးသွင်းကုလိုက်ပါ။

အပူဒဏ်ကြောင့် အားပြတ်သွားခြင်း (Heat exhaustion)

အပူဒဏ်အခြေအနေထဲမှာ မတန်တဆလှုပ်ရှားမှုတွေ အကြာကြီး ပြုလုပ်ပြီး ဆားနဲ့ ရေလုံလောက်အောင် မသောက်တဲ့အခါမှာ အပူဒဏ်ကြောင့် ခြေပစ်လက်ပစ်ဖြစ်ပြီး အားပြတ်သွားတာကို ဟိအိတ်စ်ဆောရှင်း (heat exhaustion) လို့ ခေါ်ပါတယ်။

ပြောရမယ်ဆိုရင်တော့ အပူဒဏ်ကြောင့် ကြွက်တက်တာရယ်၊ သတိလစ်တာရယ်၊ အားပြတ်သွားတာရယ် ဆိုတာတွေဟာ ဆားနဲ့ရေဓာတ် ဘယ်လောက်ချို့တဲ့မှု နည်းတဲ့ အဆင့်ဆင့်ရောဂါလက္ခဏာတွေပါပဲ။ အခြေခံကတော့ ဆားနဲ့ရေ လုံလောက်မှုမရှိတာပါပဲ။

အပူဒဏ်အားပြတ်တာကတော့ အဆိုးဆုံးအခြေအနေပေ့ါ။ အဲဒီလူနာတွေမှာ ကိုယ်တွင်းက ကိုး(core) အပူချိန်ဟာ ၃၈ ဒသမ ၅ ဒီဂရီနဲ့ ၄၀ ဒီဂရီစင်တီဂရိတ်ကြားမှာ ရှိနိုင်ပါတယ်။

အဲဒီလိုအခြေအနေမျိုးမှာ လူနာကို အရိပ်ရ၊ အအေးရနေရာကို ပို့။ ပါးစပ်က ဆားရည်တိုက်ချင်တိုက်၊ သိပ်ဆိုးလာရင် အငန်ရည်အကြောဆေးတွေ သွင်းကုပေ့ါ။ ကုရတာလွယ်ပါတယ်။

အဲဒီလိုအခြေအနေမျိုးမှာ စနစ်တကျမကုဘူးဆိုရင် အပူလျှပ် (Heat Stroke) အဆင့်ကို ရောက်သွားနိုင်ပါတယ်။

ဘယ်လိုကုရမှာလဲဆိုတော့ လူနာကို ပထမဆုံး အဝတ်တွေ ချွတ်ပစ်လိုက်၊ ပြီးတော့ ရေခပ်နွေးနွေးလေး (tepid water) နဲ့ဖျန်း၊ အဲဒီလိုရေခပ်နွေးနွေးလေးနဲ့ ဖျန်းလိုက်မှ သွေးကြောလေးတွေ ကျယ်လာပြီး ချွေးလေး ပြန်စိုလာမှာပေ့ါ။ ပြီးတော့မှ တစ်ကိုယ်လုံးမှာရှိတဲ့ အဲဒီရေစက်လေးတွေ အငွေ့ပျံသွားပြီး ငွေ့ပျံအောင်းပူစနစ်နဲ့ အပူတွေ ထွက်သွားအောင် လေအေးနဲ့ မှုတ်ပေးပေ့ါ။ ကျွန်တော့်ရဲ့ကိုယ်တွေ့အတွေ့အကြုံတွေအရဆိုရင် အဲဒီလိုရေငွေ့ပျံအပူထုတ်နည်းဟာ အပူလျှပ်အဆင့် မရောက်အောင် ကာကွယ်ဖို့ တော်တော်ကို ထိရောက်ပါတယ်။ ၂၀၁၈ခုနှစ်ထုတ် Davidson ဆေးပညာစာအုပ်ထဲမှာလည်း အဲဒီလို အဝတ်ချွတ်၊ ရေဖျန်း၊ ပန်ကာမှုတ်ဆိုတာကို အင်္ဂလိပ်လို (strip -spray-fan) လို့ အလွယ်တကူ မှတ်မိအောင် ရေးသားထားပါတယ်။

ဒီအဆင့်မှာ အကြောဆေးသွင်းပြီး ဆားနဲ့ရေကို ဖြည့်ရတာဟာ လိုအပ်ချက်ပေါ်မူတည်ပြီး အများကြီး ပေးရပါတယ်။ အပူလျှပ်(heat stroke)အဆင့် ရောက်မသွားအောင် အားသွန် ခွန်စိုက် ကုရမှာပါ။ အပူလျှပ်သွားရင်တော့ တစ်ကိုယ်လုံးမှာရှိတဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းတွေ ထိခိုက်ပြီး ရှုပ်ထွေးကုန်ပြီပေ့ါ။

အပူလျှပ် (heat stroke)

အင်္ဂလိပ် ဟိစထရုတ် (heat stroke)ကို မြန်မာပြန်ပြီး မျိုးစုံခေါ်ကြပါတယ်။ ကျွန်တော်ကတော့ အထက်မြန်မာပြည်မှာရော အောက်မြန်မာပြည်မှာပါ ပြည်သူတွေကြားထဲမှာ အရိုးစွဲ အလွယ်တကူခေါ်ကြတဲ့ အပူလျှပ်တယ်ဆိုတဲ့စကားလုံးကိုပဲ သုံးချင်ပါတယ်။ "ဟဲ့၊ ဟိုလူကြီး ရုတ်တရက်ဆုံးသွားတယ် နော်၊ ဘာဖြစ်တာပါလိမ့်" ၊ "သူလေ တစ်နေကုန် ဈေးထဲလျှောက်ပြီး ကုန်တွေဝယ်၊ ညနေ ရေချိုးလိုက်တော့ အပူလျှပ်သွားတာပေ့ါ" လို့ပြောလိုက်ရင် လူတိုင်းနားလည်တဲ့ စကားလုံးမို့လို့ အပူလျှပ်တယ်ဆိုတာကိုပဲ သုံးပြီး ကျွန်တော်မပြင်ချင်တော့ပါဘူး။

အပူလျှပ်တယ်ဆိုတာ အပူဒဏ်ကြောင့် ရတဲ့ ရောဂါတွေရဲ့ နောက်ဆုံးအဆင့်ပေ့ါ။ ဒီအခြေအနေရဲ့ ထူးခြားချက်ကတော့ ကိုယ်ခန္ဓာအတွင်းက ကိုး (core) အပူချိန်ဟာ ၄၀ ဒီဂရီ စင်တီဂရိတ်ကို ကျော်သွားတာပါ။ အသက်အန္တရာယ်ရှိပါတယ်။ သေနိုင်ပါတယ်။

အပူဒဏ်ကြောင့် အားပြတ်ပင်ပန်းနွမ်းနယ်နေတဲ့ heat exhaustion အဆင့်ကနေ ရောဂါလက္ခဏာတွေက တစ်ဆင့်တက်ပြီး ခေါင်းကိုက်၊ ပျို့အန်၊ ကြွက်သားတွေ တဆတ်ဆတ်တုန်၊ စိတ်တွေ ကယောက်ကယက်ဖြစ်မယ်။ ရုန်းကန်မယ်။ နောက်တော့ သတိလစ်သွားမယ်။ သေမယ်။

လူနာဟာ ပူလောင်နေပြီး ချွေးလုံးဝမထွက်ဘဲ အရေပြားတွေဟာ ခြောက်နေမှာပေ့ါ။ ဒီအချက်ဟာ အပူဒဏ်အားပြတ်ခြင်း(heat exhaustion)နဲ့ ကွာပါတယ်။ အားပြတ်တဲ့အဆင့်မှာတော့ ချွေးထွက်နေပါသေးတယ်။ အပူလျှပ်လူနာတွေမှာတော့ အရေပြားသွေးကြောတွေ ကျုံ့သွားပြီး ချွေးမထွက်နိုင်တော့ပါဘူး။ မိတ်တွေတအားပေါက်ထားတဲ့သူတွေရောက်တော့ ပိုဆိုးတာပေ့ါ။ မိတ်ပေါက်တော့ ချွေးပေါက်တွေ ပိတ်ပြီး ချွေးမထွက်တော့ဘူးပေ့ါ။

ရှေ့မှာ ပြောခဲ့သလိုပဲ မြန်မာတွေရဲ့ရိုးရာမှန်ကန်တဲ့ အယူအဆဖြစ်တဲ့ ချွေးမတိတ်စေနဲ့၊ ချွေးမငုပ်စေနဲ့ ဆိုတာဟာ သိပ်ကိုအရေးကြီးပါတယ်။ ချွေးငုပ်သွားပြီဆိုရင်တော့ အပူဒဏ်ရောဂါတွေရဲ့နောက်ဆုံးအဆင့် အပူလျှပ် (heat stroke)ကို ရောက်သွားပြီး သတိလစ်သွားနိုင်ပါတယ်။

ဒီလိုအပူရှိန်ပြင်းတဲ့ နွေရာသီမှာ ချွေးငုပ်မသွားပါစေနဲ့၊ အပူလျှပ်ပြီးသေတတ်ပါတယ်။

> "ရေတွေကို တစ်လီတာ၊ နှစ်လီတာ အားရပါးရသောက်ကြတယ် ဆိုပါစို့။ ရာသီဥတုကလည်း ပူလောင်၊ ချွေးတွေကထွက်တော့ ရေအေးအေးဆိုတော့ သောက်လို့ကောင်းပြီး ကုန်မှန်းမသိကုန်က တစ်ဘူးပြီးတစ်ဘူး အများကြီးသောက်မိရင် ဒုက္ခရောက်နိုင်ပါတယ်။ အဲဒီလို ရေတွေကိုပဲ အများကြီးသောက်လိုက်ရင် သွေးထဲမှာ ရေတွေများပြီး ဆိုဒီယမ်ဓာတ်ကျသွားပြီး ကြွက်တက်တာပါ။ ကြွက်တက်တာအပြင် ဒီထက်ဆိုးရွားတဲ့ အပူဒဏ်ရောဂါ အကျိုးဆက်တွေ ဖြစ်နိုင်ပါတယ်။ ဒါကြောင့် ရေတစ်မျိုးတည်း သောက်လို့မရပါဘူး။ ရေနဲ့အတူ ဆားဓာတ်လည်း ပါရမှာပါ။ ရှေ့မှာ ပြောထားခဲ့သလို ချွေးတွေတအားထွက်တယ်ဆိုရင် ရေတစ်လီတာထဲကို ဆားလက်ဖက်စားဇွန်း တစ်ဇွန်းထည့်ပြီး ဖျော်သောက်ပါ"

မြို့နယ်များ၌ အပူဒဏ်ကာကွယ်ရေး အသိပညာပေး

မြောင်းမြ

အများပြည်သူ အပူဒဏ်အန္တရာယ်မှ ကင်းဝေးစေရေးနှင့် အပူဒဏ်အန္တရာယ်များ ရှောင်ရှားနိုင်ရေးအတွက် မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ မေ ၂၆ ရက်မှစတင်ကာ ခရိုင် ပြည်သူ့ဆေးရုံကြီးရှေ့ရှိ မြေစိုက်နံရံကပ်ဘုတ်၌ အပူဒဏ်ကြောင့် ဖြစ်ပေါ်နိုင်သော လက္ခဏာများ၊ အပူဒဏ်ခံစားရသည့် လူနာအား အရေးပေါ် ရှေးဦးပြုစုရန် နည်းလမ်းများ၊ အပူဒဏ်ကာကွယ်ရေးအတွက် လိုက်နာဆောင်ရွက်ရန် နည်းလမ်းများကို ပြသထားရှိကြောင်း သိရသည်။

စန္ဒာမိုး(ပြန်/ဆက်)

ကျိုက်မရော

ကျိုက်မရောမြို့၌ ပူပြင်းသောနွေရာသီတွင် လတ်တလောဖြစ်ပေါ်ခံစားနေရသော အပူဒဏ်အန္တရာယ်အကြောင်းနှင့် ကြိုတင်ကာကွယ်ရေးအသိပညာပေး ဟောပြောပွဲကို မေ ၂၆ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာမြို့နယ်ဦးစီးမှူး ဒေါ်ချိုမြတ်မြတ်ထွေးက အပူဒဏ်အန္တရာယ်နှင့်ခရမ်းလွန်ရောင်ခြည်တို့၏ ထိတွေ့မှုကြောင့် ဖြစ်ပေါ်လာမည့် ရောဂါလက္ခဏာများ၊ အပူဒဏ်အန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် ဆောင်ရန်ရှောင်ရန်များကို ကျောင်းသား ကျောင်းသူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်နှင့် လိုက်နာဆောင်ရွက်ကြစေရန် အသိပညာပေးဟောပြော၍ ကလေးများအား အပူဒဏ်ကာကွယ်ရေး ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

မြို့နယ် (ပြန်/ဆက်)

ညောင်ဦးမြို့နယ် ကျေးရွာအချို့၌ ငမြှောင်တောင်ပိုးကျ၍ ပြောင်းဖူးခင်းများပျက်စီး

ညောင်ဦး ဧပြီ ၂၇

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် လက်ပံခြေပေါ်အုပ်စုအတွင်းရှိ ကျေးရွာအချို့မှ နွေရာသီပြောင်းဖူးစိုက်သည့် တောင်သူများအနေဖြင့် စိုက်ခင်းများတွင် ငမြှောင်တောင်ပိုးကျရောက်ခြင်းကြောင့် စိုက်ခင်းများပျက်စီးကာ အရှုံးနှင့်ရင်ဆိုင်နေရကြောင်း သစ်ထောင့်ကျေးရွာမှ ပြောင်းဖူးစိုက်တောင်သူ ဒေါ်လှလှထံမှ သိရသည်။

ယခုနှစ် ဆောင်းရာသီအစမှာပင် ငမြှောင်တောင်ပိုး ကျရောက်ခဲ့ခြင်းကြောင့် သစ်ထောင့်ကျေးရွာမှ ပြောင်းဖူးစိုက်တောင်သူများ၏ ပြောင်းဖူးခင်းအားလုံးနီးပါး ပျက်စီးခဲ့ပြီး ဆုံးရှုံးမှုဖြင့် ရင်ဆိုင်ခဲ့ရကြောင်း၊ ယခု နွေရာသီတွင် ထပ်စိုက်သည့် ပြောင်းဖူးခင်းများလည်း ငမြှောင်တောင်ပိုး ကျရောက်ခဲ့၍ ပြောင်းခင်းများ ထပ်မံပျက်စီးကုန်ကြောင်း သစ်ထောင့်ရွာမှ ပြောင်းဖူးစိုက်တောင်သူ ဒေါ်လှလှက ပြောပြသည်။

ပိုးကျခြင်းကြောင့် စိုက်ပျိုးထားသည့် သကြားပြောင်းဖူးနှင့် အစီးပြောင်းဖူးများမှာ အပင်ပျက်စီးသလို ပြောင်းဖူးအရည်အသွေးကျဆင်းကာ မရောင်းရခြင်းကြောင့် တောင်သူများအနေဖြင့် အရှုံးနှင့်ရင်ဆိုင်ရကြောင်း၊ ပိုးကျထားသော ပြောင်းဖူးပင်များကို နွားစာစဉ်းကျွေးလျှင်ပင် နွားများ ဝမ်းလျှောတတ်ခြင်းကြောင့် မကျွေးရဲကြောင်း၊ နွားများဝမ်းလျှောခြင်းမှာ အပင်များတွင် ငမြှောင်တောင်ပိုးပါနေခြင်းကြောင့် ဖြစ်နိုင်ကြောင်း ပြောင်းဖူးစိုက်တောင်သူ ဦးဝင်းတင်က ပြောသည်။

လက်ပံခြေပေါ်အုပ်စုအတွင်းရှိ ကျေးရွာများသည် တနှစ်ပတ်လုံးတွင် ပြောင်းဖူးကိုသာ အဓိကစိုက်ပျိုးကြပြီး တစ်နှစ်လျှင် လေးကြိမ်အထိ စိုက်ကြောင်း၊ အချို့တောင်သူများက မြစ်ရေတင်မှ ရေဖြင့် စိုက်ပျိုးကြပြီး အချို့က မြေအောက်ရေ ဆယ်ယူ၍ ရေသွင်းစိုက်ပျိုးကြကြောင်း၊ ထွက်ရှိလာသည့် ပြောင်းဖူးများကို ပွဲစားများမှတစ်ဆင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့များသို့ တင်ပို့ရောင်းချကြကြောင်း၊ အနီးပတ်ဝန်းကျင်မြို့များဖြစ်သည့် ပခုက္ကူ၊ ညောင်ဦး၊ ပုဂံနှင့် ငါ့သရောက်မြို့များသို့လည်း တင်ပို့ရောင်းချကြောင်း၊ ပွဲစားများဆင်းလာ၍ ဝယ်ယူသလို ကားလမ်းဘေးတွင် တဲထိုးရောင်းချခြင်းနှင့် ပလင်းကမ်းသာယာဆင်စခန်းမှ လာရောက်ဝယ်ယူခြင်းကြောင့် ပုံမှန် ပြောင်းဖူးထွက်ရှိပါက တောင်သူများအနေဖြင့် အရောင်းအဝယ် အဆင်ပြေကြပြီး ယခုအခါတွင်မူ ပိုးကျသဖြင့် အထွက်နှုန်း အလွန်ကျဆင်းခြင်းကြောင့် တောင်သူများ အရှုံးနှင့် ရင်ဆိုင်နေရခြင်းဖြစ်ကြောင်း သိရသည်။

မောင်မောင်ထိန်(ကျောက်ပန်းတောင်း)

ငမြှောင်တောင်ပိုးကျ၍ ပျက်စီးနေသည့် ပြောင်းဖူးများ။

ရေပြတ်လပ်နေသောကျေးရွာများသို့ သောက်သုံးရေများလှူဒါန်း

သကြၤန်အလွန်ရက်များမှစ၍ မြန်မာနိုင်ငံ နေရာအနှံ့တွင် အပူချိန်များ သိသိသာသာမြင့်တက်လာပြီး မြို့နယ်အချို့မှ ကျေးရွာများတွင် ရေတွင်းရေကန်များ ခန်းခြောက်ကာ သောက်သုံးရေ ရှားပါးပြတ်လပ်မှုများ ကြုံတွေ့လာရ၍ ဌာနဆိုင်ရာများနှင့် အလှူရှင်များက သောက်သုံးရေများကို သွားရောက်လှူဒါန်းပေးနေရကြောင်း သိရသည်။

မိတ္ထီလာ

အပူချိန်လွန်ကဲ၍ သောက်သုံးရေပြတ်လပ်နေသော မိတ္ထီလာမြို့နယ် ဇရပ်ကုန်းအုပ်စု လျှော်ဖြူပင်ကျေးရွာမှ ပြည်သူများအတွက် သောက်သုံးရေများကို မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့က ဧပြီ ၂၆ ရက် ညနေပိုင်းက သွားရောက်လှူဒါန်းခဲ့သည်။ လျှော်ဖြူပင်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းနှင့် အိမ်ထောင်စု ၄၀ ကျော်မှ လူဦးရေ ၃၀၀ ခန့်အတွက် လီတာ ၂၀ ဆံ့ ရေသန့်ဘူးကြီး ၂၀၀ နှင့် သုံးရေ ဂါလန် ၁၆၀၀ တို့ကို ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးသန်းဌေးဦး ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များအဖွဲ့က သွားရောက်လှူဒါန်းခြင်းဖြစ်ကြောင်း မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့မှ သိရသည်။ **ဘိုဘို(မလှိုင်)**

ကံမ

မကွေးတိုင်းဒေသကြီး ကံမမြို့နယ် သဘာဝဘေးကြိုတင်ကာကွယ်တားဆီးရေး ကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာနတို့မှ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့သည် သောက်သုံးရေရှားပါးသည့် ပြောင်ကျကျေးရွာသို့ သောက်သုံးရေများကို စည်ပင်သာယာရေးအဖွဲ့ပိုင် ဂါလန် ၈၀၀ ဆံ့ ရေသယ်ယာဉ်တစ်စီးနှင့် မီးသတ်ဦးစီးဌာနပိုင် ဂါလန် ၁၆၀၀ ဆံ့ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် ဧပြီ ၂၆ ရက်က သွားရောက်ဖြန့်ဝေပေးခဲ့ကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကလည်း ငါးဂါလန်ဆံ့ ရေပုံး ၆၀ ကို ဖြန့်ဝေပေးခဲ့သည်။ **ကျော်ဇေယျဝင်း(ပြန်/ဆက်)**

တပ်ကုန်း

နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် လယ်ပြင်မကျေးရွာမှ လူဦးရေ ၁၂၀၀ ကျော်နှင့် ဆည်တိုကျေးရွာမှ လူဦးရေ ၄၀၀ ကျော်တို့အတွက် သောက်သုံးရေများကို တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဧပြီ ၂၆ ရက်က ကျေးရွာအရောက် သွားရောက်လှူဒါန်းခဲ့ကာ ရွာနှစ်ရွာအတွက် ရေ ၁၅၀၃ ဂါလန် ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း သိရသည်။ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ရေရရှိရေးလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပေးနေသည့်အပြင် ယခုလို နွေရာသီကာလအတွင်း သောက်သုံးရေခက်ခဲသည့် ကျေးရွာများသို့လည်း ရေများဖြန့်ဝေပေးလျက်ရှိသည်။ **မြို့နယ်(ပြန်/ဆက်)**

လယ်ဝေး

နေပြည်တော် လယ်ဝေးမြို့နယ်အတွင်းမှ ရေအခက်အခဲကြုံတွေ့နေသော ကျေးရွာများသို့ သောက်သုံးရေများကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လှူဒါန်းပေးလျက်ရှိရာ ဧပြီ ၂၆ ရက်က ရေရှားပါးနေသော ရွာတစ်ရွာဖြစ်သည့် ဇလီဂုက်ကြီးတောင်အုပ်စု လသာကျေးရွာမှ လူဦးရေ ၂၂၀ ဦးအတွက် သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်ရီရီပြုံးနှင့် တာဝန်ရှိသူများက ရေသယ်ယာဉ်များဖြင့် ရေဂါလန် ၂၄၀၀ ကို လသာကျေးရွာရှိ ပြည်သူများထံသို့ အိမ်ထောင်စုအလိုက် စနစ်တကျ ခွဲဝေလှူဒါန်းခဲ့ခြင်းဖြစ်သည်။ လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းမှ အခြား ရေရှားပါးသော ကျေးရွာများသို့လည်း ရေများ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သိမ်**

နောင်တရား

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်လောင်းမြို့နယ်၊ ပေါ့အင်ကျေးရွာအုပ်စု လွယ်တက်(တောင်၊ မြောက်၊ လယ်)ကျေးရွာများမှ ပြည်သူများအတွက် မီးသတ်ရေသယ်ယာဉ်လေးစီးဖြင့် သောက်သုံးရေများကို နောင်တရားမြို့အုပ်ချုပ်ရေးမှူး ဦးစိုင်းချမ်းမြေ့ဝင်း ဦးဆောင်၍ နောင်တရားမြို့စည်ပင်တာဝန်ခံ ဦးကျော်ဝင်းနှင့် စည်ပင်ဝန်ထမ်းများ၊ နောင်တရားနယ်မြေမီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့က ဧပြီ ၂၇ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်းသိရသည်။ **ခွန်အောင်(နောင်တရား)**

ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲခြင်း

မြောင်းမြမြို့နယ်၌ စားသုံးသူရေးရာဦးစီးဌာနက သိမ်းဆည်းထားသည့် မြေတစ်ကွက်ကို နိုင်ငံတော်သို့ ပြန်လည်လွှဲပြောင်းပေးအပ်

မြောင်းမြ ဧပြီ ၂၇

စားသုံးသူရေးရာဦးစီးဌာနက သိမ်းဆည်းထားခဲ့ပြီး အသုံးပြုရန် မရှိတော့သည့် မြောင်းမြမြို့နယ်အတွင်းမှ မြေတစ်ကွက်ကို နိုင်ငံတော်သို့ ဧပြီ ၂၅ ရက်က ပြန်လည် လွှဲပြောင်းပေးအပ်ခဲ့သည်။

မြောင်းမြခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြေယာများလွှဲပြောင်းပေးအပ်ပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးက အမှာစကားပြောကြားပြီး ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတိုးလွင်က သိမ်းဆည်းမြေကွက်ကို နိုင်ငံတော်ကိုယ်စား ခရိုင်အုပ်ချုပ်ရေးမှူးထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

"မြောင်းမြခရိုင် စားသုံးသူရေးရာဦးစီးဌာနက အသုံးပြုရန်မရှိတော့တဲ့ မြေကွက်ကို နိုင်ငံတော်သို့ ပြန်လည်အပ်နှံခြင်းဖြစ်ပါတယ်၊ ဒီနေ့ အပ်နှံတာက မြောင်းမြမြို့ အမှတ်(၁)ရပ်ကွက်က မြေတစ်ကွက်ဖြစ်ပါတယ်၊ ယခင်ကလည်း အိမ်မဲမြို့နယ်က မြေကွက်ငါးကွက်နဲ့ မြောင်းမြမြို့နယ်က မြေတစ်ကွက်ကို အထောက်အထား စာရွက်စာတမ်းတွေနဲ့အတူ ပြန်လည်အပ်နှံခဲ့ပြီးဖြစ်ပါတယ်"ဟု ခရိုင်စားသုံးသူရေးရာ ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ပြောသည်။

မြောင်းမြခရိုင်အတွင်း စားသုံးသူရေးရာဦးစီးဌာနက သိမ်းဆည်းထားခဲ့ပြီး နိုင်ငံတော်သို့ ပြန်လည်အပ်နှံရန် မြောင်းမြမြို့တွင် မြေ(၆)ကွက်၊ ဝါးခယ်မမြို့တွင် (၅) ကွက်နှင့် အိမ်မဲမြို့တွင် (၅)ကွက် ကျန်ရှိနေသေးကြောင်းနှင့် ပြန်လည်အပ်နှံမည့် မြေကွက်များကို လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက မူလမြေပိုင်ရှင်၏ ပိုင်ဆိုင်မှုနှင့် တိုက်ဆိုင်စစ်ဆေးကာ ပြန်လည်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်မင်း(မြောင်းမြ)**

ကြာအင်းဆိပ်ကြီး၌ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး လုပ်မြေဧက ၂၀၀ ကို ဖော်ထုတ်ဆောင်ရွက်

ကြာအင်းဆိပ်ကြီး ဧပြီ ၂၇

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ်တွင် လုပ်မြေစုစုပေါင်း ၈၆၁၉ ဧကရှိပြီး ခလယ်ကျေးရွာအုပ်စုတွင် နှစ်ပေါင်း ၆၀ ခန့် မစိုက်မပျိုးဘဲ ထားရှိခဲ့သော လယ်ယာမြေ ၉၉၆ ဧကရှိကြောင်း သိရသည်။ အဆိုပါ လယ်ယာမြေများကို ခလယ်ကျေးရွာတောင်သူ ၂၆ ဦးက ကျေးရွာလယ်ယာမြေ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဧက ၂၀၀ ကို လယ်ယာမြေ ဖော်ထုတ်လျက်ရှိသည်။

ယင်းလယ်ယာမြေများ အောင်မြင်ဖြစ်ထွန်းလာစေရေး၊ စနစ်တကျ လုပ်ဆောင်နိုင်စေရေးအတွက် ဧပြီ ၂၅ ရက်က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစောထူးကပေါ်နှင့် ပြည်နယ်၊ ခရိုင်ဆည်မြောင်းဦးစီးဌာနမှ ပြည်နယ်မှူး၊ ခရိုင်မှူး၊ စက်မှုလယ်ယာဦးစီးဌာနမှ ပြည်နယ်မှူးနှင့် တာဝန်ရှိသူတို့က ကွင်းဆင်း၍ တောင်သူများနှင့် တွေ့ဆုံကာ လယ်ယာမြေများ ဖြစ်ထွန်းအောင်မြင်စေရေးအတွက် လယ်ယာမြေ စနစ်တကျ ဖော်ဆောင်နိုင်ရေး၊ တူးမြောင်းများ ရေသွင်းရေထုတ်ကောင်းမွန်စေရေး၊ လယ်ယာမြေဖော်ထုတ်ပြီးစီးပါက စနစ်တကျစိုက်ပျိုးနိုင်စေရေးအတွက် အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

မျိုးမင်းဦး(ပြန်/ဆက်)

ငွေပေးချေမှုကဏ္ဍ တိုးတက်စေရန် MPU နှင့် NETS တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

ရန်ကုန် ဧပြီ ၂၇

QR နည်းပညာကို အခြေခံသည့် electronic ငွေပေးချေနည်းလမ်းများ မြန်မာနိုင်ငံတွင် စနစ်တကျဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လမ်းညွှန်မှုဖြင့် Myanmar Payment Union Public Co.,Ltd(MPU) နှင့် စင်ကာပူနိုင်ငံမှ Network for Electronic Transfers Singapore Pte.Ltd(NETS) တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို ဧပြီ ၂၆ ရက်က ရန်ကုန်ဆီဒိုးနားဟိုတယ်၌ ကျင်းပခဲ့သည်။ **(ယာပုံ)**

QR app များဖြင့်ပေးချေနိုင်ရန်

အဆိုပါ နားလည်မှုစာချွန်လွှာအရ MPU အနေဖြင့် QRနည်းပညာဖြင့် မြန်မာနိုင်ငံ၏ retail payment industry တွင် အများပြည်သူ လွယ်ကူစွာ ငွေပေးချေနိုင်ရန် NETS ၏ နည်းပညာအကူညီဖြင့် Central Repository စနစ်ကို MMQR တွင် အသုံးပြုကာ လက်ရှိဈေးကွက်တွင် အသုံးပြုလျက်ရှိသည့် QR Code များအားလုံးကို တစ်ပြေးညီစနစ်ဖြစ်သော single QR code အဖြစ် အဖွဲ့အစည်းအသီးသီးမှ ထုတ်ထားသည့် QR app များဖြင့် ပေးချေနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စင်ကာပူနိုင်ငံတွင် ၂၀၁၈ စက်တင်ဘာလက Standard QR Code ဖြစ်သည့် SGQR ကို စတင်အသုံးပြုခဲ့ပြီး SGQR ဆိုသည်မှာ multiple QR Code များဖြစ်သော Pay Nowနှင့် NETS QR code တို့ကို Single QR payment code အဖြစ် ပေါင်းစည်းထားသည့် တစ်ခုတည်းသော payment QR code ဖြစ်သည်။ Multiple QR payment code များကို Single QR code အဖြစ် အသုံးပြု၍ အရောင်းဆိုင်များတွင် တစ်ခုတည်းသော QR code Label ထားရှိခြင်းဖြင့် သုံးစွဲသူများ အဆင်ပြေလွယ်ကူစေရန် အဓိကရည်ရွယ်ကြောင်း သိရသည်။

အကူအညီပေးသွားမည်

နားလည်မှုစာချွန်လွှာပါ အစီအစဉ်တစ်ခုအနေဖြင့် NETS က စင်ကာပူနိုင်ငံ၏ SGQR တွင် QR code generation အတွက် အသုံးပြုလျက်ရှိသည့် Central Repository platform တစ်ခုကို မြန်မာနိုင်ငံတွင် တည်ဆောက်နိုင်ရန် MPU ထံသို့ နည်းပညာဆိုင်ရာ ဗဟုသုတများ၊ လုပ်ဆောင်ရမည့် အချက်အလက်များနှင့်ပတ်သက်၍ အတွေ့အကြုံများကို မျှဝေခြင်းဖြင့် အကူအညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။

MPU ၏ CEO ဦးဇော်လင်းထွဋ်က "မြန်မာနိုင်ငံအနေနဲ့ မိုဘိုင်းဖုန်းနဲ့ အင်တာနက် သုံးစွဲမှု တိုးတက်လာတာနဲ့အမျှ ငွေပေးချေမှုစနစ်မှာ တဖြည်းဖြည်း ဖွံ့ဖြိုးလာတာကြောင့် ဘဏ်လုပ်ငန်းများကို ပိုမိုတိုးတက်စေခဲ့ပါတယ်။ ဒါ့အပြင် QR code နဲ့ ပေးချေတဲ့ နည်းပညာဟာ ငွေကြေးဝန်ဆောင်မှုအတွက် အဆင်ပြေလွယ်ကူစေတာကြောင့် ပြည်သူတွေ ဘဏ်လုပ်ငန်းဝန်ဆောင်မှုကို အကောင်းဆုံးနည်းလမ်းတစ်ခုအဖြစ် အသုံးပြုနိုင်မှာပါ။ စင်ကာပူနိုင်ငံက NETS Group နဲ့ ပူးပေါင်းလုပ်ဆောင်ခွင့်ရတဲ့အတွက် ဝမ်းမြောက်မိပါတယ်"ဟု ပြောသည်။

စင်ကာပူ NETS Group ၏ CEO Mr. Jeffrey Goh ကလည်း "အစိုးရသစ်ရဲ့ ပြောင်းလဲတဲ့ မူဝါဒတွေကြောင့် မြန်မာနိုင်ငံရဲ့ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများနဲ့ ဘဏ်လုပ်ငန်းတွေ တစ်ရှိန်ထိုးတိုးတက်လာပြီး မြန်မာနိုင်ငံရဲ့ ဒေါက်တိုင်တစ်ခုဖြစ်တဲ့ ဘဏ္ဍာရေးကဏ္ဍ ပိုမိုတိုးတက်ဖို့ နည်းပညာအသစ်ဝန်ဆောင်မှု(innovative services)တွေကို MPU ထံ မျှဝေပေးနိုင်တဲ့အတွက် အထူးပဲ ဝမ်းမြောက်မိပါတယ်"ဟု ပြောသည်။

စင်ကာပူနိုင်ငံရှိ NETS Group သည် စင်ကာပူနိုင်ငံ၏ ငွေပေးချေမှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းတွင် ကုန်သည်များ၊ စားသုံးသူများနှင့် ဘဏ်များအကြား ဒစ်ဂျစ်တယ်နည်းဖြင့် ငွေပေးချေနိုင်စေရန် ဆောင်ရွက်ခဲ့သော အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း သိရသည်။

သန်းထိုက်၊ ဓာတ်ပုံ -သန်းစိုး

ရွှေပြည်သာစက်မှုဇုန်မှ အထည်ချုပ်လုပ်သားများ အလုပ်ရှင်နှင့် ညှိနှိုင်းအဆင်ပြေ၍ လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်

ရန်ကုန် ဧပြီ ၂၇

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် စက်မှုဇုန်(၁)ရှိ Golden Fashion အထည်ချုပ်စက်ရုံမှ အလုပ်သမား ၂၀၀ ကျော်သည် လုပ်ငန်းခွင် လိုလားချက်များကြောင့် ဧပြီ ၄ ရက်မှစ၍ လုပ်ငန်းခွင်ဝင်ရောက်မှု ရပ်ဆိုင်းပြီး စက်ရုံရှေ့တွင် တဲထိုး၍ လိုလားချက်များကို စုပေါင်းတောင်းဆိုခဲ့ရာ ဧပြီ ၂၄ ရက်တွင် အလုပ်ရှင်နှင့် ညှိနှိုင်းမှုများ အဆင်ပြေခဲ့သဖြင့် ဧပြီ ၂၆ ရက်တွင် လုပ်ငန်းခွင်သို့ပြန်လည်ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ဆန္ဒဖော်ထုတ်ခဲ့သည့် အလုပ်သမားများအနေဖြင့် လုပ်ငန်းခွင်ခွဲခြားဆက်ဆံခြင်း ပပျောက်ရေး၊ သမဂ္ဂဖြိုခွဲမှု ပပျောက်ရေး၊ လုပ်ငန်းခွင်တွင် ဖိအားပေးခိုင်းစေမှု ပပျောက်ရေး၊ ကြီးကြပ်ရေးမှူးများက ကြမ်းတမ်းသော စကားလုံးများဖြင့် ခိုင်းစေပြောဆိုမှု ပပျောက်ရေး၊ အလုပ်သမားများ၏ သဘောဆန္ဒမပါဘဲ အတင်းအဓမ္မခိုင်းစေမှုပပျောက်ရေး၊ ရက်ပျက်လျှင် သတိပေးလက်မှတ်ထိုးခိုင်းမှု ပပျောက်ရေး၊ ကျန်းမာရေးနှင့်ညီညွတ်သော လုပ်ငန်းခွင် ဖန်တီးပေးရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျွမ်းကျင်ကြေး တိုးမြှင့်ပေးရေးနှင့် ကုန်ထုတ်လုပ်မှုကြေးရရှိရေး ဆိုသည့် အချက်များကို တောင်းဆိုခဲ့ရာ လုပ်ငန်းရှင်ဘက်က တောင်းဆိုချက်အားလုံးကို ညှိနှိုင်းလိုက်လျောပေးခဲ့၍ အလုပ်ရှင် အလုပ်သမား နှစ်ဦးနှစ်ဖက် သဘောတူပြေလည်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဆန္ဒဖော်ထုတ်တာ ရက် ၂၀လောက်ကြာသွားတယ်၊ ဒီနေ့တော့ ပြေလည်သွားလို့ မြို့နယ် အလုပ်သမားဆက်ဆံရေးရုံးမှာ စာချုပ်ချုပ်ကြပါတယ်၊ လုပ်ငန်းခွင်ပြန်ဝင်ကြပါမယ်၊ ထမင်းစားဆောင် ရရှိရေးကတော့ အချိန်ကာလ စောင့်ရအုံးမယ်လို့ပြောပါတယ်၊ ဆေးပေးခန်းရရှိရေးကိုတော့ ရုံးခန်းကပဲ ပေးမယ်လို့ပြောပါတယ်"ဟု အဆိုပါစက်ရုံရှိ အလုပ်သမားသမဂ္ဂအဖွဲ့ဝင်တစ်ဦးက ပြောသည်။

ဧပြီ ၂၄ ရက် နံနက်က အလုပ်ရှင်နှင့် အလုပ်သမားများ ညှိနှိုင်းခဲ့ရာတွင် အလုပ်သမားများဘက်မှ သမဂ္ဂဥက္ကဋ္ဌ ဦးခင်မောင်စိုးနှင့် အဖွဲ့ဝင်ငါးဦး၊ လုပ်ငန်းရှင်ဘက်မှ အလုပ်ရှင် ဒေါ်ရင်ရင်ထွေးနှင့် စက်ရုံမှ တာဝန်ရှိသူများက ရွှေပြည်သာမြို့နယ် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှူး ဦးဇော်ဇော်လတ်၊ အလုပ်သမားညွန်ကြားမှုဦးစီးဌာနမှူး ဦးမောင်ရွှေနှင့် အလုပ်သမားဆက်ဆံရေးဦးစီးဌာနမှူး ဦးမင်းရဲဇော်တို့၏ ရှေ့တွင် ညှိနှိုင်း၍ သဘောတူညီမှု ရရှိခဲ့ခြင်းဖြစ်သည်။

မျိုးမင်းသိန်း(မရမ်းကုန်း)

အပူဒဏ်အန္တရာယ် ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်

လိုက်နာဆောင်ရွက်ရန်အချက်များ

- အရိပ်ရ၍အေးမြသောနေရာများတွင်သာ နေပါ။
- မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် လက်၊ လည်ပင်းနှင့် ပုခုံးတို့ကိုပါ လုံခြုံသောအရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ။
- နေ့ခင်းနေ့လည်အပြင်သွားပါက ထီး၊ ဦးထုပ်ဆောင်းပါ။ နေကာမျက်မှန်တပ်ဆင်ပါ။
- ရေများများသောက်ပါ။

ရှောင်ကြဉ်ရန်အချက်များ

- နံနက်(၁၀)နာရီမှ ညနေ(၄)နာရီအတွင်း နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။
- ပူပြင်းသည့်နေရောင်အောက်တွင် အလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။
- နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းကို ရှောင်ကြဉ်ပါ။
- ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့်ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ကြဉ်ပါ။
- အရက်သေစာသောက်စားခြင်းကိုရှောင်ကြဉ်ပါ။

အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ

- သက်ကြီးဘိုးဘွားများနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ
- နာတာရှည်ရောဂါရှိသူများ(ဆီးချို၊ နှလုံး၊ သွေးတိုးရောဂါ၊ စိတ်ကျန်းမာရေးချို့ယွင်းသူများ)
- ကာယလုပ်သားများ၊ အားကစားသမားများ၊ ဝလွန်းသောသူများ
- အရက်စွဲသောသူများ၊ မူးယစ်ဆေးသုံးစွဲသူများ

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
၂၀၁၉ - ခုနှစ်၊ ဧပြီလ(၂၄)ရက်

သတိပြုရမည့်အပူဒဏ်အန္တရာယ်များ

၁။ အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်း (Heat Exhaustion)

- ဂဏှာမငြိမ်ခြင်း
- ခေါင်းမူးနောက်ခြင်း၊ ခေါင်းကိုက်ခြင်း
- တစ်ကိုယ်လုံး နုံးချိပျော့ခွေခြင်းနှင့် ကြွက်တက်ခြင်း
- ချွေးအလွန်အကျွံထွက်ခြင်းကြောင့် ခန္ဓာကိုယ်အရေပြားအေး၍စိုစွတ်ခြင်း
- ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း

၂။ အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke)

- ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်လာခြင်း
- အရေပြားပူ၍ခြောက်သွေ့ခြင်း (သို့မဟုတ်) ချွေးခမ်းခြောက်ခြင်း
- ကယောင်ကတမ်းဖြစ်ခြင်း
- သတိလစ်ခြင်း၊ တက်ခြင်း

အရေးပေါ်ရှေးဦးပြုစုခြင်း

- လူနာကို အရိပ်ရပြီးအေးမြသော နေရာသို့ရွှေ့ထားပါ။
- လေပန်ကာ၊ လေအေးပေးစက် ဖွင့်ထားပေးပါ။ မရှိပါက ယပ်ခတ်ပေးပါ။
- လူနာ၏ ခြေရင်းဘက်ကို မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့်ထားပါ။
- လူနာ၏ အဝတ်အစားများကို ချွတ်ပါ။
- လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဘက်၊ ပေါင်ခြံနှစ်ဘက်တို့ကို ရေပတ်တိုက်ပါ။
- လူနာကောင်းစွာသတိရနေပါက ရေအေးအေး(သို့) ဓာတ်ဆားရည်တိုက်ပါ။

အပူဒဏ်ကြောင့် သတိလစ်ခြင်းဖြစ်ပွားမည့်လက္ခဏာများ ပေါ်ပေါက်ပါက အသက်အန္တရာယ်ထိခိုက်နိုင်သည်။ နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းသို့ ချက်ချင်းပို့ဆောင်ပါ။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
၂၀၁၉ - ခုနှစ်၊ ဧပြီလ(၂၄)ရက်

ကျောက်တံခါးမြို့နယ်တွင် အပူဒဏ်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်

ကျောက်တံခါး ဧပြီ ၂၇

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်တွင် အပူဒဏ်အန္တရာယ် ကာကွယ်ရေးအတွက် ဒေသခံပြည်သူများအား အသိပညာပေးလုပ်ငန်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်း၍ ဧပြီ ၂၇ ရက်က ကျောက်တံခါးမြို့ပေါ် လူစည်ကားသည့်နေရာများ၌ ပြုလုပ်ခဲ့သည်။

အသိပညာပေးမှုများ ဆောင်ရွက်ရာတွင် အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်များ၊ အပူဒဏ်ကြောင့် ဖြစ်ပွားတတ်သည့် ရောဂါလက္ခဏာများ၊ အပူဒဏ်အန္တရာယ်ကို ကာကွယ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည့်အချက်များ၊ အပူဒဏ်ကြောင့် ကျန်းမာရေးထိခိုက်မှု ဖြစ်ပွားပါက လိုက်နာဆောင်ရွက်ရန်အချက်များ၊ ခရမ်းလွန်ရောင်ခြည်၏ အန္တရာယ်များနှင့် သတိပြုကာကွယ်ရမည့်အချက်များ စသည်တို့နှင့်ပတ်သက်၍ အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် သတိပေးလှုံ့ဆော်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပြည်မြို့၌ သက်ကြီးရွယ်အိုများအတွက် အပူရှောင်စခန်းဖွင့်

ပြည် ဧပြီ ၂၇

ယခုနှစ်နွေရာသီတွင် နိုင်ငံတစ်ဝန်း၌ အပူချိန်များမြင့်တက်ပူပြင်းလျက်ရှိရာ ပဲခူးတိုင်းဒေသကြီး ပြည်မြို့တွင် သက်ကြီးရွယ်အို အဘိုးအဘွားများအား အပူဒဏ်မှ ကာကွယ်ခိုလှုံနိုင်ရေးအတွက် ပြည်-ရန်ကုန်ကားလမ်းနှင့် ဧရာဝတီမြစ်ကမ်းဘေးရှိ ဗေဒါရီပန်းခြံ (view point)အတွင်း၌ တည်ဆောက်ထားရှိသော ခေတ္တအပူရှောင်စခန်းကို ဧပြီ ၂၇ ရက် နံနက်ပိုင်းက စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဗေဒါရီပန်းခြံ (view point) သည် သစ်ရိပ်ဝါးရိပ်များဖြင့် အေးချမ်းလျက်ရှိကာ ယင်းအတွင်း၌ ဒေသထွက် ဝါး၊ သက်ငယ် တို့ဖြင့် ယာယီအပူရှောင်စခန်း တည်ဆောက်ထားရှိပြီး အဆိုပါ အပူရှောင်စခန်းကို ပြည်မြို့ပေါ်ရပ်ကွက်များမှ အသက် ၇၀ နှစ်နှင့်အထက် အဘိုးအဘွားများအား အပူရှောင်နိုင်ရန် အဓိကထားပြုလုပ်ခြင်းဖြစ်ကြောင်း ပြည်မြို့နယ်မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျက ပြောသည်။

အပူရှောင်စခန်းတွင် ရပ်ကွက်အလိုက် စာရင်းပေးသွင်းထားသော အပူရှောင်အဘိုးအဘွားများကို အခမဲ့အကြိုအပို့ပြုလုပ်ပေးပြီး နေ့လယ်စာ ထမင်းဟင်းနှင့် အအေးဖျော်ရည်များ ကျွေးမွေးလှူဒါန်းခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ပေးခြင်းတို့ကို ပြည်မြို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ အရပ်ဘက် ပရဟိတလူမှုအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကာ ပြည်မြို့ပေါ်ရပ်ကွက်အသီးသီးမှ အပူရှောင်စခန်းသို့ လာရောက်အပူရှောင်လိုသော အသက် ၇၀ နှင့်အထက် အဘိုးအဘွားများအနေဖြင့် စာရင်းပေးသွင်းလိုပါက ၀၉-၂၅၀၁၁၄၂၇၈၊ ၀၉-၇၇၀၅၅၅၅၂၄၊ ၀၉-၇၉၆၉၉၁၉၉၅၊ ၀၉-၄၅၃၂၀၀၀၀၇ နှင့် ၀၉-၇၈၈၈၀၆၄၄ စသည့် ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်း စာရင်းပေးနိုင်ကြောင်း သိရသည်။

မျိုးကျော်ကြီး(ပြန်/ဆက်)

သရက်မြို့ မီးဘေးသင့်ပြည်သူများအား ကျပ်သိန်း ၅၀ လှူဒါန်း

သရက် ဧပြီ ၂၇

သရက်မြို့အနောက်ရပ်တောင်ပိုင်းရပ်ကွက် ပွဲစားလမ်းတွင် ဧပြီ ၁၁ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ လူနေအိမ်ခြောက်လုံး မီးလောင်ဆုံးရှုံးခဲ့သည်။

မီးစတင်လောင်ခဲ့သော နေအိမ်မိသားစုများဖြစ်သည့် ဦးသန်းညွန့်နှင့် ဦးစိုးဝင်းလှိုင်တို့က မီးဘေးသင့်ခဲ့သည့် အိမ်နီးချင်းများအတွက် ထောက်ပံ့အလှူငွေအဖြစ် ငွေကျပ်သိန်း ၅၀ ကို ဧပြီ၂၅ ရက်က အနောက်ရပ် တောင်ပိုင်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ပေးအပ်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းထွန်းနှင့် ရပ်မိရပ်ဖများက လက်ခံယူခဲ့ပြီး မီးဘေးသင့်ပြည်သူများကို ဆုံးရှုံးမှုတန်ဖိုးအလိုက် ထောက်ပံ့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **ပေါက်ကလေး(သရက်)**

မြန်မာနိုင်ငံဗိသုကာအသင်း
ရန်ကုန်တိုင်းဒေသကြီး စုပေါင်းတရားရုံးချုပ် အဆောက်အအုံသစ် ဗိသုကာဒီဇိုင်း ပြိုင်ပွဲခေါ်ယူခြင်း

မြန်မာနိုင်ငံဗိသုကာအသင်းမှ တာဝန်ယူကြီးကြပ်၍ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်တွင် ရန်ကုန်တိုင်းဒေသကြီး စုပေါင်းတရားရုံးချုပ်အဆောက်အအုံသစ် ဆောက်လုပ်နိုင်ရန် ဗိသုကာဒီဇိုင်း ပြိုင်ပွဲ ပြုလုပ်မည်ဖြစ်ပါသည်။

အဆိုပါ ဒီဇိုင်းပြိုင်ပွဲသို့ အောက်ပါအချက်အလက်များနှင့် ပြည့်စုံသော ဗိသုကာများအား ပါဝင်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(၁) Senior Licensed Architect (SLA) ရရှိထားသူ (သို့မဟုတ်) Senior Licensed Architect (SLA) ရရှိထားသူတစ်ဦး အနည်းဆုံးပါဝင်သော အဖွဲ့ဖြစ်ရမည်။ **ဆောက်လုပ်မှု ပြီးဆုံးသည့် ကာလအထိ လိုအပ်သော ဒီဇိုင်းထုတ်ခြင်း၊ ဒီဇိုင်းကြီးကြပ်ခြင်းနှင့် ဗိသုကာဒီဇိုင်း အသေးစိတ်ဆွဲပုံများကို တာဝန်ယူနိုင်ရပါမည်။**

(၂) ဗိသုကာလုပ်ငန်း(ဒီဇိုင်း + ဆောက်လုပ်ရေးဆိုင်ရာစီမံခန့်ခွဲမှု)ကို တစ်ဆက်တည်း(၁၀)နှစ် သက်တမ်းအတွေ့အကြုံရှိသူ (သို့မဟုတ်) သက်တမ်းအတွေ့အကြုံရှိသူ ဦးဆောင်သောအဖွဲ့ ဖြစ်ရမည်။

(၃) လုပ်ငန်းအတွေ့အကြုံများကို Portfolio ဖြင့် တင်ပြနိုင်ရမည်။

(၄) ပြိုင်ပွဲတွင် ရွေးချယ်ခံရပါက Design development Drawings, Tender Documentation နှင့်အခြားလိုအပ်သော ပြင်ဆင်မှုများကို သတ်မှတ်ရက်အတွင်းပြီးအောင် ဆောင်ရွက်နိုင်ရပါမည်။ **အခြားသောအတိုင်ပင်ခံပညာရှင်များ (structure, M&E, other specialists) လုပ်ငန်း အရည်အသွေး ကြီးကြပ်သူများနှင့်အတူ ညှိနှိုင်းပေါင်းစပ် တာဝန်ယူ လုပ်ကိုင်နိုင်ရပါမည်။**

သတ်မှတ်ချက်များနှင့် ပြည့်စုံသူများသည် မြန်မာနိုင်ငံဗိသုကာအသင်းရုံးခန်းတွင် လျှောက်လွှာများကို (၃၀ရက် ဧပြီလ ၂၀၁၉)ရက်မှ စတင်ရယူနိုင်ပါသည်။

ပြိုင်ပွဲဝင်သူများ၏ လျှောက်လွှာနှင့် လုပ်ငန်းအတွေ့အကြုံ Softcopy များကို (၁၀ရက် မေလ ၂၀၁၉) ရက် နောက်ဆုံးထားပြီး မြန်မာနိုင်ငံဗိသုကာအသင်းရုံးခန်းသို့ ပို့ဆောင်ပေးရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံဗိသုကာအသင်း
အမှတ်(၂၂၈/၂၃၄)၊ တတိယထပ်၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်။
ဖုန်း-၀၉ ၄၄၃၁၅၄၄၆၀၊ ၀၉ ၇၃၁၅၄၄၆၀

အမည်ပြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ စိုင်းအောင်ကျော်ဇော ၁၃/တယန(နိုင်)၀၂၄၆၆၃ ၏သား မောင်မင်းဟိဏ်းထက်အား ယနေ့မှစ၍ မောင်မင်းခန့်သူဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်မင်းခန့်သူ**

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဆန်းလင်းကြည် ၈/မသန(နိုင်)၀၉၆၃၃၃၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၄၇၆၂၀၅၁**

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်သန်းအောင် ၈/နမန(နိုင်)၁၇၈၇၇၃ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၆၆၈၈၂၇၁**

ဥတုရာသီ တောကိုမှီ

အမွေဆက်ခံရန်သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ
(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်
၂၀၁၉ခုနှစ် တရားမအထွေထွေမှုအမှတ်-၄၁

ကွယ်လွန်သူ ဒေါက်တာကတ်သရင်းဗသိုက်၌ ကျန်ရစ်သောပစ္စည်း အကြောင်း။

ဒေါက်တာဦးရဲမြ ၁၂/ရကန(နိုင်)၀၂၉၁၁၆လျှောက်သူ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ပါရမီရိပ်သာ၊ (၈)ရပ်ကွက်၊ မဥ္ဇူလမ်း၊အမှတ်-၁၉နေ ဒေါက်တာဦးရဲမြကကွယ်လွန်သူ ဒေါက်တာကက်သရင်း ဗသိုက်၏(၁)ခင်ပွန်းဖြစ်သည်ဟူ၍ အမှတ်-၁၉၊ မဥ္ဇူလမ်း၊ ပါရမီရိပ်သာ၊ (၈)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ ၄င်းကွယ်လွန်သူ ဒေါက်တာကက်သရင်း ဗသိုက်မှာကျန်ရစ်သော ပစ္စည်းများထဲမှရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်းအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၄င်းကွယ်လွန်သူ ဒေါက်တာကတ်သရင်းဗသိုက်မှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၉ ခုနှစ် မေ ၁၅ရက် (၁၃၈၁ခုနှစ် ကဆုန်လဆန်း ၁၂ရက်) ရက်တွင် လာရောက်ကြရမည်။ ၄င်းရက်တွင် လျှောက်သူ ဒေါက်တာဦးရဲမြ၏လျှောက်ထားချက်ကိုကြားနာ၍ လက်မှတ်ရသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၉ခုနှစ် ဧပြီ ၂၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက် သည်။

(ကေသီဝင်း)
ဒုတိယခရိုင်တရားသူကြီး(၆)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
လှိုင်သာယာမြို့နယ်တရားရုံးတော်၌
၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၆

ဒေါ်ခင်ကြူမာလင်း **နှင့်** ၁။ ဦးကြင်သိန်း ၂။ ဒေါ်မြကြည်

တရားလို **တရားပြိုင်များ**

ဦးကြင်သိန်း အမှတ် (၂၂/၂၈)၊ အခန်း (၂)၊ (၁၅)လမ်း၊ လမ်းမတော်မြို့နယ် ဒေါ်မြကြည် အမှတ် (၁၀၈၀)၊ ကန်သာယာ (၂)လမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မြေကွက်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၉ ခုနှစ် မေ ၇ ရက် (၁၃၈၁ ခုနှစ် ကဆုန်လဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအမှီပြုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် ဧပြီ ၂၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကျော်ဇင်မျိုး)
တွဲဖက်မြို့နယ်တရားသူကြီး (၅)
လှိုင်သာယာမြို့နယ်တရားရုံး

အများသိစေရန် ကြေညာအပ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် မြေတိုင်းအမှတ် -၈၊ မြေကွက်အမှတ် ၄၆၃(ခ) ပေ(၂၀×၆၀)ရှိ မြေကွက်နှင့်ဆက်နွယ်၍ အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးတိုးလုံး (ISN-၁၅၇၂၅၁) အမည်ပေါက်ပိုင်ဆိုင်ပါသည်။ ၄င်းထံမှ ဒေါ်ယုယုရွှေက အရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် ကျွန်မ ဒေါ်မာမာအုန်း ၁၂/ပဘတ(နိုင်)၀၁၀၉၉၃သို့ ၂၂-၁၂-၂၀၁၇ ရက်တွင် အပြီးအပိုင်ရောင်းချခဲ့ပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကျွန်မသာလျှင် ပိုင်ဆိုင်ပါသည်။ ကျွန်မဒေါ်မာမာအုန်း၏ခွင့်ပြုချက်မရဘဲ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်းများ မပြုလုပ်ရန်ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မာမာအုန်း ၁၂/ပဘတ(နိုင်)၀၁၀၉၉၃

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ မဟာမြိုင်အိမ်ရာ၊ တိုက် ၃၀ D3နေ ဦးတေဇာဝင်း ၁၄/ပသန(နိုင်)၁၅၆၆၀၂ ပိုင်ဆိုင်သော ပုသိမ်မြို့၊ (၅)ရပ်ကွက်၊ ပပဝတီလမ်းသွယ် ၅၊ အမှတ် ၆ ခြံမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စိမ့်စိမ့်ထွန်း ၁၄/ပသန(နိုင်)၁၆၉၃၆၂က အပြီးအပိုင်ဝယ်ယူရန် ၆-၄-၂၀၁၉ရက်တွင် စရန်ပေး ချေပြီးဖြစ်ပါသည်။

သို့ပါ၍ ယင်းမြေကွက်နှင့် ပတ်သက်၍ ပိုင်ဆိုင်ကြောင်း အငြင်းပွားလိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဇာမီဦး LL.B(Q)
တရားလွှတ်တော်ရှေ့နေ(စဉ်-၉၇၄၁၊ ၂၀၁၄)
အမှတ် ၁၄၁၊ မွန် စံပြ ၁ လမ်း၊ ဟသ်ာကုန်း၊ (၁၉)ရပ်ကွက်၊ ပဲခူးမြို့၊ ဖုန်း-၀၉-၄၂၈၁၂၇၀၅၅

ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

၁။ TOYOTA Caldina CT 196, ပဲခြမ်း၊ 9N/----, MDY, 96 Model, မီးခိုးရောင်၊ တာရာ(၄)လုံးအသစ်၊ ဂျပန်ကားပစ္စည်းစုံ၊ အိမ်စီးကားသန့်သန့်။ ကျပ်သိန်း (150)

၂။ TOYOTA Caldina ST 210, ကြက်တူရွေး၊ 9N/----, MDY, 97 Model , ခဲရောင်၊ တာရာ(၄)လုံးအသစ်၊ ဂျပန်ကားပစ္စည်းစုံ၊ အိမ်စီးကားသန့်သန့်။ ကျပ်သိန်း (150)

ဖုန်း - 09-5178979, 09-43292929, 09-5134144

ကန့်ကွက်ကြောင်းကြော်ငြာခြင်း

၂၇-၄-၂၀၁၉ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၄)ပါ ဒေါ်အုန်းမြင့် ၁၂/လမတ(နိုင်)၀၂၂၇၀၈နှင့် ဒေါ်မြလေး ၁၂/လမတ(နိုင်)၀၂၁၃၄ တို့၏ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်းအား ကန့်ကွက်ပါကြောင်းကြော်ငြာအပ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ သိမ်ကြီးဈေး(ဃ)ရုံ၊ မြေအောက်ထပ်၊ ဆိုင်အမှတ်-၉၅ ကို ကျွန်ုပ်၏ခင်ပွန်း ဖြစ်သူ ဦးမောင်မောင် လှ (AC-၀၃၁၅၇၀)၏အမည်ပေါက်ရောင်းချခွင့်ကို ပိုင်ဆိုင်ခွင့်စာအုပ်အမှတ်-၀၄၃၄၇ ဖြင့်ပိုင်ဆိုင်ခဲ့ပါသည်။ ကျွန်ုပ်၏ခင်ပွန်းဖြစ်သူ ဦးမောင်မောင်လှသည် ၂၀-၁၂-၁၉၉၉ရက်တွင် ကွယ်လွန်သွားခဲ့ပြီးဖြစ်သဖြင့် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ဦးမောင်မောင်လှပိုင်ဆိုင်ခန်းကို ကျွန်ုပ်က ဆက်ခံပိုင်ဆိုင်ခွင့်ရှိပါသည်။

သို့ဖြစ်ပါသောကြောင့် ဦးမောင်မောင်လှ၏ဇနီးဖြစ်သူ ကျွန်ုပ်၏ခွင့်ပြုချက်တစ်စုံတစ်ရာမပါဝင်ဘဲ လွှဲပြောင်းခြင်းမပြုပါရန်နှင့်ဆန့်ကျင်၍ လွှဲပြောင်းခြင်းပြုပါက တည်ဆဲဥပဒေတို့နှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။ **ဒေါ်ကြည်ကြည် ၁၂/ဥကတ(နိုင်)၀၄၃၈၀၀**
အမှတ်(၄၃၉)၊ သုတ(၂)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4D/4071 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9M/8863 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ညွန့် ၇/ဒဥန(နိုင်)၂၁၀၈၂၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းရုံး (ပဲခူး)**

ပျောက်ဆုံးကြောင်း

ကျွန်မ မမာမာသင်း ၈/မကန(နိုင်) ၁၉၁၃၅၀ ၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၉၃၈၇၄၇၁**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံတောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၄၊ မြေကွက်အမှတ် ၆၉၀/ခ၊ မြေကွက်တည်နေရာအမှတ် ၆၉၀/ခ၊ ဖွဲ့ကပင်လမ်း၊ (၅၄)ရပ်ကွက်၊ ဒဂုံတောင်၊ ဦးထွန်းအောင်ကျော် ၁၂/မရက (နိုင်) ၁၀၀၂၃၈(ISN-၅၄၂၆၇၀) အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက် ဦးထွန်းအောင်ကျော် ၁၂/မရက(နိုင်)၁၀၀၂၃၈ (ISN-၅၄၂၆၇၀) မှ ၄င်း၏မြေချပါမစ်မူရင်းသည် နာဂစ်မုန်တိုင်းကြောင့် ရေစိုပျက်စီးသွားပါသဖြင့် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် တရားရုံးကျမ်းကျိန်လွှာအမှတ် ၉၀၁/၁၃-၆-၂၀၁၈ ရက်ဖြင့် ရေစိုပျက်စီးသည်မှာ မှန်ကန်ကြောင်းကျမ်းကျိန်လွှာ၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ ဌာန တွင် ကိုယ်တိုင်ဝန်ခံချက်များတင်ပြလာပါသဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေးရာ (၂)ထပ် RCအဆောက်/အအုံ(၁)လုံးရှိပြီး ကိုယ်တိုင်နေထိုင်ပါသည်။ အိမ်ရှေ့ဈေးဆိုင်ခန်းများဖွင့်လှစ်ထားကာ ငှားရမ်းထားပါသည်။ ၄င်းဈေးဆိုင်များသည် လမ်းမြေအတွင်း ၁၀ပေ×၂၀ပေ ကျူးကျော်နေပါသဖြင့် ဖျက်သိမ်းရန်အကြောင်းကြားခဲ့ရာ ဦးထွန်းအောင်ကျော်မှ လမ်းမြေပေါ်သို့ ၁၀ပေခန့် အဖီတွဲကုန်စုံဆိုင်ဖွင့်ထားခြင်းအား ကင်းလွတ်ခွင့်ပြုပါရန်နှင့် လိုအပ်ပါက ပြန်လည်ဖျက်သိမ်းပေးမည်ဖြစ်ကြောင်း ဝန်ခံကတိတင်ပြလာပါသဖြင့် ပါမစ်ပျောက်ဖြင့် (ဂရန်သစ်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

လူပျောက်ကြော်ငြာ

တိုက်၂၄/ခ အခန်း(၇)၊ စက်မှု(၁)ဝန်ထမ်းအိမ်ရာ၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ ဦးကျော်သူ၏သမီး မဖြိုးရတနာသည် ၃၁-၃-၂၀၁၉ရက် နံနက် ၁၀း၃၀ နာရီတွင် နေအိမ်မှ ဂျပန်သင်တန်းကျောင်းသွားရာ နေအိမ်သို့ ပြန်မရောက်ပါ၍ တွေ့ရှိက ဆက်သွယ်ပေးပါရန်။

ဖုန်း-၀၉-၂၅၀၁၉၇၆၁၉

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7F/9826 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

အောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ ဤဌာနသို့ ဆောက်လုပ်ခွင့်လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကြေညာချက်ပါရှိသည့် ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း ဤဌာနသို့လျှောက်ထားကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည် -

စဉ်	အမည်	မှတ်ပုံတင်	လိပ်စာ	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်
၁	ဦးလှရွှေ	၁၁/မဥန(နိုင်)၀၁၈၁၅၃	၆၈၄၊ ရွှေရတနာ(၃)လမ်း၊ ရွှေလင်ပန်းကျေးရွာအုပ်စု၊ လှိုင်သာယာ	ရလပ(မ)/၂၆	၆၈၄	ဒေါ်ကြည်ငွေး
၂	ဒေါ်မီနီမြအေး	၁၂/ကမတ(နိုင်)၀၆၂၄၇၆	၁၁၁/က၊ ရွှေလီလမ်း၊ ၆-ရပ်ကွက်၊ ရွှေပြည်သာ	၁၇	၁၁၁/က	ဦးအောင်ခင်
၃	ဒေါ်နှင်းဖြူဝေ	၁၂/ရပသ(နိုင်)၀၆၂၈၀၇	၁၉၀၊ ပိတောက်မြိုင်လမ်းသွယ်၊ ၁-ရပ်ကွက်၊ ရွှေပြည်သာ	၄၂/က	၁၉၀/က၊ ၁၉၀/ခ	ဒေါ်သန်းညွန့်၊ ဦးမြင့်နောင်
၄	ဒေါ်ခိုင်ခိုင်ဝင်း	၇/ယမပ(နိုင်)၀၃၃၃၇၇	၂၀၂/ခ၊ ပိတောက်မြိုင်လမ်းသွယ်၊ ၁-ရပ်ကွက်၊ ရွှေပြည်သာ	၄၂/က	၂၀၂/ခ	ဦးလှရှိန်
၅	ဦးအေးထွန်း	၁၂/ဒလန(နိုင်)၁၂၃၀၈၂	၈၃၅၊ ငုဝါလမ်း၊ ၄၅-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)	၄၅	၈၃၅	ဒေါ်နိုင်ခမ်းဝုန်
၆	ဦးလှမျိုး	၁၂/ဗဟန(နိုင်)၀၀၅၁၇၁	၇၇၅/ခ၊ ခရေပင်လမ်း၊ ၁၉-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)	၁၉	၇၇၅/ခ	ဦးရွှေမောင်
၇	ဦးရဲရင့်ကျော်	၉/စကတ(နိုင်)၀၀၀၄၁၉	၂၀၀၊ ဂန္ဓမာလမ်း၊ ဝေဘာဂီ(၃)ရပ်ကွက်၊ မြောက်ဥက္ကလာပ	၃/ဝေဘာဂီ	၂၀၀	ဦးငွေဝင်း
၈	ဒေါ်ထိုက်	၇/ညလပ(နိုင်)၀၁၆၈၀၀	၃၅/က၊ ပုလဲဂေဟာလမ်း၊ ၃-ရပ်ကွက်၊ ကမာရွတ်	၈၀	၈ ကွီ	ဒေါ်ငယ်+၄
၉	ဦးအောင်သူခိုင်	၁၂/အစန(နိုင်)၁၄၄၈၃၈	ည/၁၀၊ အောက်မင်္ဂလာလမ်း၊ ဖော့ကန်ရပ်ကွက်၊ အင်းစိန်	၃၉၉/က ဖော့ကန်	၅၅	EE မာဂရက်
၁၀	ဒေါ်နန့်သဲစုမွန်	၁၄/ဝခမ(နိုင်)၁၄၂၉၂၀	၄၆၅၊ မြေသားလမ်း၊ ၁၁၈-ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)	၁၁၈	၄၆၅	ဦးသာထွန်း
၁၁	နော်အေးမြင့်ခိုင်	၁၃/တကန(နိုင်)၀၂၀၈၃၂	၅၁၉၊ ဦးမြကျော့ကပ်လမ်း၊ ၁၁၈-ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)	၁၁၈	၅၁၉	ဦးတင်ဦး
၁၂	ဒေါ်စုသဉ္ဇာအောင်	၁၂/ကတတ(နိုင်)၀၂၉၆၅၃	၃၈၅/ခ၊ တိမ်ညို(၂)လမ်း၊ ၉-ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)	၉	၃၈၅	ဒေါ်ဥမ္မာမြင့်
၁၃	ဦးကျော်ချစ်ကောင်း	၁၂/အစန(နိုင်)၂၀၅၀၀၈	၁၂၄၁၊ မင်းတပ်လမ်း၊ ၇-ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)	၇	၁၂၄၁	ဒေါ်မေခလာအောင်
၁၄	ဒေါ်နန်းဇာလီမြင့်	၁၂/တမန(နိုင်)၀၉၉၆၀၈	၄၇၈၊ ဦးဖိုးလှိုင်လမ်းသွယ်(၂)လမ်း၊ ၁၀၈-ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)	၁၀၈	၄၇၈	ဦးစိန်လေး
၁၅	ဦးသန်းနိုင်	၉/ညဥန(နိုင်)၁၃၂၀၇၆	၁၅၃၊ နောင်ရိုးလမ်း၊ ၁၄-ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)	၁၄	၁၅၃	ဦးမှတ်
၁၆	ဦးလှဝင်း(ခ)ဝင်းကိုကို	၁၂/ဥကတ(နိုင်)၁၃၀၇၀၇	၁၃၅၆၊ ကျွန်စစ်သားလမ်းသွယ်၊ ၁၃-ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)	၁၃	၁၃၅၆	ဦးအာကာဘုန်းကျော်
၁၇	ဒေါ်ဇင်ဇင်ထိုက်	၁၂/ဥကမ(နိုင်)၀၁၆၁၅၅	၃၉၉၊ အနော်ရထာလမ်း၊ ၉-ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)	၉	၃၉၉	Dr.ခင်သူဇာစိုး
၁၈	ဦးဘိုငွေး	၆/မအရ(နိုင်)၀၀၅၉၈၀	၃၀၆၊ ငုဝါလမ်း၊ ၁၁၈-ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)	၁၁၈	၃၀၆	ဦးမြိုးလွင်ဆန်း
၁၉	ဦးကြည်စိုး	၁၃/လရန(နိုင်)၀၀၆၉၇၁	၅၁+၅၂ ရတနာလမ်းသွယ်၊ ၃၂-A-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)	၃၂-A	၅၂	ဦးထွန်းသူရ
၂၀	ဦးရန်အောင်+၁	၆/မမန(နိုင်)၁၁၄၈၄၆	၉၇၅၊ ဆရာစံလမ်းသွယ်(၂)လမ်း၊ ၃၃-တိုးချဲ့ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)	၃၃/တိုးချဲ့	၉၇၅	ဦးသန်းထွန်း

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ခွပ် ၂/လကန(နိုင်) ၀၆၈၇၁၁၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၂၆၁၇၂၂**

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်ဆန်း ၂/လကန (နိုင်)၀၉၇၆၂၆ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၂၆၁၇၂၂**

ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်အာရောင် ၁၃/ဖခန (နိုင်)၀၇၉၇၁၃ ၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၂၆၁၇၂၂**

ပျောက်ဆုံးကြောင်း

ကျွန်မ မပေါ်လီးနာ ၂/ဒမဆ(နိုင်) ၀၅၂၀၀၀ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၂၆၁၇၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မုံရွာမြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ရွှေဘိုမြို့ သူနာပြုသင်တန်းကျောင်းဆောင်သစ်တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းအပါအဝင်လုပ်ငန်း (၁၇)မျိုး ဆောက်လုပ်ခြင်းလုပ်ငန်းများအတွက် ၂၀၁၉ ခုနှစ် မတ်လအတွင်း ပထမအကြိမ် တင်ဒါခေါ်ယူခဲ့ပြီးဖြစ်သော်လည်း ဒီဇိုင်းပုံစံများမရရှိခဲ့ပါသဖြင့် လျှောက်လွှာများရောင်းချနိုင်ခြင်းမရှိခဲ့၍ ဒုတိယအကြိမ် ပြန်လည်၍ စိတ်ပါဝင်စားသော တိုင်းရင်းသားလုပ်ငန်းရှင် ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	Lot No.	စီမံကိန်းလုပ်ငန်းအမည်	စပေါ်ငွေသွင်းရန် (ကျပ်သိန်း)
၁	Lot-1	RC သုံးထပ်အုပ်ချုပ်ရေးဆောင်နှင့်စာသင်ဆောင်(၂၀၀'×၅၀') (၁၈'×၁၈') (၆၀'×၈၀') ဆောက်လုပ်ခြင်း	၉၀ သိန်း
၂	Lot-2	ကျောင်းအုပ်ကြီးနေအိမ်(၂)ထပ်(၄၀'×၄၂')ဝန်ထမ်းအိမ်ရာ (၃)ထပ် (၄၀'×၄၀')ဆောက်လုပ်ခြင်း	၂၁ သိန်း
၃	Lot-3	ကျောင်းအုပ်နှင့် သင်ကြားရေးဆရာများနေအိမ် (၃)ထပ်(၆၀'×၆၀')	၂၇.၅ သိန်း
၄	Lot-4	ထမင်းစားဆောင် (၁၀၀'×၇၀') (၃)ထပ်နှင့်စားဖိုဆောင်(၄၀'×၃၀') ဆောက်လုပ်ခြင်း	၅၆ သိန်း
၅	Lot-5	သင်တန်းသူအိပ်ဆောင် (၂၀၀'×၄၂')(၃)ထပ်ဆောက်လုပ်ခြင်း၊ ဂိတ်တဲ (၁၀'×၁၀')၊ ဧည့်တွေ့ဆောင် (၃၀'×၂၀')၊ Pump House (၁၀'×၁၀') (၂)ခု၊ Ground Tank (၂၀'×၂၀'×၆')(၁၈၀၀၀)(၂)ခု၊ ၄"အဝီစိတွင်း (၂)တွင်း၊ အုပ်ချုပ်ရေးဆောင်ရှေ့ (၁၀၁၀'×၁၂') ကားပတ်လမ်း၊ သင်တန်းကျောင်းပတ်လည် (၆၅၀'×၆')ကားပတ်လမ်းပြုလုပ်ခြင်း၊	၇၅ သိန်း
၆	Lot-6	သင်တန်းသူအိပ်ဆောင် (၂၀၀'×၄၂')(၃)ထပ်ဆောက်လုပ်ခြင်း၊ Car Parking(၁၀၀'×၁၀၀')၊Transformer (300.15)KVA ၆" ပတ်လည် (၆"×၆")တိုင်အပါအဝင် ခြံစည်းရိုးပတ်လည် အုတ်တံတိုင်းတံခါးမကြီး (၂)ပေါက်ပြုလုပ်ခြင်း (၁၉၂၀ ft) (၅.၅')အမြင့်	၇၇ သိန်း

၂။ **တင်ဒါလျှောက်လွှာပုံစံများစတင်** - ၂၉-၄-၂၀၁၉ရက်
ရောင်းချမည့်ရက်/အချိန် - နံနက် ၉း၀၀နာရီမှ ညနေ ၄း၀၀နာရီအထိ
တင်ဒါလျှောက်လွှာပိတ်မည့်ရက် - ၇-၅-၂၀၁၉ရက် ညနေ ၄း၀၀နာရီ
တင်ဒါတင်သွင်းရမည့်ရက်/အချိန် - ၈-၅-၂၀၁၉ရက် နံနက် ၉း၀၀နာရီတိတိ
(စာအိတ်များကိုဖွင့်ဖောက်စစ်ဆေးခြင်းဆက်လက်ပြုလုပ်မည်)

၃။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းများနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ လူမှုရေးဝန်ကြီးဌာနနှင့်သက်ဆိုင်ရာကျောင်းများတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆက်သွယ်ရန် ဖုန်း-၀၇၁-၂၀၃၂၇၇၃၊ ၀၇၁-၂၀၃၂၃၁၃

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ ဦးတင်ထွန်းဦး အမည်ပေါက် မြေကွက်အမှတ် (၄၂၃၉)၊ ပေ(၄၀×၆၀)၊ဧရိယာ ၀ဒသမ ၀၅၅ဧကရှိ မြေကွက်အား ဒေါ်ခိုင်ကေသွယ်(ဘ)ဦးသိန်းထွန်း ၉/ပမန(နိုင်) ၀၇၃၇၁၁ မှ မြေပေးမိန့်၊ အကြင်လင်မယားကွာရှင်းပြီးနောက် ပစ္စည်းခန်းခွဲဝေခြင်းသဘောတူစာချုပ်၊ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ ကိုယ်တိုင်ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ရဲစခန်းထောက်ခံချက်၊ (မူရင်း)များ တင်ပြပြီးမြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်းနေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၄/ရွှေကြာပင်၊မြေကွက်အမှတ်(၁၅၄၅)၊ ဧရိယာ ၀ဒသမ၀၈၂ ဧကရှိ ဒေါ်ခင်တုတ်အမည်ပေါက် ပါမစ်မြေကွက်အား ဦးလှောချန်(ဘ)ဦးခုဝင်အာ ၁၃/နခန(နိုင်)၀၉၃၃၁၇ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာအမှတ်(၁၀၁၀/၂၀၁၉)၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ လျှောက်ထားသူ၏ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြပြီးမြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကတ္တရာပီပါခွံ အိတ်ဖွင့်လေလံအရောင်းကြော်ငြာ

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လမ်းဦးစီးဌာန၊ ကျောက်မဲခရိုင်၏ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (၂၀၁၈ ခုနှစ် ဧပြီလမှစက်တင်ဘာအထိ) ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော လမ်းလုပ်ငန်းများတွင် အသုံးပြုခဲ့သော ကတ္တရာပီပါခွံများအား အိတ်ဖွင့်လေလံဖြင့် ရောင်းချလိုပါသည်။

ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့်စည်းကမ်းချက်များကို လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကျောက်မဲမြို့၊ ဖုန်း-၀၈၂-၄၀၀၄၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါအမှတ် **အမှတ်စဉ်(၁/၂၀၁၈-၂၀၁၉)**

၁။ **အိတ်ဖွင့်လေလံအရောင်းပိတ်မည့်ရက်/အချိန်** - ၁၃-၅-၂၀၁၉ရက်၊ ညနေ ၄း၃၀နာရီ
၂။ **အိတ်ဖွင့်လေလံအရောင်းဖွင့်မည့်ရက်/အချိန်** - ၁၄-၅-၂၀၁၉ရက်၊ နံနက် ၉း၃၀နာရီ
၃။ **အိတ်ဖွင့်လေလံအရောင်း/စိစစ်ရွေးချယ်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ ကျောက်မဲခရိုင်၊ ကျောက်မဲမြို့၊ ဖုန်း-၀၈၂-၄၀၀၄၉

လေလံတင်ရောင်းချရေးအဖွဲ့

မျက်မမြင်သင်တန်းသားခေါ်ယူခြင်း

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန မျက်မမြင်ကျောင်း(ကြည့်မြင်တိုင်)နှင့် မျက်မမြင်ကျောင်း(စစ်ကိုင်း) တို့တွင် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် စာပေနှင့်အသက်မွေးဝမ်းကျောင်းပညာသင်ကြားလိုသော အိမ်ထောင်မရှိသူ မျက်မမြင်အမျိုးသား/အမျိုးသမီး(လူမျိုးဘာသာမရွေး) အောက်ပါစည်းကမ်းသတ်မှတ်ချက်နှင့် ညီညွတ်သူများလျှောက်ထားနိုင်သည်။

လက်ခံသည့်မျက်မမြင်အမျိုးအစား

၁။ လုံးဝမမြင်သူများ
၂။ အနည်းငယ်မြင်သူများ(အမြင်အား $\frac{၁}{၁၀}$ ထက်မပိုရ)
၃။ ကုသ၍မရနိုင်သည့်မျက်မမြင်များ

စည်းကမ်းချက်

၁။ စာပေနှင့်အသက်မွေးဝမ်းကျောင်းပညာများကို သင်ယူလိုစိတ်ရှိသူဖြစ်ရမည်။
၂။ အသက်(၆)နှစ်မှ (၁၈)နှစ်အတွင်း ဖြစ်ရမည်။
၃။ မိဘ (သို့မဟုတ်) အုပ်ထိန်းသူရှိရမည်။

အထက်ပါအချက်အလက်နှင့် ပြည့်စုံသူများသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန မျက်မမြင်ကျောင်းအမှတ်-၁၃၂၊ ပန်းပင်ကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့သို့လည်းကောင်း၊ မျက်မမြင်ကျောင်း၊ မြို့သစ်ရပ်ကွက်၊ မရှိခဏဘုရားအနီး၊ စစ်ကိုင်းမြို့သို့လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ လူမှုဝန်ထမ်းရုံးများမှတစ်ဆင့်ဖြစ်စေ စုံစမ်းနိုင်ပါသည်။ သင်တန်းတက်ရောက်ခွင့်ရရှိပါက သင်တန်းသား၏စားဝတ်နေရေးအားလုံးကို နိုင်ငံတော်ကတာဝန်ယူပါမည်။ ကျောင်းဝင်ကြေးနှင့် ကျောင်းလခပေးရန်မလိုပါ။ လျှောက်လွှာများကို ၂၀၁၈ခုနှစ်၊ ဇွန် (၁)ရက်မှစ၍ လျှောက်ထားနိုင်ပါသည်။ အသေးစိတ် သိရှိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန ဖုန်း-၀၆၇၄၀၄၂၉၄၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်း ဖုန်း-၀၁၉၃၁၇၀၇၀၊ ၀၁၉၃၁၇၁၂၆ နှင့် စစ်ကိုင်းမျက်မမြင်ကျောင်း ဖုန်း-၀၇၂၂၂၃၇၊ ၀၉-၄၂၀၇၂၃၆၀၉ တို့ကို ဆက်သွယ်နိုင်ပါသည်။

လူမှုဝန်ထမ်းဦးစီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန

သင်တန်းသားများခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် တိုတယ်မြန်မာရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း(ရတနာစီမံကိန်း)တို့ ပူးပေါင်း၍ ပိုက်ဂဟေဆက်သင်တန်း (Pipe Welding Training Course) (SMAW၊ GTAW) အမှတ်စဉ်(၁)အား အောက်ဖော်ပြပါအစီအစဉ်အတိုင်း ဖွင့်လှစ်ပါမည်-

သင်တန်းဖွင့်လှစ်မည့်ရက် - ၂၀၁၉ ခုနှစ် မေ ၂၀ရက်
သင်တန်းဖွင့်လှစ်မည့်နေရာ - ရတနာဂဟေဆက်နည်းပညာသင်တန်းကျောင်း ယခင် စက်ပစ္စည်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ပညာသင်ကျောင်း(အောင်ဆန်း)၊ ကျောင်းဂိတ်မှတ်တိုင်အနီး၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ စဥ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်။ ဖုန်း-၀၉-၇၇၇၃၈၇၃၆၉၊ ၀၉-၄၂၆၁၄၉၆၁၉
သင်တန်းကာလ - ရက်သတ္တပတ်(၁၂)ပတ်

၂။ သင်တန်းအမှတ်စဉ်(၁)တွင် သင်တန်းသား (၁၀)ဦး လက်ခံသင်ကြားပေးပါမည်။

၃။ လျှောက်ထားသူသည်-
(က) သင်တန်းကျောင်းတွင် ယခင်ဖွင့်လှစ်ခဲ့ပြီးသောသင်တန်းမှ အသိအမှတ်ပြုလက်မှတ် (Certificate) ရရှိပြီးသူဖြစ်ရပါမည်။
(ခ) အကျင့်စာရိတ္တကောင်းမွန်ပြီး လုပ်ငန်းခွင်နှင့် သင့်တော်သော ကျန်းမာရေးရှိရပါမည်။
(ဂ) သင်တန်းတက်ခွင့်ရသောနေ့တွင် အသက်(၃၅)နှစ်ထက်မကြီးသူဖြစ်ရပါမည်။

၄။ လုပ်ငန်းခွင်ကျွမ်းကျင်သောသူများ မွေးထုတ်ပေးနိုင်ရေးအတွက် စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ပါသည်။ သတ်မှတ်ကျောင်းခေါ်ချိန်ပြည့်မီ၍ သင်တန်းစာမေးပွဲ အောင်မြင်သူများမှာ သင်တန်းပြီးဆုံးကြောင်းအသိအမှတ်ပြုအောင်လက်မှတ်ရရှိမည်ဖြစ်ပါသည်။

၅။ ရတနာဂဟေဆက်နည်းပညာသင်တန်းကျောင်းသို့ တက်ရောက်ခွင့်ရသူများသည် သင်တန်းကြေးအခမဲ့ဖြစ်ပြီး သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း လစဉ်ငွေကျပ် (၃၀၀၀၀)ကို ရတနာစီမံကိန်းမှထောက်ပံ့ပေးမည်ဖြစ်ပါသည်။

၆။ သင်တန်းသားအတွက်လိုအပ်သော လုပ်ငန်းခွင်ဘေးအန္တရာယ် ကာကွယ်ရေးဝတ်စုံ (Personal Protective Equipment) အတွက် ကုန်ကျစရိတ်ကို သင်တန်းသားမှ ကိုယ်တိုင်ကျခံရပါမည်။

၇။ သင်တန်းလျှောက်လွှာများကို ရတနာဂဟေဆက်နည်းပညာ သင်တန်းကျောင်း(အောင်ဆန်း)တွင် ၂၉-၄-၂၀၁၉ရက်မှစတင်၍ နံနက် ၉း၀၀နာရီမှ ညနေ ၄း၀၀နာရီအတွင်း ထုတ်ယူနိုင်ပြီး လျှောက်လွှာများအား ပတ်စ်ပို့ဆိုဒ် ရောင်စုံဓာတ်ပုံ ၂ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်မူရင်း၊ ဤသင်တန်းကျောင်းမှရရှိခဲ့သော အသိအမှတ်ပြုလက်မှတ်မိတ္တူတို့နှင့်အတူ အဆိုပါသင်တန်းကျောင်းတွင် ၁၀-၅-၂၀၁၉ရက် နောက်ဆုံးထားပြီး ပြန်လည်လျှောက်ထားနိုင်ပါသည်။

၈။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ရတနာဂဟေဆက်နည်းပညာသင်တန်းကျောင်း(အောင်ဆန်း)ဖုန်း-၀၉-၇၇၇၃၈၇၃၆၉၊ ၀၉-၄၂၆၁၄၉၆၁၉ တို့သို့ရုံးချိန်အတွင်း နံနက် ၉း၀၀နာရီမှ ညနေ ၄း၀၀နာရီအတွင်း စုံစမ်းနိုင်ပါသည်။

နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ဓာတ်မြေဩဇာစက်ရုံများမှ ယူရီးယားဓာတ်မြေဩဇာများကို တင်ဒါခေါ်ယူရောင်းချမည်ဖြစ်၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းရုံးအမှတ် ၄၄၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

စက်ရုံ	ပမာဏ (တန်)	တင်ဒါဖွင့်မည့်		တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်	
		နေ့	နာရီ	နေ့	နာရီ
အမှတ် (၄)ဓာတ်မြေဩဇာ စက်ရုံ(မြောင်းတကာ)	၂၅၀၀	၂၈-၅-၂၀၁၉	၁၄း၀၀	၂၈-၅-၂၀၁၉	၁၂း၀၀
	၂၅၀၀	၄-၆-၂၀၁၉	၁၄း၀၀	၄-၆-၂၀၁၉	၁၂း၀၀
	၂၅၀၀	၁၁-၆-၂၀၁၉	၁၄း၀၀	၁၁-၆-၂၀၁၉	၁၂း၀၀
အမှတ်(၅)ဓာတ်မြေဩဇာ စက်ရုံ(ကန်ကြီးထောင့်)	၂၅၀၀	၂၈-၅-၂၀၁၉	၁၄း၀၀	၂၈-၅-၂၀၁၉	၁၂း၀၀
	၂၅၀၀	၄-၆-၂၀၁၉	၁၄း၀၀	၄-၆-၂၀၁၉	၁၂း၀၀
	၂၅၀၀	၁၁-၆-၂၀၁၉	၁၄း၀၀	၁၁-၆-၂၀၁၉	၁၂း၀၀
ယူရီးယား(အောက်ကျုံး)	၁၀၁.၆၉	၁၁-၆-၂၀၁၉	၁၄း၀၀	၁၁-၆-၂၀၁၉	၁၂း၀၀

၂။ တင်ဒါစည်းကမ်းချက်နှင့်ပုံစံများအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ Website (www. moee.gov.mm)တွင် တစ်လကြိုတင်၍ ဝင်ရောက်ကြည့်ရှုပြီး Download ရယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇- ၃၄၁၁၀၈၂၊ ၀၆၇-၃၄၁၁၀၉၃သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့
တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်းဆောင်ရွက်ရန်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လက်ရှိတံတားအသုံးပြုခကောက်ခံနေသော မြို့ကွင်းတံတား၏ ၁-၆-၂၀၁၉ရက်မှ ၃၁-၉-၂၀၂၂ ရက်အထိ တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်း (၃)နှစ်နှင့် (၄)လ လုပ်ကိုင်ခွင့်လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါ ဆောင်ရွက်မည့်တံတား** မြို့ကွင်းတံတား
(ခ) **ဈေးနှုန်းတင်သွင်းလွှာနှင့် စည်းကမ်းချက်များ ဝယ်ယူနိုင်သောနေရာ** မန်နေဂျာ(သွားလာရေး/တိုင်း)ရုံး၊ အမှတ် (၉)တိုင်း၊ ဟင်္သာတ
(ဂ) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်နှင့်အချိန်** ၂၀-၅-၂၀၁၉ရက် နံနက် ၁၀း၀၀နာရီ
(ဃ) **အိတ်ဖွင့်တင်ဒါပေးသွင်းရမည့်နေရာ** မန်နေဂျာ(သွားလာရေး/တိုင်း)ရုံး၊ အမှတ် (၉)တိုင်း၊ ဟင်္သာတ
(င) **အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့် ရက်နှင့်အချိန်** ၂၀-၅-၂၀၁၉ရက် နံနက် ၁၁း၀၀နာရီ
(စ) **အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်နေရာ** မန်နေဂျာ(သွားလာရေး/တိုင်း)ရုံး၊ အမှတ် (၉) တိုင်း၊ ဟင်္သာတ

မှတ်ချက်။ အိတ်ဖွင့်တင်ဒါ ဝယ်ယူခွင့်တောင်းခံလွှာနှင့် စည်းကမ်းချက်များအား (၁)စုံလျှင် ကျပ်(၁၀၀၀၀/-)နှုန်းဖြင့် ၁၄-၅-၂၀၁၉ရက်မှစ၍ မန်နေဂျာ(သွားလာရေး/တိုင်း)ရုံး၊ အမှတ် (၉)တိုင်း၊ ဟင်္သာတ ဖုန်း-၀၄၄-၂၀၂၁၀၃၉ တွင် ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

ဥက္ကဋ္ဌ
တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဧရာဝတီတိုင်းဒေသကြီး

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
မြန်မာ့သစ်လုပ်ငန်း
ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့

(၂/ ၂၀၁၈-၂၀၁၉)ကြိမ် (သစ်လုံး/ခွဲသား)ဒေသအိတ်ဖွင့်လေလံကြော်ငြာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန၊ လားရှိုးဒေသ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသသစ်ဆိပ်အသီးသီးရှိ သာမန်/သတ-ဖ ကျွန်း/သစ်မာမျိုးစုံကုန်ကြမ်းများကို (MSME) လုပ်ငန်းရှင်များအတွက် တရားဝင်သစ်ကုန်ကြမ်းရရှိရေးအလို့ငှါ ဒေသအိတ်ဖွင့်လေလံစနစ်ဖြင့် အောက်ဖော်ပြပါအတိုင်းရောင်းချသွားမည်ဖြစ်ပါသည်။

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၁၄-၅-၂၀၁၉ရက် နံနက် ၁၀း၀၀နာရီ
(ခ) **ရောင်းချမည့်အမျိုးအစားနှင့်တန်** - သာမန်/သတ-ဖ ကျွန်း/သစ်မာမျိုးစုံ (၅၅၈)တန်ခန့်
(ဂ) **ရောင်းချမည့်နေရာ** - ဒုတိယအထွေထွေမန်နေဂျာရုံး၊ မြန်မာ့သစ်လုပ်ငန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့

၂။ ဒေသအိတ်ဖွင့်လေလံနှင့်ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း၊ ဖုန်းနံပါတ်-၀၈၂-၂၂၀၃၇၉၆၊ ၀၈၂-၂၂၀၃၀၄၀ ဖုန်းများသို့လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်လေလံကျင်းပရေးကော်မတီ
ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန၊ ရှမ်းပြည်နယ်

မွန်ပြည်နယ်အစိုးရအဖွဲ့
မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မော်လမြိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် မော်လမြိုင်မြို့တွင် အောက်ပါ မြို့ရေပေးရေးလုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူခြင်းနှင့်ရေလှောင်ကန်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ မော်လမြိုင်မြို့တွင် ၃၀-၄-၂၀၁၉ရက်မှ ၈-၅-၂၀၁၉ရက်အထိ ရုံးချိန်အတွင်း တင်ဒါလျှောက်လွှာဝယ်ယူတင်သွင်းနိုင်ပါသည်-

Lot.No(1) 20mmØ Water meter (၄၁၀၀)လုံးဝယ်ယူခြင်း၊
Lot.No(2) 13.5 Class Seal Type PVC Pipe 12"Ø -(၄၉၂)လုံး၊ 10"Ø -(၃၇၄) လုံး၊ 8"Ø -(၁၂၂)လုံး၊ 6"Ø -(၁၉၄)လုံးနှင့် 13.5 Class PVC Pipe 4"Ø-(၄၀၃)လုံး၊ 3"Ø -(၁၀၉၇)လုံးဝယ်ယူခြင်း၊
Lot.No(3) ဈေးကြိုကားဝင်းအတွင်း (၃၀'×၃၀'×၁၁') ရေလှောင်ကန်တည်ဆောက်ခြင်း။

၂။ အသေးစိတ်သိရှိလိုပါက မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနံပါတ်-၀၉-၅၂၃၂၂၅၂၊ ၀၉-၇၉၁၇၉၁၃၉၃ နှင့်၀၉-၄၂၀၇၀၁၉၆၀ တို့သို့ဖြစ်စေ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့

ဆောက်လုပ်ရေးဝန်ကြီးဌာန
လမ်းဦးစီးဌာန
ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့်ကြီးကြပ်ရေးအဖွဲ့
76Mile Mini Rest Camp ၏ Operation and Maintenance

လုပ်ငန်းများအတွက် တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်ရှိ 76Mile Mini Rest Camp ၏ဘဏ္ဍာရေးနှစ် (၅) နှစ်စာ Operation and Maintenance လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တိုင်းရင်းသားလုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါယှဉ်ပြိုင်လိုသည့် လုပ်ငန်းရှင်များအနေဖြင့် အသေးစိတ်အချက်အလက်များကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့်ကြီးကြပ်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ နေပြည်တော် (စီလမ်းဆုံ)တွင် ၂၇-၅-၂၀၁၉ရက်မှစ၍ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၂၇-၅-၂၀၁၉ရက်(တနင်္လာနေ့)
(ခ) **တင်ဒါလျှောက်လွှာပိတ်ရက်** - ၂၆-၆-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့)၊ ၁၆း၃၀နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်နှင့်နေရာ** - ၂၇-၆-၂၀၁၉ရက် (ကြာသပတေးနေ့)၊ လမ်းဦးစီးဌာန၊ အစည်းအဝေးခန်းမ၊ ရုံးအမှတ် (၁၁)၊ နေပြည်တော်။
(ဃ) **ဆက်သွယ်ရမည့်ဖုန်းနံပါတ်** - ၀၉-၂၅၀၉၀၂၀၀၄

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့်ကြီးကြပ်ရေးအဖွဲ့

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊လမ်းဦးစီးဌာန

ကတ္တရာအိတ်ဖွင့်တင်ဒါအမှတ်စဉ်(၁)ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်းရှိ လမ်းအထူးအဖွဲ့(၃)/ခရိုင်များမှ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော (၆၀/၇၀နှင့်၈၀/၁၀၀) ကတ္တရာများကို သက်ဆိုင်ရာလုပ်ငန်းခွင်အရောက်(မြန်မာကျပ်ငွေဖြင့်)ဝယ်ယူလိုပါသဖြင့် ကတ္တရာပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်းကြေညာအပ်ပါသည်။

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၆-၅-၂၀၁၉ရက်မှ ၂၄-၅-၂၀၁၉ရက်အထိ (ရုံးချိန်အတွင်း)
(ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ကျိုင်းတုံမြို့
(ဂ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၂၄-၅-၂၀၁၉ရက်၊၁၆း၀၀နာရီ
(ဃ) **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၂၇-၅-၂၀၁၉ရက် နံနက်၁၀း၀၀နာရီ
(င) **တင်ဒါဖွင့်လှစ်မည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့။

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျိုင်းတုံမြို့သို့ ရုံးချိန်အတွင်း ဖုန်း-၀၈၄-၂၃၁၇၀၊ ၀၈၄-၂၁၆၃၉ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

Golfer များအတွက် သတင်းကောင်း

မြန်မာဂေါက်သီးရိုက်အသင်း၌ ၂၀၁၉ ခုနှစ် မေလ တစ်လလုံး SPECIAL PROMOTION ကာလအဖြစ် သတ်မှတ်ပြီး ၁-၅-၂၀၁၉ရက်မှစ၍ ၃၁-၅-၂၀၁၉ရက်အထိ မြန်မာဂေါက်သီးရိုက်အသင်းတွင် လာရောက်ကစားသည့် ဧည့်သည် ဂေါက်သီးရိုက်ကစားသမားများ (Local/ Foreigner) အား (စနေ၊ တနင်္ဂနွေနှင့်အခြားရုံးပိတ်ရက်မပါ) ကြားရက်များတွင် ကွင်းကြေး (၂၅%) Discount ပေးခြင်းဖြင့် ကစားခွင့်ပြုမည်ဖြစ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာဂေါက်သီးရိုက်အသင်း

ပိုးသတ်ဆေးဖြန့်ဖြူးသူ ပြောင်းလဲခြင်းကိစ္စ အသိပေးကြေငြာခြင်း

ပြည်ပထုတ်လုပ်သူ Annong Group Co.,Ltd (464-466-468-470, Tran Van Giau St., Tan Tao Ward, Binh Tan Dist, HCMC, Vietnam) မှ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင် အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ ပိုးသတ်ဆေးများကို ပြည်တွင်းမူလဖြန့်ဖြူးသည့် Huynh Zaw Co.,Ltd မှ ဖြန့်ဖြူးသူအသစ် Advance Agriculture Solution Co.,Ltd (#02-219 Building (B), Swe Daw City, Mingalardon Township, Yangon, Myanmar) သို့ ဖြန့်ဖြူးသူပြောင်းလဲ၍ တင်သွင်းဖြန့်ဖြူး ရောင်းချမည်ဖြစ်ပါသည်။

စဉ်	ကုန်သွယ်မှုအမည်	အဆိပ်ရှိပစ္စည်းအမျိုးအစား	မှတ်ပုံတင် အမျိုးအစား	မှတ်ပုံတင် အမှတ်
1.	ANG-Spider 700 WP	Buprofezin 450g/kg + Tebufenpyrad 250g/kg WP	P	P2018-2556
2.	Sieucheck 700 WP	Diflubenzuron 100g/kg + Nitenpyram 300g/kg + Pymetrozine 300g/kg WP	P	P2019-2573
3.	Dragoannong 585 EC	Chlorpyrifos-ethyl 530g/l+ Cypermethrin 55g/l EC	P	P2019-2557

သို့ဖြစ်ပါ၍ အဆိုပါဖြန့်ဖြူးသူပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့သို့ နှစ်ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။
လိပ်စာ
ဒေါ်မဇော်
တိုက် (E)၊ အခန်းအမှတ် (၀၀၁)၊ သဇင်မင်းရိပ်သာ၊ သုမင်္ဂလာအိမ်ရာ၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ လမ်းဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း (၂၀၁၈ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ခုနှစ် စက်တင်ဘာလအထိ) ဆောင်ရွက်မည့် သီပေါမြို့တွင်း (၄)လမ်း AC ခင်းခြင်းနှင့် Box Culvert လုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော ကျောက်မျိုးစုံနှင့် လုပ်ငန်းခွင်သုံးပစ္စည်းများအား လမ်းအလိုက်၊ အပိုင်းအလိုက်၊ လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

အိတ်ဖွင့်တင်ဒါအမှတ် - အမှတ်စဉ် (၅) (၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်)
၁။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၉-၅-၂၀၁၉ရက်မှ ၂၃-၅-၂၀၁၉ရက်ထိ နံနက် ၀၉း၀၀နာရီမှ ၁၆း၃၀နာရီအထိ ရုံးချိန်အတွင်း
၂။ **တင်ဒါပုံစံရောင်းချ/တင်သွင်းရမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ ကျောက်မဲခရိုင်၊ ကျောက်မဲမြို့ ဖုန်း-၀၈၂-၄၀၀၄၉
၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၄-၅-၂၀၁၉ရက် (၁၆း၃၀)နာရီ
၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၇-၅-၂၀၁၉ရက် (၀၉း၀၀)နာရီ
၅။ **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ ကျောက်မဲခရိုင်၊ ကျောက်မဲမြို့

အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3L/8875 Mazda Titan SYF 4TL/T(၄×၂) R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်လင်းမိုး ၁၂/သဃက(နိုင်)၀၄၃၈၁၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၂ယ/၁၃၁၉၈ (Jialing-90) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကျင်စွမ်းကိုင် ၅/ကလတ(နိုင်)၀၂၀၁၉၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါ က ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး၊ ကလေးမြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅)၊ မြေကွက်အမှတ် (၃၂၄)၊ မြေကွက်တည်နေရာအမှတ်(၃၂၄)၊ အုတ်လှငယ်လမ်း၊ ရာဇသင်္ကြန်ရပ်ကွက်၊ ဒလမြို့နယ်(ဒေါ်စောနန်းမြင့်) အမည်ပေါက်၊ နှစ်(၆၀)ဂရန်မြေအား မြေချပါမစ်ပျောက်ဆုံးကြောင်း ဦးစိုးမိုးဝင်း၏ ၆-၂-၂၀၁၈ရက်စွဲပါကတိသစ္စာပြုလွှာနှင့် ဝန်ခံချက်၊ ဒလမြို့နယ် ရာဇသင်္ကြန်ရပ်ကွက် အုပ်ချုပ်ရေးမှူးထောက်ခံစာ၊ ဒလမြို့မရဲစခန်းထောက်ခံစာနှင့် ဒေါ်စောနန်းမြင့်(CA-၀၅၀၈၄၀) ထံမှ ဒေါ်အေးမွန်နိုင်ဝယ်ယူထားသော ၂၀-၄-၁၉၉၈ ရက်စွဲပါ အရောင်းအဝယ်အရပ်ကတိစာချုပ်၊ ဒေါ်အေးမွန်နိုင် ၁၂/လမတ(နိုင်)၀၁၂၇၅၇ထံမှ ဦးစိုးမိုးဝင်း ၁၂/ကတတ(နိုင်)၀၂၇၀၁၂ ဝယ်ယူထားသော ၂၃-၁၁-၂၀၁၁ရက်စွဲပါ အရောင်းအဝယ်အရပ်ကတိစာချုပ်တို့တင်ပြ၍ ဦးစိုးမိုးဝင်း ၁၂/ကတတ(နိုင်)၀၂၇၀၁၂ မှ ဂရန်သစ်လျှောက်ထားလာပါသည်။ မြေစာရင်းမှတ်ချက်ရှိ ၂၀၀၉ ခုနှစ်တွင် ဒေါ်အေးမွန်နိုင်မှ ဂရန်သစ်လျှောက်ခြင်းနှင့်ပတ်သက်၍ ဒေါ်အေးမွန်နိုင်သည် မိမိအား လွှဲပြောင်းရောင်းချခဲ့သဖြင့် ဂရန်သစ်အမှုတွဲအား ပြီးစီးအောင်ဆောင်ရွက်ခဲ့ခြင်းလုံးဝမရှိသည်မှာ မှန်ကန်ကြောင်း ဦးစိုးမိုးဝင်းမှ ၁၁-၁-၁၉ရက်စွဲပါကတိသစ္စာပြုလွှာနှင့် ဝန်ခံကတိတို့တင်ပြလာပါသည်။ ကွင်းဆင်းစစ်ဆေးရာတွင် သွပ်မိုးပျဉ်ကာတစ်ထပ်အိမ်တွင် လျှောက်ထားသူကိုယ်တိုင်နေထိုင်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါအတိုင်း ဦးစိုးမိုးဝင်း ၁၂/ကတတ(နိုင်)၀၂၇၀၁၂ မှပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာမှုအား တရားဝင်ခိုင် လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန် သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အခြေစိုက်ဖြစ်သော TRAVELLAND MYANMAR TRAVEL & TOURS COMPANY LIMITED ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

TRAVELLAND MYANMAR TRAVEL & TOURS CO.,LTD (COMPANY REGISTRATION NO.108472367)ဖြင့် မြန်မာ့ခရီးသွားမြေခရီးသွားလုပ်ငန်းကုမ္ပဏီအား ၂၀၁၅ ခုနှစ်ကတည်းက ရန်ကုန်အခြေစိုက်ကာ ခရီးသွားလုပ်ငန်းဝန်ဆောင်မှုအား ပြုလုပ်ဆောင်ရွက်လျက်ရှိသော ခရီးသွားလုပ်ငန်းတစ်ခုဖြစ်ပါသည်။

အဆိုပါ TRAVELLAND MYANMAR TRAVEL & TOURS CO.,LTD အမည်ဖြင့် INTERNET FACE BOOK PAGE များပေါ်တွင်လည်း ကြော်ငြာများအသုံးပြုလျက် ခရီးသွားလုပ်ငန်းဝန်ဆောင်မှုများ လုပ်ဆောင်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အထက်ပါကုမ္ပဏီအမည်အား မှီငြမ်း၍ဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆင်တူယိုးမှားတုပပြုလုပ်သုံးစွဲမှုများမပြုလုပ်ပါရန် အသိပေးတားမြစ်(ကြေညာ)အပ်ပါသည်။

အကယ်၍ လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ အဆိုပါကုမ္ပဏီ၏အမည်အား ဆင်တူယိုးမှားတုပသုံးစွဲနေသည်ကို တွေ့ရှိရပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သောကြောင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နန့်ဝသုန်ဦး (စဉ်-၄၈၅၂၅)
LL.B (အထက်တန်းရှေ့နေ)
အမှတ် ၂၄(ပထမထပ်) ပေ ၅၀လမ်း၊ လှည်းတန်း၊ ကမာရွတ် (၃)ရပ်ကွက်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၂၁၁၆၇၄၁၀၊ ၀၉-၉၆၂၇၅၃၆၂၉

ပညာရေးဝန်ကြီးဌာန
နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
၂၀၁၉-၂၀၂၀ ပညာသင်နှစ်၊ အစိုးရနည်းပညာအထက်တန်းကျောင်းများအတွက် သင်တန်းသားသစ်များခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာနအောက်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်းများ (ပူတာအို၊ မြစ်ကြီးနား၊ ဗန်းမော်၊ လွိုင်ကော်၊ ဘားအံ၊ မင်းတပ်၊ တီးတိန်၊ မော်လမြိုင်၊ စစ်တွေ၊ လားရှိုး၊ တောင်ကြီး၊ ပင်လုံ၊ ကျိုင်းတုံ၊ ပင်းပက်၊ ရှာမ၊ လက်ခုပ်ကုန်း၊ ကျောက်ဆည်၊ မိတ္ထီလာ၊ မြင်းခြံ၊ မန္တလေး၊ နေပြည်တော်၊ ခန္တီး၊ ကလေး၊ မုံရွာ၊ ချောင်းဦး၊ ပခုက္ကူ၊ မကွေး၊ ပြည်၊ တောင်ငူ၊ ပုသိမ်၊ ဟင်္သာတ၊ မအူပင်၊ ထားဝယ်၊ မြိတ်၊ ကော့သောင်း) စုစုပေါင်း ၃၅ ကျောင်းတို့တွင် သင်တန်းသားသစ်များ ခေါ်ယူမည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်-
- (က) အခြေခံပညာအလယ်တန်း (အဋ္ဌမတန်း)အောင်မြင်သူဖြစ်ရမည်။
- (ခ) နည်းပညာနှင့် သက်မွေးပညာလုပ်ငန်းသဘာဝအရ ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး လက်တွေ့လုပ်ငန်းနှင့် စက်ရုံ/ကုမ္ပဏီများသို့ ကွင်းဆင်းဆောင်ရွက်နိုင်သူဖြစ်ရမည်။

၃။ (၂)နှစ်သင်တန်းတွင် ထူးချွန်စွာအောင်မြင်ပါက A.G.T.I ပထမနှစ်သင်တန်းသို့ သက်ဆိုင်ရာအစိုးရ စက်မှုလက်မှုသိပ္ပံများ၏ ဝင်ခွင့်ရွေးချယ်ရေးမူများအတိုင်း လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

၄။ အစိုးရနည်းပညာအထက်တန်းကျောင်း ဒုတိယနှစ်သင်တန်းကို အောင်မြင်သည်ဖြစ်စေ၊ ကျရှုံးသည်ဖြစ်စေ တက္ကသိုလ်ဝင်တန်းစာမေးပွဲကြီးကို ဝင်ရောက်ဖြေဆိုလိုပါက ပြင်ပဖြေအနေဖြင့် ဝင်ရောက်ဖြေဆိုခွင့်ရရှိမည်ဖြစ်သည်။

၅။ အစိုးရနည်းပညာအထက်တန်းကျောင်းများသို့ တက်ရောက်ခွင့်ရရှိသော ကျောင်းသား ကျောင်းသူများအနေဖြင့် ပညာသင်ထောက်ပံ့ကြေး လျှောက်ထားလာပါက တစ်ဦးလျှင် တစ်လ (၃၀၀၀၀ိ/-)နှုန်းဖြင့် သင်တန်းတက်သည့်ကာလများအတွင်း ထောက်ပံ့ကြေးပေးအပ်မည့်အစီအစဉ်ရှိပါသည်။

ဖွင့်လှစ်မည့်သင်တန်းများ

၆။ အောက်ပါသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးပါမည်-
- (က) အဆောက်အအုံနည်းပညာသင်တန်း (Building Technology)
- (ခ) အီလက်ထရွန်နစ်နည်းပညာသင်တန်း (Electronics Technology)
- (ဂ) လျှပ်စစ်နည်းပညာသင်တန်း (Electrical Technology)
- (ဃ) မော်တော်ယာဉ်နည်းပညာသင်တန်း (Auto Mechanics Technology)
- (င) စက်ပစ္စည်းအစိတ်အပိုင်းများထုတ်လုပ်ခြင်းနည်းပညာသင်တန်း (Machining Technology)
- (စ) ရေခဲသေတ္တာနှင့် လေအေးပေးစက်နည်းပညာသင်တန်း (Refrigeration and Air Conditioning Technology)
- (ဆ) သတ္တုပစ္စည်းထုတ်လုပ်မှုနည်းပညာသင်တန်း (Metal Process Technology)
- (ဇ) သုတနည်းပညာသင်တန်း (Information Technology)

၇။ ကျောင်းဝင်ခွင့်လျှောက်လွှာများကို မိမိတို့လျှောက်ထားလိုသည့် အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် ၂-၅-၂၀၁၉ ရက်မှ စတင်ထုတ်ယူနိုင်သည်။ လျှောက်လွှာများကို ၁၆-၅-၂၀၁၉ ရက် နောက်ဆုံးထား၍ မိမိတို့တက်ရောက်လိုသည့် အစိုးရနည်းပညာအထက်တန်းကျောင်းသို့ လျှောက်လွှာတင်သွင်းရမည်ဖြစ်သည်။

၈။ အသေးစိတ်သိရှိလိုပါက မိမိလျှောက်လွှာရယူသော အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ ကုန်းဇောင်းမြို့၊ ပညာရဲရင့်ကိုယ်ပိုင်အထက်တန်းကျောင်းမှ နဝမတန်းအောင်မြင်ခဲ့သော မချောညိုသွင်၊ မင်းဘူး(စကု)မြို့နယ်၊ အထက(ကျောက်စံ)မှ အဋ္ဌမတန်းအောင်မြင်ခဲ့သော မောင်လင်းမြတ်ဦး၊ မင်းဘူး(စကု)မြို့နယ်၊ အမက(မန်းကောက်)မှ တတိယတန်းအောင်မြင်ခဲ့သော မမေသက်ကျော်တို့၏ဖခင်အမည်မှန်မှာ ဦးဝင်း ၈/မဘန(နိုင်)၁၁၂၅၉၆ ဖြစ်ပါကြောင်း။

ဦးဝင်း

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

၁။	ကွန်ပျူတာစာစီစာရိုက်ကျွမ်းကျင်(မြို့တွင်း)	မ (၅) ဦး
၂။	Computer Accountant (မြို့တွင်း)	မ (၅) ဦး
၃။	Cashier ဝန်ထမ်း (မြို့တွင်း)	မ (၅) ဦး
၄။	Office Staff ဝန်ထမ်း (လိုင်သာယာ)	မ (၅) ဦး
၅။	Sale Staff (အရောင်းဝန်ထမ်း) (မြို့တွင်း)	မ (၁၀) ဦး

လစာကောင်းကောင်းပေးမည်။
(လုပ်ငန်းအတွေ့အကြုံပေါ်မူတည်၍ လစာကောင်းကောင်းပေးမည်)
အမှတ်စဉ်အားလုံးအတွက် လုပ်ငန်းအတွေ့အကြုံရှိပြီးဆက်ဆံရေးပြေပြစ်သူဖြစ်ရမည်။
အကျင့်စာရိတ္တကောင်းမွန်၍ ရိုးသားကြိုးစားသူဖြစ်ရမည်။
မျှော်မှန်းလစာဖော်ပြပြီး လျှောက်ထားနိုင်ပါသည်။
လျှောက်ထားလိုသူများသည် ကာလာဓာတ်ပုံ (၂)ပုံ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊မှတ်ပုံတင်/သန်းခေါင်စာရင်း/အလုပ်သမား မှတ်ပုံတင်/မိတ္တူ/ရဲစခန်း၊ ရပ်ကွက်ထောက်ခံစာမိတ္တူတို့နှင့်အတူ အောက်ပါလိပ်စာသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။

လျှောက်ထားရန် လိပ်စာ-
အမှတ် (၂၄၄/၂၄၆)၊ ကုန်ဈေးတန်းလမ်း (အလယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်းနံပါတ် - ၀၁-၂၄၂၀၅၃၊ ၀၁-၃၇၄၃၁၂၊ ၀၁-၃၇၁၆၇၆၊ ၀၁-၃၇၄၃၁၂

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာခရိုင်၊ မုံရွာမြို့၊ ဘုရားကြီးရပ်ကွက်၊ အကွက်အမှတ် ၉/ညောင်ပင်ဈေး၊ ဦးပိုင်အမှတ် (၈၂)၊ ဧရိယာ ၀ ဒသမ ၀၆၈ ဧကရှိ မြေကို ဦးစိန်လှိုင် ၅/မရန(နိုင်)၀၄၀၃၈၉၊ ဒေါ်ခင်စိုးလှိုင် ၅/ဒပယ(နိုင်)၀၆၇၃၂၇ တို့အမည်ဖြင့် မြေငှားစာချုပ် (အမည်ပြောင်းသက်တမ်းတိုး)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကိုဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (အမည်ပြောင်းသက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်း အသုံးစရိတ်ခွင့်ပြုငွေဖြင့် နေပြည်တော်တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဧည့်ရိပ်သာဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။ တင်ဒါစည်းမျဉ်းစည်းကမ်းများကို မကွေးတိုင်းဒေသကြီးအစိုးရရုံးအဖွဲ့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်	-၂၉-၄-၂၀၁၉ ရက်
တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန်	-၂၈-၅-၂၀၁၉ ရက် (၁၆း၃၀) နာရီ
ဆက်သွယ်ရန် ဖုန်း	-၀၆၃-၂၈၁၃၈၊ ၂၈၅၆၄၊ ၂၈၁၄၁

တင်ဒါကော်မတီ

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယားပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ လွိုင်ကော်ခရိုင်၊ ဒီးမော့ဆိုမြို့တွင် မြို့နယ်ဦးစီးမှူးရုံး (၅၀ပေ×၅၀ပေ×၂၈ပေ) RCC(၂)ထပ် (သွပ်မိုး၊ ကွန်ကရစ်ကြမ်းခင်း၊ ရေ၊ မီးအပါအဝင်)အဆောက်အအုံအတွက် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-
- (က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၉-၄-၂၀၁၉ ရက်
- (ခ) **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၈-၅-၂၀၁၉ ရက်
- (ဂ) **တင်ဒါရောင်းချမည့်နေရာ** - ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ အမှတ် (၁၄/ခ)၊ သမိန်ထောလမ်း၊ မင်းစုရပ်ကွက်၊ လွိုင်ကော်မြို့

၂။ အသေးစိတ်အချက်အလက်များကို ကယားပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ဖုန်း-၀၈၃-၂၂၂၂၀၇၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
အုတ်တွင်းမြို့နယ်တရားရုံး၌
၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် (၁၄)

မကေခိုင်ဝင်း (၎င်း၏အထွေထွေကိုယ်စားလှယ်အလွှဲခံရသူ ဦးဝင်းလှိုင်) နှင့် ဦးနန်းတင်
တရားလို **တရားပြိုင်**

အထက်ပါအမှုမှ တရားပြိုင် ဦးနန်းတင်၊ အရှေ့ရွာသစ်ကျေးရွာ၊ တဘက်ခွဲအုပ်စု၊ စဉ့်ကိုင်မြို့နယ်နေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလိုက တရားဝင်အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၉ ခုနှစ် မေ ၁၃ ရက် (၁၃၈၁ ခုနှစ် တန်ခူးလဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည့် စာချုပ်စာတမ်းများနှင့်အတူ ယူဆောင်လာရမည်။ (သို့တည်းမဟုတ်) သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ခန့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၁၉ ခုနှစ် ဧပြီ ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းသိန်း)
မြို့နယ်တရားသူကြီး
အုတ်တွင်းမြို့နယ်တရားရုံး

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ စမ်းမြို့ရပ်ကွက်၊ နယ်မြေ(၄)၊ အိမ်အမှတ် (၁၁)နေ ဦးမြင့်ဦး(ခ)ကိုဖိုးသား ၅/ကလထ(နိုင်)၁၂၉၇၆၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်ဦး(ခ)ကိုဖိုးသားနှင့် ဒေါ်တင်တင်မာ ၅/ကလထ(နိုင်)၀၂၇၀၈၉၊ ပင်လုံရပ်ကွက်၊ နယ်မြေ(၂)နေသူတို့မှာ လွန်ခဲ့သော (၁၉၉၆)ခုနှစ်က အိမ်ထောင်ကျခဲ့ပြီး သားသမီးသုံးဦးထွန်းကားခဲ့ပါသည်။ ဦးမြင့်ဦး(ခ)ကိုဖိုးသားနှင့် ဒေါ်တင်တင်မာတို့မှ စိတ်သဘောထားချင်းမတိုက်ဆိုင်တော့၍ ၁၇-၁၀-၂၀၁၈ ရက်တွင် နှစ်ဦးသဘောတူကွာရှင်းခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်၍ နောက်နောင်တွင် ဒေါ်တင်တင်မာနှင့်ပတ်သက်သော ငွေရေး၊ ကြေးရေး၊ အခြားကိစ္စအဝဝတို့မှာ ကျွန်ုပ်မိတ်ဆွေ ဦးမြင့်ဦး(ခ)ကိုဖိုးသားနှင့် သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမြင့်ဦး(ခ)ကိုဖိုးသား၏ လွှဲအပ်ချက်အရ-
ဦးသန့်ဇင်ထွန်း LL.B
အထက်တန်းရှေ့နေ (စဉ်-၄၃၂၄၁)
ဥပဒေရုံးရှေ့၊ တပ်ဦးသီတာရပ်၊ ကလေးမြို့၊ ဖုန်း-၀၉-၂၅၀၀၆၁၂၈၈

အမွေဆက်ခံလွှဲပြောင်းအသိပေးကြေညာခြင်း

ကျွန်တော် ဦးအောင်လွင် ၁/မကန(နိုင်)၀၈၃၄၃၅နှင့် ဒေါ်ခရော့ဂျာဆိုင်း ၁/မကန(နိုင်)၁၃၃၀၆၄ တို့၏ လက်ထက်ပွားပိုင်ဆိုင်သော အမှတ် (၄)၊ မခေါ်ယန်ကွက်သစ်၊ မိုင်းနားကျေးရွာအုပ်စု၊ ဝိုင်းမော်မြို့နယ်ရှိ မြေဧရိယာ (မျက်နှာ ၇၆ပေ၊ ညာရှည် ၁၄၁ပေ၊ အနောက်ထောင့်ချွန်း ၆၃ပေ×၅၇ပေ၊ ဘယ်အရှည် ပေ ၁၂၀)ရှိ အဆောက်အအုံမပါ ခြံမြေအား ဦးအောင်လွင်နှင့် ဒေါ်ခရော့ဂျာဆိုင်းတို့မှ သားသမီးလေးဦးဖြစ်သော (၁) မဂျာနူးအောင် အသက်(၁၄)နှစ်၊ (၂) မောင်ဗျင်အောင် အသက်(၁၂)နှစ်၊ (၃) မဆိုင်းထွယ်လု အသက် (၁၀)နှစ်၊ (၄) မဆိုင်းကြွေ အသက် (၄)နှစ်တို့အား မိဘမေတ္တာဖြင့် ၁၀-၃-၂၀၁၉ ရက်တွင် အပြီးအပိုင်လွှဲပြောင်းပေးအပ်ပြီးဖြစ်ပါသည်။

၎င်းခြံမြေပိုင်ဆိုင်မှု စာချုပ်စာတမ်းများအား ဖခင်ဦးအောင်လွင်မှ တာဝန်ယူထိန်းသိမ်းထားမည်ဖြစ်ပြီး အထွေးဆုံးသမီးငယ် မဆိုင်းကြွေ အသက် (၁၈)နှစ်ပြည့်ပြီးမှသာလျှင် မောင်နှမလေးဦးဖြင့် သဘောတူညီမှုဖြင့် အညီအမျှခွဲဝေရောင်းချခြင်းပြုလုပ်မည်ဖြစ်ပါသည်။ ယခုကြော်ငြာသည့်ရက်မှစ၍ သမီးငယ် မဆိုင်းကြွေ အသက် (၁၈)နှစ်မပြည့်မီအတောအတွင်း ၎င်းခြံမြေနှင့်ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်မျှ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ရောင်းချခြင်းမပြုလုပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

လွှဲပြောင်းသူ-	**လွှဲပြောင်းသူ-**
ဖခင် ဦးအောင်လွင်	**ဒေါ်ခရော့ဂျာဆိုင်း**
၁/မကန(နိုင်)၀၈၃၄၃၅	**၁/မကန(နိုင်)၁၃၃၀၆၄**

မြတ်ရတနာ-အခြေခံအဘိဓမ္မာသင်တန်း

ပထမအဆင့်	- စနေ/တနင်္ဂနွေနေ့တိုင်း နံနက် ၈း၃၀ နာရီမှ ၁၁း၀၀နာရီအထိ ၅-၅-၂၀၁၉ ရက် တနင်္ဂနွေနေ့ စမည်။
ဒုတိယအဆင့်	- စနေ/တနင်္ဂနွေနေ့တိုင်း မွန်းတည့် ၁၂း၀၀ နာရီမှ ၂း၀၀နာရီအထိ ၅-၅-၂၀၁၉ ရက် (တနင်္ဂနွေနေ့) စမည်။
တတိယအဆင့်	- စနေ/တနင်္ဂနွေနေ့တိုင်း မွန်းလွဲ ၂း၁၅နာရီမှ ၄း၀၀နာရီအထိ ၅-၅-၂၀၁၉ရက် တနင်္ဂနွေနေ့စမည်။
မှတ်ချက်	- စနေ(သို့မဟုတ်)တနင်္ဂနွေ ကြိုက်နှစ်သက်ရာ (၁)ရက် တက်လျှင် ရသည်။ နှစ်ရက်စလုံး တက်လိုကလည်း တက်နိုင်ပါသည်။

မြတ်ရတနာ-ဝိသုဒ္ဓိမဂ်သင်တန်း
တနင်္ဂနွေနေ့တိုင်း နံနက် ၈း၃၀ နာရီမှ ၁၀း၃၀ နာရီအထိ ၅-၅-၂၀၁၉ ရက် စမည်။

မြတ်ရတနာ-အဘိဓမ္မာဂုဏ်ထူးဆောင်(ဋီကာကျော်)သင်တန်း
တနင်္ဂနွေနေ့တိုင်း နံနက် ၁၁း၃၀ နာရီမှ ၂း၃၀နာရီအထိ ၅-၅-၂၀၁၉ ရက် စမည်။
- ဗိုလ်တထောင်စေတီတော်ရင်ပြင်ရှိ ဗုဒ္ဓ-ဓမ္မစာပေသင်တန်းဆောင်

အထက မာန်အောင်နှင့် အထက(ခွဲ)၊ ဈေးတန်း ကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို ရန်ကုန်တွင် ကျင်းပပါမည်

အထက မာန်အောင် (ဒသမ)အကြိမ်မြောက်နှင့် အထက(ခွဲ) ဈေးတန်း (ပထမ)အကြိမ် ကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို ၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်၊ ၁-၅-၂၀၁၉ ရက် (ဗုဒ္ဓဟူးနေ့) အလုပ်သမားနေ့တွင် ရန်ကုန်မြို့၊ ရွှေတိဂုံစေတီတော်၊ အရှေ့ဘက်မုခ်အနီးရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ နံနက်(၁၀)နာရီမှ မွန်းတည့်(၁၂)နာရီအထိ ပြုလုပ်ကျင်းပမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန်တော့ခံသက်ပြည့်အငြိမ်းစားနှင့် အသက်(၆၀)ပြည့်ပြီးသော ဆရာကြီး ဆရာမကြီးများ ကန်တော့ခံတက်ရောက်ပေးကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

(ဆယ်နှစ်ပြည့်အမှတ်တရ နှစ်ပတ်လည်ညစာစားပွဲရှိပါသဖြင့် လက်မှတ်များကို နီးစပ်ရာနှစ်အလိုက် ကျောင်းသား ကျောင်းသူဟောင်းများထံတွင် ချိတ်ဆက်ဝယ်ယူနိုင်ပါသည်။)

မြတ်ဆရာပူဇော်ပွဲကျင်းပရေးကော်မတီ (ရန်ကုန်)
ဖုန်း-၀၉-၅၁၇၀၉၀၃၊ ၀၉-၇၆၄၆၅၆၅၃၆၊ ၀၉-၇၆၈၇၁၄၉၇၂၊ ၀၉-၇၉၃၈၉၅၁၃၆

မိခင်အမည်မှန်

စစ်ကိုင်းခရိုင်၊ မြင်းမူမြို့နယ်၊ လက္ကပင်ကျေးရွာ အလကကျောင်းမှ အဋ္ဌမတန်း(အောင်)မခင်မျိုးတင်စိုး၏ မိခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်စာရင်းအရ ဒေါ်အမာစန်း ဖြစ်ပါကြောင်း။

ဒေါ်အမာစန်း

ပတ်စ်ပို့ပျောက်

ကျွန်မ မဆုနီသာ ၁/ဝမန(နိုင်)၁၀၂၅၇၈ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၃၇၈၈၂၅၇

အမည်ပြောင်း

မြစ်ကြီးနားမြို့၊ အထက(၃)၊ နဝမတန်း (D_7)(အောင်)မှ (ဘ)ဦးလှနိုင်ထူး၏သား မောင်ဇာနည်ထူးအား မောင်အောင်ဆိုင်းဒူဟု ပြောင်းလဲခေါ်ဆိုပါရန်။

အမည်ပြောင်း

မိုးကောင်းမြို့၊ ကျွန်းတောရပ်ကွက်၊ ဘူတာစုနေ (ဘ)ဦးသောင်းဖေ၏သမီး ဒေါ်ချောစုလှိုင်အား ဒေါ်သေးသွယ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မွေးသက္ကရာဇ်အမှန်

မိုးကောင်းမြို့နယ်၊ ပင်းဘောကျေးရွာ၊ အမှတ် (၃)ရပ်ကွက်နေ (ဘ) ဦးစိုင်းအောင်မှတ်၏သား မောင်စိုင်းဇေယျာဦး၏ မွေးသက္ကရာဇ်အမှန်မှာ ၇-၆-၂၀၀၃ ဖြစ်ပါသည်။

ဖခင်အမည်မှန်

ပူတာအိုမြို့၊ အထက (ပူတာအို)၊ ပဉ္စမတန်း(အောင်)မှ မရှောင်ဘူ၏ ဖခင်အမည်မှန်မှာ ဦးမွေသွယ် ၁/ပတအ(နိုင်)၀၂၆၀၇၃ ဖြစ်ပါသည်။

မေတ္တာရပ်ခံပန်ကြားလွှာ

၁။ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူလမ်း၊ အမှတ်(၄၅၅)၊ မြန်မာမွတ်စလင်မ်အမျိုးသမီး သာသနာ့ရိပ်သာသည် လွန်ခဲ့သည့်နှစ်ပေါင်း(၆၀)ကျော်မှ ယနေ့အထိ တည်ရှိလျက်ရှိပါသည်။

၂။ အဆိုပါအမျိုးသမီးသာသနာ့ရိပ်သာကို ယခုအခါသာသနာရေးဝန်ကြီးဌာန၏ တာဝန်ပေးချက်အရ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးငါးဖွဲ့မှ တာဝန်ယူစီမံခန့်ခွဲအုပ်ချုပ်လျက်ရှိပါသည်။

၃။ အထက်ပါအမျိုးသမီးသာသနာ့ရိပ်သာတွင်းရှိ အားကိုးရာမဲ့(ယသင်မ်)မိန်းကလေး (၇၅) ဦးရှိပါသည်။ ၎င်းတို့၏စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေး ကိစ္စရပ်များကို စနစ်တကျစီမံခန့်ခွဲလျက်ရှိပါသည်။

၄။ ဖော်ပြပါအားကိုးရာမဲ့(ယသင်မ်)မိန်းကလေး(၇၅)ဦးအား အစိုးရအလယ်တန်း၊ အထက်တန်းနှင့်တက္ကသိုလ်အတန်း ပညာရပ်များကိုသင်ယူစေမည့်အပြင် သာသနာ့ပညာရပ်များကိုလည်း စနစ်တကျ အထူးသင်ကြားပေးလျက်ရှိပါသည်။

၅။ သို့ဖြစ်ပါ၍ အားကိုးရာမဲ့(ယသင်မ်)မိန်းကလေးများ၏ လိုအပ်ချက်များအတွက် အစ္စလာမ်သာသနာဝင်အလှူရှင်များ၏ ပံ့ပိုးကူညီမှုများသည် အထူးလိုအပ်လျက်ရှိနေပါကြောင်းနှင့် ယခု ရမဇာန်(ဥပုသ်)လမြတ်တွင် လူကြီးမင်းတို့၏ ဆင်းရဲသား၊ ဒါနကြေးဖြစ်သော (ဇကားသ်၊ဖိတရာ၊ လိလ္လာ)စသည့် အလှူငွေများကို အမျိုးသမီးရိပ်သာသို့ ပေးပို့လှူဒါန်းကြပါရန် အထူးမေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

မွတ်စလင်မ် အမျိုးသမီးသာသနာ့ရိပ်သာ (ယာယီ) ကြီးကြပ်ရေးကော်မတီ
ဖုန်း-၀၁-၃၇၃၈၇၈၊ ၀၉-၅၀၄၇၀၀၄၊ ၀၉-၇၆၅၁၆၄၉၈၀

အမည်မှန်

မကွေးမြို့၊ ရေနံချောင်းဒီဂရီကောလိပ်၊ စတုတ္ထနှစ် ပထဝီမေဂျာမှ (ဘ) ဦးအောင်မြင့်၏သမီး မသဥ္ဇာ၏ အမည်မှန်မှာ မသဥ္ဇာဝင်း ၈/စလန(နိုင်)၁၅၃၃၁၁ ဖြစ်ပါကြောင်း။

မသဥ္ဇာဝင်း

ဖခင်အမည်မှန်

ဘားအံတက္ကသိုလ် ဒုတိယနှစ်သင်တန်း ပထဝီဝင်အထူးပြုမှ နန်းမူးညားဖောင်(ခ)မုညားဖန် ၃/ဘအန(နိုင်)၃၂၉၇၀၇ ၏ ဖခင်အမည်မှန်မှာ ဦးချဖူး(ခ) ဦးစောလှဝင်းကြည် ၃/ဘအန(နိုင်)၂၃၁၈၂၀ ဖြစ်ပါသည်။

အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3N/5739 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6J/6508 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဟ/၇၅၈၁ LIFAN သုံးဘီးမော်တော်ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းလင်း ၉/မထလ(နိုင်)၁၆၁၉၃၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/59340 Zeniz 125 M/C ယာဉ်လက်ဝယ်ရှိသူ Nine Nine Eight Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/18263 Adivin 125 M/C ယာဉ်လက်ဝယ်ရှိသူ Nine Nine Eight Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့

မိခင်အမည်မှန်

မြိတ်မြို့၊ အထက(ကျွဲကူး) တပ်နယ်ကျောင်းမှ နဝမတန်းအောင် မစုစုကျော်၏ မိခင်အမည်မှန်မှာ မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်းအရ ဒေါ်သင်းသင်းဝေ ၆/မမန(နိုင်)၂၁၅၇၇၀ ဖြစ်ပါကြောင်း။

ဒေါ်သင်းသင်းဝေ

ဖခင်အမည်မှန်

မြိတ်မြို့၊ အထက(ကျွဲကူး)တပ်နယ်ကျောင်းမှ နဝမတန်းအောင် မပွင့်ဇင်ဦး၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်းအရ ဦးတင်မြတ်စိုး ၆/မမန(နိုင်) ၁၄၀၀၇၀ ဖြစ်ပါကြောင်း။

ဦးတင်မြတ်စိုး

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8L/ 2126 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊အင်းစိန်

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်- 65W/ 99515 HONDA WAVE 110 ယာဉ်လက်ဝယ်ရှိသူ ဦးကြည်လှိုင် ၈/ခမန(နိုင်)၁၂၉၂၅၅က ကမ(၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(သာယာဝတီ)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၁ယ/၅၀၀၄၃ Kenbo- 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစည်သူအောင် ၈/ထလန(နိုင်)၀၄၂၀၂၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပခုက္ကူ)

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅)၊ ဗိုလ်ချုပ်လမ်း၊ (၂၈) လမ်းထိပ်၊ မြေကွက်အမှတ် (၄၀၁/၄၁၁) မြေကွက်ပေါ်ရှိ အဆောက်အအုံ၏ ခြောက်လွှာ၊ အရှေ့ဘက်ထောင့်ခန်း၊ အကျယ်အဝန်း (၁၅×၄၅)ပေရှိ တိုက်ခန်းတစ်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ပိုင်ဆိုင်သူ ဦးစောထန်ကြီး ၁/မကန(နိုင်)၀၂၅၂၀၅ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကေအောင်ထွန်း ၁/မကန(နိုင်)၁၂၂၃၄၇က ဥပဒေနှင့်အညီ လက်ရောက်ဝယ်ယူ ပိုင်ဆိုင်ထားပြီး တိုက်ခန်းနှင့်စာရွက်စာတမ်းမူရင်းများကို လက်ရောက်လွှဲပြောင်းရယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါ၍ အဆိုပါတိုက်ခန်းသည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသာ တရားဝင်လက်ရောက်ပိုင်ဆိုင်သူဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအာကာလင်း (LL.B)
အထက်တန်းရှေ့နေ၊ လိုင်စင်အမှတ် -၂၅၁၃၄/၂၀၀၆
အမှတ် (၈၅၈)၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၉-၂၆၀၃၉၉၀၃၅

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၀ယ/၉၀၉၅၉ Honda Wave NF 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်သိန်း ၈/ဆမန(နိုင်)၀၀၀၁၁၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ပခုက္ကူ)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8B/7945 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4J/6705 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ပြည်)၊ ပြည်မြို့

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်း-၂၀)
မန္တလေးခရိုင်တရားရုံးတော်၌
၂၀၁၉ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၁၉

သမဝါယမဘဏ်လီမိတက် **နှင့်** ဒေါ်စန်းစန်းဝင်း

တရားလို **တရားပြိုင်**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ၆၀×၆၁လမ်းကြား၊ ၃၄×၃၅လမ်းကြား၊ အကွက်အမှတ် (၄၁၄-ခ)၊ ဒေါ်စန်းစန်းဝင်း (ဘ)ဦးအေးမောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ဘဏ်အပေါင်ချေးငွေ ၁၇၆၆၆၂၉၈၀ ကျပ် ၁၆ပြား)အတွက် အပေါင်ဒီကရီရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၉ ခုနှစ် မေ ၂၂ ရက် (၁၃၈၁ ခုနှစ် ကဆုန်လပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ ၉း၃၀နာရီတွင် အထက်က အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် ဧပြီ ၂၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သီတာနွယ်)
ဒုတိယခရိုင်တရားသူကြီး(၅)
မန္တလေးခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
လှိုင်ကော်မြို့နယ်တရားရုံးတော်၌
၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် ၈/၂၀၁၉

ဒေါ်မူလိဘက် **နှင့်** ဦးဘော့စ်ကို

တရားလို **တရားပြိုင်**

ပျဉ်းမနားမြို့နယ်၊ ကင်းလိုက်အုပ်စု၊ အလယ်ချောင်းရွာမနေသော ဦးဘော့စ်ကို (ယခုနေရပ်လိပ်စာမသိ) သိရှိစေရမည်။

သင့်အပေါ် တရားလိုက လက်ထပ်ထိမ်းမြားမှုအား ပယ်ဖျက်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၉ ခုနှစ် မေ ၁၀ ရက် (၁၃၈၁ ခုနှစ် ကဆုန်လဆန်း ၇ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသော တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်ကိုလာရောက်ရမည်။

၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်နောက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်လက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် ဧပြီ ၂၄ရက်တွင် ဤရုံးတော်၏တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကောင်းမြတ်တိုး)
ဒုတိယခရိုင်တရားသူကြီး
လှိုင်ကော်ခရိုင်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ချမ်းမြဝတီရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၆၆၄-တရားဟော)၊ ဦးပိုင်အမှတ် (၃၂/၁-က၊ ၃၁/၂၊ ၃၃၊ ၃၂/၁-ခ)၊ ဧရိယာ ၄ ဒသမ ၁၃ ဧကရှိမြေအား ဦးရဲရင့်နိုင်မှ (စက်မှုစီးပွား)မြေငှားဂရန်လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်း ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ (စက်မှုစီးပွား)မြေငှားဂရန်ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ချမ်းမြဝတီရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၆၆၄-တရားဟောကွင်း)၊ ဦးပိုင်အမှတ် (၂၀/၁၊ ၂၁၊ ၂၂၊ ၂၃/၂၊ ၃၄၊ ၂-င)၊ ဧရိယာ ၄ ဒသမ ၂၄ ဧကရှိမြေအား ဒေါ်ချိုချိုအောင်မှ (စက်မှုစီးပွား)မြေငှားဂရန်လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ (စက်မှုစီးပွား)မြေငှားဂရန်ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ဦးစိန်ထွန်း(ပ/၂၉၂၉)
ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
အသက်(၇၀)

မုံရွာမြို့၊ အောင်ချမ်းသာရပ်ကွက်နေ(ဦးဘိုတူး-ဒေါ်တာ)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးအေးမောင်-ဒေါ်ရှိန်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉)ရပ်ကွက်၊ မြမဥ္ဇူလမ်း၊ အမှတ် ၆၅၃ နေ ဒေါ်တင်တင်အေး၏ ချစ်လှစွာသောခင်ပွန်း၊မအေးမွန်သူ (Shwe Taung Development Co.,Ltd.)၊ မအေးချမ်းဖြူ(Myanmar Japan Thilawa Development Co.,Ltd)၊ မောင်ရင်မင်းသန့်တို့၏ ချစ်လှစွာသောဖခင်သည် ၂၇-၄-၂၀၁၉ရက် (စနေနေ့) နံနက် ၇း၅၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၁၉ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။) ကွယ်လွန်သူအား ရည်စူး၍ ၃-၅-၂၀၁၉ရက်(သောကြာနေ့) နံနက်၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါ ရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ကျေးဇူးအထူးတင်ရှိခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/တောင်၊ (၁၄)ရပ်ကွက်၊ ၇ ဈေးလမ်းမကြီး၊ အမှတ် ၁၄၇၇/ခနေ ဦးအောင်နိုင်(ခ)ဦးရာဂျူး(M.D, Shwe La Ngwe La Co.,Ltd.)-ဒေါ်သန်းသန်းအေးတို့၏အစ်ကို၊ ဒေါ်ခင်ခင်အေး၏ချစ်လှစွာသော ခင်ပွန်း၊ ကိုဝင်းမိုးဦး-မရွှေဇင်အောင်၊ ကိုဖြိုးဝင်းလတ်-မအေးအေးအောင်၊ ကိုစောသူရမောင်-မရတီပွင့်ဦး၊ မလှယမင်းထွေးတို့၏ဖခင်၊ မောင်ငွေလ၊ မနုနုထွေး၊ မောင်ခွန်သန်းထူး၊ မအေးအေးတို့၏ဘကြီး၊ မစမ်းမြသူဇာ၊ မောင်အောင်တေဇ၊ မောင်အောင်ကျော်ဖြိုးတို့၏အဘိုး ဦးလှဝင်း(ခ)ဦးမရမ်းသီး (ကြက်ဘဲဒိုင်၊ အောဘီစီ) အသက်(၆၁)နှစ်သည် ၂၄-၄-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁း၅၅ နာရီတွင် ကွယ်လွန်သွားပါသည်။ ၂၅-၄-၂၀၁၉ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁ နာရီတွင် မြောက်ဥက္ကလာပရေဝေး ဟိန္ဒူသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းနှင့် ၎င်း၏ နာရေးကိစ္စအဝဝတွင် အစစအရာရာမေတ္တာဖြင့် ဝိုင်းဝန်းလုပ်အားပေးသော လူကြီးမင်းများ ကိုယ်တိုင်လာရောက်သတင်းမေးမြန်းကူညီကြသူများ၊ လွမ်းသူ့ပန်းခြင်းပေးပို့ပါသော အသင်းအဖွဲ့အစည်းများနှင့် လူကြီးမင်းများ၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း ရပ်နီး ရပ်ဝေးမှသတင်းမေးမြန်း ဝမ်းနည်းကြေကွဲကြောင်း ပြောဆိုသူများ၊ ကျေးဇူးတင်ထိုက်သူ ပုဂ္ဂိုလ်အသီးသီးတို့အား အထူးကျေးဇူးဥပကာရတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ဖခင်အမည်မှန်

လှိုင်ကော်မြို့၊ အထက(ခွဲ)လောမွေကျောင်း ၂၀၁၈-၂၀၁၉ ပညာသင်နှစ် သတ္တမတန်းအောင်မြင်ခဲ့သော မောင်သန့်ဇင်လေး၏ ဖခင်အမည်မှန်မှာ ဦးလေးခန်း ၂/လကန(နိုင်)၀၉၂၉၄၃ ဖြစ်ပါကြောင်း။

ဦးလေးခန်း

အမည်မှန်

လှိုင်ကော်မြို့၊ အလက(ဒေါတမ) ကျောင်း ၂၀၁၈-၂၀၁၉ ပညာသင်နှစ် အဋ္ဌမတန်း အောင်မြင်ခဲ့သော မသဲသဲ၏ အမည်မှန်မှာ မယဉ်မေဦး ဖြစ်ပါကြောင်း။

မယဉ်မေဦး

ပျောက်ဆုံးကြောင်း

ကျွန်တော် ခွန်သိန်းအောင် ၁၃/ဟပန(နိုင်)၀၉၈၁၅၄ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၆၇၁၃၄၂၀

ဖခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အထက(၁)မှ နဝမတန်း(A, Bio)ဖြင့် အောင်မြင်သော မဝေမြင့်မြတ်၏ ဖခင်အမည်မှန်မှာ ဦးမောင်နိုင် ၆/ကသန(နိုင်)၀၇၀၁၂၃ ဖြစ်ပါကြောင်း။

ဦးမောင်နိုင်

အမည်ပြောင်း

ဦးခင်မောင်တာ-ဒေါ်နှင်းရွှေတို့၏သား ဆီဆိုင်မြို့၊ အထက(၁)၊ ပဉ္စမတန်းအောင်မှ မောင်ဟိန်းဝေယံထွဋ်ခေါင်အား ယနေ့မှစ၍ မောင်ဟိန်းဝင်းထွဋ်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဟိန်းဝင်းထွဋ်

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6P/ 1501 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ကျောက်ပန်းတောင်းမြို့၊ မြောက်ပြည်တော်သာရပ်ကွက်နေ ဒေါ်ဆွေဆွေလှဲ့ ၉/ကပတ(နိုင်)၀၂၇၄၇၂ ကိုင်ဆောင်သူမှ ကျောက်ပန်းတောင်းမြို့၊ မြောက်ပြည်တော်သာရပ်ကွက်၊ ကွင်းအမှတ် (၂၀၇၉)၊ ကျွန်းဘိုစမ်းကွင်း၊ မြေကွက်အမှတ်(၈၆/၅၀၉)၊ မြေဧရိယာ ၀ ဒသမ ၄၇၆ ဧကရှိမြေအား လူနေထိုင်အသုံးပြုရန်အတွက် မြေငှားဂရန်(အသစ်) လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျောက်ပန်းတောင်းမြို့

အမွေဆက်ခံရန် သက်သေခံလက်မှတ်လျှောက်ထားကြောင်း
အကြောင်းကြားစာ
(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၇၃)
မန္တလေးခရိုင်တရားရုံးတော်
၂၀၁၉ ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၅

ပျံလွန်တော်မူပြီးဖြစ်သူ ဆရာတော်ဦးဝိလာသ ၉/မနမ(သ)၀၀၀၁၇၁ ၌ ကျန်ရစ်သော မြန်မာ့စီးပွားရေးဘဏ်(၁)တွင် ငွေစုဘဏ်စာရင်းအမှတ် (ST 080207) မှ စုဆောင်းလက်ကျန်ငွေ (၂၅၉၈၆၀၂၅) ကျပ်ပစ္စည်းအကြောင်း

ဦးစန္ဒောဘာသ **လျှောက်ထားသူ**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဝိဇယာရာမ ခင်မကန်တိုက် ရွှေရတနာကျောင်းခွဲ အောင်သိဒ္ဓိကျောင်းနေ ဦးစန္ဒောဘာသက ပျံလွန်တော်မူပြီးဖြစ်သူ ဆရာတော်ဦးဝိလာသ ၉/မနမ(သ)၀၀၀၁၇၁ ၏တူဖြစ်သည်ဟူ၍ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဝိဇယာရာမ ခင်မကန်တိုက် ရွှေရတနာကျောင်းခွဲ အောင်သိဒ္ဓိကျောင်းနေ ၎င်းပျံလွန်တော်မူပြီးဖြစ်သူ ဆရာတော်ဦးဝိလာသ ၉/မနမ(သ)၀၀၀၁၇၁ ရရန်ကျန်ရစ်သော မြန်မာ့စီးပွားရေးဘဏ်(၁)တွင် ငွေစုဘဏ်စာရင်းအမှတ် (ST 080207) မှ စုဆောင်းလက်ကျန်ငွေ (၂၅၉၈၆၀၂၅) ကျပ် ကြွေးမြီများကို ကောက်ခံရန်အမွေဆက်ခံခြင်းအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းပျံလွန်တော်မူပြီးဖြစ်သူ ဆရာတော်ဦးဝိလာသ ၉/မနမ(သ)၀၀၀၁၇၁ ရရန်ကျန်ရစ်သော မြန်မာ့စီးပွားရေးဘဏ်(၁)တွင် ငွေစုဘဏ်စာရင်းအမှတ် (ST 080207)မှစုဆောင်းလက်ကျန်ငွေ (၂၅၉၈၆၀၂၅)ကျပ် ပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၉ ခုနှစ် မေ ၁၄ ရက် (၁၃၈၁ ခုနှစ် ကဆုန်လဆန်း ၁၁ရက်) တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဦးစန္ဒောဘာသ၏လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့် မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၉ ခုနှစ် ဧပြီ ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဒေါ်လှမြင့်)
တွဲဖက်ခရိုင်တရားသူကြီး (၄)
မန္တလေးခရိုင်တရားရုံး

အထူးဝမ်းနည်းကြေကွဲခြင်း
ဆရာကြီး ဒေါ်ကုသလာစာရီ
အသက်(၈၄)နှစ်

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးသန်းထွန်း၏မိခင်ဆရာကြီး ဒေါ်ကုသလာစာရီသည် ၂၆-၄-၂၀၁၉ ရက်(သောကြာနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်
တရားရေးမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဆရာကြီး ဒေါ်ကုသလာစာရီ
အသက်(၈၄)နှစ်

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးသန်းထွန်း၏မိခင်ဆရာကြီး ဒေါ်ကုသလာစာရီသည် ၂၆-၄-၂၀၁၉ ရက်(သောကြာနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော်
တရားရေးမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဆရာကြီး ဒေါ်ကုသလာစာရီ
အသက်(၈၄)နှစ်

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးသန်းထွန်း၏မိခင်ဆရာကြီး ဒေါ်ကုသလာစာရီသည် ၂၆-၄-၂၀၁၉ ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူး ဝမ်းနည်းကြေကွဲရပါသည်။

တရားရေးဝန်ထမ်းလုပ်ငန်းဝင်သင်တန်းအမှတ်စဉ်(၁)မှ
တရားရေးအရာရှိများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်မြင့်
အသက်(၈၂)နှစ်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးစိုးသိန်း-ဒေါ်ချိုချိုဝင်းတို့၏ ချစ်လှစွာသောမိခင် ဒေါ်ခင်မြင့်သည် ၂၁-၄-၂၀၁၉ရက် (တနင်္ဂနွေ နေ့)နံနက်တွင် ရမည်းသင်းမြို့၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်
မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း
မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း
မြန်မာနိုင်ငံကွန်ပျူတာဝါသနာရှင်အသင်း

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်အမာ(မန္တလေး)
အသက်(၇၅)နှစ်

မန္တလေးမြို့၊ အမှတ် ၉၈၊ ၇၈လမ်း၊ ၃၅×၃၆ လမ်းကြား၊ အကွက်အမှတ် ၆၄၄နေ သူငယ်ချင်း ကိုထင်လင်း၏မိခင်ကြီး ဒေါ်အမာ ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်းများ
ဦးကျော်မိုးခိုင်၊ဦးဇော်မင်းခိုင်
ဦးငွေးဝင်း၊ ဦးသံဒိုင်(ရန်ကုန်မြို့)

ဦးအောင်မင်း(မြိတ်)-တိုးပွားပွဲရုံ
အသက်(၇၀)

မြိတ်မြို့၊ ပုလဲလမ်း၊ သန်းဖိုရပ်နေ (ဦးမောင်ကြီး-ဒေါ်စိန်သက်)တို့၏သား၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၈၀၄)နေ (ဦးမောင်ငယ်-ဒေါ်မြသန်း)တို့၏သားသမက်၊ စမ်းချောင်းမြို့နယ်၊ မင်းလမ်း၊ အမှတ်-၃၃နေ ဒေါ်စိုးစိုး၏ချစ်လှစွာသောခင်ပွန်း၊ မောင်ကိုကိုကြီး(ခ) ကိုကောင်းမြတ်ထက်၊ မောင်အောင်ထိုက်သူ(ခ)ကိုသီဟန်ထက်-မသက်မာ၊ မောင်ကိုကိုအောင် Austria-lia တို့၏ဖခင်၊ Harry Htet ၏ဘိုးဘိုး၊ (ဦးစိုးမင်း)၊ ဒေါ်လှဲ့လှဲ့ဝေတို့၏ညီ၊ ဦးသန်းမောင်-ဒေါ်ခင်ဝေ၊ ဦးသန်းနိုင်-ဒေါ်ငွေး(Singpore)၊ ဦးနေဝင်း (စိန်မျှားဆေးပေ့ါလိပ်)၊ ဒေါ်စိုးစိုးသန်း၊ ဦးပြည့်စုံ-ဒေါ်သင်းသင်းမော်တို့၏အစ်ကိုသည် ၂၆-၄-၂၀၁၉ရက် (သောကြာနေ့) နံနက် ၅း၄၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၁၉ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ယ/၅၉၆၂ Kenbo 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးငွေးအောင် ၈/ပမန(နိုင်)၀၄၇၆၀၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ပခုက္ကူ)

ဝမ်းနည်းကြေကွဲကြောင်း

ပါမောက္ခဒေါက်တာမာမာကြည်(ဆေးပညာဌာန၊ ဆေးတက္ကသိုလ်-၂၊ ရန်ကုန်)၏မိခင်ကြီး ဒေါ်ရီ အသက်(၉၂)နှစ်သည် ၂၇-၄-၂၀၁၉ ရက် (စနေနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ဆေးပညာဌာန
ဆေးတက္ကသိုလ်-၂၊ ရန်ကုန်

ဝမ်းနည်းကြေကွဲကြောင်း

ဒေါက်တာဒေါ်မာမာကြည် (ပါမောက္ခ/တာဝန်ခံဆရာဝန်ကြီး၊ ဆေးကုသဆောင်၊ အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီး၊ ဆေးပညာဌာန၊ ဆေးတက္ကသိုလ်-၂၊ ရန်ကုန်)၏မိခင် ဒေါ်ရီသည် ၂၇-၄-၂၀၁၉ရက်(စနေနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ဆေးကုသဆောင်မိသားစု
အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီး

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်းဒါယိကာမကြီး

ဒေါ်ညွန့်ညွန့်ခင်

အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလရပ်ကွက်၊ တိုက် ၆၊ အခန်း ၂၀နေ (ဦးဘိုးအုံ-ဒေါ်ထား)တို့၏သမီး၊ (ဦးဘိုနီ)၊(ဦးသောင်း)တို့၏ဇနီး၊ ကိုစောသန်းထိုက်-မခင်ခင်ပုလဲ၊ Tetsuo Tanaka -မစုစုပုလဲ၊ ကိုစည်သူ၊ ကိုဆက်လပြည့်ဘုန်း၏မိခင်၊ စောနေရဲရင့်၊ စောခန့်မင်းထိုက်တို့၏ ချစ်လှစွာဘွားဘွားကြီးသည် ၂၆-၄-၂၀၁၉ရက် (သောကြာနေ့) ညနေ ၄း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၁၉ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အထူးကျေးဇူးတင်ရှိခြင်း

ဦးကိုကိုဇော်

အငြိမ်းစားမန်နေဂျာ(New Force Company Limited)

အသက်(၆၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောကျောင်းလမ်း၊ အမှတ်(၃၅/ သုံးလွှာ)နေ ဒေါ်ခင်ဆွေဦး(ခရိုင်တရားသူကြီး၊ ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုသက်ထွန်းဦးနှင့် မသီရိကိုကိုဇော်တို့၏ ဖခင်သည် ၁၈-၄-၂၀၁၉ရက်(ကြာသပတေးနေ့)တွင်ကွယ်လွန်သွားခဲ့ရာ နာရေးကိစ္စအဝဝတွင် လိုက်ပါပို့ဆောင်ကူညီဆောင်ရွက်ပေးကြပါသော တရားသူကြီးချုပ် ဦးလှအေးနှင့် တရားရေးမှသူငယ်ချင်းများ၊ ဆွေမျိုးညီအစ်ကိုမောင်နှမများ၊ ငယ်သူငယ်ချင်းများနှင့် ရပ်ကွက်အတွင်းမှ မိတ်ဆွေများ၊ လူကိုယ်တိုင်လာရောက် အားပေးနှစ်သိမ့်ကူညီကြသူများ အားလည်းကောင်း၊ တယ်လီဖုန်းဖြင့်လည်းကောင်း၊ အင်တာနက်(FB) ဖြင့်လည်းကောင်း ဆက်သွယ်မေးမြန်းအားပေးကြသူများအားလုံးကို လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။ **ကျန်ရစ်သူမိသားစု**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉အမ်၊ မြေကွက်အမှတ်-၉၊ ဧရိယာ ဝဒသမဝ၄၉ဧက၊ အတိုင်းအတာ(ပေ)၂၁၂၄ စတုရန်းပေ၊ မြေကွက်တည်နေရာ အမှတ်-၁၅၊ လမ်းသွယ်(၁)၊ (၂)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ဦးဂျီရှန်ကာ (ခ) ဂျီအက်စ်ရှားမား (စီဒီ-၀၂၈၀၇၄) ၁၂/ဗဟန(နိုင်)၀၇၉၉၂၄ အမည်ပေါက်နှစ်(၉၀)ဂရန်မြေအား အမည်ပေါက် ဦးဂျီရှန်ကာ(ခ)ဂျီအက်စ်ရှားမားသည် အိန္ဒိယနိုင်ငံတွင် ကွယ်လွန်သဖြင့် ဇနီးဒေါ်ပါရ်ဘာတီဒေဝီ ၁၂/ကတတ(နိုင်)၀၀၇၅၁၃မှ ခင်ပွန်းအမည် ဦးဂျီရှန်ကာ(ခ)ဂျီအက်စ်ရှားမားနှင့် ဦးဂျီအက်စ်ရှားမားဟု အမည်(၂)မျိုး ဖော်ပြပါရှိသော်လည်း လူပုဂ္ဂိုလ်အားဖြင့် တစ်ဦးတစ်ယောက်တည်းသာဖြစ်ကြောင်း၊ ကွယ်လွန်သူခင်ပွန်းသည်နှင့် ၎င်းသည်ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြသည့်အားလျော်စွာ ခင်ပွန်းဖြစ်သူကွယ်လွန်ပြီးနောက် ၎င်း၏တစ်ဦးတည်းသောဇနီးဖြစ်သူ ၎င်းကသာလျှင်ဖော်ပြပါမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ၎င်းမှလွဲ၍အခြားသော အမွေဆက်ခံခွင့် တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ် တရားရုံး ကျမ်းကျိန်အမှတ်စဉ် ၆/၁၇၀၀(၂၀-၆-၂၀၁၈)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ၄-၁-၂၀၁၆ရက် ကွယ်လွန်ကြောင်း ဦးဂျီအက်စ်ရှားမား၏ အိန္ဒိယနိုင်ငံသေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ အမည်ပေါက်အရောင်းစာချုပ်အမှတ် ၇၈၅/၁၉၉၀ (၁၅-၈-၁၉၉၀)၊ ဦးဂျီရှန်ကာ (ခ) ဂျီအက်စ်ရှားမား အမည်ပေါက်နှစ်(၉၀)ဂရန်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အပိုင်ပေးစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာသဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင်မြေကွက်လပ်ဖြစ်ပြီး၊ မြေကွက်လပ်ဖြစ်ခြင်းနှင့်ပတ်သက်၍ တာဝန်ယူကြောင်း ဝန်ခံကတိတင်ပြခြင်း၊ ၁၀-၁၀-၂၀၁၈ ရက်စွဲပါစာဖြင့် အမည်ပေါက် ဦးဂျီရှန်ကာ (ခ) ဂျီအက်စ်ရှားမားသည် ကွယ်လွန်ချိန်တွင် မြန်မာနိုင်ငံသားဖြစ်ကြောင်း Passport No. MA 555913 (Issue Date:28 FEB 2014 မှ 27 FEB 2019) ကိုင်ဆောင်၍ 4 January2016တွင် India ၌ ကွယ်လွန်ခဲ့ကြောင်းနှင့် ဦးဂျီရှန်ကာ(ခ)ဂျီအက်စ်ရှားမားသည် မြန်မာနိုင်ငံကူးလက်မှတ်ကိုင်ဆောင်သည့် မြန်မာနိုင်ငံသားတစ်ဦးဖြစ်ကြောင်း Passport မူရင်းပူးတွဲ၍ ရှင်းလင်းတင်ပြလာပါသဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ် ၅၈၆/က၊ မြေကွက်တည်နေရာအမှတ်(၅၈၆/က)၊ဇာနည်(၁၁)လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ဒေါ်အေးမိစံ) ၁၂/သဃက(နိုင်)၁၀၈၅၀၆ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်အေးမိစံ(ဇနီး)ကွယ်လွန်သဖြင့် ဦးမောင်မောင်တင် ၁၂/သဃက(နိုင်) ၁၀၈၉၁၉ မှ တစ်ဦးတည်းသောခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ ၂/၁၇၈၁၂/၂၂၂-၂၀၁၉ သေစာရင်းနှင့် ဂရန်မူရင်းတို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာသဖြင့် ကွင်းဆင်းစစ်ဆေးရာ (၁)ထပ်ပျဉ်ထောင်အဆောက်အအုံရှိပြီး အိမ်ငှားဒေါ်စန္ဒာထွေးနေထိုင်ကြောင်း စစ်ဆေးတွေ့ရှိရ၍ အိမ်ငှားထားရှိခြင်းနှင့်ပတ်သက်၍ တာဝန်ယူကြောင်း ဝန်ခံကတိတင်ပြထားသဖြင့် အဆိုပါပိုင်ဆိုင်မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဒေါ်ရီ

အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၁)ရပ်ကွက်၊ ဇေယျာဒီပလမ်း၊ အမှတ်(၁၀၂)နေ ဦးထွန်းရွှေ(ဒု-ရဲမှူး-ငြိမ်း)၏ဇနီး၊ ကျောင်းကုန်းမြို့နေ ဦးမောင်မောင်တင်-ဒေါ်အေးအေးမြင့်၊ ဖောင်ကြီးမြို့နေ ဦးခင်မောင်လတ်-ဒေါ်တင်တင်၊ မရမ်းကုန်းမြို့နယ်နေ ဦးသန့်ဇင်(CEO-ငြိမ်း)-ဒေါ်မာမာကြည် (ပါမောက္ခ၊ အင်းစိန်ဆေးရုံကြီး)၊ USA နေ ဦးခင်မောင်သိန်း-ဒေါ်ကြူကြူမြင့်၊ တောင်ငူမြို့နေ ဦးကျော်ကျော်-ဒေါ်ခက်ခက်တို့၏ မိခင်၊ မြေး ၁၆ ယောက်၊ မြစ်ကိုးယောက်တို့၏ အဘွားသည် ၂၇-၄-၂၀၁၉ရက် (စနေနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးမြင့်ဆွေ(ခ)ဦးမိုးဟိန်း

A.G.T.I(Civil)1973 MDY

အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၇၈)ရပ်ကွက်၊ ပုလဲ(၁)လမ်း၊ အမှတ် ၆၄၀နေ (ဦးမောင်မောင်-ဒေါ်စန်းရီ)တို့၏သား၊ (ဦးသန်းအောင်-ဒေါ်မြကြင်)တို့၏သားသမက်၊ (ဒေါ်သန်းသန်းနွဲ့)၏ခင်ပွန်း၊ ကိုလင်းဇော်မိုး-မမျိုးမျိုးကျော်၊ ကိုမျိုးဇော်ဟိန်း-မဝင်းလဲ့ခိုင်၊ ကိုဖြိုးဝေဟိန်း၊ မောင်သန့်မျိုးထွေး(ခေတ္တဂျပန်)၊ မဆင့်ဆင့်ထက်(ခေတ္တဂျပန်)၊ ကိုမင်းသာထက်-မဟိန်းရတနာဆင့်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂၆-၄-၂၀၁၉ရက် (သောကြာနေ့) ည ၈း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၅-၂၀၁၉ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်တင်တင်ရီ

အသက်(၆၀)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၁)လမ်း၊ အမှတ်(၇၀) ဒုတိယထပ်နေ (ဦးသန်း-ဒေါ်စိန်စိန်)တို့၏ သမီး၊ ဦးမြင့်မောင်-ဒေါ်ခင်အုန်းချို၊ ဒေါ်သောင်းသောင်းအေးတို့၏ညီမ၊ ဒေါ်အေးအေးသန်း၊ ဦးရဲထွန်း-ဒေါ်စန်းစန်းနွယ်၊ ဦးသန်းထွန်းတင်-ဒေါ်စမ်းစမ်းအေး၊ ဦးအောင်မိုးလွင်-ဒေါ်ခင်ခင်သန်း တို့၏ အစ်မ၊ တူတူမ ခုနစ်ယောက်တို့၏ အဒေါ်သည် ၂၇-၄-၂၀၁၉ရက် (စနေနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ကိုစံလင်း

အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ ၁၅၅လမ်း၊ အမှတ် ၅၈နေ ဦးကျော်လှဖြူ-ဒေါ်ခိုင်ခိုင်တို့၏သား၊ မောင်စံလင်း(ခ)စံလင်းမောင်၊ မောင်မကြည်ကြည်ခိုင်တို့၏ အစ်ကို၊ မခိုင်ခိုင်ကျော်၊ ကိုကျော်မောင်၊ မခိုင်စန္ဒာ (USA)တို့၏အစ်ကိုသည် ၂၃-၄-၂၀၁၉ရက်တွင် ကွယ်လွန်သွားပါသဖြင့် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော် ဘဒ္ဒန္တသောဏမဟာထေရ်

ဗဟန်းမြို့နယ် သံဃနာယကအဖွဲ့(ရွှေကျင်)ဩဝါဒါစရိယ

ရွှေကျင်နိကာယ ရတ္တညူမဟာနာယက

သက်တော်(၈၉)နှစ်၊ သိက္ခာတော်(၆၉)ဝါ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ သီရိစန္ဒာကျောင်းတိုက်၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တသောဏမဟာထေရ် မြတ်ကြီးသည် (၁၃၈၁ခုနှစ် ဦးတန်ခူး လပြည့်ကျော် ၇ရက်) ၂၆-၄-၂၀၁၉ရက် (သောကြာနေ့) ညနေ ၃ နာရီတွင် ဘဝနတ်နန်းစံမြန်းတော်မူသည်ဖြစ်ပါ၍ ကြွင်းကျန်သောဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၁ ခုနှစ် ဦးတန်ခူးလပြည့်ကျော် ၁၁ ရက်) ၃၀-၄-၂၀၁၉ရက်(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပနပြုလုပ်မည်ဖြစ်ကြောင်း တပည့် သံဃာ၊ ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား သိစေအပ်ပါသည်။

(ကျောင်းတိုက်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

တပည့်သံဃာများနှင့်
ဈာပန ကျင်းပရေးအဖွဲ့

ဦးလွန်းမောင် (ဗ/၁၃၈၁၁)

အမှတ်(၆)ဗဟိုဆေးတပ်(ငြိမ်း)

ဗထူးတပ်မြို့

အသက်(၉၀)

ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ ဘဲဂရက်စာဖြူစုကျေးရွာနေ (ဦးဘိုးဟန်-ဒေါ်နန့်နန့်)တို့၏သား၊ ဒေါ်လှအေး၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာမောင်မောင်လှိုင်(ပါမောက္ခ၊ ဌာနမှူး-ငြိမ်း၊ ဗိသုကာဌာန၊ ကျွမ်းကျင်သူ၊ ရန်ကုန်နည်းပညာတက္ကသိုလ်)-ဒေါ်တင်တင်အေး၊ ဦးရွှေဝင်း(လ/ထမော်ကွန်းထိန်း၊ ရန်ကုန်နည်းပညာတက္ကသိုလ်)-ဒေါ်သန်းသန်းစီ၊ တကကကြီးမြင့်(တပ်မတော်လေ)-ဒေါ်ငွေငွေလွင်၊ အရာခံဗိုလ်စိန်မြင့်(ကပစ-၁၂၊ သရက်မြို့)-(ဒေါ်အေးအေးခိုင်)၊ ဦးမင်းကျော်သူ-ဒေါ်ခင်အုံးမြင့်၊ ဦးအောင်နိုင်ထွန်း(ဆောက်လုပ်ရေး)-ဒေါ်ဝင်းဝင်းထွေး(ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန)တို့၏ဖခင်၊ ကိုဖြိုးစည်သူ-မသက်နှင်းထိုက်၊ မငုဝါလှိုင်၊ ကိုနေမျိုးလှိုင်၊ မအိမ့်မျက်ခြယ်လှိုင်၊ မောင်လင်းသုတထွဏ်း၊ မောင်မင်းသုတထွဏ်း၊ မောင်ပြည့်ဖြိုးကျော်၊ မောင်လွင်မိုးအောင်၊ မစံပယ်စိန်မြင့်၊ မနွယ်နီစိန်မြင့်၊ မသဇင်စိန်မြင့်၊ မအေးချမ်းမင်းတို့၏ အဘိုးသည် ၂၇-၄-၂၀၁၉ရက် နံနက်၃း၀၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၁၉ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်လှိုင်

အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မစိုးရိမ်ကျောင်းလမ်း၊ လမ်းသွယ်(၂) အမှတ် ၁၁နေ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်၊ ဗဟိုအလုပ်အမှုဆောင်ဦးမြင့်သောင်း(မြန်မာနိုင်ငံဂေါက်သီးအားကစားလက်ရွေးစင်ဟောင်း)၏ မိခင်သည် ၂၆-၄-၂၀၁၉ရက် နံနက် ၁၁း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

နာယကများနှင့်
ဗဟိုအလုပ်အမှုဆောင်များ
မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်တင်ကြည် (ကြည့်မြင်တိုင်(အမြောင်း)

အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ပိတောက်လမ်း၊ အမှတ်(၆၁) မြေညီထပ်နေ (ဦးစောချစ်လှိုင်)၏ဇနီး၊ ဦးဇော်မင်းလှိုင်-ဒေါ်မေခိုင်လတ်၊ ဦးဟန်ဝင်းအောင်-ဒေါ်ဝင်းကြည်ငွေတို့၏မိခင်၊ မောင်မင်းခန့်၏အဘွားသည် ၂၆-၄-၂၀၁၉ရက်(သောကြာနေ့) ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေအပေါင်းနှင့် ဆွေမျိုးများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၅-၂၀၁၉ရက်(ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးတင့်ဆွေ(ခ)ဦးချမ်းသာ

လ/ထ စက်ရုံမှူး(ငြိမ်း)၊ ဖန်ချက်စက်ရုံ(သန်လျင်)

မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း

အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ ကျောင်းလမ်း၊ အမှတ် ၁၁၅နေ ဒေါ်ခင်မူ၏ခင်ပွန်း၊ ဦးသက်ဇင်ဆွေ-ဒေါ်မြင့်မြင့်(ဦးဇော်လင်းဆွေ)၊ (ဦးဝေဖြိုးဆွေ)-ဒေါ်အိအိခင်(ခ)မစု၊ ဦးဇော်မင်းဆွေ၊ ဒေါ်အေးအေးမြတ်၊ (ဦးသက်ထူးဆွေ)တို့၏ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၆-၄-၂၀၁၉ရက် (သောကြာနေ့) ည ၁၁း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၁၉ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးမိုက်ကယ်ညိုလေး [ဗိုလ်မှူး(ငြိမ်း)၊ D.S.A-9]

လေယာဉ်မှူးကြီး(ငြိမ်း)၊ မြန်မာ့လေကြောင်း

အသက်(၇၃)နှစ်

မန္တလေးမြို့၊ ဒိုင်အိုကျောင်းဝင်းနေ(ဦးဘဟန်-ဒေါ်သိန်းသိန်း)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးနိုင်ဝင်း-ဒေါ်ငြိမ်းမြ)တို့၏သားသမက်၊ ဒေါ်စန္ဒာဝင်း(S.A.T-ငြိမ်း)၏ခင်ပွန်း၊ မနှင်းကေခိုင်၏ ဖခင်သည် ၂၆-၄-၂၀၁၉ရက် (သောကြာနေ့) ညနေ ၅း၃၀နာရီတွင် မန္တလေးမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၉ရက် (အင်္ဂါနေ့)တွင် မန္တလေးမြို့ ခရစ်တော်ဘွဲ့ခံကသီဒြယ် ဘုရားရှိခိုးကျောင်းတွင် ဝတ်ပြုဆုတောင်းပြီးအေးရိပ်ငြိမ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂-၅-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရန်ကုန်မြို့၊ (၉)ရပ်ကွက်၊ သူရ(၆)လမ်း၊ အမှတ်(၁၈၀)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ဘဒ္ဒန္တခန္တီသာရ

(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)

(ရွှေကျင်နိကာယ မဟာနာယက ရတ္တညူမဟာနာယက)

သက်တော် (၉၆)နှစ်၊ သိက္ခာတော်(၇၆)ဝါ

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မောင်ငံရပ်ကွက်၊ မဟာမြိုင် ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်လုံးဆိုင်ရာ ရွှေကျင်နိကာယ မဟာနာယက၊ ဆရာတော် ဘဒ္ဒန္တခန္တီသာရမထေရ်မြတ်သည် (၁၃၈၁ ခုနှစ် တန်ခူးလပြည့်ကျော် ၈ရက်) ၂၇-၄-၂၀၁၉ရက် (စနေနေ့) နံနက် ၁၀း၅၁ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၁ခုနှစ် တန်ခူးလပြည့်ကျော် ၁၂ရက်) ၁-၅-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့)တွင် အန္တိမအဂ္ဂိဈာပန ပြုလုပ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှတပည့်သံဃာတော်များနှင့် တပည့်ဒါယကာ ဒါယိကာမတို့အား သံဝေဂပွားများနိုင်စေရန် အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနကော်မတီ
မဟာမြိုင်ပရိယတ္တိစာသင်တိုက်၊
မောင်စံရပ်ကွက်၊ မော်လမြိုင်မြို့

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

အလ်ဟာဂျ်ဆရာကြီး ဦးမောင်ကိုဂဖာရီ

အယ်ဒီတာချုပ်(အစ္စလာမ့်အလင်းမဂ္ဂဇင်း)

အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ လမ်း(၁၃၀)၊ အမှတ်(၅၈)နေ ပညာဝန်ထောက်(ဦးဂဖား-ဒေါ်ကြည်)တို့၏သား၊ (ဒေါ်ခင်သန်းစိန်)၊ ဒေါ်ဗေဒါရီ(ကထိက-ငြိမ်း)တို့၏ခင်ပွန်း၊ ဦးဇော်ဝင်း-ဒေါ်တင်တင်ဝင်း၊ (ဦးဇော်လင်း-ဒေါ်ဖြူဖြူဝင်း)၊ ဒေါ်သက်သက်၊ ဒေါ်ထားထား-ဦးခင်မောင်ထွန်း၊ ဦးဇော်ထွန်း-ဒေါ်ခိုင်ရွှေဝါဦး၊ ဦးဇော်မင်း-ဒေါ်ကြည်ကြည်မြင့်၊ ဒေါက်တာမေယု-ဦးဝင်းသိန်း၊ ဒေါ်ခင်နွယ်ဦး-ဦးမောင်မောင်စိုးတို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၂၃-၄-၂၀၁၉ရက် ည၁၀း၄၅နာရီတွင် အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူသွားပြီး ၂၄-၄-၂၀၁၉ရက် ဇိုဟိုရ်နမာဇ်အပြီးတွင် လမ်း(၁၃၀)ရှိ ပိန္နဲကုန်း၊ ရခိုင်ဂျာမေဗလီကြီး၌ ဂျနာဇာနမာဇ်ဖတ်ပြီး ရေဝေးစ္စနီမွတ်စလင် ကဘာရ်စတန်ဥယျာဉ်တော်၌ ဒါဖွာနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ကျေးဇူးတင်ရှိခြင်း

အလ်ဟာဂျ်ဆရာကြီး ဦးမောင်ကိုဂဖာရီ အသက်(၉၃)နှစ်၏ နာရေးကိစ္စအဝဝတွင် စေတနာတရား ထက်သန်စွာဖြင့် အဘက်ဘက်မှ လိုလေသေးမရှိ ဝိုင်းဝန်းကူညီပေးခဲ့ကြသော မိတ်ဆွေသင်္ဂဟအားလုံးအားလည်းကောင်း၊ လူကိုယ်တိုင်နှင့် လူကိုယ်တိုင် မလာရောက်နိုင်သော်လည်း ဖုန်း၊ အွန်လိုင်းတို့မှ ဝမ်းနည်းကြောင်း ပေးပို့ဆုတောင်းပေးကြသော ရပ်နီးရပ်ဝေး ပြည်တွင်းပြည်ပမှ မိတ်ဆွေများအားလည်းကောင်း၊ သတင်းမီဒီယာများမှ ဝမ်းနည်းကြေကွဲခြင်း သတင်းပေးပို့ရေးသားကြသူများအားလည်းကောင်း၊ အကူအညီပေးခဲ့ကြသောအဖွဲ့အစည်းအသီးသီးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးငွေထွန်း

အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အင်းလျားလမ်း၊ အမှတ် ၆၈-ဘီနေ (ဦးထင်းစိန်-ဒေါ်သောင်းတင်)တို့၏သား၊ (ဦးကျင်ဟုန်-ဒေါ်တင်တင်)တို့၏သားသမက်၊ ဒေါ်မြမြရီ(Teacher Molly)၏ခင်ပွန်း၊ (ဦးဝင်းဖေ-ဒေါ်မြသောင်း၊ ဒေါ်ရှုမေ)၊(ဦးသောနRonnie Lao)-ဒေါ်Gladys ၊ ဦးပါစီလောင်း-ဒေါ်နုနုရီ၊ (ဒေါက်တာ George ဝင်းမောင်-ဒေါက်တာ Dora Saw)တို့၏ညီ၊ (ဦးအာသာလောင်း)၏အစ်ကို ဦးငွေထွန်း(aJackie Lao)သည် ၂၆-၄-၂၀၁၉ရက် ည၉နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၈-၄-၂၀၁၉ရက် မွန်းလွဲ ၁၂း၃၀ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးငွေထွန်း

အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အင်းလျားလမ်း၊ အမှတ် ၆၈-ဘီနေ (ဦးထင်းစိန်-ဒေါ်သောင်းတင်)တို့၏သား၊ (ဦးကျင်ဟုန်-ဒေါ်တင်)တို့၏သားသမက်၊ ဒေါ်မြမြရီ(Molly Hone-Teacher Molly)၏ခင်ပွန်း၊ ဦးဟန်ထွန်း Evelyn Tan Kwee Luan (Singapore)၊ ဦးသက်ထွန်း (Australia)၊ ဒေါ်ငွေသဇင်ထွန်း-ဦးဝင်းကျော် (Singapore)၊ ဒေါက်တာမြစန္ဒာ-ဦးမျိုးသိန်းထိုက်(Singapore) တို့၏ဖခင်၊ မျိုးမြတ်သန္တာ(Gu Gu)၊ Ni cholas ဟိန်းထက်ကျော်၊Hannag Estelle Lao ၊ Jacqueline ဇင်မွန်ကျော်၊ Elenor Hagen Lao၊ Sophine ဆုလင်းလက်ကျော်၊ (Owen Matthew Lao)တို့၏အဘိုးသည် ၂၆-၄-၂၀၁၉ ရက် ည ၉နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၈-၄-၂၀၁၉ရက် မွန်းလွဲ ၁၂း၃၀ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ခင်ဦး [အထက ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)]

အသက်(၈၄)နှစ်

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၁) စက်မှုလုပ်ငန်းရုံးမှ ဦးကျော်မင်းဆွေ(လက်ထောက်ညွှန်ကြားရေးမှူး)-ဒေါ်တင်မြတ်နိုးတို့၏မိခင်သည် ၂၄-၄-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁း၂၀နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

အင်ဂျင်နီယာချုပ်(စက်မှု)နှင့်ဝန်ထမ်းမိသားစုများ
ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန

သင့်သွေးဖြင့် အသက်ကယ်ပါ

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ

(၂၆) ကြိမ်မြောက် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် လစဉ်ပုံမှန်တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဧပြီ ၂၇

မြန်မာ့စီးပွားရေး လုပ်ငန်းရှင်များနှင့် (၂၆) ကြိမ်မြောက် လစဉ်ပုံမှန်တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

စာမျက်နှာ ၄ ကော်လံ ၁ ❒

ဒုတိယသမ္မတ ဦးမြင့်ဆွေ (၂၆) ကြိမ်မြောက် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် လစဉ်ပုံမှန်တွေ့ဆုံပွဲတွင် အမှာစကား ပြောကြားစဉ်။
သတင်းစဉ်

ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူ ခေါ်နူးစုမ်အမျိုးသားဥယျာဉ်အပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

မင်းတပ် ဧပြီ ၂၇

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးရန် ချင်းပြည်နယ်၌ ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ချင်းပြည်နယ်ဝန်ကြီးချုပ် ဆလိုင်းလျန်လွယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ ဦးလှမော်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ဧပြီ ၂၆ရက် ညနေပိုင်းတွင် ကန်ပက်လက်မြို့အမှတ် (၂) ရပ်ကွက်ရှိ “ကန်ပုလဲ” ‘ဝ’ ဉ နှင့် တောင်ပေါ်သီးနှံများ အခြောက်ခံခြင်းနှင့် တန်ဖိုးမြှင့်ထုတ်ကုန်လုပ်ငန်းသို့ ရောက်ရှိကြသည်။

ဒုတိယသမ္မတအား မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့

စာမျက်နှာ ၅ ကော်လံ ၁ ◆

ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူ မင်းတပ်မြို့ ခရိုင်ပြည်သူ့ဆေးရုံ ဝန်ထမ်းအိမ်ရာ တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။
သတင်းစဉ်

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ သုံးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ သုံးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ တတိယ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

မြန်မာ့အလှအပများ ကမ္ဘာကသိစေရန် ကြိုးပမ်းမှုနှင့်အတူ ခရီးသွားလာခြင်းမှသည် တစ်ဦးချင်းလူမှုဘဝများအထိ မြင့်မားရန် ဟိုတယ်/ခရီးကြိုးပမ်း

တွေ့ဆုံမေးမြန်း - ခင်ရတနာ၊ ဓာတ်ပုံစုစည်း - အေးသန်း

ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ www.tourism.gov.mm Website လွှင့်တင်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ခရီးသွားလုပ်ငန်းသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်အထောက်အကူပြုသည့် နိုင်ငံခြားဝင်ငွေရှာဖွေပေးနိုင်သော လုပ်ငန်းကြီး တစ်ခုဖြစ်သည်။

အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်ပြီး လူထုလူတန်းစားအသီးသီးကို ဝင်ငွေအားဖြင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ စီးဝင်မည့် ကျေးဇူးများစွာကို ရရှိသည်။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံအတွင်း ခရီးသည်များ တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြား ဝင်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် ဖြေလျှော့မှုများနှင့်အတူ နိုင်ငံတော်အစိုးရသစ် စတင်တာဝန်ယူခဲ့ရာမှ ယနေ့အထိ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ချက်များကို လုပ်ဆောင်လျက်ရှိရာ တတိယ(၁) နှစ်တာအတွင်း လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါသည် -

ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်

မေး။ ။ဟိုတယ်နဲ့ ခရီးသွားကဏ္ဍကို ပိုမိုတိုးတက်လာဖို့ တတိယ (၁)နှစ်တာအတွင်းမှာ ရည်ရွယ်ပြဋ္ဌာန်းခဲ့တဲ့ ခရီးသွားလုပ်ငန်းဥပဒေအကြောင်းကို ရှင်းပြပေးပါဦးရှင့်။

ဖြေ။ ။မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဥပဒေကို ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၁၇ ရက်က ပြဋ္ဌာန်းနိုင်ခဲ့ပြီး ဝန်ကြီးဌာနကနေ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဥပဒေ ပြဋ္ဌာန်းချက်တွေအရ လိုအပ်တဲ့ကော်မတီတွေ တင်ပြဖွဲ့စည်းတာ၊ နည်းဥပဒေနဲ့ အမိန့်တွေကို ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဌာနဆိုင်ရာတွေနဲ့ အသင်းအဖွဲ့တွေနဲ့ ညှိနှိုင်းရေးဆွဲတာ၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာရှိတဲ့ ဌာနရုံးခွဲတွေကို စွမ်းဆောင်ရည်ပိုမိုပြည့်ဝအောင် လုပ်ငန်းကျွမ်းကျင်မှုတွေ လေ့ကျင့်သင်ကြားပေးနေတာတွေကို ဆက်လက်လုပ်ဆောင်လျက်ရှိပါတယ်။

အချပ်ပို (ခ) သို့

ခရီးသွားတွေဟာ ဟိုတယ်ကြီးတွေ၊ အကောင်းဆုံးသော စားသောက်ဆိုင်ကြီးတွေရှိမှ လာမှာမဟုတ်ပါဘူး။ သဘာဝကိုအခြေခံတဲ့ ရပ်ရွာထဲက ခရီးသွားစနစ် အောင်မြင်ရင် အောင်မြင်သလို ခရီးသွားကဏ္ဍ ဖွံ့ဖြိုးလာနိုင်ပါတယ်။ တစ်ဖက်ကလည်း ဒေသခံလူထုကို တိုက်ရိုက်အကျိုးကျေးဇူးရရှိစေတာ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းကနေဖြစ်ပါတယ်

ဗီယက်နမ်နိုင်ငံတွင် ကျင်းပသည့် ATF 2019 အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် တက်ရောက်စဉ်။

အချပ်ပို (က) မှ

ဟိုတယ်နဲ့ တည်းခိုရိပ်သာ ဆောက်လုပ်ခွင့်တွေအတွက် ကြိုတင်ခွင့်ပြုမိန့်တွေနဲ့ လုပ်ငန်းလိုင်စင်တွေကို သက်ဆိုင်ရာလုပ်ငန်းတွေရဲ့ တည်ရှိရာ တိုင်းဒေသကြီးနဲ့ ပြည်နယ် အစိုးရတွေကနေ ကြိုတင်စိစစ်ဆောင်ရွက်နိုင်ဖို့နဲ့ လုပ်ငန်းရှင်တွေ အခက်အခဲတွေ၊ မပြေလည်မှုတွေမရှိအောင်၊ နှောင့်နှေးကြန့်ကြာမှုလည်း မဖြစ်ရအောင် လိုအပ်တဲ့ ယာယီခွင့်ပြုမိန့်တွေနဲ့ ယာယီလိုင်စင်တွေကို ထုတ်ပေးလျက်ရှိပါတယ်။

ဒါ့အပြင် မကြာမီ ဒေသဆိုင်ရာ ခရီးသွားကော်မတီတွေ ဖွဲ့စည်းပြီးချိန်မှာ တည်ဆောက်ခွင့်နဲ့ လုပ်ငန်းလိုင်စင်တွေကို အတည်ပြုထုတ်ပေးနိုင်ဖို့ အပါအဝင် အသစ်လျှောက်ထားနိုင်ဖို့အတွက် ၂၀၁၉ ခုနှစ် ဇန်နဝါရီလကနေ စတင်ပြီး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ် အစိုးရတွေကို အကြောင်းကြားထားပြီး ဖြစ်ပါတယ်။

ယခုအချိန်မှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတဲ့ လုပ်ငန်းရှင်တွေကနေ တင်ပြထားတဲ့ လုပ်ငန်းခွင့်ပြုမိန့်နဲ့ လုပ်ငန်းလိုင်စင်တွေကို ဒေသဆိုင်ရာ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနရုံးခွဲတွေကနေတစ်ဆင့် ဆက်လက်ဆောင်ရွက်သွားဖို့ စနစ်တကျလွှဲပြောင်းပေးနေပါတယ်။ စတင်ပြောင်းလဲမှု ကာလဖြစ်တဲ့အတွက် ဝန်ကြီးဌာနကနေ လိုအပ်တာတွေကို ဆက်လက်ပံ့ပိုးညှိနှိုင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

မေး။ ။ဝန်ကြီးဌာနကနေ Digital Marketing အကောင်အထည်ဖော်ပြီး ခရီးသွားကဏ္ဍ အဆင့်မြှင့်တင်နေမှုကို ရှင်းပြပေးပါဦးရှင့်။

ဖြေ။ ။ယနေ့ခေတ်က Information Technology ခေတ်ဖြစ်တာကြောင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် သမားရိုးကျ ခရီးသွားမြှင့်တင်ရေးလုပ်ငန်းကနေ အထိရောက်ဆုံးဖြစ်မယ်လို့ ယူဆရတဲ့ နည်းပညာသုံး ဈေးကွက်မြှင့်တင်မှုဖြစ်တဲ့ Online Promotion ကို တိုးမြှင့်ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ ဝန်ကြီးဌာနရဲ့ ဝက်ဘ်ဆိုက်ကို ဘာသာစကား ၁၀ မျိုးနဲ့ လွှင့်တင်ထားရှိပါတယ်။ ယခုအခါမှာ ဝန်ကြီးဌာန၊ ပုဂ္ဂလိက ပူးပေါင်းပါဝင်တဲ့ Digital Marketing Task Force ကို ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ အဲဒီကနေ မြန်မာနိုင်ငံအတွက် အလားအလာရှိတဲ့ ခရီးသွားလုပ်ငန်း ဈေးကွက်တစ်ခုချင်းအလိုက် အရှိန်အဟုန်မြှင့် စနစ်တကျနဲ့ ဆောင်ရွက်နေပါတယ်။

ဧည့်သည်တွေအနေနဲ့ ခရီးစဉ်တွေ၊ ဒေသဆိုင်ရာ အချက်အလက်တွေကို လွယ်လွယ်ကူကူနဲ့ ရှာဖွေနိုင်မယ့်အပြင် Digital Concierge စနစ်ကို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိနေတဲ့ ဝန်ကြီးဌာနရဲ့ Information Counter တွေမှာ တပ်ဆင်ပေးထားပါတယ်။ ဒါကြောင့် ခရီးသွားဆိုင်ရာ သတင်းအချက်အလက်တွေကို ၂၄ နာရီ လွှင့်တင်ပေးနိုင်ပြီဖြစ်ပါတယ်။ Digital Marketing လုပ်ငန်းအတွက် Tourism Web Portal တည်ဆောက်နိုင်ဖို့အတွက် အကောင်အထည်ဖော်နေတာ ဖြစ်ပါတယ်။ ဧပြီလအတွင်း မြန်မာအတာသင်္ကြန် နှစ်သစ်ကူးမတိုင်မီမှာပဲ လျင်လျင်မြန်မြန် လွှင့်တင်နိုင်ဖို့အတွက် ကြိုးပမ်းနေကြပြီဖြစ်ပါတယ်။

လူထုအခြေပြုခရီးသွားလုပ်ငန်း ဖော်ဆောင်နေသည့် မိတ္ထီလာမြို့နယ် ဆွာတောကျေးရွာ၌ ဒေသထွက် ပဲစင်းငုံသီးနှံများ ပုတ်ခါသန့်စင်ရာတွင် နိုင်ငံခြားခရီးသွားဧည့်သည်များကိုယ်တိုင် ပါဝင်ဆောင်ရွက်နေကြစဉ်။

မေး။ ။ဝန်ကြီးဌာနကနေ ပံ့ပိုးကူညီမှုတွေနဲ့ ဒေသအသီးသီးမှာ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းတွေ တွင်ကျယ်များပြားလာခဲ့တဲ့ အခြေအနေကို ရှင်းပြပေးပါဦးရှင့်။

ဖြေ။ ။ခရီးသွားတွေဟာ ဟိုတယ်ကြီးတွေ၊ အကောင်းဆုံးသော စားသောက်ဆိုင်ကြီးတွေရှိမှ လာမှာမဟုတ်ပါဘူး။ သဘာဝကို အခြေခံတဲ့ ရပ်ရွာထဲက ခရီးသွားစနစ် အောင်မြင်ရင် အောင်မြင်သလို ခရီးသွားကဏ္ဍ ဖွံ့ဖြိုးလာနိုင်ပါတယ်။ တစ်ဖက်ကလည်း ဒေသခံလူထုကို တိုက်ရိုက် အကျိုးကျေးဇူးရရှိစေတာ ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းကနေ ဖြစ်ပါတယ်။ နောက်တစ်ချက်က ခရီးသွားတွေ များလာမယ်ဆိုရင် ရင်းနှီးမြှုပ်နှံမှုတွေက နောက်တိုးရောက်ရှိလာနိုင်ပြီး ဒေသခံတွေအတွက် လူနေမှုဘဝတွေပါ လိုက်ပါမြင့်မားလာနိုင်ပါတယ်။ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းကို ၂၀၁၆ ခုနှစ်ကတည်းက စတင်ဆောင်ရွက်လာခဲ့ပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့နေရာမှာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့တွေ၊ NGO တွေ၊ Travel Agent တွေနဲ့ ပူးပေါင်းပြီး ကချင်၊ ကယား၊ ကရင်၊ ချင်းနဲ့ ရှမ်းပြည်နယ်၊ စစ်ကိုင်း၊ တနင်္သာရီ၊ မကွေး၊ မန္တလေးနဲ့ ရန်ကုန်တိုင်းဒေသကြီးတွေမှာ ဖွင့်လှစ်ထားပါတယ်။ စုစုပေါင်း ကျေးရွာ ၄၀ ပါဝင်တဲ့ CBT Site ၁၇ ခုကို ဖွင့်လှစ်ဆောင်ရွက်ထားပါတယ်။ ထပ်မံပြီး ကျေးရွာပေါင်း ရှစ်ရွာပါတဲ့ CBT ငါးခုကို ဖော်ထုတ်ဖို့ စီစဉ်ဆောင်ရွက်နေပါတယ်ခင်ဗျာ။

အချပ်ပို (ဂ) သို့

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ(၃)နှစ်တာ

အချပ်ပို (ခ) မှ

မေး။ ။ခရီးသည် ပိုမိုဝင်ရောက်နိုင်ရေးအတွက် ဖြေလျှော့ဆောင်ရွက်ပေးမှုတွေကို သိပါရစေရှင့်။

ဖြေ။ ။ခရီးသွားလုပ်ငန်းဆိုတာ ဌာနတစ်ခု၊ အဖွဲ့အစည်းတစ်ခုတည်းနဲ့ ဆောင်ရွက်လို့ မရပါဘူး။ ဌာနအားလုံးနဲ့ ပုဂ္ဂလိကအသင်းအဖွဲ့တွေ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရတဲ့ သဘောသဘာဝရှိတဲ့အတွက် မြန်မာနိုင်ငံကို နိုင်ငံခြားသား ခရီးသွားဧည့်သည်တွေ လွယ်ကူစွာနဲ့ စနစ်တကျ ပိုမိုလာရောက်လည်ပတ်နိုင်ဖို့အတွက် ခရီးစဉ် ဒေသအသစ်တွေ ဖော်ထုတ်တာ၊ ရှိပြီးသား ခရီးစဉ်တွေကို ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်တာ၊ ကမ္ဘာလှည့်ခရီးသွားဧည့်သည်တွေ မြန်မာနိုင်ငံအတွင်း အဆင်ပြေလွယ်ကူချောမွေ့စွာနဲ့ လည်ပတ်နိုင်ရေးတွေအတွက် သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းတွေနဲ့ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နေပါတယ်။

ယခုအချိန်ခါမှာ စျေးကွက်ဝင် နိုင်ငံအချို့ကို ဗီဇာလုပ်ထုံးလုပ်နည်း ဖြေလျှော့ပေးခဲ့တာကြောင့် အာဆီယံ + ၃ နိုင်ငံတွေက ခရီးသည်တွေဟာ ယခင်နှစ်ကထက် ပိုမိုတိုးတက်ဝင်ရောက်လာပါတယ်။ ကျဆင်းမယ့်အရိပ်အယောင်ရှိတဲ့ ခရီးသည်ရောက်ရှိမှုက ပြန်လည်ဦးမော့လာပြီး ၂၀၁၈ ခုနှစ်မှာ Progressiveness ရရှိလာခဲ့ပါတယ်။ ခရီးသည်ရောက်ရှိတဲ့နှုန်းကလည်း ယခင်နှစ်နဲ့ နှိုင်းယှဉ်ရင် ၃ ဒသမ ၁၅ ရာခိုင်နှုန်း တိုးတက်လာပါတယ်။

၂၀၁၉ ခုနှစ် ဇန်နဝါရီလနဲ့ ဖေဖော်ဝါရီလတွေမှာ ခရီးသည်ဝင်ရောက်မှုက ၂၃ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပါတယ်။ ဆက်လက်ပြီး တိုးတက်မယ့် အလားအလာကောင်းတွေကို မြင်တွေ့ရပါတယ်။ အတွေ့အကြုံတွေကို အခြေခံပြီး လက်ရှိကာလမှာ အလုပ်သင့်ဆုံးလုပ်ငန်းကို အနာဂတ်အတွက် မျှော်မှန်းဆောင်ရွက်နေပါတယ်။ ဒါကလည်း ဝန်ကြီးဌာနတစ်ခုတည်း လုပ်နေလို့ မရပါဘူး။ ပူးပေါင်းဆောင်ရွက်ပေးကြတဲ့ ဝန်ကြီးဌာနတွေကို အထူးကျေးဇူးတင်တယ်လို့ ပြောပါရစေခင်ဗျာ။

မေး။ ။ကမ္ဘာလှည့်ခရီးသွားတွေ အများဆုံး စိတ်ဝင်စားတဲ့နေရာတွေနဲ့ ခရီးစဉ်တွေကို ပြောပြပေးပါဦးရှင့်။

ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် ဟောင်ကောင်နိုင်ငံတကာခရီးသွားလုပ်ငန်း ညီလာခံသို့ တက်ရောက်စဉ်။

ဖြေ။ ။နိုင်ငံက Landlocked Country မဟုတ်တဲ Tourism ဖွံ့ဖြိုးဖို့အတွက် သဘာဝက ဖန်တီးပေးထားတဲ့ ပထဝီအနေအထားအပြင် တိုင်းရင်းသားပေါင်းစုံရဲ့မတူကွဲပြားခြားနားတဲ့ ရိုးရာဓလေ့ထုံးစံတွေ ကြွယ်ဝတဲ့ နိုင်ငံဖြစ်ပါတယ်။ လေကြောင်း၊ ရေကြောင်းနဲ့ နယ်စပ်ဒေသတွေက ဝင်ရောက်နိုင်ပါတယ်။ မြန်မာနိုင်ငံကို နိုင်ငံတကာလေကြောင်းလိုင်းတွေ ချိတ်ဆက်ဆောင်ရွက်လာကြပါတယ်။ မကြာမီကာလမှာ ဟဲဟိုး၊ ကော့သောင်း၊ မော်လမြိုင်တို့မှာ CIQ လေဆိပ်တွေအဖြစ် တိုးချဲ့ဖွင့်လှစ်သွားမှာ ဖြစ်ပါတယ်။

လေကြောင်းသာမက အပြည်ပြည်ဆိုင်ရာ နယ်စပ်ဝင်ပေါက်တွေဖြစ်တဲ့ တာချီလိတ်၊ မြဝတီ၊ ကော့သောင်း၊ ထီးခီး၊ တမူးနဲ့ ရိခေါ်ဒါရ် အစရှိတဲ့ ဝင်ပေါက်တွေက မော်တော်ယာဉ်တွေ၊ ဆိုင်ကယ်ယာဉ်တန်းခရီးစဉ်တွေနဲ့ ဝင်ရောက်ဖြတ်သန်းခွင့်ရရှိနိုင်ရေးကို လိုင်စင်ရခရီးသွားကုမ္ပဏီတွေရဲ့ တာဝန်ယူမှုနဲ့ တင်ပြဆောင်ရွက်ပေးလျက်ရှိပါတယ်။

ကမ္ဘာလှည့်အပျော်စီးခရီးစဉ်တွေ

ရန်ကုန်က သီလဝါ၊ ဗိုလ်အောင်ကျော်ဆိပ်ကမ်းနဲ့ ကော့သောင်းခရိုင် မြိတ်ကျွန်းစုအတွင်း ဝင်ရောက်ရပ်နားလည်ပတ်တဲ့ ကမ္ဘာလှည့်အပျော်စီးခရီးစဉ်တွေ ဝင်ရောက်ခွင့်ရရှိရေးကို ဆောင်ရွက်ပေးနေပါတယ်။ ဒါ့အပြင် ခရီးသည်တွေ လည်ပတ်လိုတဲ့ ခရီးစဉ်တွေကို အချိန်တိုတိုအတွင်း လည်ပတ်နိုင်ရေးအတွက် သင်္ဘောကြီးတွေကို ငပလီနဲ့ ကျိုက္ခမီကမ်းခြေတွေမှာ တိုက်ရိုက်ဝင်ထွက်နိုင်ဖို့ ညှိနှိုင်းတင်ပြ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

တတိယတစ်နှစ်တာ ကာလအတွင်း မော်တော်ယာဉ်တန်း၊ ဆိုင်ကယ်၊ စက်ဘီး ခရီးစဉ် ၁၂၅ ကြိမ်မှာ ခရီးသည် ၁၇၆၄ ဦး ဝင်ရောက်ခဲ့ပါတယ်။ ကမ္ဘာလှည့် အပျော်စီးသင်္ဘောခရီးစဉ်က ၁၉ ကြိမ် စီစဉ်ပေးခဲ့ပြီး ခရီးသည် ၁၈၂၀၂ ဦးနဲ့ စက်တပ်ရွက်လှေခရီးစဉ် ၄၀၅ ကြိမ်မှာ ခရီးသည် ၅၇၅၅ ဦး ဝင်ရောက်လည်ပတ်ခဲ့ပါတယ်။ ဒါ့အပြင် စီးလုံးငှားလေယာဉ်တွေ အပါအဝင် ပြည်တွင်းမြစ်ကြောင်းတစ်လျှောက် ညအိပ်ရပ်နားလေ့လာနိုင်မယ့် ခရီးစဉ်တွေကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

မတ်လဆန်းပိုင်းမှာပဲ ဂျာမနီနိုင်ငံ ဘာလင်မြို့မှာ ကျင်းပတဲ့ ITB Berlin 2019 အစည်းအဝေးကို တက်ရောက်ခဲ့ပါတယ်။ အကျိုးရလဒ်အနေနဲ့ မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေကိုသိရှိပြီး ဥရောပက ကမ္ဘာလှည့်ခရီးသည်တွေ ယုံကြည်စွာနဲ့ လာရောက်လည်ပတ်နိုင်ရေးနဲ့ ဆိုက်ရောက် ဗီဇာခွင့်ပြုပေးနိုင်မယ့် နိုင်ငံတွေကို နိုင်ငံခြားရေးရာမူဝါဒ ကော်မတီက သဘောတူညီမှုရယူပြီး ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆက်လက်တင်ပြသွားမှာဖြစ်ပါတယ်။

မီဒီယာမှတစ်ဆင့် ခရီးသွားကဏ္ဍမြှင့်တင်

TTG Asia မဂ္ဂဇင်းသတင်းထောက်ရဲ့ တွေ့ဆုံမေးမြန်းမှု ကနေတစ်ဆင့် Look West Policy ကို မိတ်ဆက်နိုင်ခဲ့ပါတယ်။ ပိုလန်နိုင်ငံ အားကစားနှင့် ခရီးသွားလာရေးဝန်ကြီးဌာန Secretary of State နဲ့ တွေ့ဆုံခွင့်ရရှိခဲ့တဲ့အတွက် ပိုလန်ကုန်သည်ကြီးများ အသင်းကနေ တစ်ဆင့် Chamber of Tourism နဲ့ ပူးပေါင်းပြီး အကောင်အထည်ဖော် ဆောင်ရွက်မယ့် ကိစ္စတွေ၊ နှစ်နိုင်ငံအကြား ခရီးသွားမြှင့်တင်ရေးလုပ်ငန်းတွေမှာ သဘောတူညီချက်တွေထားရှိပြီး နှစ်နိုင်ငံအကြား ခရီးသွားကဏ္ဍနဲ့ ကုန်သွယ်စီးပွားကဏ္ဍတွေမှာ ဖွံ့ဖြိုးတိုးတက်ဖို့၊ B2B စီမံကိန်းတွေ ချမှတ်ဖို့နဲ့ Digital Marketing Strategies

အချပ်ပို (ဃ)သို့

ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် ပုဂံတွင် ကျင်းပသည့် မြန်မာ့ရိုးရာ အစားအစာပြပွဲ အခမ်းအနားတွင် ခင်းကျင်းပြသထားသည်များကို ကြည့်ရှုအားပေးစဉ်။

“တတိယတစ်နှစ်တာ ကာလအတွင်း မော်တော်ယာဉ်တန်း၊ ဆိုင်ကယ်၊ စက်ဘီး ခရီးစဉ် ၁၂၅ ကြိမ်မှာ ခရီးသည် ၁၇၆၄ ဦး ဝင်ရောက်ခဲ့ပါတယ်။ ကမ္ဘာလှည့် အပျော်စီးသင်္ဘောခရီးစဉ်က ၁၉ ကြိမ် စီစဉ်ပေးခဲ့ပြီး ခရီးသည် ၁၈၂၀၂ဦးနဲ့စက်တပ်ရွက်လှေ ခရီးစဉ် ၄၀၅ ကြိမ်မှာ ခရီးသည် ၅၇၅၅ ဦး ဝင်ရောက်လည်ပတ်ခဲ့”

တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုဒေသသို့ လာရောက်သည့် ပြည်တွင်းပြည်ပ ခရီးသွားများ အပန်းဖြေရန် ပင်လယ်ကျွန်းများသို့ ပို့ဆောင်ပေးမည့် မော်တော်ဘုတ်များ။

အချုပ်ပို (၈)မှ

မြှင့်တင်ပြီး ပိုလန်ဈေးကွက်ကို Target ထားပြီး ခရီးသွားဧည့်သည်တွေကို ကောင်းမွန်တဲ့ Awareness တွေပေးဖို့ နှစ်ဖက်ညှိနှိုင်းဆွေးနွေးနိုင်ခဲ့ပါတယ်။

American Society of Travel Advisors (ASTA) ရဲ့ ဒုတိယဥက္ကဋ္ဌ Mr. Bob Duglin က လာရောက်ဆွေးနွေးခဲ့ပြီး သူတို့က မြန်မာနိုင်ငံကို အမေရိကန်ခရီးသွားဧည့်သည်တွေ ပိုမိုလာရောက်ဖို့ Fan Trip တစ်ခု စီစဉ်နေတယ်ဆိုတာကို သိရှိရပါတယ်။ တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုမှာ ရေငုပ်တာနဲ့ ပင်လယ်ရေအောက် သတ္တဝါ ကြည့်ရှုခြင်းတွေကို ပြုလုပ်သွားဖို့ စီစဉ်နေပါတယ်။

ဒ့ါအပြင် နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုကို ဆွေးနွေးခဲ့ပါတယ်။ တရုတ်နိုင်ငံ ပြပွဲကျင်းပရေးကော်မတီ အဖွဲ့ဝင်တွေနဲ့ ITB China ပြုလုပ်နိုင်ဖို့အတွက် ဆွေးနွေးခဲ့လို ဂျာမနီနိုင်ငံ Frankfurt မြို့အခြေစိုက် သီရိလင်္ကာ ကောင်စစ်ဝန်ချုပ်က ဗုဒ္ဓဘာသာခရီးသွား လုပ်ငန်းကို နှစ်နိုင်ငံ ပူးပေါင်းအကောင်အထည်ဖော်ဖို့အတွက် ဆွေးနွေးခဲ့ပါတယ်။

မေး။ ။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှုတွေကို ပြောပြပေးပါဦးရှင့်။

ဖြေ။ ။ ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းဆိုတာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတွေ လုပ်ဆောင်ဖို့ လိုအပ်တဲ့လုပ်ငန်းတွေဖြစ်ပါတယ်။ ဒါကြောင့် ကဏ္ဍအလိုက် သင်တန်းတွေ ဖွင့်လှစ်ပေးလျက်ရှိပါတယ်။ ဒီလိုသင်တန်းတွေ ဖွင့်လှစ်နိုင်ဖို့ မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ နှစ်ဖက်သဘောတူ စာချွန်လွှာတွေ ရေးထိုးပြီး နည်းပညာအကူအညီပေးတဲ့ စီမံကိန်းတွေနဲ့ သင်တန်းတွေကို ဖွင့်လှစ်ပေးလျက်ရှိပါတယ်။

တတိယ (၁)နှစ်တာအတွင်းမှာ ဧည့်လမ်းညွှန်အခြေခံသင်တန်းကို ခရီးသွားလုပ်ငန်းနဲ့ ဧည့်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းကျောင်း(ရန်ကုန်)မှာ နှစ်ကြိမ်ခန့် ဖွင့်လှစ်နိုင်ခဲ့ပြီး သင်တန်းသား ၁၉၁ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။ ဒေသဆိုင်ရာ ဧည့်လမ်းညွှန် အထူးမွမ်းမံသင်တန်းကို ရန်ကုန်မှာ တစ်ကြိမ်ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၃၆ ဦးကို သင်ကြားပေးခဲ့သလို ဒေသဆိုင်ရာ ဧည့်လမ်းညွှန် အခြေခံသင်တန်းကို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ရှစ်ကြိမ်ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၉၁၆ ဦးကို သင်ကြားပေးခဲ့ပါတယ်။

ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းကို မြစ်ကြီးနား၊ မန္တလေး၊ မော်လမြိုင်၊ မြိတ်၊ မူဆယ်၊ လားရှိုး၊ ဘားအံ၊ ပဲခူး၊ ကလော၊ ကော့သောင်း၊ တောင်ကြီး၊ နေပြည်တော်၊ ချောင်းသာ၊ ဖယ်ခုံ၊ မြဝတီ၊ ရွှေဘို၊ ပခုက္ကူ၊ စစ်တွေ၊ ထားဝယ်၊ ပြင်ဦးလွင်၊ လွိုင်ကော်၊ ကန်ပက်လက်၊ တာချီလိတ်၊ မုံရွာ၊ မကွေး၊ တောင်ငူ၊ သံတွဲ၊ ကျိုက်ထို၊ ပူတာအို၊ ငွေဆောင်၊ မိတ္ထီလာ၊ သီပေါ၊ ညောင်ရွှေ၊ မြောက်ဦး၊ ကျောက်ဖြူ၊ ကျိုင်းတုံနဲ့ ကလေးဒေသ နယ်ရုံးခွဲတွေမှာ ၂၂ ကြိမ်ဖွင့်လှစ်ပေးခဲ့ပြီး သင်တန်းသား ၁၉၇၂ ဦးကို သင်ကြားပို့ချပေးခဲ့ပါတယ်။

ဟိုတယ်နဲ့ ဝန်ဆောင်မှုကဏ္ဍမှာ လုပ်ငန်းခွင်အတွင်းက ဝန်ထမ်းတွေအတွက် လုပ်ငန်းခွင်မပျက် On Job Training သင်တန်းတွေကို မြိတ်၊ ဘားအံ၊ နမ့်ဆန်၊ မန္တလေး၊ ပြည်၊ မော်လမြိုင်၊ မြဝတီ၊ ချောင်းသာ၊ ဇန်းမော်၊ ကလော၊ တာချီလိတ်၊ ပုဂံ၊ မုံရွာနဲ့ ကော့သောင်းတို့မှာ သင်တန်း ၆၈ ကြိမ်ခန့် ဖွင့်ခဲ့တဲ့အတွက် သင်တန်းသား ၆၈၃၂ ဦးကို အဆင့်မြှင့်တင်ပေးခဲ့ပါတယ်။

ဒေသခံလူငယ်တွေ ပညာရပ်ဆိုင်ရာ တိုးတက်မှုရရှိဖို့ မြောက်ဦး၊ ကျောက်တော်၊ ကလော၊ တောင်ကြီး၊ ညောင်ရွှေနဲ့ ဟားခါးတို့မှာ အင်္ဂလိပ်စာနဲ့ ကွန်ပျူတာအခြေခံ သင်တန်းတွေကို ဖွင့်လှစ်ပေးခဲ့တာ၊ ဟိုတယ်ဆိုင်ရာ အင်္ဂလိပ်စကားပြောသင်တန်းကို ဘားအံမှာ ဖွင့်ပေးခဲ့တာ ပြုလုပ်နိုင်ခဲ့ပါတယ်။

ဘာသာစကားနှင့် အသိပညာဖြည့်ဆည်း

ဟိုတယ်ဆိုင်ရာ စာရင်းကိုင်သင်တန်းတွေကို ပုဂံနဲ့ နေပြည်တော်တို့မှာ သုံးကြိမ် ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၁၅၁ ဦး တက်ရောက်ခဲ့သလို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့မှာ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ ထိုင်းဘာသာ စကားပြောသင်တန်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေက အင်းလေးဒေသမှာ စက်လှေနှင့် မော်တော်ယာဉ်မောင်းနှင်သူတွေ ရက်တိုအသိပညာပေးသင်တန်းကို ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

ကိုလံဘီယာအစိုးရရဲ့ပံ့ပိုးကူညီမှုနဲ့ နိုင်ငံခြားရေး ဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး စပိန်ဘာသာစကားပြောသင်တန်းကို သင်တန်းသား ၁၁၄ ဦးနဲ့ နှစ်ကြိမ်ခန့် ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ တရုတ်သံရုံးရဲ့ ပံ့ပိုးကူညီမှုနဲ့ တရုတ်ဘာသာ စကားပြောသင်တန်း၊ ကမ္ဘာလှည့် ခရီးသွား ရဲတပ်ဖွဲ့ဝင်တွေအတွက် Tourism Foundation Course တွေကို ဖွင့်လှစ်နိုင်ခဲ့သလို GIZ နဲ့ ပူးပေါင်းပြီး Capacity Building and Technical Assistance on Public Private Partnerships in the Tourism Sector သင်တန်းကို ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

ခရီးသွားလုပ်ငန်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သင်ရိုးညွှန်းတမ်းများနှင့် သင်တန်းအစီအစဉ်များ ရေးဆွဲရေးအတွက် လုပ်ငန်းဆောင်ရွက်မှု အစီအစဉ် သတ်မှတ်ရေးအတွက် ဒုတိယအကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလမှာ ကျင်းပနိုင်ခဲ့ပါတယ်။

မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်း

မိတ်ဖက်အဖွဲ့အစည်းတွေရဲ့ အကူအညီနဲ့ သင်တန်းတွေကို ပို့ချပေးခဲ့ပြီး လူဇင်ဘတ်နိုင်ငံ Luxembourg Development Cooperation Agency နဲ့ ဝန်ကြီးဌာနအတွင်း စွမ်းဆောင်ရေးမြှင့်တင်ရေးနဲ့ ခရီးစဉ်ဒေသတွင်း ဟိုတယ်/ခရီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကြီးကြပ်မှုနှင့် စီမံခန့်ခွဲမှုသင်တန်းတွေကို ၁၀၃ ကြိမ်၊ Swisscontact (ဆွစ်ဇာလန်) နဲ့ ဧည့်ဝတ်ပျူငှာမှု လုပ်ငန်းအတွင်း စွမ်းရည်ပြည့်ဝသော ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းတွေကို လူပေါင်း ၄၀၄၈ ဦးကို သင်ကြားပေးနိုင်ခဲ့ပါတယ်။ ဂျပန်နိုင်ငံ Tokyo Metropolitan Assembly Federation နဲ့ ခရီးသွားလုပ်ငန်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုသင်တန်းသား ၃၃ ဦးနဲ့ ဟိုတယ်လုပ်ငန်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းသား ၁၂၂ ဦးကို မွေးထုတ်ပေးခဲ့ပါတယ်။

နော်ဝေနိုင်ငံ Partnership for Change နဲ့ပူးပေါင်းပြီး ထင်ရှားတဲ့ ခရီးစဉ်ဒေသတွေမှာ အသက်မွေးဝမ်းကျောင်းသင်တန်းတွေ ဖွင့်လှစ်နိုင်ဖို့ နည်းပညာအကူအညီ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေနဲ့ ကလောတို့မှာ အင်္ဂလိပ်စာနဲ့ ကွန်ပျူတာသင်တန်းတွေ၊ ဝန်ဆောင်မှုသင်တန်းတွေကနေ သင်တန်းဆင်း ၁၈၆၈ ဦးကို မွေးထုတ်သင်ကြား ပေးနိုင်ခဲ့ပါတယ်။

မေး။ ။ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် နိုင်ငံတကာနဲ့ပူးပေါင်းဖော်ထုတ်မှုတွေကို ရှင်းပြပေးပါဦးရှင်။

ဖြေ။ ။ ဟောင်ကောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာရှိတဲ့ Television Broadcast Limited ကနေ ရိုက်ကူးရေးအဖွဲ့က မြန်မာနိုင်ငံက လည်ပတ်ချင်စရာကောင်းတဲ့ နိုင်ငံတစ်ခုဆိုတာကို ဖော်ဆောင်ဖို့ အဓိက ခရီးစဉ်ဒေသတွေဖြစ်တဲ့ ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ ပြင်ဦးလွင်၊ အင်းလေး၊ ညောင်ရွှေနဲ့ ကျိုက်ထီးရိုးဘုရားတွေကို လာရောက် ရိုက်ကူးခဲ့တာကြောင့် ဝန်ကြီးဌာနကနေ လိုအပ်တာတွေကို ကူညီပေးခဲ့ပါတယ်။

Wan Jing Tai ကုမ္ပဏီက ရုပ်သံရိုက်ကူးဖို့အတွက်ရောက်ရှိနေပြီး ရန်ကုန်နဲ့ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနဲ့ နေပြည်တော်တို့မှာ လာရောက် ရိုက်ကူးနေပါတယ်။

ဂျပန်နိုင်ငံအတွင်း မြန်မာခရီးသွားမြှင့်တင်ဖို့ ABC TV အစီအစဉ်မှာ ပြသနိုင်ဖို့အတွက် မြန်မာ့ခရီးသွားမြှင့်တင်ရေး သံတမန် မစ္စတာကိုးရီကင်းတက ၂၀၁၈ ခုနှစ်အတွင်း လာရောက်ခဲ့ပြီး ပုဂံဒေသကို ရိုက်ကူးပုံဖော်ခဲ့ပါတယ်။ အပြည်ပြည်ဆိုင်ရာဒေသတွင်းက အဖွဲ့အစည်းတွေအကြား ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညီလာခံတွေ၊ အစည်းအဝေးတွေနဲ့ အလုပ်ရုံဆွေးနွေးပွဲတွေကို မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နဲ့ ညီနောင်အသင်းတွေ၊ ခရီးသွားလုပ်ငန်းနဲ့ စပ်ဆက်တဲ့ အဖွဲ့အစည်းတွေ၊ အခြားဆက်စပ်ဝန်ကြီးဌာနတွေ၊ ဒေသခံလူမှုအဖွဲ့အစည်းတွေ၊ အစိုးရ မဟုတ်တဲ့ NGO တွေနဲ့ မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ဆက်သွယ်ဆောင်ရွက်လျက်ရှိပါတယ်။

မေး။ ။ ခရီးသွားလုပ်ငန်း မြှင့်တင်ဖို့အတွက် အခြားသော ဆောင်ရွက်ချက်တွေကို သိပါရစေရှင့်။

ဖြေ။ ။ ၂၀၁၈ ခုနှစ် စက်တင်ဘာလအတွင်း ခရီးသွားလုပ်ငန်းမြှင့်တင်ဖို့ ဒီဂျစ်တယ်နည်းပညာနဲ့ ပြောင်းလဲစို့ Tourism and the Digital Transformation ဆိုတဲ့ ဆောင်ပုဒ်နဲ့ World Tourism Day အခမ်းအနားကို ကျင်းပခဲ့ပါတယ်။ မြန်မာနိုင်ငံအကြောင်း မိတ်ဆက်ရိုက်ကူးတဲ့ ဂျပန်နိုင်ငံက Mainichi TV မှာ ထုတ်လွှင့်ပြသခဲ့တာနဲ့ ပတ်သက်ပြီး CNN ရဲ့ ပူးပေါင်းမှုနဲ့ CNN Task Nation Branding Masterclass ဆွေးနွေးပွဲကို ကျင်းပခဲ့သလို Myanmar Voyages International Tourism ကုမ္ပဏီလီမီတက်နဲ့ ဒိန်းမတ်နိုင်ငံအခြေစိုက် Albators Travel တို့ပူပေါင်းစီစဉ်မှုနဲ့ ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေမှာ Adventure Bagan Temple Marathon ကို ကျင်းပနိုင်ခဲ့အတွက် ဂုဏ်ယူမိပါတယ်။

ဟုတ်ကဲ့၊ ယခုလိုဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင့်။ ။

၁၅-၁၁-၂၀၁၈ ရက်က **All Nippon Airways (ANA) flight NH8 13** ဖြင့် ဂျပန်နိုင်ငံ တိုကျိုမြို့မှ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသည့် ၂၀၁၈ ခုနှစ်၏ ငါးသန်း မြောက်ခရီးသည်ကို ကြိုဆိုကြစဉ်။

၁၅-၃-၂၀၁၉ ရက်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပဲခူးခရိုင်အတွင်းရှိ ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ တတိယ တစ်နှစ်တာ ဆောင်ရွက်ချက်များ

ဆောင်းပါး - ကျော်သူထက်၊ ဓာတ်ပုံစုစည်း - ကိုကိုစိုးညွန့်

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအပြီး နိုင်ငံတော်၏ တာဝန်များကို ရယူထမ်းဆောင်ခဲ့သည့် အစိုးရ၏သက်တမ်းမှာ ယခုဆိုလျှင် သုံးနှစ်ပြည့်မြောက်ပြီဖြစ်သည်။ လက်ရှိ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့တာဝန်များကို လွှဲပြောင်းလက်ခံပြီးနောက်ပိုင်း နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများပြုလုပ်၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်နေချိန်ဖြစ်သည်။

ထို့အတူ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများသည် ဗဟိုအစိုးရ၏ မူဝါဒ၊ ရည်မှန်းချက်၊ လမ်းညွှန်ချက်များနှင့်အညီ အောက်ခြေအထိ လိုက်ပါပြောင်းလဲ ဆောင်ရွက်ခဲ့သည်မှာ သုံးနှစ်ပြည့်မြောက်ပြီဖြစ်သည်။

အုပ်ချုပ်ရေးမဏ္ဍိုင်

တိုင်းဒေသကြီးနှင့် ပြည်နယ်များအထဲမှ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ပြုပြင်ပြောင်းလဲမှုများကို ထုတ်နုတ်တင်ပြရလျှင် မဏ္ဍိုင် ၃ ရပ်နှင့်ပတ်သက်ပြီး ပြုပြင်ပြောင်းလဲရာတွင် အုပ်ချုပ်ရေးမဏ္ဍိုင် ပြုပြင်ပြောင်းလဲရေးအတွက် အခြေခံကျသော ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများကို ၂၀၁၆ ခုနှစ် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေနှင့်အညီ ရွေးချယ်ပြီး အုပ်ချုပ်ရေးမှူးများအားလုံး လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရန် အုပ်ချုပ်ရေးဥပဒေ၊ လယ်ယာမြေဥပဒေ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲဥပဒေနှင့် Financial Management များ နားလည်ရန် စာတွေ့လက်တွေ့ သင်တန်းများပေးခြင်း၊ လုပ်ငန်းစွမ်းဆောင်ရည်မြှင့် သင်တန်းများ မြို့နယ်အသီးသီးတွင် ပို့ချခြင်း၊ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်တွင် ပြည်သူ့ဝန်ဆောင်မှုရုံး (OSS)ရုံးများဖွင့်လှစ်၍ ပြည်သူများ၏ အခြေခံလိုအပ်ချက် ဝန်ဆောင်မှုလုပ်ငန်းများကို လာဘ်ပေးလာဘ်ယူ ကင်းရှင်းစွာဖြင့် ဆောင်ရွက်ပေးခြင်း၊ ဌာနအလိုက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ပတ်သက်၍ ဖြေလျှော့ပေးနိုင်သည့် လုပ်ထုံးလုပ်နည်းများကို ဖြေလျှော့ဆောင်ရွက်ပေးခြင်းနှင့် မြို့မြေငှားဂရန်နှင့်ပတ်သက်၍ မြေယာအရှုပ်အရှင်းပြဿနာမရှိပါက ရက်ပေါင်း ၆၀ အတွင်း ထုတ်ပေးနိုင်ရေး ဆောင်ရွက်ပေးခြင်းတို့ကို လုပ်ဆောင်နိုင်ခဲ့သည်။

တရားရေးမဏ္ဍိုင်

တရားရေးမဏ္ဍိုင် နှင့်ပတ်သက်၍ တရားရုံးသို့ လာရောက်သော အမှုသည်များ၊ ပြည်သူများ တရားရုံးသတင်းအချက်အလက်များ အလျင်အမြန်သိရှိနိုင်ရန် ရုံးတိုင်းတွင် Information Counter များ ဖွင့်လှစ်ပေးခြင်း၊ အမှုများ တရားစွဲတင်ရာတွင် အဆင်ပြေချောမွေ့ လွယ်ကူရန် Intake Counter များ ထားရှိခြင်းတို့ကို ရုံး ၃၃ ရုံးတွင် ဆောင်ရွက်ပေးထားခြင်း၊ မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် (Case Management Program CMP)ကို တိုင်းဒေသကြီးအတွင်းရှိ ပဲခူးခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးတို့တွင် ကျင့်သုံးဆောင်ရွက်ခြင်း၊ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ကို တရားရုံးများတွင် ဆောင်ရွက်ရန် စီစဉ်ခြင်းနှင့် ဆင်းရဲနွမ်းပါးသော ပြည်သူများ ရာဇဝတ်မှုဖြင့် စွပ်စွဲခံရသည့်အခါ အမျိုးသမီးများနှင့် ကလေးသူငယ်များ နစ်နာမှုဖြစ်စေသည့်အခါ ဥပဒေရေးရာ အကူအညီပေးနိုင်ရန်အတွက် တိုင်းဒေသကြီးဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့နှင့် မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များကို ဖွဲ့စည်းပြီး ဥပဒေအထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် CMP စနစ် ကျင့်သုံးသည့်အတွက် အမှုပြီးပြတ်မည့် အချိန်ကို ခန့်မှန်းသတ်မှတ်နိုင်၍ အများပြည်သူတို့အနေဖြင့် မှုခင်းအခြေအနေကို ပွင့်လင်းမြင်သာစွာ သိရှိနိုင်သည့်အပြင် ကျူးလွန်ခံရသူများ၊ သက်သေများ၊ ရှေ့နေများနှင့် တရားရုံးဝန်ထမ်းများ၏ ဝန်ထုပ်ဝန်ပိုးလျော့နည်းပြီး အမှုရွှေ့ဆိုင်းမှုကြောင့် ဖြစ်ပေါ်သည့်အချိန် ဖြုန်းတီးမှုကို သိသာထင်ရှားစွာ လျော့ကျကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း

ဥပဒေပြုရေးမဏ္ဍိုင်

ဥပဒေပြုရေးမဏ္ဍိုင်နှင့် ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး လွှတ်တော်အနေဖြင့် တိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေနှင့် တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေတို့ကို အတည်ပြုပြဋ္ဌာန်းပေးနိုင်ခဲ့သည်။ ပဲခူးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ ပြဋ္ဌာန်းနိုင်ခဲ့သည့်အတွက် တစ်ပိုင်တစ်နိုင် ငါးလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် အလုပ်အကိုင် အခွင့်အလမ်း ပိုမိုရရှိခဲ့သည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့သည် နိုင်ငံတော်မှ ချမှတ်ထားသော ရည်မှန်းချက်နှင့်အညီ တိုင်းဒေသကြီးအတွင်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲပြီး အပြီးသတ်ငြိမ်းချမ်းမှုရရှိရေး၊ ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးတို့ကို ရှေးရှုသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေး၊ ပြည်သူလူထု၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများစိုက်ပျိုးမှု၊ ဖြန့်ဖြူးရောင်းချမှုမရှိရေးနှင့် သုံးစွဲမှုများကို တားဆီးနှိမ်နင်းရေး၊ ကျေးလက်ဒေသနှင့် မြို့ပြ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေး စသည့် ရည်မှန်းချက်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေသည်။

အချပ်ပို (စ) သို့

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့သည် နိုင်ငံတော်မှ ချမှတ်ထားသော ရည်မှန်းချက်နှင့်အညီ တိုင်းဒေသကြီး အတွင်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲပြီး အပြီးသတ်ငြိမ်းချမ်းမှုရရှိရေး၊ ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုဖြစ်ပေါ်ရေး တို့ကို ရှေးရှုသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေပေါ်ပေါက်ရေး၊ ပြည်သူ လူထု၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးနှင့် ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသော ဆေးဝါးများစိုက်ပျိုးမှု၊ ဖြန့်ဖြူးရောင်းချမှု မရှိရေးနှင့် သုံးစွဲမှုများကို တားဆီးနှိမ်နင်းရေး၊ ကျေးလက်ဒေသနှင့် မြို့ပြဟန်ချက် ညီညီ ဖွံ့ဖြိုးတိုးတက်ရေး စသည့် ရည်မှန်းချက်များကို ချမှတ်အကောင် အထည်ဖော် ဆောင်ရွက်နေ

၂၄-၁၁-၂၀၁၈ ရက်က ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဒိုက်ဦး- စစ်တောင်းလမ်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

အချပ်ပို (င)မှ

ငြိမ်းချမ်းရေး

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ၊ မွန်၊ ကရင်၊ ရှမ်း၊ ပအိုဝ်းနှင့် ကယားလူမျိုးများ၏ ယဉ်ကျေးမှုနှီးနှောဖလှယ်ပွဲနှင့် ပဲခူးတိုင်းဒေသကြီး အတွင်း ငြိမ်းချမ်းရေးအထောက်အကူပြုစီမံကိန်း ပါဝင်ပတ်သက်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲများကို ကျင်းပပြုလုပ်နိုင်ခဲ့ပြီး တိုင်းရင်းသား အချင်းချင်း ချစ်ကြည်ရင်းနှီးမှုများ ပိုမိုရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များ ထင်သာမြင်သာရှိရေးနှင့် ဌာနဆိုင်ရာလုပ်ငန်းများ အဆင်ပြေချောမွေ့ရေးအတွက် e-Government စနစ်ကို အကောင်အထည်ဖော်လျက်ရှိပြီး တိုင်းဒေသကြီးအတွင်း ဌာနဆိုင်ရာများ၏ ဘဏ္ဍာငွေ သုံးစွဲမှု အခြေအနေ(Citizen's Budget)ကို ပြည်သူများသိရှိနိုင်ရန် eBago Application အား Download ပြုလုပ်၍ ဝင်ရောက်လေ့လာနိုင်ရန် ဆောင်ရွက်ပေးထားသည်။

အစိုးရသက်တမ်း တတိယ (၁)နှစ်တာကာလအတွင်း ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့သည် ကျေးလက်လမ်းတံတား၊ ကုန်ထုတ်လမ်းတံတား၊ ရေရရှိရေးလုပ်ငန်းနှင့် မီးလင်းရေးလုပ်ငန်းများအတွက် ၂၀၁၈ ခုနှစ် ပထမခြောက်လတွင် ငွေကျပ် ၂၃၃၉ ဒသမ ၆၄၉၂ သန်းနှင့် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၈၆၆၀ ဒသမ ၄၅၆၅၃ သန်း အသုံးပြု၍ ဆောင်ရွက်ပေးခဲ့သည်။

မြစ်မ်းရောင်ကျေးရွာစီမံကိန်းနှင့် ပတ်သက်ပြီး နိုင်ငံတော်မှ အရင်းမပျောက်လည်ပတ်ရန်ပုံငွေအဖြစ် စီမံကိန်းကျေးရွာ တစ်ရွာလျှင် ငွေကျပ် သန်း ၃၀ ထောက်ပံ့ပေးလျက်ရှိရာ ပဲခူးတိုင်းဒေသကြီးတွင် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အထိ မတည်ငွေမှာ ငွေကျပ်သန်း ၁၄၁၀၀ အထိရှိပြီ ဖြစ်သည်။

ပြည်သူ့အကျိုးပြုလုပ်ငန်းများ

ပြည်သူ့အကျိုးပြုလုပ်ငန်းများနှင့်ပတ်သက်၍ ၂၀၁၈ ခုနှစ် ပထမခြောက်လတွင် သင်တန်းသား ၇၀၀ ကို ငွေကျပ်သန်း ၄၀ ဒသမ ၇၀ အကုန်အကျခံ၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီး ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) ဘဏ္ဍာရေးနှစ်အတွင်း ဝါးလက်မှုထည်သင်တန်း၊ အခြေခံ မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်း၊ အခြေခံအပ်ချုပ်စက်သင်တန်း၊ အခြေခံ လျှပ်စစ်သွယ်တန်းမှုသင်တန်း၊ လူသုံးကုန်ထုတ်လုပ်မှုသင်တန်းနှင့် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုသင်တန်း အပါအဝင် သင်တန်းကြိမ်ရေ ၁၁ ကြိမ် ဖွင့်လှစ်သင်ကြားနိုင်ခဲ့သည်။

ထို့ပြင် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အခြေခံအပ်ချုပ်စက် သင်တန်းလေးကြိမ်၊ အခြေခံလျှပ်စစ်သွယ်တန်းမှုသင်တန်းနှစ်ကြိမ်၊ လူသုံးကုန်ထုတ်လုပ်မှုသင်တန်း နှစ်ကြိမ်၊ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုသင်တန်း သုံးကြိမ် ဖွင့်လှစ်သင်ကြားခဲ့ပြီး စားသောက်ကုန်၊ လူသုံးကုန်၊ အလှကုန်များအား (ဓာတု/ဇီဝ) ဓာတ်ခွဲစမ်းသပ်မှု ၂၉ ကြိမ် ဆောင်ရွက်ခဲ့သည်။

ရွှေတောင်မြို့တွင် ချည်မျှင်နှင့် အထည်လိပ်ကျွမ်းကျင်သူ တစ်နှစ်သင်တန်း၊ လက်ရက်ကန်းခြောက်လသင်တန်းနှင့် အသက်မွေးဝမ်းကျောင်းကာလတို သင်တန်းများကို သင်ကြားပို့ချလျက်ရှိသည်။ နိုင်ငံ့ဝန်ထမ်းများအတွက် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဝန်ထမ်းအိမ်ရာ ၁၆ လုံးနှင့် အခန်းပေါင်း ၃၂၀ ကို ထပ်မံဆောက်လုပ်လျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၈ (Mini Budget) ဘဏ္ဍာရေးနှစ် သုံးနှစ်တာ ကာလအတွင်း မြို့ပြ/ ကျေးလက် ကွန်ကရစ်လမ်း၊ ကတ္တရာလမ်း၊ ကျောက်လမ်း၊ ဂဝံလမ်း၊ မြေလမ်း စုစုပေါင်း ၃၁၃ မိုင် ၁ ဒသမ ၃၃ ဖာလုံကို ခွင့်ပြုငွေကျပ် ၂၆၄၀၂ ဒသမ ၀၇၂၆၄၉ သန်း၊ မြို့ပြ/ကျေးလက်တံတား၊ ကွန်ကရစ်တံတား၊ သစ်သားတံတား၊ ရေပြွန်နှင့် အခြားလုပ်ငန်း စုစုပေါင်း ၁၂၁၁ ခုကို ခွင့်ပြုငွေကျပ် ၂၆၅၄ ဒသမ ၆၈၁၀၄၄ သန်း၊ မြို့ပြ/ကျေးလက် ရေပေးရေးစက်ရေတွင်း၊ တွင်းတိမ်၊ ရေကန်အဆင့်မြှင့်ခြင်းနှင့် အခြားလုပ်ငန်း စုစုပေါင်းလုပ်ငန်း ၁၁၇ ခုကို ခွင့်ပြုငွေကျပ် ၆၀၂ ဒသမ ၆၈၈၇၁ သန်းတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ရေလမ်းကြောင်းကောင်းမွန်ရေးနှင့် ကမ်းပြိုကာကွယ်ရေးအတွက် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကွေ့မရေလမ်းကောင်းမွန်ရေး (ဇရာဝတီမြစ်)အတွက် ငွေကျပ် သန်း ၁၀၀ ၊ ရှားပင်ကုန်းကျေးရွာ(ဧရာဝတီမြစ်) ကမ်းပြိုကာကွယ်ရေးအတွက် ငွေကျပ် ၅၀၈ ဒသမ ၆၄၉ သန်း၊ လယ်တီကျေးရွာ(မြစ်မခမြစ်)ကမ်းပြိုကာကွယ်ရေးအတွက် ငွေကျပ် ၂၀၃ ဒသမ ၄၅၀ သန်း၊ လေ့ဆွဲမြောင်းကျေးရွာနှင့် ချောင်းကျိုးကျေးရွာ(စစ်တောင်းမြစ်) ကမ်းပြိုကာကွယ်ရေးအတွက် ငွေကျပ် ၂၉၁ ဒသမ ၄၀၆ သန်း၊ မလွှပင်ကျေးရွာ(စစ်တောင်းမြစ်) ကမ်းပြိုကာကွယ်ရေးအတွက် ငွေကျပ် ၂၀၃ ဒသမ ၀၆၈ သန်း၊ ဆင်ရွာအနီး (သိုင်းချောင်း) တံတားကမ်းပြိုကာကွယ်ရေးအတွက် ငွေကျပ် ၁၄ ဒသမ ၈၃၆ သန်း အသုံးပြုဆောင်ရွက်ပေးနိုင်ခဲ့ပြီး ကျေးလက်ရေလွှဲဆည်ငယ်၊ ရေတံခါးနှင့် ကျေးရွာဒေသခံများ ဆက်သွယ်သွားလာမှု အဆင်ပြေရန် လုပ်ငန်းပေါင်း ၁၇ ခုကို ၂၀၁၈- ၂၀၁၉ Mini ဘဏ္ဍာရေးနှစ်အထိ ငွေကျပ် ၇၁၀ ဒသမ ၁၀၆ သန်းဖြင့် ဆောင်ရွက်ပေးခဲ့သည်။

၂၂-၁၂-၂၀၁၈ ရက်က ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း နဝဒေးတံတားချဉ်းကပ်လမ်းဖောက်လုပ်စဉ် ပါဝင်သွားသည့် လယ်ယာမြေများအတွက် လျော်ကြေးငွေပေးအပ်ပွဲတွင် တောင်သူတစ်ဦးအား လျော်ကြေးငွေပေးအပ်စဉ်။

အချပ်ပို (ဆ)သို့

အချပ်ပို(စ)မှ

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ စက်တင်ဘာလအထိ) ဒေသန္တရစီမံကိန်း ဥပဒေတွင် ဒေသန္တရစီမံကိန်းရည်မှန်းချက်အနေဖြင့် ပဲခူးတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)ကို နှစ်အလိုက် ဈေးနှုန်းအရ ငွေကျပ်ဘီလီယံ ၈၅၇၂ ဒသမ ၃၀၆ နှင့် ၂၀၁၅ - ၂၀၁၆ ခုနှစ် ပုံမှန်ဈေးနှုန်းအရ ၇ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ရန် လျာထားခဲ့သည်။

ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ စက်တင်ဘာလအထိ) ဒေသန္တရစီမံကိန်းရည်မှန်းချက်တွင် လယ်ယာကဏ္ဍကြီး (လယ်ယာ၊ သားငါးနှင့် သစ်တောကဏ္ဍ)တွင် ၃ ဒသမ ၈ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး (စွမ်းအင်၊ သတ္တုနှင့် တွင်းထွက်ပစ္စည်း၊ စက်မှုလက်မှု၊ လျှပ်စစ်ဓာတ်အားနှင့် ဆောက်လုပ်မှု ကဏ္ဍ)တွင် ၁၁ ဒသမ ၂ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး (ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့်စီမံခန့်ခွဲရေး၊ အခြားဝန်ဆောင်မှုနှင့် ကုန်သွယ်မှုကဏ္ဍ)တွင် ၈ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ရန်ရည်မှန်းထားသည်။

၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် ပထမသုံးလပတ်ကုန်အထိ (အောက်တိုဘာလမှ ဒီဇင်ဘာလအထိ) ငွေကျပ်ဘီလီယံ ၂၉၉၅ ဒသမ ၂၁၆ အကောင်အထည်ဖော်နိုင်ခဲ့ပြီး ရည်မှန်းချက်အပေါ်တွင် ၃၄ ဒသမ ၉ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့၍ ယခင်နှစ် အလားတူ ကာလအခြေအနေထက် ၂ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရသည်။

ချိတ်ဆက်ဆောင်ရွက်

ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၁၉ ခုနှစ် ယနေ့အထိ အသေးစားလုပ်ငန်းရှင် ၁၇၀၆ ဦးနှင့် အလတ်စားလုပ်ငန်းရှင် ၂၄၇ ဦး စုစုပေါင်း ၁၉၅၃ ဦးတို့ကို SME Member Card များ ထုတ်ပေးနိုင်ခဲ့သည်။ ထို့ပြင် MSME လုပ်ငန်းရှင်များအား လုပ်ငန်းတူ၊ တည်နေရာတူအလိုက် Cluster များ ၄၇ ဖွဲ့ ဖွဲ့စည်းပေးနိုင်ခဲ့ပြီး အပေါင်ပစ္စည်းရှိသည့် MSME လုပ်ငန်းရှင်များအနေဖြင့် ဂျပန်အစိုးရမှ မြန်မာနိုင်ငံအစိုးရသို့ ODA Loan အဖြစ် ထောက်ပံ့သည့် JICA Two Step Loan ကို အတိုးနှုန်း ၈ ဒသမ ၅ ရာခိုင်နှုန်း၊ ချေးငွေကာလ အများဆုံး ငါးနှစ်၊ အများဆုံး ချေးငွေကျပ်သိန်း ၅၀၀၀ အထိ ပုဂ္ဂလိကဘဏ် ခြောက်ဘဏ်တွင် တိုက်ရိုက်ချေးယူနိုင်ရန် ချိတ်ဆက်ဆောင်ရွက်ပေးခဲ့သည်။

၁၁-၃-၂၀၁၉ ရက်က ပဲခူးမြို့နယ် အင်းတကော်ဒေသတွင် နိုင်ငံတကာအဆင့်မီစက်မှုဥယျာဉ်ဇုန် အကောင်အထည်ဖော်တည်ဆောက်နိုင်ရေးအတွက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် Myanmar Zhejiang Chamber of Commerce မှ Mr. Tu Guo Ding ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ ဆွေးနွေးစဉ်။

လမ်းဦးစီးအနေဖြင့် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအတွင်း ကတ္တရာ၊ ကွန်ကရစ်ခင်းခြင်း ၁ ဖာလုံ၊ ၁၂ ပေမှ ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်း ၂ ဖာလုံ၊ ၁၂ ပေမှ ၁၈ ပေအကျယ် ကျောက်လမ်းခင်းခြင်း ပေ ၂၉၈၀၊ ၁၈ ပေအကျယ် ဒီဇိုင်းတိုင်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၂ မိုင် ၃ ဖာလုံ၊ ကျောက်လမ်းခင်းခြင်း ၄ မိုင် ၅ ဖာလုံ၊ ဂဝံ Topping ခင်းခြင်း ၁ မိုင် ၁ ဖာလုံ၊ ပေ ၆၀၀ အရှည် ၂၄ ပေအကျယ် သံကူကွန်ကရစ် တံတားတစ်စင်း တည်ဆောက်ခြင်း၊ သံကူကွန်ကရစ် တံတားသုံးစင်းတည်ဆောက်ခြင်း၊ Box Culvert တည်ဆောက်ခြင်း ငါးစင်း၊ ဘေလီတံတားတည်ဆောက်ခြင်း သုံးစင်း၊ ကျောက်စီမြေကာနံရံ ပေ ၈၄၀ တည်ဆောက်ခြင်း၊ အုတ်စီရေမြောင်းပြုလုပ်ခြင်း ၆ ဖာလုံ၊ ရေမြောင်းတူးခြင်း ၅ မိုင် ၄ ဖာလုံ၊ ကွန်ကရစ်ရေမြောင်းနှင့် ပလက်ဖောင်း ပြုလုပ်ခြင်း ၂ ဖာလုံ၊ ကွန်ကရစ်လမ်းပခုံးခင်းခြင်း ၂ ဖာလုံ၊ Guard Rail တပ်ဆင်ခြင်း ၄၀၉၈ ပေ၊ ဂဝံလမ်းပခုံးခင်းခြင်း ၂ မိုင် ၁ ဖာလုံ၊ တံတား ခုနစ်စင်းအတက်၊ အဆင်းဖြေညှိခြင်း၊ ပေ ၄၀ အကျယ် မြေသားတာပေါင် တည်ဆောက်ခြင်း ၁ မိုင် ၁ ဖာလုံစသည့် လုပ်ငန်းများကို ပြီးစီးအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

တိုင်းဒေသကြီးရန်ပုံငွေဖြင့် တည်ဆောက်ပေး

လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းအနေဖြင့် ၂၀၁၈ ခုနှစ်တွင် ကဝမြို့ ကဝခွဲရုံနှင့် ပဲနွယ်ကုန်းခွဲရုံတို့ကို ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေခွဲရုံမှ ၁၀ အမ်ဗွီအေခွဲရုံသို့ တိုးမြှင့်ခြင်း၊ ဖြူးမြို့ ဖြူးဓာတ်အားခွဲရုံရှိ ၃၃/၁၁ ကေဗွီ ၁၀ အမ်ဗွီအေခွဲရုံအား ၂၀ အမ်ဗွီအေခွဲရုံသို့ တိုးမြှင့်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ၂၀၁၈ ခုနှစ် ခြောက်လ Mini ဘတ်ဂျက်တွင် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၃၀ ဒသမ ၈၇ မိုင်၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၄၄ ဒသမ ၂၁ မိုင်နှင့် ၁၁/ ဒသမ ၀၄ ကေဗွီ ထရန်စဖော်မာ ၈၇ လုံးတို့ကို တိုင်းဒေသကြီးရန်ပုံငွေဖြင့် တည်ဆောက်ပေးနိုင်ခဲ့သည်။

ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ဆည်ရေသောက်စနစ် ပြုပြင်ခြင်း၊ ရေနုတ်မြောင်းတူးဖော်ခြင်းနှင့် ရေပေးကာကွယ်ရေး တာတမံပြုပြင်တည်ဆောက်ခြင်း လုပ်ငန်း ၁၂၆ ခုကို ၂၀၁၈ - ၂၀၁၉ Mini ဘဏ္ဍာရေးနှစ်အတွင်း ငွေကျပ် ၂၂၇၇ ဒသမ ၅၁၁ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ သမိုင်းဝင် ကေတုမတီနန်းမြို့ဟောင်းနှင့် ကမ္ဘောဇသာဒီနန်းတော်ကဲ့သို့သော ခရီးသွားများ စိတ်ဝင်စားသည့်နေရာများကို အခြေခံ၍ အခြားခရီးစဉ်အသစ်များနှင့် ချိတ်ဆက်ကာ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်မည့် Master Plan ကို ရေးဆွဲစီမံဆောင်ရွက်လျက်ရှိသည်။

ဆင်ပြတိုက်ရန်ဖွင့်ရန် ဆောင်ရွက်လျက်ရှိ

တိုင်းဒေသကြီးအတွင်းရှိ အင်း၊ ဆည်နှင့် ရေတံခွန်များကို အပန်းဖြေစခန်းများအဖြစ် ဆောင်ရွက်နိုင်ရေး ကော်မတီဖွဲ့စည်းခဲ့ပြီး ပဲခူးမြို့နယ်ရှိ အလိုင်နီရေလှောင်တမံ၊ ဒိုက်ဦးမြို့နယ်ရှိ ဘောနီရေလှောင်တမံ၊ မင်းလှမြို့နယ်ရှိ မုက္ခာရေလှောင်တမံ၊ တောင်ငူမြို့နယ်ရှိ ဆိတ်ဖူးတောင်ရေလွှဲဆည်(ပသိရေလှောင်တမံ)၊ ပြည်ခရိုင် ပန်းတောင်းမြို့နယ်ရှိ ညောင်ကိုင်းရေလှောင်တမံတို့ကို အပန်းဖြေစခန်းများအဖြစ် တည်ဆောက်ဖွင့်လှစ်နိုင်ရေး ရင်းနှီးမြှုပ်နှံလိုသည့် လုပ်ငန်းရှင်များ ဖိတ်ခေါ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် ပဲခူးတိုင်းဒေသကြီးတွင် ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းရှစ်ခုနှင့် ဆင်ဆေးရုံတစ်ခု ဖွင့်လှစ်ထားရှိပြီး ဖြစ်သည့်အပြင်

အချပ်ပို(ဇ)သို့

ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ သမိုင်းဝင် ကေတုမတီနန်းမြို့ဟောင်းနှင့် ကမ္ဘောဇသာဒီနန်းတော်ကဲ့သို့သော ခရီးသွားများ စိတ်ဝင်စားသည့်နေရာများကို အခြေခံ၍ အခြားခရီးစဉ်အသစ်များနှင့် ချိတ်ဆက်ကာ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်မည့် Master Plan ကို ရေးဆွဲစီမံဆောင်ရွက်လျက်ရှိ

၂၂-၁၂-၂၀၁၈ ရက်က ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တာဝန်ရှိသူများ တက်သစ်ကျွန်းကျေးရွာ အသေးစားဆိုလာလျှပ်စစ်ဓာတ်အားပေးစနစ် မီးလင်းရေးဖွင့်ပွဲ၌ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

ရေဘေးသင့်ခဲ့ရသော ရေတာရှည်မြို့နယ် ဆွာမင်းလမ်းကျေးရွာနှင့် တံတားကြီးကျေးရွာတို့တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လူထုဗဟိုပြုစီမံကိန်းဖြင့် အသစ်ပြန်လည်တည်ဆောက်ပေးခဲ့သည့် ကျောင်းဆောင်သစ်ကို ၇-၄-၂၀၁၉ ရက်က တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့်တာဝန်ရှိသူများ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ဆွာချောင်း ရေလှောင်တမံ ရေပိုလွှဲ ကျိုးပေါက်မှုကြောင့် ရေဘေးသင့်ခဲ့သည့် ရေတာရှည် မြို့နယ် သိုင်းဝကျေးရွာအုပ်စုရှိ ကျွန်းတောစုကျေးရွာကို သိုင်းဝကျေးရွာနှင့် ဘောင်တုတ် ကျေးရွာအကြား မြေနေရာသို့ ပြောင်းရွှေ့နိုင်ရေးအတွက် မြေဖို့ခြင်းနှင့် မြေညှိခြင်းလုပ်ငန်း များကို ဆောင်ရွက်လျက်ရှိပြီး ရေဘေးသင့် ပြိုလဲနေအိမ် ၄၈ လုံးအတွက် အကွက်ပေါင်း ၄၈ ကွက်အား မြေနေရာတိုင်းတာ သတ်မှတ်ပေးပြီး နေအိမ် ၃၆ လုံးကို ဆောက်လုပ်လျက်ရှိ

အချုပ်ပို(ဆ)မှ

ပြည်ဒေသ နတ်မော်ဆင်စခန်းတွင် ဆင်ပြတိုက်ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ကျေးလက်မီးလင်းရေး

၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် ဒိုက်ဦးမြို့နယ်၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်သူများနှင့် Talent Technology ကုမ္ပဏီတို့ ပူးပေါင်းပြီး Solar Mini Grid ဖြင့် ဆောင်ရွက်သည့် ကျေးလက်မီးလင်းရေးကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ပန်းတောင်းမြို့နယ် သရက်လိန်ကျေးရွာအုပ်စု တက်သစ်ကျွန်းကျေးရွာတွင် NEP စီမံကိန်း Solar Mini Grid ဖြင့် ဆောင်ရွက်သော ကျေးလက်မီးလင်းရေးများကို ဆောင်ရွက်ပေးခဲ့သည်။

သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ တိုင်းဒေသကြီးအတွင်း တာအိ၊ တာလျှော ဖြစ်ပေါ်သည့်နေရာများတွင် တုတ်တန်းရိုက်၍ သဲအိတ်ချကာကွယ်ခြင်း၊ ရေမြုပ်ရေလွှဲတန်းပြုလုပ်ခြင်းနှင့် ပိုးတာတည်ဆောက်ခြင်း၊ တာကျိုးပေါက်အား ယာယီပိတ်ဖို့ခြင်းလုပ်ငန်း ၁၃ ခုကို ၂၀၁၈ - ၂၀၁၉ Mini ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၃၃၄ ဒသမ ၅၃၈ သန်းနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းငါးခုအတွက် ငွေကျပ် ၅၇၀ ဒသမ ၁၆၀ သန်းတို့ဖြင့် ဆောင်ရွက်ပေးခဲ့သည်။

အိမ်ရာအကွက်ပေါင်း ၇၆ ကွက်ကို အကွက်ချ

ထို့ပြင် ဆွာချောင်းရေလှောင်တမံ ရေပိုလွှဲကျိုးပေါက်မှုကြောင့် ရေဘေးသင့်ခဲ့သည့် ရေတာရှည်မြို့နယ် သိုင်းဝကျေးရွာအုပ်စုရှိ ကျွန်းတောစုကျေးရွာကို သိုင်းဝကျေးရွာနှင့် ဘောင်တုတ်ကျေးရွာအကြား မြေနေရာသို့ ပြောင်းရွှေ့နိုင်ရေးအတွက် မြေဖို့ခြင်းနှင့် မြေညှိခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ရေဘေးသင့် ပြိုလဲနေအိမ် ၄၈ လုံးအတွက် အကွက်ပေါင်း ၄၈ ကွက်အား မြေနေရာတိုင်းတာ သတ်မှတ်ပေးပြီး နေအိမ် ၃၆ လုံးကို ဆောက်လုပ်လျက်ရှိရာ ၂၀၁၉ ခုနှစ် မတ် ၄ ရက်အထိ အိမ်ရာအကွက်ပေါင်း ၇၆ ကွက်ကို အကွက်ချတိုင်းတာပေးခဲ့ပြီးဖြစ်သည်။ ဆက်လက်၍ လျှပ်စစ်မီးသွယ်တန်းရေး၊ ရေရရှိရေးနှင့် အလက(ခွဲ)ကျောင်းဆောင် ဆောက်လုပ်နိုင်ရေးတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပေါက်ခေါင်းမြို့နယ်ရှိ တောင်နဝင်း(ပင်မ) ရေလှောင်တမံအက်ကြောင်းဖြစ်ပေါ်မှုနှင့် ပတ်သက်၍ တမံအတွင်းဘက်ခြမ်းနှင့် အပြင်ဘက်ခြမ်းများတွင် စက်ယန္တရားကြီးများဖြင့် အပေါ်ယံမြေသားများ ရှင်းလင်းခြင်း၊ ကျောက်များဖယ်ရှားတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး တောင်နဝင်း(ပင်မ)တမံတွင် တမံထိပ်ပိုင်းနှင့် အတွင်းပိုင်းကို Geophysics ပညာရှင်များဖြင့် မြေသားတူးဖော်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီးအတွင်း ဂျပန်နိုင်ငံ၏ JICA ODA LOAN အကူအညီဖြင့် မြောက်နဝင်းဆည်နှင့် တောင်နဝင်းဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများကို ၂၀၁၄ - ၂၀၁၅ မှ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အထိ၊ ဝဲကြီးဆည် ရေသောက်စနစ်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၁၅ - ၂၀၁၆ မှ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အထိ၊ တောင်ညိုဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းကို ၂၀၁၅-၂၀၁၆ မှ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အထိ ဆောင်ရွက်လျက်ရှိပြီး ကမ္ဘာ့ဘဏ်အကူအညီ ချေးငွေ (Batch-1) ဖြင့် ဆွာချောင်းရေလှောင်တမံ ဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းကို စီမံဆောင်ရွက်လျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း)တွင် ဘောနီဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့် အနောက်ခြမ်းတွင် သဲကောဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းတို့ကို ဆောင်ရွက်ရန် လျာထားလျက်ရှိပြီး ပထမဦးစားပေးအနေဖြင့် ဘောနီဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ကမ္ဘာ့ဘဏ်အကူအညီချေးငွေ (Batch-2) ဖြင့် KRC (Korea Rural Community Corporation) အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ဆည်ရေသောက်စနစ်ပြုပြင်ခြင်း

အချုပ်အားဖြင့်ဆိုရလျှင် ပဲခူးတိုင်းဒေသကြီးအတွင်း ဆည်ရေသောက်စနစ်ပြုပြင်ခြင်း လုပ်ငန်း၏ အဓိက အခန်းကဏ္ဍဖြစ်သော ရေလှောင်တမံများ၏ ဆည်ရေသောက်ဧရိယာများတွင် ဆည်အလိုက်၊ မြောင်းအလိုက်၊ လက်တံအလိုက် ဆည်ရေစီမံခန့်ခွဲမှုအသင်း (WUA) ဖွဲ့စည်းနိုင်ရေး ပဏာမကွင်းဆင်းမှုနှင့် ရေအသုံးပြုသူတောင်သူအဖွဲ့ (WUG) များအား စနစ်တကျဖွဲ့စည်းဆောင်ရွက်ပေးလျက်ရှိသည်။

ရေသောက်စနစ်တစ်ခုလုံးအတွက် (WUG) အဖွဲ့အစည်းများ၊ WUA (Water User Association)များ ဖွဲ့စည်းတည်ထောင်ပြီးပါကငင်းအဖွဲ့အစည်းများ၏ ညှိနှိုင်းဦးဆောင်စီမံမှုများဖြင့် သီးနှံပုံစံချမှတ်ခြင်း၊ ရေစနစ်တကျသုံးစွဲခြင်း၊ ရေခွန်များပေးဆောင်ခြင်း၊ တူးမြောင်းပြုပြင်ခြင်းဖြင့် သီးထပ်သီးညှပ်များ အောင်မြင်စွာ စိုက်ပျိုးနိုင်ကာ ဒေသတွင်း တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာနိုင်မည်ဖြစ်သည်။

ပြည်သူလူထုမှ လေ့လာသိရှိနိုင်

e-Government စနစ်အား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းဖြင့် အစိုးရ၏ လုပ်ငန်းဆောင်ရွက်မှုများကို ပြည်သူများ သိရှိလာနိုင်ခြင်း၊ ဌာနဆိုင်ရာများ၏ လုပ်ငန်းများ ပိုမိုလျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း၊ ဘဏ္ဍာငွေ သုံးစွဲမှုအခြေအနေ(Citizen’s Budget) ကို Ebago Application အား Download ပြုလုပ်၍ လေ့လာနိုင်ပြီဖြစ်သဖြင့် ဘတ်ဂျက်ပွင့်လင်းမြင်သာမှုကို ပြည်သူလူထုမှ လေ့လာသိရှိနိုင်မည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

တိုင်းဒေသကြီးအတွင်း MSMEs ဒေသတွင်းထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲများကို Knowledge Sharing နှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲများကို ကျင်းပပြုလုပ်သည့်အတွက် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ MSMEs အချင်းချင်း ထုတ်ကုန်အရည်အသွေးနှင့် တီထွင်ဆန်းသစ်မှုများကို သိရှိလာခြင်း၊ ပေါင်းစည်းလုပ်ကိုင်ဆောင်ရွက်မှုများမှ International Market အတွင်းသို့ ဝင်ရောက်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိလာနိုင်မည်ဖြစ်သည်။

အုပ်ချုပ်ရေးမဏ္ဍိုင်၏ အဓိကကျသောရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် အုပ်ချုပ်ရေးဥပဒေ၊ မြေယာဥပဒေများကို စာတွေ့လက်တွေ့ သင်ကြားပေးလျက်ရှိပြီး ပြည်သူများ ယုံကြည်အားကိုးထိုက်သော အုပ်ချုပ်ရေးဝန်ထမ်းများဖြစ်လာရန် လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်းများ ဆောင်ရွက်နေမှုကို ကြိုဆိုပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

၂၈-၃-၂၀၁၉ ရက်က ကလေးစာပေပွဲတော် (ပဲခူး) ဖွင့်ပွဲအခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ကျောင်းသား ကျောင်းသူများ ကပြဖျော်ဖြေကြစဉ်။